# လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ
# စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

## အစီရင်ခံစာ အပိုင်း(၃)



**ဒီဇင်ဘာလ၊ ၂၀၁၃**

ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ဖြိုးမှု သုတေသန
အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ကြီးမှ ပံ့ပိုးကူညီမှုဖြင့် လေ့လာပြုစုသည်။

# လူမှုရေးနှင့်
# စီးပွားရေးဆိုင်ရာ
# စောင့်ကြည့်လေ့လာမှု

တတိယအကြိမ် အစီရင်ခံစာ

၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလ

**ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ဖြိုးရေး သုတေသန**

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ
ဖူလုံရေးရန်ပုံငွေအဖွဲ့ကြီးမှ ပံ့ပိုးကူညီမှုဖြင့်
လေ့လာပြုစုသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်မှ စာမူစိစစ်ရေးမူအတိုင်း စိစစ်သုံးသပ်ထားသော စာတမ်းတစ်စောင် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဤစာတမ်းပါတွေ့ရှိချက်များသည် စာရေးသူများ၏အမြင်နှင့် သုံးသပ်ချက်များသာ ဖြစ်ပြီး ကမ္ဘာ့ဘဏ် (သို့မဟုတ်)၊ ၎င်းနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ (သို့မဟုတ်)၊ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ညွှန်ကြားရေးမှူးများ (သို့မဟုတ်)၊ ၎င်းတို့၏ ကိုယ်စားပြုရာနိုင်ငံများ၏ အာဘော်နှင့် အမြင် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘာ့ဘဏ်သည် ဤစာတမ်းပါအချက်အလက်များ၏ ထိခိုက်လွယ်ကူမှုကို အာမခံချက်မပေးနိုင်ပါ။ ဤစာတမ်းတွင်ပါရှိသော မြေပုံများ၌ဖော်ပြထားသည့် နယ်နမိတ်များ၊ အရောင်များ၊ အမည်ပေးသတ် မှတ်ချက်များ၊ အခြားသတင်းအချက်အလက်များသည် ၎င်းနယ်မြေ၏ တရားဝင်တည်ရှိမှု အခြေအနေ အပေါ် အတည်ပြုထောက်ခံသည့် သဘောမျိုး တစ်စုံတစ်ရာမရှိပါကြောင်း။ ။

## အသိအမှတ်ပြု ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ဆင်းရဲသားများနှင့် အားနည်းထိခိုက်လွယ်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အပံ့ပေးကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများကို ကျေးဇူးတင်ရှိပါသည်။

## ငြင်းဆိုချက်

ဤစာတမ်းပါကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ ၊နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများ၏ ငွေကြေးဆိုင်ရာပံ့ပိုးမှုဖြစ်ပါသည်။ သို့သော် ဤစာတမ်းပါ သုံးသပ်ချက်များ၊ အမြင်များသည် ဥရောပသမဂ္ဂ(သို့မဟုတ်) ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများ၏ တရားဝင် သဘောထားအမြင်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

**မာတိကာ**

**အနှစ်ချုပ်**


အသိအမှတ်ပြုကျေးဇူးတင်လွှာ ........ ဂ
သုတေသနအနှစ်ချုပ် ........ ဇ
သုတေသနပြုမှုနည်းလမ်း (Methodoly)........ ဈ
ပြောင်းလဲမှုဖြစ်စဉ်ခြုံငုံသုံးသပ်မှု ........ ည
မြေယာ ........ ဋ
လုပ်သား ........ ဌ
ကြွေးမြီချေးငွေ ........ ဍ
ဈေးကွက်........ ဍ
အခက်အခဲရင်ဆိုင်ကျော်လွှားမှု နည်းဗျူဟာများ ........ ဍ
ဘေးအန္တရာယ်အမျိုးအစားများ ........ ဍ
ဆုံးဖြတ်ချက်မှန်ကန်မှုအား အဓိကမောင်းနှင်နေသည့်အရာများ ........ဍ
ရင်ဆိုင်ကျော်လွှားသည့်ပုံစံများ ........ ဎ
လူမှုဆက်စပ်မှုများနှင့် အဖွဲ့အစည်းနှင့်ဖွဲ့စည်းအုပ်ချုပ်ပုံများ ........ ဎ
ကျေးရွာဖွဲ့စည်းအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းများ ........တ
ပြင်ပအထောက်အပံ့ ........ တ
သုံးသပ်ချက်များနှင့်အကြံပြုချက်များ ........ ထ
မြေယာကဏ္ဍ ........ ထ
လုပ်သား ........ ထ
ချေးငွေနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများ ........ ထ
ဘေးအန္တရာယ် စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ ........ထ
စုပေါင်းဆောင်ရွက်မှု ဝင်ရောက်ဆောင်ရွက်ခြင်း ........ဒ
ဈေးကွက်လက်လှမ်းမီမှုနှင့် သတင်းအချက်အလက် ........ ဒ
ပဋိပက္ခများ၊ ဈေးကွက်များနှင့် သက်မွေးမှုများ ........ ဒ
ရာသီဥတုအလိုက် လိုက်လျောညီထွေပြောင်းလဲမှု ........ ဒ
ရေလုပ်ငန်းများ ........ ဒ
ရင်ဆိုင်ကျော်လွှားမှု နည်းဗျူဟာများ ........ဒ
ကျေးရွာစီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်ခွင့်ရှိသောစီမံကိန်းချမှု ........ ဒ
အထောက်အပံ့များထိရောက်မှု ........ ဓ

အခန်း (၁) နိဒါန်း ........ ၃
အခန်း (၂) လေ့လာဆန်းစစ်မှုမူဘောင်နှင့် သုတေသနပြုမှု နည်းလမ်း
(Analytical Framework & Methodology)........ ၅
လေ့လာဆန်းစစ်မှု မူဘောင် ........ ၅
အစီရင်ခံစာ တည်ဆောက်ပုံ ........ ၉
အခန်း (၃) ပြောင်းလဲမှုဖြစ်စဉ် ခြုံငုံသုံးသပ်မှု ........ ၁၁
အခြေခံအသက်မွေးမှုပုံစံများ ........၁၁
မြေယာ၊ လုပ်သား၊ ရွှေ့ပြောင်းလုပ်ကိုင်မှု နှင့် ချေးငွေ ........ ၁၂
ပြဿနာများနှင့် ဘေးဒုက္ခများ ........ ၁၂
လူမှုဆက်စပ်မှုများနှင့် အဖွဲ့အစည်းများ ........ ၁၃
အခန်း (၄) အသက်မွေးဝမ်းကျောင်းမှုများ ........ ၁၇
နိဒါန်း ........ ၁၇
မြေယာ........ ၁၇
မြေယာစီမံခန့်ခွဲမှု ........ ၁၉

မြေယာပိုင်ဆိုင်မှု ........ ၂၁
မြေယာပဋိပက္ခများနှင့် ညှိနှိုင်းမှုများ ........ ၂၂
ကျေးရွာနှင့် ကျေးရွာတွင်းမြေယာအပြောင်းအလဲများ ........ ၂၃
မြေသိမ်းခံရမှုနှင့် အခြားပြင်ပမှ လူများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ........ ၂၅
လုပ်သား ........ ၂၇
တောင်သူများ ........ ၂၇
လုပ်သားများ . ........ ၃၀
အကြွေးနှင့် ချေးငွေ ........ ၃၂
ဈေးကွက်များ ........ ၃၄
အခန်း (၅) အခက်အခဲ၊ ပြဿနာများကိုကိုယ်တွယ်ဖြေရှင်းသည့်ပုံစံ၊ နည်းဗျူဟာများ ........ ၃၆
ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာ၊ အခက်အခဲများနှင့် မမျှော်လင့်သောဖြစ်ရပ်များ ........ ၃၆
ဆုံးဖြတ်ချက်ချရန် တွန်းအားပေးသည့်အရာများ ........ ၃၇
အခက်အခဲဖြေရှင်းသည့်ပုံစံများ ........ ၄၂
ဝင်ငွေတိုးမြှင့်ခြင်း ........ ၄၂
ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ငွေလွှဲပို့ခြင်း ........ ၄၄
အခန်း (၆) လူမှုရေးဆိုင်ရာ ဆက်စပ်နှီးနွယ်မှုများနှင့် အဖွဲ့အစည်းများ ........ ၅၀
လူမှုအရင်းအမြစ်၊ လူမှုရေးနှီးနွယ်ဆက်စပ်ပါဝင်မှုများနှင့် စုပေါင်းဆောင်ရွက်မှုများ ........ ၅၀
ပဋိပက္ခ၊ ရာဇဝတ်မှုနှင့် အပြောင်းအလဲများကို ဖြေရှင်းခြင်း ........ ၅၃
ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့်အကြမ်းဖက်မှု ........ ၅၄
ရှမ်းပြည်နယ်တွင် အပစ်အခတ်ရပ်စဲခြင်း ........ ၅၅
ကျေးရွာအဆင့် ရာဇဝတ်မှုနှင့်အသေးစားပဋိပက္ခများ ........ ၅၅
ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှု ........ ၅၇
ကျေးလက်အဖွဲ့အစည်းများနှင့်ခေါင်းဆောင်မှု ........ ၅၈
ကျေးရွာအုပ်စုမှူးရွေးကောက်ပွဲများ ........ ၅၉
အခန်း (၇) ပြင်ပမှ အထောက်အပံ့ကူညီမှု ........ ၆၄
အထောက်အပံ့ရရှိမှု ........ ၆၄
ရပ်ရွာအတွင်းလိုအပ်ချက်များ၊ ဦးစားပေးလုပ်ငန်းများနှင့် အသိအမြင်များ ........ ၆၆
ထောက်ပံ့ကူညီမှုများ ဖြန့်ဝေခြင်း၊ ဦးတည်ချက်သတ်မှတ်ခြင်းနှင့်
ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ........ ၆၈
ရပ်ရွာလူထုမှပါဝင်ကူညီမှုများ ........ ၆၈
ပွင့်လင်းမြင်သာမှု၊ မှန်ကန်မျှတသောအကူအညီပေးမှုနှင့် တိုင်ကြားချက်များ ........ ၆၉
အခန်း (၈) သုံးသပ်ချက်များနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့်အဲ့ ချက်များ ........ ၇၂
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ........ ၇၂
မြေယာ ........ ၇၃
အလုပ်သမားကိစ္စရပ်များ ........ ၇၃
ကြွေးမြီနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု ........ ၇၄
မမျှော်လင့်သောထိခိုက်ပျက်စီးမှုဆိုင်ရာစီမံခန့်ခွဲခြင်းများ ........ ၇၄
စုပေါင်းညှိနှိုင်းလုပ်ဆောင်ခြင်းများ ........ ၇၄
ဈေးကွက်လက်လှမ်းမီမှုနှင့် သတင်းအချက်အလက် ........၇၅
ပဋိပက္ခ၊ ဈေးကွက်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ........ ၇၅
ရာသီဥတုနှင့်လျော်ညီအောင်ပြုလုပ်ရခြင်း ........ ၇၆
ငါးလုပ်ငန်း ........ ၇၆
အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကြသည့် နည်းဗျူဟာများ ........ ၇၇
ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းနှင့် ငွေပြန်လွှဲပို့ကြခြင်း ........ ၇၇
လူမှုရေးဆိုင်ရာဆက်ဆံရေး၊ အဖွဲ့အစည်းများနှင့် အကူအညီများ၏ ထိရောက်မှု ........ ၇၇

ကျေးလက်အုပ်ချုပ်ရေး၊ ပါဝင်ဆောင်ရွက်ကြရမည့် အစီအစဉ်များ ........................................... ၇၇
ကျေးလက်နိုင်ငံရေးဘောဂဗေဒ........................................................................... ၇၈
ကူညီထောက်ပံ့မှုများ၏ ထိရောက်မှု ........................................................................ ၇၉
နောက်ဆက်တွဲ ..................................................................................................... ၈၁
နောက်ဆက်တွဲအပိုင်း (၁)
အသက်မွေးဝမ်းကျောင်းလုပ်ငန်းပုံစံများကို စုပေါင်းထိန်းသိမ်းကြပ်မတ်ခြင်း .............................. ၈၁
စိုက်ပျိုးရေး ..................................................................................................... ၈၁
ကြွေးမြီ ........................................................................................................... ၈၂
ဈေးကွက်များ .................................................................................................... ၈၃
မမျှော်လင့်သည့်အကျပ်အတည်းများ ........................................................................ ၈၄
ထွက်ကုန်များ ..................................................................................................... ၈၄
ကျပန်းလုပ်သား.................................................................................................. ၈၄
ငါးလုပ်ငန်း ....................................................................................................... ၈၅
မွေးမြူရေး ......................................................................................................... ၈၅
နောက်ဆက်တွဲ (၂) ကျေးရွာအုပ်ချုပ်ရေး ................................................................... ၈၆

**ဇယားများ**

ဇယား ၁ ။ QSEM တွင် ပါဝင်သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများ .................................. ၆
ဇယား ၂ ။ ဆင်းရဲချမ်းသာ အုပ်စုများအတွင်း KI, FGD, In-Depth အိမ်ထောင်စုမေးမြန်းမှု ပြုလုပ်ခဲ့သည့်အရေအတွက် ........................................................................................... ၈
ဇယား၃ ။ QSEM-3 တွင် ဆင်းရဲချမ်းသာအုပ်စုပိုင်းခြားပုံ ...................................................... ၈
ဇယား ၄ ။ QSEM ကျေးရွာများအတွင်း ပျမ်းမျှလယ်ယာမြေတစ်ကေပေါက်ဈေး အကြမ်းခန့်မှန်းမှု ........................................................................................ ၂၂
ဇယား ၅ ။ ရိတ်သိမ်းချိန်နေ့စဉ်လုပ်အားခဈေးနှုန်းများ .......................................................... ၂၈
ဇယား ၆ ။ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းရှိ လုပ်သားနှင့် ပြောင်းရွှေ့လုပ်ကိုင်မှု .......................... ၂၉
ဇယား ၇။ ငွေချေးရာနေရာအမျိုးအမျိုးမှ အတိုးနှုန်းအပြောင်းအလဲများ .................................. ၃၃
ဇယား ၈ ။ ခန့်မှန်းချေကြွေးတင်ရှိမှု ..................................................................................... ၃၄
ဇယား ၉ ။ မကွေးရှိ ဒေသပြင်ပသို့ ထွက်၍ ရွှေ့ပြောင်းလုပ်ကိုင်သည့် ကျေးရွာများဆိုင်ရာ အချက်အလက်များ ........................................................................................ ၄၆
ဇယား ၁၀။ ဧရာဝတီတိုင်းရှိ ဒေသပြင်ပသို့ထွက်၍ ရွှေ့ပြောင်းလုပ်ကိုင်သည့် ကျေးရွာများဆိုင်ရာ အချက်အလက်များ ........................................................................................ ၄၆

**ပုံများ**

ပုံ -၁ ။ QSEM လေ့လာဆန်းစစ်မှု မူဘောင် ..................................................................... ၅
ပုံ -၂။ QSEM လေ့လာခဲ့သော မြို့နယ်များ .................................................................... ၇
ပုံ -၃။ QSEM တွင် တွေ့ရှိရသည့် မမျှော်လင့်သောဖြစ်ရပ်များ .......................................... ၃၇

**သာဓက လေ့လာမှုများ**

သာဓက - ၁။ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ......... ၁၈
သာဓက - ၂။ မြေယာဥပဒေနှင့် ပတ်သက်သော တောင်သူများ၏ မျှော်မှန်းချက်နှင့် ထင်မြင်ယူဆချက်များ ........................................................................ ၁၉
သာဓက-၃။ မြေယာနှင့်ပတ်သက်သော ကျေးရွာနိုင်ငံရေးဘောဂဗေဒဆိုင်ရာ အရေးကိစ္စများ .... ၂၀
သာဓက-၄။ ဧရာဝတီတိုင်းရှိ စုပေါင်းညှိနှိုင်းအရေးဆိုမှုနှင့် မြေယာအငြင်းပွားမှုများ ................ ၂၃
သာဓက -၅။ ကျေးရွာအဆင့် မြေယာအငြင်းပွားမှုများအား ဖြေရှင်းခြင်း .................................. ၂၅

သာဓက-၆။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ပြင်ပထောက်ပံ့ရေးနှင့် ပတ်သက်သော လူမှုရေးတင်းမာမှု ............ ၂၆

သာဓက-၇။ လုပ်ငန်းသုံးကိရိယာများမရှိခြင်းသည် အသက်မွေးမှုများအား အဟန့်အတားဖြစ်စေခြင်း............ ၃၀

သာဓက -၈။ အမျိုးသားလွှမ်းမိုးထားသော အလုပ်သမားဈေးကွက်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအား ပိုမိုခက်ခဲစေခြင်း ............ ၃၁

သာဓက -၉။ ပြောကြားလာသော ကျေးရွာအုပ်ချုပ်သူများမှ စိုက်ဘဏ်ချေးငွေများအား အလွဲသုံးစားလုပ်မှု ............ ၃၄

သာဓက-၁၀။ ရုတ်တရက်ဖြစ်ပေါ်သော ကျန်းမာရေးအသုံးစရိတ်အကြီးအကျယ်လိုအပ်ခြင်းကို ပိုင်ဆိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ် အမျိုးမျိုးပြောင်းလဲ လုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းသည့်ပုံစံ ............ ၃၉

သာဓက-၁၁။ ငွေကြေးစုဆောင်းမှုမရှိခြင်းသည် အရေးပေါ်ကျန်းမာရေးဆိုင်ရာ အခက်အခဲများနှင့် ပေါင်းစပ်သည့်အခါ မိသားစုများကို ဆင်းရဲနွမ်းပါးမှုနွံထဲသို့ ကျရောက်စေခြင်း ........ ၄၀

သာဓက -၁၂။ ပြည်သူ့ကဏ္ဍဝန်ဆောင်မှုကို ရရှိနိုင်မှုနှင့် ဒေသတွင်းလုပ်သားဈေးကွက်သည်လည်း အိမ်ထောင်စုများ၏ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ရွေးချယ်ကြသည့်ပုံစံများ အပေါ်တွင် သက်ရောက်မှုရှိခြင်း ............ ၄၁

သာဓက -၁၃။ မမျှော်လင့်သည့် အခက်အခဲများကို ရင်ဆိုင်ရန်အတွက် မိမိပိုင်ပစ္စည်းများ ရောင်းချ၍ ဖြေရှင်းခြင်းသည် သွင်းအားစုများအတွက် ကုန်ကျစရိတ်ပိုမိုမြင့်မားခြင်း (သို့မဟုတ်) ကာလရှည်ကြာ ပိုမိုအခက်တွေ့စေခြင်း ............ ၄၂

သာဓက -၁၄။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရန်အတွက် အကျိုးဆောင်(အေးဂျင့်)များမှတစ်ဆင့် အလုပ်ရှာဖွေခြင်း ............ ၄၇

သာဓက-၁၅။ ရွာအုပ်ချုပ်ရေးနှင့် လူမှုရေးအရ ရာဇဝတ်မှုများကိုဖြေရှင်းခြင်း ............ ၅၆

သာဓက-၁၆။ ဘိုကလေးမြို့နယ်ရှိ ကျေးရွာအုပ်စုမရှိသောရွာများတွင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြောင့် ခေါင်းဆောင်ပိုင်းဆိုင်ရာ လစ်လပ်များဖြစ်ပေါ်ခြင်း ............ ၅၈

သာဓက-၁၇။ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းရှိ ရွာများမှ ခေါင်းဆောင်ပိုင်းပြောင်းလဲမှုသည် ကျေးရွာအတွင်း စီးပွားရေးအနေအထားနှင့် တာဝန်ခံမှုအပေါ်တွင် မူတည်ဆုံးဖြတ်ခြင်း ....... ၆၀

သာဓက -၁၈။ ကျေးရွာရွေးကောက်ပွဲများနှင့် လူမှုရေးတင်းမာမှုများ ............ ၆၁

သာဓက -၁၉။ ကျေးရွာအုပ်ချုပ်ရေးစီမံခန့်ခွဲမှုပုံစံများမှာ ရှမ်းပြည်တောင်ပိုင်းတွင် ကွဲပြားမှု .......... ၆၂

သာဓက -၂၀။ ဓာတ်မြေသြဇာများ၏ အရည်အသွေးနှင့် ပတ်သက်သည့်ပြဿနာများ ............ ၈၁

# သုတေသနအနှစ်ချုပ်

လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ QSEM သည် ကျေးလက်လူနေမှုဘဝအား ထင်ဟပ်ဖွင့်ဆိုနိုင်ရန် ရည်ရွယ်သည်။ ၎င်းတွင် သက်မွေးဝမ်းကျောင်းမှု ဗျူဟာအထွေထွေနှင့် လုပ်ငန်းများ၊ ၎င်းဗျူဟာများအား ပုံဖော်ပေးလျက်ရှိသော ပိုမိုကျယ်ပြန့်သည့် ကျေးရွာလူထု၏ လူမှုရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံပိုင်းဆိုင်ရာ ဝိသေသများမှ မည်သို့သက်ရောက်နေသည်ကို လေ့လာထားသည်။ အသေးစိတ်ဆိုရလျှင် ၎င်းတွင် တစ်ဦးတစ်ယောက်ချင်းစီ၏ ပြုမူဆောင်ရွက်မှု၊ ရင်ဆိုင်ကျော်လွှားပုံစနစ်နှင့် ရပ်ရွာလူမှုအဆောက်အအုံတို့အပေါ် ပြင်ပထောက်ပံ့မှု မည်သို့သက်ရောက်နေသည်ကို လေ့လာထားသည်။ ၎င်းလူမှုဖွဲ့စည်းတည်ဆောက်ပုံများသည် ဒေသစီးပွားရေး အဝိုင်းအဝန်းအား မည်သို့ပုံဖော်နေသနည်း။ ရင်ဆိုင်ကျော်လွှားမှုစနစ်သည် အသက်မွေးဝမ်းကျောင်း ရွေးချယ်ခွင့်များနှင့် ရလဒ်များအား မည်သို့သက်ရောက်နေသနည်း။ ကွဲပြားသော အချက်အလက်များ အချင်းချင်း ဆက်စပ်နေပုံ နည်းလမ်းများအား ရယူခြင်းသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်မှုများအား မည်သို့သက်ရောက်စေသည်နှင့် မည်သို့သော အသက်မွေးမှုရလဒ်များ ထွက်ပေါ်လာသည်တို့အား ထဲထဲဝင်ဝင် နားလည်လာစေသည်။

QSEM သည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT)၏ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုအစီအစဉ်အား အထောက်အကူပြုရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။ LIFT သည် မြန်မာနိုင်ငံ ကျေးလက်ဒေသများအတွက် အလုပ်လုပ်လျက်ရှိပြီး ၅ နှစ်တာ ကာလအတွင်း ဒေါ်လာငွေသန်း ၁၀၀ ကျော် ဖြန့်ဝေသုံးစွဲရန် မျှော်မှန်းထားသည်။ ၎င်းသည် မြန်မာနိုင်ငံတစ်လွှားရှိ ၂ သန်းအရေအတွက်ရှိသော ပြည်သူများ၏စားနပ်ရိက္ခာဖူလုံမှုနှင့် ဝင်ငွေတိုးတက်လာစေရန် အလို့ငှာ မိတ်ဖက်အကောင်အထည်ဖော် အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပံ့ပိုးလျက်ရှိသည်။ QSEM နှင့် LIFT ဦးတည်ရာ ဧရိယာများအတွင်းရှိ အသက်မွေးဝမ်းကျောင်းမှု လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ၎င်းအချက်အလက်တို့၏ ဒေသအလိုက်၊ ဦးတည်အုပ်စုများအလိုက်၊ အချိန်နှင့်အမျှ ကွဲပြားစွာ ပြောင်းလဲတည်ရှိနေသည်များအပေါ် ပိုမိုနားလည်မှုရစေခြင်းဖြင့် စီမံကိန်းအစီအစဉ်အား ထောက်ပံ့ပေးပြီး ၎င်းမှတစ်ဆင့် LIFT ဘဏ္ဍာငွေဘုတ်အဖွဲ့မှ မဟာဗျူဟာကျသော ဆုံးဖြတ်ချက် ချမှတ်မှုများအတွက် သတင်းအချက်အလက် ပေးရန်ဖြစ်သည်။

ယခုအစီရင်ခံစာမှာ တတိယအကြိမ်ပြုလုပ်သည့် QSEM အစီရင်ခံစာ (QSEM 3) ပေါ်တွင် အခြေခံသည်။ QSEM 3 တွင် နမူနာ ရွေးချယ်ထားသော ရွာများအား ပထမဆုံးအကြိမ် ပြန်လည်သွားရောက်ခဲ့ပြီး ပထမဆုံးအကြိမ်ထွက်ပေါ်လာသည့် ကျေးရွာအဆင့်ပြောင်းလဲမှုများအား ဦးတည်ထားသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အသွင်ကူးပြောင်းမှုများကြောင့် ကျေးလက်ဒေသ၏ ကျေးရွာအဆင့်တွင် မည်သို့ရှိသည်ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှုပုံစံများအနေဖြင့် သိသိသာသာ ပြောင်းလဲခြင်းမရှိသော်လည်း မြေယာစီမံခန့်ခွဲမှု၊ ကျေးရွာစီမံအုပ်ချုပ်မှုနှင့် ဒေသတွင်း စည်းရုံးမှုများတွင် ပြောင်းလဲမှုများ ပေါ်ထွက်လာခဲ့သည်။

QSEM 3 မှ အဓိကတွေ့ရှိချက်များတွင် (၁) ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှု အခြေခံများ အနည်းငယ်သာ ပြောင်းလဲခြင်း (၂) အထူးသဖြင့် မြေယာ၊ လုပ်သား၊ချေးငွေ စသည်တို့နှင့် စပ်လျဉ်းသည့် ကျေးရွာအသက်မွေးမှုများ၏ ဖြည်းဖြည်းခြင်း ဖြစ်ပေါ်တိုးတက်နေမှုများနှင့် ပြန်လည်ဖြစ်ပေါ်လျက်ရှိသော အခက်အခဲစိန်ခေါ်မှုများတွင်ရှိ ပြောင်းလဲမှုအသစ်များ (၃) ပြည်သူတို့ ရင်ဆိုင်နေရသော ပြဿနာများနှင့် ဘေးအန္တရာယ်များ ပိုမိုပြင်းထန်လာနိုင်ဖွယ် ယူဆရခြင်းနှင့် အထူးသဖြင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းစသော ရင်ဆိုင်ကျော်လွှားပုံ နည်းလမ်းများတွင်ရှိသော အပြောင်းအလဲများ (၄) ကျေးရွာအုပ်ချုပ်မှုစနစ်တွင် အသားမကျသေးခြင်း စုပေါင်းညှိနှိုင်းခြင်းနှင့်ကျေးရွာဖွဲ့စည်းပုံဆိုင်ရာ အခြားရှုထောင့် များစသည်တို့ ပါဝင်သည်။ ပြီးခဲ့သော အထပ်ထပ်လေ့လာမှုများတွင်ကဲ့သို့ ၎င်းဧရိယာများအတွင်း ဒေသအလိုက်ကွဲပြားမှုများ ရှိနေသည်ကို တွေ့ရသည်။

## သုတေသနပြုမှု နည်းလမ်း (Methodology)

QSEM အား ပြည့်စုံသောဖြည့်စွက်ချက် ၂ ခုဖြင့် ဆောင်ရွက်ထားသည်။ သုတေသနအား LIFT ဆောင်ရွက်နေသော ဇုန်မတူညီသည့် ပြည်နယ်နှင့်တိုင်း ၆ ခု တွင်ရှိ ကျေးရွာပေါင်း ၅၄ ရွာတွင် ပြုလုပ်ခဲ့သည်။ ၎င်းတို့တွင် (၁) အပူပိုင်းဇုန်များ (မကွေးတိုင်းနှင့် မန္တလေးတိုင်း)၊ (၂) ကမ်းရိုးတမ်းဇုန်များ (ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း)၊ (၃)တောင်တန်းဒေသဇုန် (ချင်းနှင့် ရှမ်းပြည်နယ်) စသည်တို့ ပါဝင်သည်။ ဒုတိယတစ်ခုမှာ ကျေးရွာအဆင့် ကွင်းဆင်းလေ့လာမှုများမှ ပေါ်ထွက်လာမှုများအရ သက်ဆိုင်ရာပြဿနာများအား နယ်ပယ်အလိုက် အထူးပြုသော လေ့လာမှုအချို့အားလည်း QSEM မှ ပြုလုပ်ခဲ့သည်။

၃ နှစ်အတွင်း ၁ နှစ်အတွင်း QSEM နှစ်ခါပြုလုပ်ရန် ရည်ရွယ်သည်။ သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းတစ်ခုစီအား ခြောက်သွေ့ရာသီအတွင်း နှစ်ကြိမ်၊ စိုစွတ်ရာသီအတွင်း နှစ်ကြိမ်သွားရောက်ရန် ဗျူဟာဆွဲထားခြင်းဖြစ်သည်။ ပထမဆုံးအကြိမ် QSEM ကွင်းဆင်းလေ့လာမှုအား ၂၀၁၂ မတ်လမှ မေလအတွင်း ပြုလုပ်ခဲ့ပြီး ဆင်းရဲသူများ ရင်ဆိုင်နေရသော အမျိုးမျိုးသော အသက်မွေးမှု ဗျူဟာများ၏ သဘောသဘာဝကို နားလည်စေခဲ့သည်။ ၎င်းတွင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နှင့် ချင်းပြည်နယ်တို့ ပါဝင်ခဲ့သည်။ ပထမဆုံး လုပ်ဆောင်ချက်အနေဖြင့် QSEM 1 တွင် ပိုမိုကျယ်ပြန့်သော အကြောင်းအရာများအား အာရုံစိုက်ခဲ့သည်။ (၁) LIFT ဆောင်ရွက်လျက်ရှိသော ဒေသများအတွင်းရှိ ဒေသတွင်း ရပ်ဝန်း၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံပိုင်းဆိုင်ရာသဘောသဘာဝများနှင့် ၎င်းတို့၏ ဒေသလိုက် ကွဲပြားခြားနားမှုများ (၂) ၎င်းသဘောသဘာဝများမှာ ဒေသခံတို့၏ အသက်မွေးမှု ရွေးချယ်မှုများနှင့် လူမှုဘဝဖူလုံမှုများအား မည်သို့ပုံဖော်နေသည်ကို ပိုမိုနားလည်စေသည်။ ၎င်းအပြင် LIFT မှ ထောက်ပံ့ထားသော အထောက်အပံ့များအပါအဝင် ပြင်ပထောက်ပံ့မှုများ၏ ဒေသအခြေအနေများအပေါ် သက်ရောက်မှုများပါ ဖော်ထုတ်ထားသည်။ ဒုတိယအကြိမ် လေ့လာဆန်းစစ်မှုအား ၂၀၁၂ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းမှု လုပ်ဆောင်ချက်များအား အဓိကထားလေ့လာခဲ့သည်။ QSEM 2 ကို မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ ၎င်းတွင် QSEM1 နှင့် LIFT အခြေခံအချက်အလက်စစ်တမ်း အစီရင်ခံစာတွင် ဖော်ပြထားသော အဓိက အသက်မွေးမှုလုပ်ဆောင်ချက်များအား ပိုမိုအသေးစိတ် နားလည်စေခြင်းနှင့် ရင်ဆိုင်ကျော်လွှားမှုဗျူဟာများ လူမှုရေးရာဆက်စပ်နေမှုများ၊ ပြင်ပထောက်ပံ့မှုများစသည့် QSEM 1 တွေ့ရှိချက်များပေါ်တွင် အခြေတည်သည်။

ယခု အစီရင်ခံစာ အခြေတည်ထားသော တတိယအကြိမ်လေ့လာဆန်းစစ်မှုအား ၂၀၁၃ မေလမှ ဇွန်လအထိ ပြုလုပ်ခဲ့ပြီး ကျေးရွာအဆင့် ပြောင်းလဲမှုများအား အဓိကထားသည်။ QSEM 3 ကို ဧရာဝတီတိုင်း၊ မကွေးတိုင်း ရွေးချယ်ထားသော ကျေးရွာများအားလုံးအား ပထမဆုံးအကြိမ် ပြန်လည်သွားရောက်ခဲ့ခြင်းဖြစ်ပြီး သုတေသနမူလစတင်စဉ်မှစပြီး ပြောင်းလဲလာသော အပြောင်းအလဲများအား အာရုံစိုက်ခဲ့သည်။ ၎င်းမှာ အသက်မွေးမှုပုံစံအားဖြင့် ပြောင်းလဲသော အပြောင်းအလဲသာမက မြေယာ၊ ကျေးရွာစီရင်အုပ်ချုပ်မှုနှင့် ဒေသတွင်း စည်းရုံးမှုစသော ပိုမိုကျယ်ပြန့်သည့် ကျေးရွာသဘောသဘာဝ ရှုထောင့်များအတွင်း ပြောင်းလဲမှုများပါအာရုံစိုက်ထားသည်။ ၎င်းအစီရင်ခံစာသည်အသက်မွေးမှုပုံစံများအား အသေးစိတ်ဖွင့်ဆိုခဲ့သည့် ယခင်လေ့လာမှုများနှင့်မတူပဲ ပိုမိုကျယ်ဝန်းသော အပြောင်းအလဲများအား အဓိကထားခဲ့သည်။

သုတေသနပြုသူ(၃)ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် တစ်ရွာစီတွင် (၄)ညအိပ် (၃)ရက်နေခဲ့ပြီး တစ်ဦးချင်း အင်တာဗျူးများ၊ အစုအဖွဲ့လိုက် ဆွေးနွေးမှုများ၊ အသေးစိတ် အင်တာဗျူးများအား ဆင်းရဲချမ်းသာ အုပ်စုများအလျောက် လူပေါင်း (၅၀၀) ကျော်နှင့်ပြုလုပ်ခဲ့သည်။ အဓိကတွေ့ဆုံခဲ့သည့် သတင်းပေးသူများတွင် ကျေးရွာခေါင်းဆောင်များနှင့် အခြားကျေးရွာ အုပ်ချုပ်သူများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊အထောက်အပံ့ပေးခြင်း ဆုံးဖြတ်ချက် ချမှတ်မှုများတွင် အဓိကပါဝင်သူများ တောင်သူ၊ ရေလုပ်သား၊ ဘောက်သမားနှင့် အခြားလုပ်သားများ၊အမျိုးသမီးဦးဆောင်အိမ်ထောင်စု မသန်စွမ်းသူများ၊ ထိခိုက်ဒဏ်ရာ ရထားသူများနှင့် သက်ကြီးရွယ်အိုများစသူတို့ ပါဝင်သည့် ထိခိုက်လွယ်အုပ်စုများနှင့် လူငယ်အမျိုးသမီး၊ အမျိုးသားများ ပါဝင်ကြသည်။ သုတေသနပြုသူများသည် တူညီသော ကိစ္စရပ်တစ်ခုစီအပေါ်တွင် အုပ်စုတစ်စုချင်းစီ၏ အမြင်များအားရယူပြီး ၎င်းအချက်အလက်များအား တိုက်ဆိုင်စစ်ဆေးမှု လုပ်နိုင်သမျှ ပြုလုပ်ခဲ့သည်။ ကျေးရွာ၊ မြို့နယ်နှင့် တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်ဆန်းစစ်မှုများ ပြုလုပ်နိုင်ရန် တစ်ရွာစီတွင် စံသတ်မှတ်ချက်ထားသော ဒေတာများအား ကောက်ယူခဲ့သည်။ ပေါ်ထွက်

လာသော ကိစ္စရပ်များအား နက်နဲစွာ လေ့လာနိုင်ရန် သာဓက Case Studies များအားလည်း ကောက်ယူခဲ့သည်။

## ပြောင်းလဲမှုဖြစ်စဉ် ခြုံငုံသုံးသပ်မှု

QSEM စတင်သည့်အချိန်မှစကြည့်လျှင် ယခုမှာ အချိန်တိုပင်ဖြစ်သေးသောကြောင့် အချို့နေရာများရှိ စိုက်ပျိုးရေးအဓိကအချိန် လုပ်သားခကုန်ကျမှုဖြစ်စဉ်များမှအပ အခြေခံအသက်မွေးမှုများတွင် ပြောင်းလဲမှုများမှာ အနည်းငယ်သာ တွေ့ရသည်။ အချို့အပိုင်းများတွင် တူညီသော သီးနှံများအား စိုက်ပျိုးကြသော တောင်သူများတွင် ယခင်လေ့လာမှုများမှာကဲ့သို့ တူညီသော မြေပိုင်ဆိုင်မှုနှင့်တူညီသော မြေဆီနှင့် ပိုးသတ်ဆေးများအား ပမာဏတူညီစွာ သုံးစွဲကြသည်ကို တွေ့ရသည်။ မျိုးစေ့သုံးစွဲမှု(သို့) မျိုးစေ့အတွက် ကုန်ကျစရိတ်၊ မြေသြဇာနှင့် ပိုးသတ်ဆေးသုံးမှု၊ ရရှိမှုနှင့် ဈေးနှုန်းများစသည်တို့တွင် များစွာပြောင်းလဲမှုမရှိပေ။ အချို့သော ရွာများတွင် အသေးစားစက်မှုလယ်ယာများအား ဟိုနည်းနည်း၊ ဒီနည်းနည်းတွေ့ရသည်မှအပ လုပ်ငန်းသုံးကိရိယာများ သုံးစွဲမှုတွင်လည်း များစွာပြောင်းလဲမှုမရှိပေ။ သီးနှံစိုက်ပျိုးမှုပုံစံ(သို့) မြေယာပိုင်ဆိုင်မှုပမာဏ(သို့) ရေလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးတို့တွင် ပြောင်းလဲမှုအနည်းငယ်တွေ့ရသည်။ QSEM 3 တွင် ရှိသော စိုက်ပျိုးရေးသွင်းအားစုနှင့် စပ်လျဉ်းသော အဓိကပြောင်းလဲမှုမှာ စိုက်ပျိုးရေး အဓိကအချိန် လုပ်သားငှားရမ်းမှုစရိတ်များ များစွာတိုးလာခြင်းဖြစ်ပြီး ၎င်းအား အထူးသဖြင့် ဧရာဝတီတိုင်းတွင် တွေ့ရှိရသည်။

ဒေသခံများရင်ဆိုင်နေရသော ပြဿနာများနှင့် ဘေးအန္တရာယ်ကျရောက်မှုများတွင် ပြောင်းလဲမှုအချို့တွေ့ရသည်။ ဒေသခံများရင်ဆိုင်နေရသော ပြဿနာများနှင့် ဘေးအန္တရာယ်ကျရောက်မှုမှာ ဆင်တူသော်လည်း နှစ်စဉ်ဖြစ်ပေါ်နေသော ရာသီဥတုဒဏ်ကြောင့် သီးနှံဆုံးရှုံးမှုများ ရှိနေသည်ဟု အစီရင်ခံကြသည်။ ရွာအများအပြားတွင် ရာသီဥတုဖောက်ပြန်မှုနှင့် သီးနှံဆုံးရှုံးမှုများအကြောင်း ထုတ်ဖော်ပြောကြသည်။ အချို့ဧရိယာများတွင် အထူးသဖြင့် ဓာတ်မြေသြဇာသုံးစွဲမှုအကန့်အသတ်နှင့် ဖြစ်နေခြင်းမှာ သီးနှံဆုံးရှုံးမှု အန္တရာယ်အား ရှောင်ရှားလိုခြင်း ဖြစ်သည်ဟုဆိုသည်။ ရွှေ့ပြောင်းလုပ်ကိုင်မှု တိုးမြင့်လာသည်ဟုယူဆရပြီး ၎င်းမှာလုပ်သားဈေးနှုန်း မြင့်မားလာမှုနှင့် အဓိကလုပ်သားလိုအပ်ချိန်များတွင် လုပ်သားရှားပါးလာမှုစသည်တို့နှင့် ဆက်စပ်လျက်ရှိကြောင်း တောင်သူများမှ ၎င်းတို့ယူဆချက်ကို ပြောကြားခဲ့သည်။

ကျေးရွာအသက်မွေးမှု သဘောသဘာဝများတွင် ပြောင်းလဲမှုအချို့ပေါ်ထွက်လာပြီး ၎င်းအား အထူးသဖြင့် မြေယာနှင့် ကာလရှည်ကြာ တည်ရှိခဲ့သော လုပ်သား၊ ပြောင်းရွှေ့လုပ်ကိုင်မှုနှင့် ချေးငွေ စသောကိစ္စရပ်များတွင် တွေ့ရှိရသည်။ အဓိက ကိစ္စရပ်သုံးခုမှာ-

- ပထမ -၂၀၁၂ တွင် ထုတ်ပြန်သော စိုက်ပျိုးမြေအက်ဥပဒေနှင့် မစိုက်ပျိုးရသေးသောမြေ၊ ပလပ်မြေနှင့် မြေလွတ်မြေရိုင်းအက်ဥပဒေများ ထုတ်ပြန်ခြင်း၏ရလဒ်အဖြစ် မြေယာနှင့် စပ်လျဉ်းသည့် အပြောင်းအလဲများ ကျေးရွာအဆင့်တွင် ပေါ်ပေါက်လာခဲ့သည်။ ကျေးရွာအုပ်စုအများစုတွင် မြေယာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီး မြေယာအက်ဥပဒေများအား အကောင်အထည်ဖော်ရန် ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာ့အသွင်ကူးပြောင်းမှုဖြစ်စဉ် ပေါ်ထွန်းလာချိန်တွင် ကျေးရွာနှင့် မြို့နယ်အဆင့်များ၌ နိုင်ငံရေးဘောဂဗေဒဆိုင်ရာပြဿနာရပ်များ ပေါ်ထွက်လာပြီး မြေယာဥပဒေများအား အကောင်အထည်ဖော်မှုနှင့်အတူ အဂတိလိုက်စားမှုများအား ရွာသားများမှ အစီရင်ခံခဲ့ကြသည်။
- ဒုတိယ-တောင်သူများမှာ အဓိကရာသီများအတွင်း လုပ်သားရှားပါးမှုပြဿနာအား ဆက်လက်ပြောကြားခဲ့ပြီး အချို့ဒေသများတွင် လုပ်သားခမြင့်တက်လာမှုကို ထုတ်ဖော်ခဲ့ကြသည်။ ၎င်းအတွက် အဓိကအကြောင်းအရင်းအား ဖော်ထုတ်ရန် ခဲယဉ်းသော်လည်း ၎င်းမှာ အပြင်ထွက်ရွှေ့ပြောင်း အလုပ်လုပ်ရမှုများနှင့်ဆက်စပ်လျက်ရှိသည်ဟု ယူဆကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။
- တတိယ-ချေးငွေထောက်ပံ့မှုတိုးမြင့်လာမှုအချို့ရှိပြီး ကြွေးမြီတင်ရှိမှုမှာလည်း အချို့တိုးမြင့်လာခဲ့သည်။ နောက်ဆုံးတစ်ခုမှာ ကျေးရွာစီမံအုပ်ချုပ်မှုပုံစံမှာ မြေယာကိစ္စကဲ့သို့ သိသိသာသာ ပြောင်းလဲလာခဲ့ပြီး ၎င်းမှာအစိုးရမူဝါဒပြောင်းလဲမှုများ၏ တိုက်ရိုက်အကျိုးဆက်တစ်ခုဖြစ်သည်။ ၎င်းပြောင်းလဲမှုအား ပုံစံနှစ်မျိုးဖြင့် တွေ့နိုင်သည်။
- ပထမတစ်ခုမှာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အက်ဥပဒေအသစ်၏ အကျိုးဆက်အားဖြင့် ကျေးရွာ

အုပ်ချုပ်စီမံခန့်ခွဲမှုများတွင် ပြောင်းလဲမှုများရှိနေသည်ကို တွေ့ရသည်။ ၎င်းပြောင်းလဲမှုများသည် ကျေးရွာ၏ နိုင်ငံရေးဘောဂဗေဒ အရေးအရာများအား ပြောင်းလဲစေမည့် အကြောင်းရင်းများဖြစ်သည်။ လေ့လာမှုပြုလုပ်နေစဉ်တွင်ပင် လေ့လာခဲ့သော တိုင်းနှင့်ပြည်နယ် (၄)ခု အနက်မှ (၃)ခုတွင် ကျေးရွာအုပ်စုရွေးကောက်ပွဲများ ပြုလုပ်နေသည်ကို လေ့လာခဲ့ရသည်။ အချို့ကျေးရွာများတွင် အုပ်စုမှူးအသစ်များ ပေါ်ထွက်လာခဲ့ပြီး ကျေးရွာအုပ်စုမှူးနေရာအား ပုဂ္ဂလိကအမြတ်ထုတ်မှုများအတွက် အသုံးပြုရန် လှုံ့ဆော်ခြင်းအလို့ငှာ ရွေးကောက်ပွဲမှာ အလွန်အပြိုင်အဆိုင်များသည်ကို တွေ့ခဲ့ရသည်။ အချို့နေရာများတွင် ရွေးကောက်ပွဲ အပြိုင်အဆိုင်ဖြစ်မှုများမှသည် လူမှုရေးတင်းမာမှုများဆီအထိ လှုံ့ဆော်ရာရောက်ခဲ့သည်။

- ဒုတိယတစ်ခုမှာ ဒေသတွင်းစည်းရုံးမှုနှင့် ပေါင်းစည်းညှိနှိုင်းမှုများ အများအပြား ပေါ်ထွန်းလာခြင်းဖြစ်သည်။ ၎င်းမှာ မြေယာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲ အပါအဝင် အမျိုးမျိုးသောကိစ္စရပ်များနှင့် စပ်လျဉ်းနေပြီး ဒေသခံများအနေဖြင့် အသွင်ကူးပြောင်းမှုအား တတ်နိုင်သမျှ အသုံးပြုနေသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ၎င်းပြောင်းလဲမှုများသည် ဒေသအတွင်း စည်းလုံးမှု၊ မြန်မာရေးရာကိစ္စများ၊ ဖွံ့ဖြိုးရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစသည်တို့အား အထူးပြုလျက်ရှိသည်။

## မြေယာ

မြေယာနှင့် ပတ်သက်သော အဓိကပြောင်းလဲမှုများမှာ နိုင်ငံတော်မှ ပြဋ္ဌာန်းသော ၂၀၁၂ စိုက်ပျိုးမြေအက်ဥပဒေနှင့် မစိုက်ပျိုးရသေးသောမြေနှင့် မြေလွတ်မြေရိုင်းအက်ဥပဒေများစသည့် ၂ ခုနှင့် စပ်လျဉ်းနေသည်။ သုတေသနပြုလုပ်ချိန်တွင် ၎င်းအက်ဥပဒေများအား နမူနာထားရှိသော ကျေးရွာများထက်ဝက်တွင် စတင်အကောင်အထည်ဖော်နေသည်ကို တွေ့ခဲ့ရသည်။ မြေယာမှတ်ပုံတင်ပုံအဆင့်ဆင့်မှာ တစ်နေရာနှင့် တစ်နေရာကွဲပြားပြီး စိုက်ပျိုးမြေစီမံခန့်ခွဲမှု အဖွဲ့အစည်းများအား ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် တွေ့ရပြီး ရှမ်းပြည်နယ်တို့တွင် မတွေ့ခဲ့ရပေ။ မြေယာဥပဒေအနေဖြင့် စိုက်ပျိုးမြေစီမံခန့်ခွဲမှုကော်မတီများတွင် တောင်သူများ ကိုယ်စားပြုရန် လိုအပ်မှုမရှိသော်လည်း QSEM နမူနာဒေသများဖြစ်သော ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ စိုက်ပျိုးမြေ စီမံခန့်ခွဲမှုကော်မတီများတွင် တောင်သူများကိုယ်စားပြု ပါဝင်သည်ကို တွေ့ရသည်။ ဒေသအားလုံးအတွင်းရှိ မြေယာမှတ်ပုံတင်ခြင်း အဆင့်ဆင့်တွင် ရပ်ရွာအတည်ပြုမှုပုံစံများ တစ်နည်းမဟုတ် တစ်နည်းတွေ့ရသည်။ ဧရာဝတီ၊ မကွေးနှင့် ရခိုင်တို့တွင် ရပ်ရွာအနေဖြင့် တောင်သူ၊ ရပ်မိရပ်ဖစသည့်ပုံစံဖြင့် ပါဝင်ပြီး ကျေးရွာအုပ်စု၊ မြို့နယ်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်ကြသည်။ ရှမ်းပြည်နယ်တွင် တရားဝင်ဖွဲ့စည်းထားသော စိုက်ပျိုးမြေစီမံခန့်ခွဲမှု ကော်မတီများမရှိဘဲ ၎င်းအစား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အရာရှိတစ်ဦးတို့မှ ကျေးရွာသို့တိုက်ရိုက်လာရောက်ပြီး မြေယာမှတ်ပုံတင်ချင်သူ တောင်သူများရှိလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးထံ စာရင်းပေးကြရန် လာရောက်အကြောင်းကြားပေးသည်။

အတည်ပြုရန်ခက်ခဲသော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူး(သို့)မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများမှာ အဂတိလိုက်စားခြင်းနှင့်မဟုတ်မမှန် ပူးပေါင်းကြံစည်မှုများတွင် ပါဝင်ပတ်သက်နေကြောင်း အစီရင်ခံမှုများတွင် တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ မြေယာမှတ်ပုံတင်မှု ဖြစ်ပွားချိန်တွင် အဂတိလိုက်စားမှုသည် လေ့လာစောင့်ကြည့်သင့်သော နိုင်ငံရေးဘောဂဗေဒဆိုင်ရာ အရေးအခင်းများအား ပေါ်ထွန်းစေသော အချက်တစ်ချက်ဖြစ်သည်ဟု ရွာသားများမှ ထင်မြင်ယူဆ အစီရင်ခံကြသည်။ အချို့ စွပ်စွဲကြသော ဖြစ်ရပ်များတွင် မြေယာပြန်လည်တည်ဆောက်မှု၏ အကျိုးအမြတ်များမှာ အခွင့်ထူးခံကိုသာ ထင်ဟပ်စေသည်ဟူသော ကိစ္စရပ်များ ပါဝင်သည်။

ဤလေ့လာမှုအဆင့်တွင် ဥပဒေများ၏ လက်တွေ့အကျိုးရလဒ်သည် တောင်သူငယ်များအတွက် မည်သို့ရှိမည်ကို ပြောရန်စောသေးသည်။ မြေယာဥပဒေများ မထုတ်ပြန်ခင်က မြေယာရောင်းချမှုတွင် တရားမဝင်ဈေးကွက်တွင်သာ ရောင်းချရသော်လည်း ဥပဒေအသစ်မှ မြေယာပိုင်ဆိုင်မှုအား တရားဝင်ပြုလုပ်ပေးလိုက်ခြင်းဖြင့် တရားဝင်ရောင်းဝယ်မှု အခွင့်အလမ်းများ ရလာသည့်အပေါ် ကျေနပ်မိကြောင်း အင်တာဗျူးခဲ့သည့်အလွန်ကြွေးမြီတင်ရှိလျက်ရှိသော တောင်သူငယ်အများအပြားမှထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းသည် တရားဝင်ရောင်း မြေယာအသုံးချခွင့်လက်မှတ်များမှ တောင်သူများမြေယာပြည်

သူပိုင်သိမ်းခြင်းမှ များစွာကာကွယ်မှုရစေမည်ဟူသော ယူဆချက်အားတွန်းပို့ရာကျပြီး မြေယာစီရင်သုံးစွဲခွင့် ပိုမိုစိတ်ချလုံခြုံလာခြင်းနှင့် တန်ရာတန်ကြေးနှင့် မြေယာငှားရမ်းပိုင်ခွင့်များအား တိုးမြှင့်စေပါသည်။ အချုပ်ဆိုရလျှင် မြေယာပေါက်ဈေးများမှ တစ်နေရာနှင့်တစ်နေရာ ကွဲပြားလျက်ရှိပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရှိသောနေရာများတွင် ပိုမိုတိုးမြှင့်လာနိုင်ဖွယ်ရှိသည်။

QSEM 3 တွင်ရှိ မြင်သာထင်သာရှိသော အပြောင်းအလဲများမှာ မြေယာအငြင်းပွားမှုများ၊ မြေယာနှင့်စပ်လျဉ်းသော မျှော်မှန်းချက်များနှင့် ဒေသတွင်းစည်းလုံးမှုစသည်တို့နှင့် ဆက်စပ်နေသည်။ တက်ကြွသော တောင်သူလယ်သမား အစည်းအရုံးတစ်ခုတွေ့ရှိရသည့် ဒေသတစ်ခုတွင် ကျေးရွာအဆင့်မြေယာအငြင်းပွားမှုများ မြင့်မားလာသည်ကို သိသိသာသာ တွေ့ခဲ့ရသည်။ အဓိကအငြင်းပွားမှုများမှာ ဒေသအတွင်းပြဿနာများဖြစ်ပြီး အများအားဖြင့် မြေယာမှတ်ပုံတင်ကိစ္စ၊ ကြွေးတင်ရှိမှုကိစ္စ၊ မြေဈေးတက်သည့်ကိစ္စနှင့် အခြားယခင်ယခင်က မဖြေရှင်းနိုင်ခဲ့သော ပြဿနာများစသည်တို့မှ ပေါက်ဖွားလာခြင်းများသည် ပြဿနာရပ်များမှ ယခင်တရားမဝင် မြေယာလုပ်ဆောင်ပုံများကြောင့် ပိုမိုဆိုးရွားစေခဲ့သည်။ QSEM 3 တွင် တစ်ရွာသားချင်း ဖြစ်ပွားသော ပြဿနာများအားမတွေ့ရဘဲ အပေါင်ဆုံးသည့်ကိစ္စရပ်များအဖြစ် တစ်ရွာနှင့် တစ်ရွာကြား တစ်သီးပုဂ္ဂလဆန်သော အငြင်းပွားမှု ပြဿနာများကိုသာ တွေ့ ခဲ့ရသည်။

မြေယာပြည်သူပိုင်သိမ်းခြင်းနှင့်ပတ်သက်သည့် QSEM 3 ၏ အဓိကတွေ့ရှိချက်မှာ မြေယာပြန်လည်ရယူလိုမှုနှင့် မြေသိမ်းခြင်းနှင့် ပတ်သက်သော အမှုအဟောင်းများအား ပြန်လည်ဖွင့်လှစ်လိုသည့် တောင်သူများ၏ သဘောအမြင်များ ပြောင်းလဲလာခြင်းဖြစ်သည်။ ဥပမာ-ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ရွာတစ်ရွာတွင် လွန်ခဲ့သော နှစ်အနည်းအတွင်း အစိုးရမှ လမ်းဖောက်ရန်သိမ်းယူခဲ့သော မြေများအတွက် လျော်ကြေးငွေပြန်လည်တောင်းခံကြရန် စီစဉ်လျက်ရှိကြောင်း ဒေသခံများမှ ထုတ်ဖော်ပြောကြားခဲ့သည်။ယင်းလုပ်ဆောင်မှုမတိုင်ခင်တွင် ဒေသခံများသည် ဒေသလွှတ်တော်ကိုယ်စားလှယ်များနှင့် မြေယာမှတ်ပုံတင်ကိစ္စဆွေးနွေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များမှာ တိုင်ကြားမှုနှင့်အတူ မြေယာစီမံခန့်ခွဲမှုကော်မတီများသို့ချဉ်းရန် နှိုးဆော်ခဲ့သည်ဟုဆိုသည်။ ယခင်တည်ရှိပြီးဖြစ်သောလျော်ကြေးတောင်းခံနေသည့် ကိစ္စရပ်များမှအပ မြေသိမ်းခံရမှု အနည်းငယ်သာ တွေ့ ရှိခဲ့သည်။

## လုပ်သား

ယခင် QSEM များမှာကဲ့သို့ စိုက်ပျိုးရေးအဓိကအချိန်များဖြစ်သော စိုက်ချိန်နှင့်ရိတ်ချိန် လုပ်သားရှားပါးမှုမှာ ဆိုးဝါးလျက်ရှိကြောင်း ဆက်လက်သတင်းပို့ကြသည်။ တစ်နှစ်ထက်တစ်နှစ် ရာသီဥတု မရေရာမှုကြောင့် မကွေးနှင့် ဧရာဝတီတိုင်းတို့တွင်ရှိသော တောင်သူများမှာ ရိတ်သိမ်းချိန် လုပ်သား လိုအပ်ချက် စိတ်ချရမှုရစေရန် ရာသီပေါက်ဈေး လုပ်အားခအား လုပ်သားများအား ကြိုပေးနိုင်ခြင်း မရှိတော့ပေ။ လုပ်သားများမှာ ကြိုပေးလုပ်အားခများအား တောင်သူများစွာထံ တစ်ချိန်တည်း အလုပ်လုပ်ပေးခြင်းဖြင့် ရှာယူရသည်။ ၎င်းမှာ တောင်သူများ လိုအပ်ချိန်လုပ်သားရရေးအတွက် အာမခံချက်ရှိမရှိ ပိုမိုခဲယဉ်းစေပြန်သည်။ အချို့ဒေသများတွင် လုပ်ငန်းအဓိကအချိန် လုပ်အားခများမှာ မြင့်တက်လာပြီး လုပ်သားရှားပါးမှု ပိုမိုဆိုးရွားလျက်ရှိစေသည်။ ပြင်ပသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှုသည် လုပ်သားရှားပါးခြင်းနှင့် လုပ်သားခမြင့်မားခြင်းတို့အတွက် အဓိကအကြောင်းအရင်းဖြစ်သည်ဟု တောင်သူများ ပြောကြားသော်လည်း သက်သေခိုင်ခိုင်လုံလုံဖြင့် မသုံးသပ်နိုင်သေးပေ။ ဧရာဝတီတိုင်းတွင် ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှု တိုးသည်ဖြစ်စေ မတိုးသည်ဖြစ်စေ ရိတ်သိမ်းချိန် လုပ်အားခများမှာ ရွာများအားလုံးတွင် မြင့်တက်ခဲ့သည်။ မကွေးတိုင်းတွင် ရိတ်သိမ်းချိန် လုပ်အားခနှုန်းထားများမှာ ၂၀၁၂ နှင့် ၂၀၁၃ အကြား ပြောင်းလဲခြင်းမရှိပေ။ ၎င်းအပြင် ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှု အနေအထားနှင့်တိုးနှုန်းမှာ တစ်ရွာနှင့်တစ်ရွာ သိသိသာသာ ကွဲပြားလျက်ရှိသော်လည်း ရိတ်သိမ်းချိန် လုပ်အားခနှုန်းများမှာ မကွေးတိုင်းရှိ ရွာအားလုံးတွင် အတူတူပင်ဖြစ်သည်။ မကွေးတောင်သူများ တင်ပြချက်အရ လုပ်အားခနှုန်းများအား တိုးမြှင့်ခြင်းအစား မိသားစုလုပ်သားအား အစားထိုး ဝင်ရောက်လုပ်ကိုင်စေခြင်းနှင့် သီးနှံလျှော့စိုက်ခြင်းတို့ဖြင့် ရင်ဆိုင်ကျော်လွှားသည်ဟု ဆိုသည်။ ဧရာဝတီတောင်သူများမှာ ငွေရေးကြေးရေး အခက်အခဲများ ရှိသော်လည်း သွင်းအားစုအတွက် လျှော့ချခြင်း မပြုပေ။

တောင်သူများ အဓိကစိုက်ပျိုးချိန်များတွင် ရုန်းကန်နေရချိန်၌ လုပ်သားများမှာလည်း အလုပ်အကိုင်လုံလုံလောက်လောက်ရရှိရန် အခက်အခဲများကြောင့် စိုက်ပျိုးချိန် အေးသောကာလများတွင် ရုန်းကန်နေကြရသည်။ မွေးမြူရေးလုပ်ခြင်း၊ အခြားရွာများသို့ ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြင့် နေပြည်

တော်၊ ရန်ကုန်၊ မန္တလေးနှင့် နိုင်ငံရပ်ခြားသို့ ရေရှည် ပြောင်းရွှေ့လုပ်ကိုင်ခြင်း စသည့် နည်းအမျိုး မျိုးဖြင့် ဝင်ငွေရှာကြရသည်။။ ယခင် QSEM များတွင် မြို့နယ်များနှင့် တိုင်းဒေသများအကြား၊ ကျား၊ မ ကြား အလုပ်အကိုင်အမျိုးမျိုးအကြား လုပ်ခနှုန်းများ သိသိသာသာ ခြားနားကြသည်ကို တွေ့ခဲ့ပြီးဖြစ်သည်။

## ကြွေးမြီနှင့်ချေးငွေ

ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးများတွင် အတိုးနှုန်းများ အများအားဖြင့် လျော့ကျခဲ့ပြီး ချေးငွေ ပေးသွင်းမှုမှာလည်း တိုးပွားကြောင်း ရွာသားများ၏ အစီရင်ခံမှုနှင့်အတူ ချေးငွေပေးသွင်းမှုတွင် ပြောင်း လဲမှုအနည်းငယ်တွေ့ရသော်လည်း တောင်သူများအပေါ် ၎င်း၏အကျိုးသက်ရောက်မှုမှာ မသဲကွဲပေ။ ကိစ္စရပ်အများစုတွင် တောင်သူများမှာ ၎င်းတို့အကြွေးတင်ခြင်း၊ အမြတ်အစွန်းရနိုင်မှုနည်းခြင်း စသည် တို့ဖြင့် ရုန်းကန်နေရကြောင်း၊ ငွေချေးပေးနိုင်စွမ်းဆိုသည်မှာလည်း နောက်ထပ်ကြွေးနွံထဲသို့သာ တွန်းပို့ နိုင်ဖွယ်ရှိကြောင်း တင်ပြကြသည်။

ကျေးရွာများရှိ ဘဏ္ဍာငွေအလွဲသုံးစားမှု စွပ်စွဲချက်များနှင့်အတူ မြန်မာ့စိုက်ပျိုးရေးဖွံ့ ဖြိုးတိုးတက်မှု ဘဏ်(စိုက်ဘဏ်)၏ ချေးငွေနဲ့စပ်လျဉ်းသော ပြဿနာများပေါ်ထွက်လာသည်။ စိုက်ဘဏ်ငွေချေးမှုမှာ ပြန်ဆပ်ရန် ခဲယဉ်းသည်ဟု ဧရာဝတီတိုင်းမှ ရွာသားများက ဆိုခဲ့သည်။ ကျေးရွာအဆင့်တွင် အလွဲသုံးစား မှုစွပ်စွဲချက် အများအပြား ပေါ်ထွက်လာခဲ့သည်။

## ဈေးကွက်

ဈေးကွက်လက်လှမ်းမီမှု အရေးကြီးမှုနှင့် ချေးငွေဆိုင်ရာ ညှိနှိုင်းနိုင်မှု တန်ခိုးသြဇာအား အထူးပြု နေသော ဈေးနှုန်းသတင်းအချက်အလက် ရရှိမှုတိုးမြင့်လာခြင်း၏ တောင်သူများအပေါ် သက်ရောက်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေသည်။ တောင်သူကြီးများမှာ ၎င်းတို့ထွက်ကုန်များအား ၎င်းတို့၏ လက်ရှိ ဖောက်သည်များနှင့် ငွေချေးသူတစ်ဖြစ်လဲ ဆန်စက်ပိုင်ရှင်များကိုသာ ဆက်လက်ရောင်းချလိုကြသည်။ တောင်သူများမှာ ဈေးနှုန်းသတင်းရပင်ရသော်ငြားလည်း အကြွေးတင်ရှိမှုရှိခြင်း၊ အတိုးကြီးခြင်းနှင့် သို လှောင်မှု အဆောက်အဦ အစီအမံများလိုအပ်ခြင်းကြောင့် ၎င်းတို့ထွက်ကုန်အား အမြန်သာ ရောင်းချလို ကြ သည်။ တောင်သူများမှာ ဈေးနှုန်းသတင်းကောင်းများ ရရှိသည်မှာ (၂)နှစ် (၃)နှစ်မျှ ရှိခဲ့ပြီး ကုန်သည် ပွဲစားများထံမှ ၎င်းတို့ရရှိသောဈေးမှာ မြို့နယ်များရှိ ပေါက်ဈေးနှင့် များစွာခြားနားခြင်း မရှိတော့ပေ။ အထူးသဖြင့် တောင်သူငယ်များအတွက် စုပေါင်းရောင်းချခြင်းနှင့် စုပေါင်းဈေးညှိနှိုင်းခြင်းမှာ အခက်အခဲ များရှိကြောင်း တောင်သူများက ဆိုသည်။ ဥပမာအားဖြင့် တစ်ဦးနှင့်တစ်ဦး ရိတ်သိမ်းချိန်နှင့် ရောင်းချ ချိန်ခြင်းမတူသောကြောင့် စုပေါင်းရောင်းချမှုမှာ အခက်ခဲရှိကြောင်း လပွတ္တာမြို့ရှိ တောင်သူများက ဆိုခဲ့ သည်။ ဈေးကောင်းရရန် မြို့နယ်ဗဟိုချက်များသို့ စပါးသယ်ရန် လေ့ငှားခမှာ အလွန်ဈေးကြီးခြင်းကြောင့် ဈေးကောင်းရမည်ဆိုသော်လည်း မြို့ ကြီးဈေးများသို့ သယ်ယူရောင်းချ ခြင်းငှာ မတတ်နိုင်ကြပေ။

# အခက်အခဲ ရင်ဆိုင်ကျော်လွှားမှု နည်းဗျူဟာများ

## ဘေးအန္တရာယ်အမျိုးအစားများ

အချို့ခြွင်းချက်ကိစ္စရပ်များမှအပ ဒေသခံများရင်ဆိုင်နေရသော ဘေးအန္တရာယ်နှင့် ပြဿနာရပ်များ မှာ ယခင် QSEM သုတေသနများအတိုင်း မကွဲပြားပေ။ ၎င်းတို့တွင် ကျေးရွာဆူပူအုံကြွမှု၊ ရာသီဥတု မရေရာမှုစသည့် ရပ်ရာလုံးဆိုင်ရာ ပြဿနာရပ်များနှင့် မိသားစုကျန်းမာရေးစသော အိမ်ထောင်စုအဆင့် ပြဿနာရပ်များ ပါဝင်သည်။ ရာသီဥတု ခန့်မှန်းမရခြင်းသည် ရွာထက်ဝက်ကျော်မှ တင်ပြခဲ့သော အဓိက ဘေးအန္တရာယ်ဖြစ်ပြီး ၎င်းတို့တွင် မိုးများလွန်းခြင်း၊ မိုးမမှန်ခြင်းနှင့် ရှမ်းပြည်နယ်တွင် မိုးသီးကြွေကျခြင်း တို့ ပါဝင်သည်။

## ဆုံးဖြတ်ချက်မှန်ကန်မှုအား အဓိကမောင်းနှင်နေသည့်အရာများ

**ပြည်သူများမှာ ပြဿနာနှင့်ဘေးအန္တရာယ်များ၏ ယာယီ(သို့) အမြဲဖြစ်တည်နေမှု သဘောသဘာဝ စသည့်အပေါ် မူတည်ပြီး မည်သို့ရင်ဆိုင်ကျော်လွှားမည်ကို ဆုံးဖြတ်ကြသည်။ ၎င်းတွင် ဘေးအန္တရာယ်**

**လျှော့ချရေးအပြင် ဝင်ငွေရသည့် အရင်းအမြစ်များ တိုးပွားစေခြင်း(သို့) ဝင်ငွေတတ်နိုင်သမျှ များများ ရှာရေးစသည်တို့ ပါဝင်သည်။** ရာသီဥတုဘေးအန္တရာယ်အား လျှော့ချရန် တောင်သူများမှာ မြေဆီကောင်းသည့်အကွက်များတွင်သာ စိုက်ခြင်း၊ ပိုးသတ်ဆေး လျှော့သုံးခြင်းနှင့် မိသားစုလုပ်သား များများသုံးခြင်း စသည်တို့ကို ပြုလုပ်တတ်ကြသော်လည်း ၎င်းတို့မှာ တောင်သူတို့၏ ထုတ်လုပ်မှုအား လျော့ကျစေပြန်သည်။ တောင်သူများမှာ ဝင်ငွေရပေါက်ရလမ်း တိုးပွားလာစေရန် ၎င်းတို့ကလေးများအား တခြားနေရာများသို့ သွားအလုပ်လုပ်စေခြင်းလည်း ပြုလုပ်တတ်သည်။ ၎င်းဆုံးဖြတ်ချက်များအပေါ် လူမှုရေးရာ ဦးစားပေးမှုများ၏ သက်ရောက်မှုများရှိသည်။

**ချေးငွေလက်လှမ်းမီမှုမရှိသော ဆင်းရဲသားမိသားစုများအတွက် ကျန်းမာရေးပြဿနာမှာ အဓိက အခက်အခဲတစ်ရပ် ဖြစ်သည်။**

## ရင်ဆိုင်ကျော်လွှားသည့်ပုံစံများ

**အိမ်ထောင်စုများမှာ ကိုယ့်မိသားစုနှင့် ရပ်ရွာအပေါ်တွင် အဓိက မှီခိုနေကြသည်ဖြစ်ရာ လူမှုရေးရာ အစီအမံများအားဖြင့် ဘေးအန္တရာယ်ကျော်လွှားကြပြီး အစိုးရထောက်ပံ့မှုကို မမျှော်လင့်ကြချေ။** အိမ်ထောင်စုများမှာ ရုတ်တရက် ဘေးအန္တရာယ် ဖြစ်လာလျှင် အိမ်နီးချင်းတစ်ဦးနှင့်တစ်ဦး ဆန်နှင့်ရေ ချေးငှားတတ်ကြသည်။ တိရစ္ဆာန်ရောဂါကျခြင်းကဲ့သို့ ရပ်ရွာလုံးဆိုင်ရာ ပြဿနာရပ်များတွင်ရှိသည့် ရင်းမြစ်များ စုပေါင်းမျှဝေ သုံးစွဲဖြေရှင်းကြသည်။ အစိုးရမှ လူမှုဖူလုံမှု အစီအမံများပေးရန် တာဝန်ရှိသည်ဟု မည်သူကမျှ ပြောကြားခြင်းမရှိပေ။

**ပိုင်ဆိုင်ပစ္စည်းများ ရောင်းချခြင်း(သို့) ထုတ်လုပ်မှုသုံးပစ္စည်းများ ပေါင်နှံခြင်းကဲ့သို့သော ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းများမှာ ရေရှည်တွင် ပိုမိုအခက်တွေ့စေသည်။**

**QSEM 3 တွင် ပြောင်းရွှေ့လုပ်ကိုင်ခြင်းမှာ ဘေးအန္တရာယ် ရင်ဆိုင်ကျော်လွှားခြင်း နည်းလမ်းတစ်ရပ်အနေဖြင့် မြင့်မားလာခဲ့သည်။** QSEM 1 နှင့် 2 မှာကဲ့သို့ ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံမှာ ဒေသခံများ ဆန္ဒအရ တစ်နေရာနှင့် တစ်နေရာ ကွဲပြားကြသည်။ အခြားနည်းလမ်းအားဖြင့် အသက်မွေးမှုအမျိုးမျိုး လုပ်ကိုင်လာကြခြင်းနှင့် လုပ်ငန်းသုံးပိုင်ဆိုင်သည့်ပစ္စည်းများအား ရောင်း၊ ပေါင်ခြင်းများရှိသော်လည်း ၎င်းတို့မှာ ရေရှည်တွင် ပြဿနာပိုကြီးလာသည်သာ ရှိသည်။

**စိုက်ပျိုးရေးဘောက်လုပ်သားများအတွက် ရာသီအလိုက်ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံမှာ ယခင် QSEM များမှာထက် ပိုမိုခန့်မှန်းရခက်ခဲပြီး ၎င်းတို့အတွက် အလုပ်အကိုင်များမှာလည်း စုဆောင်းရန် အခွင့်အလမ်းမရှိဘဲ ရရစားစား အလုပ်များသာ ဖြစ်သည်။** အဘယ်ကြောင့်ဆိုသော် တောင်သူများ၏ ငွေရေးကြေးရေးအခက်အခဲမှာ ဘောက်လုပ်သားများအပေါ် သက်ရောက်လျက်ရှိခြင်းကြောင့် ဘောက်လုပ်သားများမှာ အလုပ်ကိုရနိုင်သမျှနေရာက ရှာရသည်။ စိုက်ပျိုးရာသီတွင် အလုပ်လုပ်ရန်အတွက်သာ မျှော်လင့်စောင့်ဆိုင်းမနေဘဲ အလုပ်ရလျှင်ရသလို ပြောင်းရွှေ့လုပ်ကိုင်ကြသည်။

**ယခင် QSEM များတွင်ကဲ့သို့ လူမှုရေးရာစည်းနှောင်သတ်မှတ်ချက်များမှာ အမျိုးသား/အမျိုးသမီးနှင့် လူကြီး/လူငယ်များ၏ ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံများအပေါ် သက်ရောက်မှုရှိကြောင်း တွေ့ရသည်။** စီးပွားရေးအခွင့်အလမ်းသာမက လူမှုရေးရာအချက်အလက်များမှာလည်း ပြောင်းရွှေ့လုပ်ကိုင်မှုအား မောင်းနှင်နေသော အချက်များတွင် ပါဝင်သည်ဟု လူငယ်များကဆိုသည်။ ပြောင်းရွှေ့ရာအရပ်တွင် လူမှုရေးကွန်ယက်များရှိနေခြင်းသည် ပြောင်းရွှေ့လုပ်ကိုင်ခြင်းအတွက် အရေးကြီးသောမောင်းနှင်အား တစ်ခုဖြစ်နေပြီး ၎င်းအချက်အား ရွာအားလုံးတွင် တစ်သမတ်တည်း တွေ့နိုင်သည်။ ၎င်းလူမှုကွန်ယက်များရှိသော်လည်း ပြောင်းရွှေ့ အလုပ်လုပ်သူများမှာ အလုပ်သွားလုပ်ရာအရပ်တွင် စွန့်စားရမှုများရှိကြောင်း အစီရင်ခံကြသည်။

## လူမှုဆက်စပ်မှုများနှင့် အဖွဲ့အစည်းနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံများ

**QSEM 3 တွင် အဓိကတွေ့ရှိရသော ပြောင်းလဲမှုများတွင် ကျေးရွာစီမံအုပ်ချုပ်မှုနယ်ပယ်၊ လူမှုဆက်စပ်မှုများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် အဖွဲ့အစည်းများပါဝင်သည်။ ၎င်းတွင် အဓိကပြောင်းလဲမှု ၃ မျိုးကို တွေ့နိုင်သည်။ ပထမတစ်ခုမှာ မြေယာအခန်းတွင် ဖော်ပြထားခဲ့သကဲ့သို့ ဒေသအလိုက်ကွဲပြားမှုများရှိနေသော်လည်း ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်စီရင်အုပ်ချုပ်မှု ဥပဒေမူဝါဒသစ်ပြောင်းလဲမှုကြောင့် ကျေးရွာဖွဲ့စည်းအုပ်ချုပ်ပုံနှင့် ခေါင်းဆောင်မှုအပိုင်းတို့တွင် ထင်ရှားသောပြောင်းလဲမှုများ ရှိနေသည်။** နိုင်ငံ

ရေး ပြန်လည်တည်ဆောက်မှုနှင့် မူဝါဒအပြောင်းအလဲများကြောင့် အငြင်းပွားမှုအဟောင်းများ ပြန်လည်ပေါ်ထွန်းလာသကဲ့သို့ တောင်သူလယ်သမား အစည်းအရုံးနှင့် နိုင်ငံရေးအယောင်ဆောင် အုပ်စုတစ်စုတို့ လှုပ်ရှားလျက်ရှိသော ဒေသတစ်ခုတွင် မြေယာ၊ ကျေးရွာစီမံအုပ်ချုပ်မှုတို့နှင့် စပ်လျဉ်းသော ကျေးရွာအဆင့် အငြင်းပွားမှုပြဿနာများ ပေါ်ထွက်လာခဲ့သည်။ အခြားဧရိယာများတွင် ကျေးရွာသူရွာသားများသည် ၎င်းတို့လိုအပ်ချက်အတွက် စုပေါင်းညှိနှိုင်းမှုများ ပြုလုပ်လာဖွယ်ရာများကို အပြောင်းအလဲ အဖြစ်တွေ့ရသည်။

**ဒုတိယအားဖြင့် အချို့နေရာများတွင် နိုင်ငံအရေးကိစ္စများနှင့် ရပ်ရွာဆူပူအုံကြွမှုများသည် အသက်မွေးမှုနှင့် ကျေးရွာစီမံအုပ်ချုပ်မှုများအား သက်ရောက်မှုရှိကြောင်း တွေ့ရသည်။** ရခိုင်ဒေသတွင်းရှိ မြို့နယ်တစ်ခုတွင် ဖြစ်ပွားခဲ့သော ဆူပူအုံကြွမှု၏ ပျံ့နှံ့မှုကြောင့် မိရိုးဖလာ ဈေးကွက်အား ကမောက်ကမဖြစ်စေခဲ့ပြီး ဒေသခံများ၏ အဆိုးသတ်နေရာဖြစ်သည်။ ဆူပူအုံကြွမှုများ တိုက်ရိုက်ဖြစ်ပွားခြင်း မရှိခဲ့သော QSEM ရွာ (၃) ရွာတွင် ရွာသားများ၏ အသက်မွေးမှုများမှာ ဆန်နှင့်မွေးမြူရေးတိရစ္ဆာန် ဝယ်လိုအား ကျဆင်းခြင်း၊ နွားဈေးကျဆင်းခြင်းနှင့် ဆူပူမှုကြောင့် ငါးဈေးနှုန်းတက်ခြင်း စသည်တို့အားဖြင့် ထိခိုက်မှုရှိခဲ့သည်။ QSEM 2 မှာကဲ့သို့ ရှမ်းပြည်နယ်ရှိ ပဋိပက္ခတစ်ခုမှ ရွာသားများမှာ အပစ်အခတ်ရပ်စဲချိန်မှစပြီး ၎င်းတို့ ပိုမိုအသက်ရှူချောင်လာကြောင်း မဟုတ်လျှင် စစ်တပ်နှင့် လက်နက်ကိုင်တိုင်းရင်းသားများထံသို့ ဆီဆိုင်ဒေသတွင် ကျပ်ငွေ ၁၀၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ထက်ဝက်လျော့ကျသွားကြောင်း တွေ့ရသည်။

**လူမှုအရင်းအနှီးဆိုသည်မှာ မျှဝေရည်မှန်းချက်များသို့ အတူတကွ ပေါင်းစည်းဆောင်ရွက်နိုင်စေရန် လူတို့အချင်းချင်းထားရှိသော ယုံကြည်မှုနှင့် အပေးအယူများဖြစ်ပြီး ၎င်းအားဧရိယာများတွင် ခိုင်ခိုင်မာမာတွေ့ရှိရသည်။** လူမှုအရင်းအနှီးမှာ ရွာသူရွာသားများအား ၎င်းတို့၏အသက်မွေးမှု အကျိုးအမြတ်များအတွက်သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးခြင်း၊ လမ်းတံတားအခြေခံအဆောက်အအုံ တည်ဆောက်မွမ်းမံခြင်းတို့တွင် လိုအပ်နေရာ ဖြည့်ဆည်းပေးခြင်းဖြင့်သော်လည်းကောင်းနှင့် ပြည်ပဘဏ္ဍာငွေထောက်ပံ့စီမံကိန်းများတွင် ပါဝင်ခြင်းများဖြင့်သော်လည်းကောင်း ပေါင်းစည်းပါဝင်စေသည်။

**လူမှုအရင်းအနှီးအားကောင်းမှုများ ရှိသော်ငြားလည်း လူမှုဖယ်ကြဉ်ခြင်းနှင့် ဆင်းရဲနွမ်းပါးသော အုပ်စုများ ခွဲခြားဆက်ဆံခံရခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ အများအပြားရှိခဲ့သည်။** ခွဲခြားဆက်ဆံခြင်းကို ဆင်းရဲချမ်းသာ မညီမျှမှု၊ လူမျိုးဘာသာ ကွာခြားမှု စသည်တို့တွင် တွေ့နိုင်သည်။ ဆူပူအုံကြွမှုဒဏ် သက်ရောက်မှုရှိခဲ့သော ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် အုပ်စုတူများရှိနေသော ကျေးရွာများတွင် ကျေးရွာတွင်း ယုံကြည်မှုအဆင့်မြင့်မားပြီး ၎င်းမြင့်မားခြင်းသည် ကျေးရွာပြင်ပအုပ်စုများနှင့် ယုံကြည်မှုလျော့ရဲမှုအား ပိုမိုကြီးမားစေရာ အကြောင်းအရင်းလည်း ဖြစ်နေပြန်သည်။ ရွာအများအပြားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် တင်းမာမှုအတော်များများကို ဖြစ်ပွားစေပြီး ၎င်းမှာရပ်ရွာလူမှုရေးရာဘဝများသို့ သက်ရောက်မှုများ ရှိနေသည်။

**ယခင် QSEM များတွင် ဆင်းရဲနွမ်းပါးသောအုပ်စုများ ခွဲခြားဆက်ဆံခံရခြင်းနှင့် လူမှုဖယ်ကြဉ်ခြင်းကိစ္စရပ်များဖြစ်ပွားမှုအား ဆုံးဖြတ်ရန် ခဲယဉ်းခဲ့သည်။** QSEM 3 တွင် သုတေသနပြုလုပ်သူများသည် နွမ်းပါးသော အိမ်ထောင်စုများနှင့် အသေးစိတ် In-depth မေးမြန်းမှုများပြုလုပ်ခဲ့ပြီး ၎င်းသတင်းအချက်အလက်များအား ပိုမိုသွယ်ဝိုက်မေးမြန်းခဲ့သည်။ ထိုနည်းအားဖြင့် လူမှုဖယ်ကြဉ်မှုဖြစ်စေသော လမ်းကြောင်းများနှင့် တွန်းပို့သောအရာများအား ပိုမိုသတင်း အချက်အလက် နှိုက်ယူနိုင်ခဲ့သည်။ အချို့သော ဖယ်ကြဉ်မှုများသည် အဆင့်ခွဲခြားမှု (သို့) ငွေရေးကြေးရေးအရ တွန်းပို့မှုကြောင့် ဖြစ်ပြီး ရှမ်းပြည်နယ် အချို့ကျေးရွာများတွင်ဆင်းရဲသူများနှင့်ချမ်းသာသူများသည်မင်္ဂလာဆောင်နှင့်အခြားလူမှုရေးပွဲများတွင် ပါဝင်ရသည့် အခန်းကဏ္ဍချင်းမတူဟု ရွာသားများကဆိုသည်။ ရွာတစ်ရွာမှာ ကျောင်းမှထုတ်ပယ်ခြင်းသည်လည်း ဆင်းရဲနွမ်းပါးသောအုပ်စုများအား ခွဲခြားဆက်ဆံခံရခြင်းတစ်မျိုးဟု ခံစားမိကြောင်း ထုတ်ဖော်ပြောခဲ့သည်။ ရခိုင်ဒေသတွင်လည်း ဆင်းရဲသူများမှာ ငွေချေးရနိုင်စေရန် ချမ်းသာသူများအား မှီခိုနေရကြောင်း၊ လူမှုအဆင့်အလွှာ ခွဲခြားတည်ရှိမှုများအား တဖြည်းဖြည်း စိတ်ပျက်မိလာပါကြောင်း နွမ်းပါးအိမ်ထောင်စုများမှ ထုတ်ဖော်ခဲ့သည်။

**လူမှုဖယ်ကြဉ်မှုသည် ဘာသာရေးအရလည်း တည်ရှိနေပုံရကြောင်း ဘာသာကွဲအုပ်စုများသည် တစ်အုပ်စုနှင့် တစ်အုပ်စု အဆက်အဆံနည်းကြောင်း ဧရာဝတီတိုင်းအတွင်းရှိ ရွာတစ်ရွာအရ သိရသည်။** ဘာသာရေးအုပ်စုများအကြား ယုံကြည်မှုကင်းမဲ့လာခြင်း၏ အကြောင်းအကျိုးဆက်စပ်မှုနှင့် ဘာသာရေး

အုပ်စုများအတွင်း လူမှုပေါင်းစည်းချည်နှောင်မှု တိုးမြင့်လာခြင်းတို့မှာ လူမှုအရင်းအမြစ်၏ ရှန်းကြွ ပြောင်းလဲနေသော ရှုထောင့်များအဖြစ်ရှုမြင်နိုင်ပြီး ၎င်းင်းအား ရပ်ရွာဆူပူအုံကြွမှု ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် မြို့တစ်မြို့ဖြစ်သည့် ကျောက်ဖြူမြို့နယ်တွင် တွေ့ရှိရသည်။ ၎င်းရှိရွာသားများမှာ လုံခြုံရေးအတွက် စုပေါင်းလှည့်ကင်းစောင့်နေရသည်ဟု ဆိုခဲ့သည်။ အတားအဆီး ကန့်သတ်ချက်များအား တစ်ဦးနှင့်တစ်ဦးရိုင်းပင်းကူညီကျော်လွှားကြခြင်း၊ ချမ်းသာသူများမှ ဆင်းရဲသူများသို့ ဆန်ချေးငှားကြခြင်း၊ ဝေးလံသော တောင်ပေါ်လိုဒေသသို့ ခရီးသွားရန် လိုအပ်ပါက အုပ်စုလိုက်သွားကြခြင်း စသည်တို့လည်း ရှိသည်။ ဘာသာရေး အုပ်စုတူများအတွင်း လူမှုပေါင်းစည်းမှု အားကောင်းလေလေ ဘာသာရေးအုပ်စုကွဲများအကြား ယခင်လျော့ရဲနေသော ယုံကြည်မှုနှင့် လူမှုပေါင်းစည်းမှုများမှာ ပိုမိုယိုယွင်းလာလေလေ ဖြစ်ခဲ့သည်။

### ကျေးရွာဖွဲ့စည်းအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းများ

**QSEM 3 တွင် တွေ့ရသော ကျေးရွာစီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် အပြောင်းအလဲများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုစီမံအုပ်ချုပ်မှုဥပဒေသစ်၏ အထောက်အကူကြောင့်ဟု ဆိုရမည်။** ၎င်းဥပဒေတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ရွေးကောက်တင်မြှောက်ရမည်ဟူသောအချက် ပထမဆုံးပါရှိပြီး ၎င်းသည် ယခင် အထက်-အောက်စနစ်အုပ်ချုပ်မှုမှ အောက်ခြေမှ-အထက်သို့ အုပ်ချုပ်မှုစနစ်သို့ ပြောင်းလဲမှုပုံစံတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်အဆင့်ပြောင်းလဲမှုများနှင့် ဥပဒေသစ်များ မိတ်ဆက်လာမှုများကြောင့် ကျေးရွာအုပ်ချုပ်ရေးစနစ်တွင် ပြောင်းလဲမှုပုံစံအမျိုးမျိုးကိုတွေ့ရသည်။

- ပထမ - ကျေးရွာအုပ်စုဖွဲ့စည်းပုံပြမြေပုံမှာ ကျေးရွာအုပ်စုကော်မတီအသစ်များ ပေါ်ထွန်းလာမှုကြောင့် ပြောင်းလဲသွားသည်။
- ဒုတိယ- ရာအိမ်မှူး၏ အခန်းကဏ္ဍသည် ဥပဒေအသစ်ပေါ်ထွန်းလာချိန်တွင် ပြောင်းလဲသွားသည်။ အချို့ရွာများတွင် ၎င်းရာထူးထားထားသေးပြီး အချို့ရွာများတွင် ၎င်းရာထူးမရှိတော့ပေ။
- တတိယ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်ရွာခေါင်းဆောင်များ၏ အခန်းကဏ္ဍများပြောင်းလဲမှုနှင့်အတူ အဖွဲ့အစည်းအမျိုးမျိုး၏ အရေးပါမှုနှင့် လုပ်ဆောင်မှုများ အနည်းနဲ့အများ ပြောင်းလဲမှု ရှိသည်။
- စတုတ္ထ - ရွာအများအပြားတွင် ကျေးရွာအုပ်စုမှူး ရွေးကောက်ပွဲများသည် ယှဉ်ပြိုင်မှုနှင့် စေ့စပ်ညှိနှိုင်းမှုများ တည်ရာနေရာ ဖြစ်လာခဲ့သည်။
- နောက်ဆုံးတစ်ခုမှာ ၎င်းရွေးကောက်ပွဲများတွင် ပါဝင်ရန် စိတ်အားထက်သန်မှု (ရှမ်းပြည်နယ်တွင် ၎င်းစိတ်အားထက်သန်မှုအားမတွေ့ရ)သည် ကျေးရွာနိုင်ငံရေးဘောဂဗေဒနှင့် တန်ခိုးအာဏာအတွက် အရေးကြီးသော ပြောင်းလဲမှုပုံစံအချို့အဖြစ် ပေါ်ထွက်လာခဲ့သည်။ ၎င်းမှာ လူမှုရပ်တည်မှု၏အရေးပါမှုဖြစ်ပြီး ရာထူးနေရာရယူခြင်းဖြင့် ငွေရှာနိုင်စွမ်းတစ်မျိုးလည်းဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အဂတိလိုက်စားသည့် ကိစ္စရပ်များသို့ ပြန်လည်တွန်းပို့နေသလိုဖြစ်ပြီး သာမာန်လူများကျင့်သုံးနိုင်သည့် တာဝန်ခံမှုစနစ်တစ်ရပ် တိုးပွားလာရေးလည်း ဖြစ်နေပြန်သည်။

### ပြင်ပအထောက်အပံ့

**QSEM 3 သည် ပြင်ပအထောက်အပံ့များ၏ သဘောသဘာဝ၊ ထောက်ပံ့မှု ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် လူမှုအပြောင်းအလဲများအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားသော ယခင် QSEM လေ့လာမှုများပေါ်တွင် အခြေခံထားသည်။** အထူးသဖြင့် QSEM 3 တွင် အထောက်အပံ့နှင့်စပ်လျဉ်းသော ရွာသူရွာသားများ၏ ထင်မြင်ယူဆချက်၊ သဘောထားနှင့် မျှော်မှန်းချက်များအား အသေးစိတ်လေ့လာထားသည်။ အထောက်အပံ့အနေအထား၊ အမျိုးအစားများနှင့် ပတ်သက်သော တွေ့ရှိမှုများမှာ ယခင် QSEM များနှင့် သိပ်မကွာခြားဘဲ ကျောင်းများနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံများနှင့် ပတ်သက်သော အစိုးရ၏ထောက်ပံ့မှုများသာ တိုးပွားလာခဲ့သည်။

**ရွာသားများ၏ဦးစားပေးလိုအပ်ချက်များမှာ အနည်းငယ်သာပြောင်းလဲမှုရှိသည်။ ရွာသူ ရွာသားများမှာ အခြေခံအဆောက်အအုံ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းများ၊ ဆရာများနှင့် အသက်မွေးမှု လိုအပ်ချက်များကိုသာ တောင်းဆိုဆဲဖြစ်သည်။** ဒေသအားလုံးတွင် ပညာရေးထောက်ပံ့မှုမှာ အဓိက

ပြဿနာတစ်ရပ်ဖြစ်နေပြီး ရခိုင်၊ ချင်းကဲ့သို့ဒေသများမှာ သဘာဝပတ်ဝန်းကျင်ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ တိုင်းနှင့်ပြည်နယ်အားလုံးရှိ ဒေသခံများမှာ နိုင်ငံတော်ထံမှ အထောက်အပံ့အား အနည်းငယ်သာ မျှော်လင့်မှုရှိကြောင်း လတ်တလော မြန်မာနိုင်ငံတွင်လေ့လာထားသော "The Listening Project (2009)"လို သုတေသနများအရ ယူဆနိုင်သည်။

**အချို့ဒေသများရှိ ဒေသခံများမှာ မလျော်ညီသော (သို့) မလုံလောက်သော ထောက်ပံ့မှုများ ရရှိကြောင်း စောဒကတက်ကြသည်။** ဥပမာ - မကွေးရှိဒေသခံများမှာ ၎င်းတို့အသုံးဝင်သော စိုက်ပျိုးရေးနည်းနာသင်တန်းများ ရရှိကြသော်လည်း ခေါင်းလျှော်ရည်၊ စက်ချုပ်၊ အလှပြင်နည်းစသော ဒေသတွင်ဈေးကွက်မရှိသော သင်တန်းများလည်း ရရှိကြသည်ဟုဆိုသည်။ ရခိုင်ပြည်နယ်ရှိ ရွာ (၂) ရွာမှာ မည်သည့်အထောက်အပံ့မှမရဟု ဆိုသည်။

**ရွာသူရွာသားများမှာ ဗဟိုအစိုးရထံမှ အထောက်အပံ့အနည်းငယ်ရရန်သာ မျှော်လင့်ဆဲဖြစ်သည်။** တိုင်းနှင့်ပြည်နယ်အားလုံးတွင် ရွာသူရွာသားများမှာ ထောက်ပံ့ရေးစီမံကိန်းများတွင် တစ်တပ်တစ်အားပါဝင်ရန် စိတ်အားထက်သန်ဆဲဖြစ်သည်။

**တိုင်ကြားမှုစနစ်များအား ကြီးမားသောပြဿနာများအတွက်မှအပ အသုံးချခြင်းမရှိ။** ရွာသူရွာသားများသည် အထောက်အပံ့နှင့်ပတ်သက်သော ပြဿနာများဖြေရှင်းရာတွင် စီမံကိန်းဝန်ထမ်းများ အပါအဝင် သက်ဆိုင်သူများနှင့် လူချင်းဖြေရှင်းညှိနှိုင်းရခြင်းအား ပိုနှစ်သက်ကြသည်။ QSEM 3 တွင် တရားဝင်တိုင်ကြားထားသည့်ကိစ္စ (၂) ခုသာ တွေ့ရှိခဲ့သည်။ သို့ရာတွင် အချို့ကျေးရွာများ၌ အထောက်အပံ့ထိရောက်မှု၊ ဆီလျော်ကိုက်ညီမှုနှင့် အချိန်ကိုက်ရရှိမှု စသည်တို့အတွက် တရားဝင်မဟုတ်သည့်တိုင်အောင် တိုင်ကြားထားသော ကိစ္စရပ်များအားတွေ့ရသည်။ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ ရွာ(၃)ရွာရှိ တောင်သူများမှာ ကျေးရွာခေါင်းဆောင်များသည် မြေပဲမျိုးများအား စိုက်ချိန်လွန်မှ ဖြန့်ဝေပေးခြင်းကြောင့် လူအများစုသုံးမရဖြစ်ကြရသည်ဟု သတင်းပို့ကြသည်။ အစောပိုင်း QSEM လေ့လာမှုများလုပ်စဉ်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ တာဝန်ခံမှုမရှိခြင်းကို တိုင်ကြားခြင်းများ တွေ့ရသည်။

## သုံးသပ်ချက်များနှင့် အကြံပြုချက်များ

QSEM လေ့လာမှုများအားလုံး၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များတွင် သုတေသန၊ မူဝါဒနှင့် ကွင်းဆင်းလက်တွေ့ဆောင်ရွက်ခြင်းစသည်တို့ ရောပြွမ်းပါဝင်သည်။

### မြေယာကဏ္ဍ

- ကျေးရွာအဆင့်တွင် မြေယာပိုင်ဆိုင်မှုပုံစံ၊ မြေဈေးနှုန်းနှင့် မြေယာမဲ့မှုများအပေါ် မြေယာဥပဒေအသစ်၏ သက်ရောက်မှုများအား အနီးကပ်စောင့်ကြည့်လေ့လာရန်လိုခြင်း။
- ကျေးရွာတွင်းအပြောင်းအလဲမှုများ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၏ သက်ရောက်မှုများ၊ ဒေသတွင်းမြေယာအပြောင်းအလဲမှုများနှင့် ကြွေးတင်ရှိမှုများအပါအဝင် ဒေသတွင်း မြေယာနှင့်သက်ဆိုင်သော ပြောင်းလဲမှုများအား ဂရုပြုရန်လိုခြင်း။

### လုပ်သား

- အထူးသဖြင့် လုပ်သား၊ ရွှေ့ပြောင်းလုပ်ကိုင်မှု၊ မြေယာမဲ့မှုနှင့် မြေယာတိုးပွားမှုစသည်တို့ ချိတ်ဆက်နေသော ဒေသတွင်း လုပ်သားဈေးကွက်အား ပိုမိုနားလည်ရန် လိုအပ်ခြင်း။

### ချေးငွေနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများ

- တောင်သူများအတွက် ၎င်းတို့တတ်နိုင်မည့် ချေးငွေဝန်ဆောင်မှုများ လိုအပ်ခြင်း။ ၎င်းသည် တောင်သူများလိုအပ်ချက်နှင့် ငွေစီးဆင်းမှုအတွက် အနီးစပ်ဆုံးဖြစ်သင့်သည်။

### ဘေးအန္တရာယ် စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ

- အသေးစားအာမခံပေးရေး ဝန်ဆောင်မှုများအပါအဝင် နွမ်းပါးသူများ၏ အသက်မွေးမှုဗျူဟာများအတွက် ကိုက်ညီစေသော ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍသစ်များ ပေါ်ထွန်းလာစေရန် ရှေ့ပြေးစီမံကိန်းများ လိုအပ်ခြင်း။

## စုပေါင်းဆောင်ရွက်မှု ဝင်ရောက်ဆောင်ရွက်ခြင်း

- တောင်သူများ၏ လူမှုဖူလုံမှုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စုပေါင်းဆောင်ရွက်မှု အစီအမံမရှိခြင်း (သို့) အားနည်းခြင်းအား ပိုမိုသဘောပေါက်နားလည်စေခြင်း။

## ဈေးကွက်လက်လှမ်းမီမှုနှင့် သတင်းအချက်အလက်

- တောင်သူများ၏ ဈေးစစ်ညှိနှိုင်းနိုင်မှု တန်ခိုးသြဇာအပေါ် ကန့်သတ်ချက်များအား နားလည်ရန် လိုအပ်ခြင်း။ QSEM တွင်တွေ့ရှိချက်အရ ဈေးကွက်သတင်းရရှိမှုသည် အဓိကပြဿနာမဟုတ်ဘဲ ဈေးကွက်လက်လှမ်းမီမှု၊ ဈေးကွက်ပို့ဆောင်ရသောစရိတ်၊ သိုလှောင်မှု ပံ့ပိုးပေးသောအရာများနှင့် အခြားအဟန့်အတားများမှာသာ အဓိက ပြဿနာဖြစ်နေသည်။

## ပဋိပက္ခများ၊ ဈေးကွက်များနှင့် သက်မွေးမှုများ

- ရခိုင်ပြည်နယ်ရှိ ဆူပူမှုများကြောင့် သက်မွေးမှုများအပေါ် သက်ရောက်မှု၊ အပစ်အခတ်ရပ်စဲမှု၏ အကျိုးသက်ရောက်မှုများ၊ ရှမ်းပြည်နယ်ရှိ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲတိုင်အောင် တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာရန် လိုအပ်ခြင်း။

## ရာသီဥတုအလိုက် လိုက်လျောညီထွေပြောင်းလဲမှု

- တောင်သူများအပေါ် မပြတ်သက်ရောက်နေသော ရာသီဥတုဒဏ်များအား ပိုမိုနားလည်စေခြင်းနှင့် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်မှုစနစ်အား တည်ဆောက်ခြင်း။

## ရေလုပ်ငန်းများ

- ရေသယံဇာတများ ပြုန်းတီးလာမှုအား ပိုမိုနားလည်စေခြင်းနှင့် စီမံကွပ်ကဲစေခြင်းဆိုင်ရာ သုတေသနနှင့်မူဝါဒ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ လိုအပ်ခြင်း။

## ရင်ဆိုင်ကျော်လွှားမှု နည်းဗျူဟာများ

- ပြည်တွင်းငွေလွှဲများအပါအဝင် လွှဲငွေအမျိုးအစား အမျိုးမျိုးနှင့် ဒေသတွင်း လုပ်သားဈေးကွက်အပေါ် သက်ရောက်မှု၊ ဘေးအန္တရာယ်များကျော်လွှားရာတွင် ငွေလွှဲများ၏ အခန်းကဏ္ဍများ စသည်ပါဝင်သော ကျေးလက်ဒေသရှိ ပြောင်းရွှေ့လုပ်ကိုင်မှု အခြေအနေတို့အား ပိုမိုသိရှိနားလည်လိုခြင်း။
- တိုင်းနှင့်ပြည်နယ် ငွေလွှဲများအပါအဝင် တရားဝင်ငွေလွှဲလမ်းကြောင်းများအား ခိုင်မာစွာတည်ဆောက်ရန် လိုခြင်း။

## ကျေးရွာစီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်ခွင့်ရှိသော စီမံကိန်းချမှု

- အထူးသဖြင့် ကျေးရွာစီမံအုပ်ချုပ်မှုပုံစံများ ပြောင်းလဲလာမှုအရ ကျေးရွာအဆင့်တွင် အားလုံးပူးပေါင်းပါဝင်ခွင့်ရှိသော စီမံကိန်းချနိုင်မှုစွမ်းရည် ရှင်သန်ကြီးရင့်လာခြင်းအား စောင့်ကြည့်လေ့လာရန် လိုအပ်ခြင်း။
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသစ်များမှာ ကဏ္ဍရပ်များစွာ လွှမ်းခြုံနိုင်ခြင်း၊ ကိုယ်စားပြုမှုရှိခြင်း၊ ထိရောက်သော တာဝန်ခံနိုင်မှုအစီအမံများရှိခြင်းနှင့် ကျေးရွာနှင့်ထိရောက်စွာ ချိတ်ဆက်မှုရှိခြင်း စသည်တို့အား ပိုမိုသေချာစေရန် လိုအပ်ခြင်း။
- ငွေကြေးထောက်ပံ့သူများမှာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ များပြားလာခြင်းအား အဆုံးသတ်သင့်ပြီး အစိုးရကျေးရွာဖွံ့ဖြိုးမှုထောက်ပံ့ရေး ကော်မတီများမှတစ်ဆင့် အထောက်အပံ့များအား စီးဆင်းစေပြီး လက်သင့်ရာစားတော်ခေါ်မှုများ မဖြစ်ပေါ်စေရန် တာဝန်ခံမှုအစီအမံများလည်း ရှိစေရန် လိုအပ်ခြင်း။
- ကျေးရွာနိုင်ငံရေးဘောဂဗေဒနှင့် အဂတိလိုက်စားမှုကိစ္စရပ်များအားလည်း စောင့်ကြည့်လေ့လာရန် လိုခြင်း။

### အထောက်အပံ့များထိရောက်မှု

- တိုင်ကြားမှုကိုင်တွယ်ခြင်းနှင့် အခြားတာဝန်ခံမှုအစီအမံများအား တောင့်တင်းခိုင်မာအောင် ပြုလုပ်ရန် လိုအပ်ခြင်း။

# အပိုင်း(၁) နိဒါန်း

# အခန်း (၁) နိဒါန်း

**လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ QSEM သည် မြန်မာနိုင်ငံ၏ ကျေးလက်အသက်မွေးဝမ်းကျောင်းမှုပုံစံများအား စောင့်ကြည့်ရန်နှင့် နားလည်သိရှိရန် ရည်ရွယ်သည်။** ၎င်းတွင် မြန်မာနိုင်ငံကျေးလက်နေသူများ၏ သက်မွေးဝမ်းကျောင်းမှုနည်းဗျူဟာအမျိုးမျိုးနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ ၎င်းနည်းဗျူဟာများအား ပုံပေါ်နေသည့် ကျယ်ပြန့်သော အချက်အလက်များနှင့် ကျေးလက်ဘဝများ၏ ကျယ်ပြန့်သော လူမှုရေးနှင့် အဖွဲ့အစည်း/ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ လက္ခဏာရပ်များမှာ လူတို့၏အသက်မွေးမှု ရွေးချယ်မှုနှင့် ရလဒ်များအပေါ် မည်သို့သက်ရောက်နေသည်တို့ကို လေ့လာထားသည်။

**QSEM သည် သက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ LIFT ၏ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုအစီအစဉ်အား အထောက်အကူပြုရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။** LIFTသည် မြန်မာနိုင်ငံကျေးလက်ဒေသများတွင် အလုပ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံတစ်လွှားရှိ (၂) သန်း အရေအတွက်ရှိသော ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် မိတ်ဖက်အကောင်အထည်ဖော် အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပံ့ပိုးလျက်ရှိသည်။ ၎င်းအား ထိရောက်စွာဆောင်ရွက်နိုင်ရန် အခက်အခဲများစွာ ရင်ဆိုင်ရလျက်ရှိသည်။ ၎င်းတွင် ဖွံ့ဖြိုးတိုးတက်မှု အနေအထားနှင့် သဘောသဘာဝ အကွဲကွဲအပြားပြားရှိနေသော ဒေသများစွာအား ဖွံ့ဖြိုးရေး အထောက်အပံ့များ မည်သို့ထိရောက်စွာထောက်ပံ့မည်နည်းမှာ အချက်တစ်ချက်အဖြစ် ပါဝင်သည်။ အခြားတစ်ချက်မှာ လူသားချင်းစာနာထောက်ထားသော ရေတိုအထောက်အပံ့ပုံစံမှ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အထောက်အပံ့များအဖြစ်သို့ မည်သို့ကူးပြောင်းရွှေ့ယူမည်နည်းဟူသော အချက်ဖြစ်သည်။ တတိယအချက် မှာ လက်တွေ့ဘဝများအတွင်းရှိ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များအား ထောက်ပံ့နိုင်မှုနှင့် ပြောင်းလဲမှုများနှင့်အညီ အကြောင်းခြင်းရာအသစ်များအား LIFT ထောက်ပံ့မှုအစီအစဉ်များမှ အသေအချာ ဖော်ထုတ်နိုင်စေခြင်းဖြစ်သည်။

**၎င်းအခက်အခဲစိန်ခေါ်မှုများဆိုသည်မှာ LIFT ဦးတည်ဧရိယာများအတွင်းရှိ သက်မွေးဝမ်းကျောင်းမှုလိုအပ်ချက်၊ အခက်အခဲစိန်ခေါ်မှု၊ အခွင့်အလမ်းများနှင့် ၎င်းတို့၏ဒေသအလိုက်၊ ဦးတည်အုပ်စုအလိုက်၊ အချိန်နှင့်အမျှ မည်သို့ပြောင်းလဲနေမှု စသည့်တို့အတွက် သတင်းအချက်အလက်များလိုအပ်မှုကို ဆိုလိုသည်။** စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုဆောင်ရွက်ချက်ဖြင့်လည်းကောင်း၊ အသက်မွေးမှု သဘောသဘာဝများအား ပိုမိုထဲထဲဝင်ဝင်နားလည်စေရန် သုတေသနပြုလုပ်ခြင်းဖြင့်လည်းကောင်း LIFT ဆောင်ရွက်ချက်များအတွင်း အလေးပေးလေ့လာခြင်းဖြင့် လေ့လာသင်ယူမှုကို မြှင့်တင်လိုခြင်း ဖြစ်သည်။ ၎င်းဒေသများအတွင်းရှိ သက်မွေးမှုသဘောသဘာဝများအား ပိုမိုသိရှိနားလည်စေရန် ထောက်ပံ့ပေးခြင်းဖြင့် LIFT ဘဏ္ဍာငွေဘုတ်အဖွဲ့၏ မဟာဗျူဟာကျသော ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် သတင်းအချက်အလက်ပေးရန် ရည်ရွယ်သည်။

**QSEM ကို ဖြည့်စွက်ချက် (၂) ခုဖြင့် ဆောင်ရွက်ထားသည်။** ပထမအနေဖြင့် LIFT ဆောင်ရွက်လျက်ရှိသော ဒေသများအားကိုယ်စားပြုသော ရွေးချယ်ကျေးရွာများတွင် ခြောက်လတစ်ခါ အချိန်မှန် သုတေသန ပြုလုပ်ခြင်းဖြစ်သည်။ သုတေသနကို LIFT ဆောင်ရွက်လျက်ရှိသော အဒေသများအတွင်းရှိ Agro-ecological ဇုန်မတူညီသော ပြည်နယ်နှင့် တိုင်းဒေသကြီး ၆ ခုတွင်ရှိသော ကျေးရွာပေါင်း ၅၄ ရွာတွင် ပြုလုပ်ထားသည်။ ၎င်းတို့တွင် (၁) အပူပိုင်းဇုန် (မကွေးတိုင်းနှင့် မန္တလေးတိုင်းဒေသကြီး)၊ (၂) ကမ်းရိုးတန်းဇုန်များ (ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး)နှင့် (၃) တောင်တန်းဒေသဇုန်များ (ချင်းနှင့် ရှမ်းပြည်နယ်)တို့ ပါဝင်သည်။ ဒုတိယတစ်ခုမှာ QSEM သည် ကျေးရွာအဆင့် ကွင်းဆင်းဆောင်ရွက်ချက်များမှ ပေါ်ထွက်လာမှုများအရ ကိစ္စရပ်အလိုက် အထူးပြုလေ့လာမှုများအား ပြုလုပ်သွားမည်ဖြစ်သည်။

**ပထမဆုံး QSEM အား ၂၀၁၂ ခုနှစ် မတ်လ မှ မေလအထိ ပြုလုပ်ခဲ့ပြီး ဆင်းရဲသားများ ကြုံတွေ့နေရသော အသက်မွေးမှုနည်းဗျူဟာ အမျိုးမျိုးတို့၏ သဘောသဘာဝအား နားလည်စေရန် ဖော်ထုတ်ခဲ့သည်။** ၎င်းအား မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ ပထမဆုံးပြုလုပ်ခြင်းဖြစ်သည့်အတွက် ပိုမိုကျယ်ပြန့်သော အကြောင်းအရာများအပေါ် အာရုံစိုက် လေ့လာခဲ့သည်။ (၁) LIFT ဆောင်ရွက်လျက်ရှိသော ဒေသများရှိ ရုပ်ဝတ္ထုအခြေခံအဆောက်အအုံ၊ စီးပွား

ရေး၊ လူမှုရေးနှင့်အဖွဲ့အစည်းပိုင်းဆိုင်ရာ အနေအထား သဘောသဘာဝများနှင့် ၎င်းတို့ဒေသလိုက် မည်သို့ ကွဲပြားစွာတည်ရှိသည်၊ (၂) ၎င်းသဘောသဘာဝများသည် ဒေသခံများ၏ အသက်မွေးမှုရွေးချယ်မှုများနှင့် ၎င်းတို့၏ လူမှုဘဝ သာယာဝပြောမှုအား မည်သို့ပုံဖော်နေသည်တို့ကို ထဲထဲဝင်ဝင် သိရှိနိုင်ရန် လေ့လာထားသည်။ ၎င်းတွင် LIFT အပါအဝင် ထောက်ပံ့လျက်ရှိသော ပြင်ပအထောက်အပံ့များ၏ အနေအထားနှင့် ၎င်းထောက်ပံ့မှုများမှ ဒေသတွင်း အခြေအနေများအား မည်သို့ပုံဖော်နေသည်ကိုလည်း ဖော်ထုတ်လေ့လာထားသည်။


**ဒုတိယအကြိမ်သုတေသနအား ၂၀၁၂ စက်တင်ဘာလမှ အောက်တိုဘာအထိပြုလုပ်ခဲ့ပြီး သက်မွေးဝမ်းကျောင်းမှု လုပ်ဆောင်ချက်များတွင် ပိုမိုဂရုပြုလေ့လာခဲ့သည်။** QSEM 2 ကို မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ LIFT Baseline ကွင်းဆင်းလေ့လာမှုနှင့် QSEM 1 တို့တွင်ပါရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြေခံနေ့စားလုပ်သားတို့နှင့် စပ်လျဉ်းသည့် အဓိကသက်မွေးမှုလုပ်ဆောင်ချက်များအား ပုံမှန်နားလည်စေခြင်းဖြင့် QSEM 1 အပေါ်တွင် အခြေခံထားသည်။ အသက်မွေးမှုလုပ်ဆောင်ချက်များအလိုက် ရင်ဆိုင်ကျော်လွှားပုံနည်းလမ်းများအား လေ့လာထားပြီး၊ ယခင်တွေ့ရှိချက်များအလိုက် လူမှုဆက်စပ်မှုများနှင့် ပြင်ပအထောက်အပံ့များအားလည်း လေ့လာထားသည်။

**ယခုအစီရင်ခံစာ အခြေခံထားသော တတိယအကြိမ် လေ့လာဆန်းစစ်မှုကို ၂၀၁၃ မေလမှ ဇွန်လအထိ ပြုလုပ်ခဲ့ပြီး ကျေးရွာအဆင့်ပြောင်းလဲမှုများကို အဓိက ဦးတည်လေ့လာထားသည်။** QSEM 3 ကို ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ တတိယအကြိမ် လေ့လာဆန်းစစ်မှုတွင် နမူနာကျေးရွာများအားလုံးအား ပထမဆုံးအကြိမ် ထပ်မံလေ့လာခဲ့သည်။ ယခုအစီရင်ခံစာမှာ သုတေသန ကနဦးပြုလုပ်စဉ်နှင့် ယခုအချိန်အတွင်း ပြောင်းလဲမှုများကို အာရုံစိုက် လေ့လာထားသည်။ ယခုအစီရင်ခံစာတွင် အသက်မွေးမှုပုံစံ အပြောင်းအလဲသာမက မြေယာ၊ ကျေးရွာစီရင်အုပ်ချုပ်မှု၊ ဒေသတွင်း စည်းလုံးမှုများအပါအဝင် ပိုမို ကျယ်ပြန့်သော ကျေးရွာသဘောသဘာဝများအား အထူးအလေးပေး လေ့လာထားသည်။ ယခင်အစီရင်ခံစာများမှာကဲ့သို့ သက်မွေးမှုပုံစံများအား ထုတ်နုတ်ဖော်ပြရုံသက်သက်မဟုတ်ဘဲ ပိုမိုကျယ်ပြန့်သော အပြောင်းအလဲများအား လေ့လာထားသည်။ မည်သည်တို့ပြောင်းလဲနေသနည်းဆိုသည်ထက် မည်သို့မည်ပုံပြောင်းလဲနေသည်ကို အထူးပြုလေ့လာထားသည်။

# အခန်း(၂) လေ့လာဆန်းစစ်မှုမူဘောင်နှင့် သုတေသနပြုမှုနည်းလမ်း (Analytical Framework & Methodology)

## လေ့လာဆန်းစစ်မှု မူဘောင်

**ပုံ(၁)။ QSEM လေ့လာဆန်းစစ်မှုမူဘောင်**




QSEM သည် ပုံ (၁) တွင်ဖော်ပြထားသော အဓိကအကြောင်းအရာခေါင်းစဉ် (၅) ခုနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို ကောက်ယူထားသည်။ ၎င်းသည် အကွက်တစ်ခုချင်းစီအတွင်း တည်ရှိသော အကြောင်းအရာတစ်ခုချင်းစီကို ဖွင့်ဆိုရှင်းလင်းပြထားပြီး အကွက်တစ်ခုနှင့်တစ်ခုအကြား ဆက်စပ်မှုကို သိရှိနားလည်စေရန် လေ့လာထားသည်။ လူတို့၏ပြုမူမှုများ၊ ရင်ဆိုင်ကျော်လွှားပုံနည်းလမ်းများနှင့် လူမှုအဆောက်အအုံပုံစံများအပေါ် ပြင်ပအထောက်အပံ့များမှ မည်သို့သက်ရောက်နေသနည်း။ ၎င်းလူမှုအဆောက်အအုံပုံစံများမှ ဒေသတွင်း စီးပွားရေးအပိုင်းအဝန်းကို မည်သို့ပုံဖော်နေသနည်း။ အသက်မွေးမှုရွေးချယ်မှုများနှင့် ရလဒ်များအပေါ် ရင်ဆိုင်ကျော်လွှားပုံနည်းလမ်းများမှ မည်သို့သက်ရောက်နေသနည်း။ မတူညီသော အကြောင်းချင်းရာအမျိုးမျိုးအကြား ဆက်စပ်မှုများအား ထဲထဲဝင်ဝင် လေ့လာခြင်းဖြင့် အသက်မွေးမှုရွေးချယ်မှုများ မည်သို့ပြုလုပ်သည်၊ မည်သို့ကွဲပြားသော အသက်မွေးမှု ရလဒ်များ ထွက်ပေါ်လာသည်တို့ကို ပိုမိုနားလည်လာစေသည်။

၎င်းရည်ရွယ်ချက်များ ပြည့်မီစေရန် QSEM သည် Qualitative သုတေသနနည်းဖြင့် အသေးစိတ် ကွင်းဆင်းလေ့လာမှုပြုခဲ့ပြီး ကျေးရွာခေါင်းဆောင်များ၊ ဦးတည်အုပ်စုများနှင့် ဆွေးနွေးပွဲများ၊ တောင်သူ အမျိုးသမီးစသော လူမှုအုပ်စု၊ အသက်မွေးဝမ်းကျောင်းအုပ်စုများနှင့် ဝိုင်းဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ဖြေဆိုသူများမှ ပြန်ကြားသော သတင်းအချက်အလက်များအား သုတေသနဝန်ထမ်းများ၏ တိုက်ရိုက်ကွင်းဆင်းလေ့လာမှုများဖြင့် ဖြည့်စွက်ထားသည်။

**ဇယား(၁)။ QSEM တွင် ပါဝင်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ**

| တိုင်းဒေသကြီး/ပြည်နယ် | QSEM 1<br>မတ်-မေ ၂၀၁၂ | QSEM 2<br>စက်-အောက် ၂၀၁၂ | QSEM 3<br>မေ-ဇွန် ၂၀၁၃ |
|---|---|---|---|
| မန္တလေး | X | X | X |
| မကွေး | X | | |
| ချင်း | X | X | |
| ရခိုင် | X | | X |
| ဧရာဝတီ | | X | X |
| ရှမ်း | | X | X |


QSEM သည် Purposive Stratified Sampling နည်းလမ်းကိုအသုံးပြုပြီး ကျေးရွာများအား နမူနာရွေးချယ်သည်။

မြန်မာနိုင်ငံတွင်း Agro-ecological ဇုန်မတူညီသော အပူပိုင်းဇုန်၊ တောင်ပေါ်ဒေသ၊ ဧရာဝတီ တိုင်းအပါအဝင် ကမ်းရိုးတန်းဒေသ စသည့်နေရာ (၃) ခုစီမှ ပြည်နယ် (သို့မဟုတ်) တိုင်းနှစ်ခုစီကို နမူနာအဖြစ်ရွေးချယ်ခဲ့သည်။ ရွေးချယ်ခဲ့သော ပြည်နယ်(သို့)တိုင်းဒေသကြီးများမှာ ဇုန်တစ်ခုစီအတွင်းရှိ LIFT ရှိသော(သို့) ရှိရန် အလားအလာရှိသော အဆင်းရဲဆုံးဒေသများဖြစ်သည်။ ပြည်နယ်(သို့) တိုင်းဒေသကြီးတစ်ခုစီတွင် မြို့နယ် (၃) ခုစီအား ပထဝီအနေအထားပျံ့နှံ့မှုအပေါ်တွင် မူတည်ရွေးချယ်ထားပြီး စုစုပေါင်း မြို့နယ် (၁၈) ခုအား နမူနာရွေးချယ်ခဲ့သည်။ ရွေးချယ်သော မြို့နယ်(သို့) ခရိုင် (၃) ခုစီတွင် LIFT တည်ရှိပြီး တိုင်း/ပြည်နယ်အတွင်း အဆင်းရဲဆုံးဖြစ်သည့် မြို့နယ် (၁) ခုအား ပါဝင်အောင် ရွေးချယ်သည်။ မြို့နယ်တစ်ခုစီတွင် ကျေးရွာ (၃) ရွာစီအား ကုန်သွယ်မှုဗဟိုချက်၊ ရေအရင်းအမြစ် လက်လှမ်းမီမှု၊ လမ်းမများနှင့် အနီးအဝေးပျံ့နှံ့မှုများအပေါ်မူတည်ပြီး ရွေးချယ်ခဲ့ရာ စုစုပေါင်း ကျေးရွာပေါင်း (၅၄)ရွာ ပါဝင်သည်။ သုတေသနမှာ လတ်တလောပြောင်းလဲမှုအပြင် အချိန်နှင့်အမျှ ပြောင်းလဲမှုများကိုပါ လေ့လာလိုသောကြောင့် ပြည်နယ်(သို့) တိုင်းဒေသကြီးတစ်ခုစီသို့ (၁၈)လလျှင် နှစ်ကြိမ်သွားရောက်ပြီး ပုံမှန်လေ့လာမှု ပြုလုပ်ခဲ့သည်။

(၃)နှစ်တာကာလအတွင်း QSEM (၅) ကြိမ်ပြုလုပ်ရန် အစီအစဉ်ရေးဆွဲထားသည်။ (၃)နှစ်တာကာလအတွင်း ပြည်နယ်(သို့) တိုင်းတစ်ခုစီအား အနည်းဆုံး (၃)ကြိမ် (မိုးရာသီနှင့် နွေရာသီများအပါအဝင်) သွားရောက်လေ့လာသည့်နည်းအား အသုံးပြုထားသည်။ QSEM 3 အတွင်း သွားရောက်လေ့လာခဲ့သော မြို့နယ်များစာရင်းနှင့် ကျေးရွာတစ်ရွာစီတွင် ပြုလုပ်ခဲ့သော အင်တာဗျူးများနှင့် အုပ်စုလိုက်ဆွေးနွေးပွဲများ အရေအတွက်အား အောက်ပါဇယားတွင် ဖော်ပြထားသည်။

သုတေသနမှူး(၃)ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့စီသည် တစ်ရွာစီတွင် (၄)ညအိပ် (၃)ရက်နေထိုင်ခဲ့ပြီး အသေးစိတ်သတင်းပေးနိုင်သူ Key Informants(KIs) များနှင့် အင်တာဗျူးများ၊ အုပ်စုလိုက်ဆွေးနွေးပွဲများ FGDs၊ အချို့ရွေးချယ်အိမ်ထောင်စုများနှင့် အသေးစိတ်တစ်ဦးချင်း အင်တာဗျူးများအား ဆင်းရဲချမ်းသာအုပ်စုများအလိုက် လူပေါင်း (၅၀၀) ကျော်နှင့် ပြုလုပ်ခဲ့သည်။ Informants များတွင် ကျေးရွာခေါင်းဆောင်များနှင့် အခြားကျေးရွာအုပ်ချုပ်သူများ၊ ထောက်ပံ့ရေးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်သော ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊ တောင်သူများ၊ ရေလုပ်သားများ၊ မြေယာမဲ့လုပ်သားများနှင့် အခြားအသက်မွေးဝမ်းကျောင်း အုပ်စုများမှသူများ၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စု၊ မသန်မစွမ်း၊ ထိခိုက်ဒဏ်ရာရထားသူများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသား/အမျိုးသမီးငယ်များစသူတို့ ပါဝင်သည့် ထိခိုက်လွယ် (ထိခိုက်လွယ်ဖြစ်ရန် အလားအလာရှိသော) သူများပါဝင်ကြသည်။ သုတေသနပြုလုပ်သူများသည် တူညီသောအကြောင်းအရာတစ်ခုအား အုပ်စုအမျိုးမျိုးအား မေးမြန်းပြီး တတ်နိုင်သမျှ တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ကျေးရွာ၊ မြို့နယ်နှင့် ဒေသများအလိုက် နှိုင်းယှဉ်လေ့လာမှုပြုလုပ်နိုင်ရန် ကျေးရွာတစ်ရွာစီတွင် စံသတ်မှတ်ထားသော/ တူညီသော ဒေတာများကို ကောက်ယူခဲ့သည်။ ပေါ်ထွက်လာသည့် ကိစ္စရပ်များကို ပိုမိုထဲထဲဝင်ဝင်ဖော်ပြနိုင်ရန် သာဓကအဖြစ်အပျက် Case Studies များအားလည်း ကောက်ယူစုဆောင်းခဲ့သည်။

# ပုံ(၂)။ QSEM လေ့လာခဲ့သော မြို့နယ်များ



**ဇယား(၂)။ ဆင်းရဲချမ်းသာအုပ်စုများအတွင်း KI, FDG, In-Depth အိမ်ထောင်စု မေးမြန်းမှုပြုလုပ်ခဲ့သည့် အရေအတွက်**

| တိုင်း/ပြည်နယ် | ကျေးရွာအဆင့် | | | စုစုပေါင်း | | မြို့နယ်အဆင့် | | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|
| | # KI | # FGD | # HH အင်တာဗျူး | မ | ကျား | # KI | # FGD | # HH အင်တာဗျူး | မ | ကျား |
| ဧရာဝတီ | ၂၁ | ၆ | ၈၇ | ၁၁၀ | ၄၇ | ၇ | ၀ | ၀ | ၇ | ၀ |
| မကွေး | ၁၃ | ၅ | ၇၇ | ၇၀ | ၅၃ | ၁၁ | ၀ | ၀ | ၇ | ၄ |
| ရခိုင် | ၃၀ | ၆ | ၉၀ | ၁၂၉ | ၂၄ | ၁၂ | ၀ | ၀ | ၁၁ | ၁ |
| ရှမ်း | ၂၀ | ၄ | ၇၇ | ၈၄ | ၃၀ | ၆ | ၁ | ၀ | ၈ | ၄ |

တွေ့ဆုံမေးမြန်းမှုများအား ဒေသတစ်စုစီရှိ နိုင်ငံရမြေယာပိုင်ဆိုင်မှု သတ်မှတ်ချက်များပေါ်တွင် အခြေခံထားသော ကျေးရွာမှသတ်မှတ်သည့် ဆင်းရဲချမ်းသာမှုအုပ်စုများအလိုက် ပြုလုပ်ခဲ့သည်။ [၁]အောက်တွင် ဖော်ပြထားသောဇယားတွင် ဒေသတစ်ခုစီအတွင်း တောင်သူကြီး၊ ငယ်၊ လတ် ခွဲခြားသတ်မှတ်ပုံကို ဖော်ပြထားသည်။ ၎င်းစံသတ်မှတ်ချက်များသည် တစ်နေရာနှင့်တစ်နေရာ ကွာခြားမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ဒေသခံလူများမှ ဒေသအလိုက် မြေယာပိုင်ဆိုင်မှုပုံစံပေါ်မူတည်လျက် သတ်မှတ်ပိုင်းခြားထားသောကြောင့် ဖြစ်သည်။ အောက်တွင်ဖော်ပြထားသော ဇယားတွင်ရှိ တောင်သူကြီး၊ ငယ်၊ လတ် သတ်မှတ်ပုံကို ဤအစီရင်ခံစာတစ်လျှောက်လုံးတွင် အသုံးပြုထားသည်။

**ဇယား(၃)။ QSEM 3 တွင် ဆင်းရဲချမ်းသာအုပ်စု ပိုင်းခြားပုံ**

| ဒေသ | တောင်သူငယ် (ဧကပေါင်း) | တောင်သူလတ် (ဧကပေါင်း) | တောင်သူကြီး(ဧကပေါင်း) |
|---|---|---|---|
| ဧရာဝတီ | | | |
| ရေချိုရွာများ | <၅ | ၅-၁၅ | >၁၅ |
| ရေငန်ရွာများ | <၁၀ | ၁၀-၂၅ | >၂၅ |
| မကွေး | <၅ | ၅-၁၅ | >၁၅ |
| ရခိုင် | <၈ | ဒေတာမရှိ | ဒေတာမရှိ |
| ရှမ်း | <၅ | ၅- ၁၀ | >၁၀ |

[၁]မြေယာပိုင်ဆိုင်မှုအား ဆင်းရဲချမ်းသာသတ်မှတ်မှုအတွက် အဓိကစံသတ်မှတ်ချက်အဖြစ်စဉ်းစားခြင်းနှင့် ဒေသအလိုက်ကွဲပြားသော စံသတ်မှတ်ချက်များ အသုံးပြုရခြင်းအတွက် အဓိကအကြောင်းအရင်း(၂)ချက် ရှိပါသည်။ (၁) မြေပိုင်ဆိုင်မှုသည် အဓိကနေ့ဥစ္စာအရင်းမြစ်ဖြစ်ခြင်းနှင့် သတ်မှတ်မှုပြုလုပ်ရာတွင်အလွယ်ကူဆုံးဖြစ်ခြင်း၊ (၂) ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း မြေယာပိုင်ဆိုင်မှု များစွာကွာခြားမှုရှိသည်။ ဆင်းရဲချမ်းသာအုပ်စုခွဲခြားလေ့လာခြင်းမှာ ရပ်ရွာများအလိုက် နှိုင်းယှဉ်လိုခြင်းထက် ဓနအုပ်စုတစ်ခုနှင့်တစ်ခုချင်းအကြား ကွာဟချက်ကို ပိုမိုလေ့လာလိုခြင်း။

## အစီရင်ခံစာ တည်ဆောက်ပုံ

**အပိုင်းတစ် နိဒါန်း**

ဎင်းအပိုင်းတွင် QSEM ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ သုတေသပြုလုပ်ပုံ နည်းလမ်းအပြင် QSEM 1 မှ လက်ရှိအချိန်အထိ အပြောင်းအလဲများအား ခြုံငုံဖော်ပြထားသည်။

**အခန်း (၁) ရည်ရွယ်ချက်များ။**

ဤအပိုင်းတွင် သုတေသနရည်ရွယ်ရင်းနှင့် QSEM သမိုင်းကြောင်းအား ဖော်ပြထားသည်။

**အခန်း (၂) လေ့လာဆန်းစစ်မှုမူဘောင်နှင့် သုတေသနပြုမှုနည်းလမ်း။**

ဤအပိုင်းတွင် သုတေသနပြုမှုနည်းလမ်း၊ ပြုလုပ်ခဲ့သည့်ဒေသများနှင့် QSEM 3 ပြုလုပ်ခဲ့သည့် လေ့လာဆန်းစစ်မှုမူဘောင်အား ဖွင့်ဆိုထားသည်။

**အခန်း (၃) ပြောင်းလဲမှုဖြစ်စဉ် ခြုံငုံသုံးသပ်မှု။**

ယခင်သုတေသနများနှင့်နှိုင်းယှဉ်လျက် ကျေးရွာအဆင့်တွင် မည်သည်တို့ပြောင်းလဲလာသည်၊ မည်သည်တို့ မပြောင်းလဲဘဲရှိနေသည်တို့ကို ခြုံငုံဖော်ပြထားသည်။

**အပိုင်းနှစ် ကျေးရွာအသက်မွေးဝမ်းကျောင်းမှု သဘောသဘာဝများ**

ဤအပိုင်းတွင် QSEM 3 ၏ လေ့လာဆန်းစစ်မှုများ အဓိကပါဝင်သည်။

**အခန်း (၄) အသက်မွေးဝမ်းကျောင်းမှုများ။**

QSEM 3 အတွင်း အဓိကပြောင်းလဲလာသော ကဏ္ဍများဖြစ်သည့် မြေယာ၊ လုပ်သားနှင့် ချေးငွေဆိုင်ရာ အရေးကိစ္စရပ်များအား အဓိကလေ့လာထားသည်။

**အခန်း (၅) ရင်ဆိုင်ကျော်လွှားမှု နည်းဗျူဟာများ**

**အခန်း (၆) လူမှုဆက်စပ်မှုများနှင့် အဖွဲ့အစည်းများ**

**အခန်း (၇) ပြင်ပထောက်ပံ့မှုများ**

**အပိုင်းသုံး သုံးသပ်ချက်များ**

**အခန်း (၈) သုံးသပ်ချက်များနှင့် အကြံပြုချက်များ**

# အခန်း (၃) ပြောင်းလဲမှုဖြစ်စဉ် ခြုံငုံသုံးသပ်မှု

**QSEM 3 တွင် ကျေးရွာအဆင့်ပြောင်းလဲမှုများ ပထမဆုံးအကြိမ် ပေါ်ထွက်လာခဲ့သည်။** ယခင်ပြီးခဲ့သော QSEM များတွင် နမူနာကျေးရွာများ၏ ထက်ဝက်ကျော်သည် သုတေသနပြုလုပ်သူများအတွက် အသစ်ဖြစ်သည်။ ယခု QSEM 3 သည် နမူနာယူထားသော ကျေးရွာအားလုံးအား ပထမဆုံးအကြိမ် ထပ်ကြိမ်သုတေသနပြုလုပ်ခြင်းဖြစ်ပြီး ယခင်သုတေသနများမှ ပြောင်းလဲလာသော အပြောင်းအလဲများနှင့် လက်ရှိဖြစ်ပေါ်နေသော အရာများအားလုံးအား သုတေသနပြုလုပ်သူများအား သိရှိနားလည်စေသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အသွင်ကူးပြောင်းမှုသည် ကျေးလက်ဒေသရှိ ရပ်ရွာများတွင် မည်သို့သက်ရောက်မှုရှိသည်ကို အစီရင်ခံစာပါ ပြောင်းလဲမှုများမှ မီးမောင်းထိုးပြထားသည်။** အသက်မွေးဝမ်းကျောင်းမှုပုံစံများအပိုင်းတွင် အနည်းငယ်သာပြောင်းလဲမှုရှိသော်လည်း မြေယာစီမံခန့်ခွဲမှု၊ ကျေးရွာစီမံအုပ်ချုပ်မှုနှင့် ဒေသတွင်း စည်းရုံးမှုအပိုင်းများတွင် ပြောင်းလဲမှုများ ပေါ်ထွက်လာခဲ့သည်။ QSEM 3 တွင် အောက်ပါတို့အား တွေ့ရှိခဲ့သည်။ (၁) လူတို့၏ အသက်မွေးမှုများတွင် ပြောင်းလဲမှု အနည်းငယ်ရှိခြင်း၊ (၂) အထူးသဖြင့် မြေယာ၊ လုပ်သား၊ ချေးငွေတို့နှင့်စပ်လျဉ်းသည့် ကျေးရွာသက်မွေးမှုပုံစံ သဘောသဘာဝများအတွက် အရေးပါသော အချို့သော စနစ်ပုံစံ Structure ပြောင်းလဲမှုများအား တွေ့ရှိရခြင်း၊ (၃) လူတို့တွေ့ကြုံနေရသော ဘေးဒုက္ခပြဿနာများ ပိုမိုပြင်းထန်လာဖွယ်ရာရှိခြင်းနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသည့် ရင်ဆိုင်ကျော်လွှားမှုများတွင် ပြောင်းလဲမှု အနည်းငယ်ရှိခြင်း၊ (၄) ကျေးရွာစီရင်အုပ်ချုပ်မှု၊ စုပေါင်းအရေးဆိုညှိနှိုင်းမှုနှင့် အခြားကျေးရွာဖွဲ့စည်းပုံ ရှုထောင့်များတွင်း တရိပ်ရိပ်ပြောင်းလဲမှုများရှိခြင်း စသည်တို့ဖြစ်သည်။ ယခင်သုတေသနများမှာကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခုအကြား အပြောင်းအလဲကွာခြားမှုများအား တွေ့နိုင်သည်။

**ပြောင်းလဲမှုများသည် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖြစ်ပေါ်လျက်ရှိသည်။** အချို့ဒေသများတွင် ရေရှည်အတွက်ပါ ဦးတည်ပြောင်းလဲနေသော စနစ်တကျ ပြောင်းလဲမှုပုံစံမျိုးအား တွေ့ရသည်။ ၎င်းတွင် မြေယာစီမံခန့်ခွဲမှုကဲ့သို့ကိစ္စရပ်မျိုးပါဝင်ပြီးနိုင်ငံတော်မူဝါဒအပြောင်းအလဲသည်အောက်ခြေကျေးရွာများသို့ စတင်သက်ရောက်နေပြီဖြစ်သည်။ အချို့သောဒေသများတွင် ပြောင်းလဲမှုများသည် အချိန်အခါလိုက်ပြောင်းလဲခြင်းမျိုး(သို့) ဘေးဒုက္ခအနေဖြင့် ပြောင်းလဲခြင်းမျိုး(ဥပမာ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခ)အနေဖြင့် တွေ့ရသည်။ ယခုအစီရင်ခံစာတွင် ပထမအမျိုးအစားပြောင်းလဲမှုများအား ဦးတည်လေ့လာထားပြီး ဒုတိယအမျိုးအစားပြောင်းလဲမှုများအား လေ့လာဆန်းစစ်မှုအတွက် ဆီလျော်ပါကလည်းကောင်း(သို့) LIFT ဒေသများအတွင်း ဆင့်ပွားဖြစ်စဉ်များအဖြစ် တွေ့ရပါကလည်းကောင်း ထည့်သွင်းလေ့လာထားသည်။

**အခြေခံအသက်မွေးမှုပုံစံများ**

**တောင်သူများ၏ အခြေခံအသက်မွေးဝမ်းကျောင်းမှုပုံစံများမှာ QSEM စတင်တင်ချင်းအချိန်မှ ယခုအချိန်အတွင်း အနည်းငယ်ပြောင်းလဲမှုရှိသည်။** [၂]ချေးငွေဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီလာခြင်း၊ အတိုးနှုန်းများ လျော့နည်းလာခြင်း စသည်တို့အား တွေ့ရသော်လည်း တောင်သူများမှာ ယခင်သုတေသနများမှာကဲ့သို့ မြေပိုင်ဆိုင်မှုပမာဏအတူတူတွင် သီးနှံတစ်မျိုးတည်းအား၊ ပမာဏနှင့် အမျိုးအစားတူညီသော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်မျိုးစေ့များအားသုံးစွဲလျက် စိုက်ပျိုးမြဲဖြစ်သည်။ ချေးငွေအပြောင်းအလဲကို တောင်သူများ၏ အကန့်အသတ်နှင့်တည်ရှိနေသော ရင်ဆိုင်ကျော်လွှားနိုင်မှု စွမ်းရည်များမှ တစ်စိတ်တစ်ပိုင်း ဖွင့်ဆိုရှင်းလင်းပြနေသော်လည်း တောင်သူများ၏ စိုက်ပျိုးနည်းသစ် (သို့) မျိုးအသစ်များ စမ်းသပ်စိုက်ပျိုးခြင်းများကိုမူ ၎င်းတို့၏ မိရိုးဖလာအစွဲများက ဟန့်တားလျက်ရှိသည်။ ချေးငွေလက်လှမ်းမီမှုအပြင် လုပ်သားရရှိယူမှုမှာလည်း တောင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအား သက်ရောက်နေကြောင်း ယူဆရပြီး ၎င်းကို နောက်အခန်းများအတွင် ရှင်းပြထားသည်။ ဈေးကွက်လက်လှမ်းမီမှု (သို့) ဈေးကွက်သို့ ကုန်တင်ပို့မှုစရိတ်များအပိုင်းတွင် အနည်းငယ်ပြောင်းလဲမှုရှိသည်။ တောင်သူများကို သက်ရောက်လျက်ရှိသော အခြားပြောင်းလဲမှုများမှာ နေရာဒေသအလိုက်ကွဲပြားလျက်ရှိပြီး ၎င်းကို အစီရင်

[၂]ပြောင်းလဲမှုအနည်းငယ်၏ ရှုထောင့်များအား ယခုအပိုင်းတွင် တိုက်ရိုက်အထူးပြုလေ့လာမထားဘဲ ၎င်းတို့အား နောက်ပိုင်းအခန်းများနှင့် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသည်။

ခံစာ နောက်ဆက်တွဲအပိုင်းများတွင် အသေးစိတ်ဖော်ပြထားသည်။

**ရေလုပ်ငန်းအတွင်း အသက်မွေးမှုပုံစံများနှင့် မွေးမြူရေးနယ်ပယ်အတွင်း ပြောင်းလဲမှုများမှာ အသေးအဖွဲပင်ဖြစ်သည်။** ရေလုပ်ငန်းလုပ်ကိုင်မှုပုံစံအပြောင်းအလဲမှာ ဧရာဝတီနှင့် ရခိုင်ပြည်နယ်တွင် ကွဲလွဲမှုရှိသည်။ ဧရာဝတီတိုင်းအတွင်း အဓိကပြောင်းလဲမှုမှာ ငါးဖမ်းလိုင်စင်ထုတ်ပေးသည့် လုပ်ငန်းစဉ်တွင် အလယ်လူ(ပွဲစား)များ ပါဝင်ပတ်သက်မှုကို အစိုးရမှကန့်သတ်လိုက်ခြင်းဖြစ်သည်။ ရခိုင်တွင် ရေလုပ်ငန်းကုန်ထွက်နှင့် ဈေးနှုန်းအပိုင်းတွင် ပြောင်းလဲမှုအနည်းငယ်ရှိသည်။ ဌမြို့နယ်တွင် ငါးဖမ်းရရှိမှုနှုန်းမှာ ယခင် QSEM 1 မှာထက် မြင့်မားလာကြောင်း ရေလုပ်သားများမှ ပြောကြားခဲ့သည်။ ကျောက်ဖြူမြို့နယ်တွင်ဒေသအတွင်းဆူပူအုံကြွမှုများကြောင့်ငါးဈေးနှုန်းများမြင့်တက်ခဲ့သည်။ဍင်းပြောင်းလဲမှုများအား အစီရင်ခံစာအတွင်းပိုင်းနှင့် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသည်။ မွေးမြူရေးအပိုင်းတွင် အသက်မွေးမှုပုံစံအနေဖြင့် ပြောင်းလဲမှုမရှိသလောက်ရှိသည်။ သို့သော် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် မွေးမြူရေးသမားများမှာ မွတ်စလင်များဖြစ်သည့်အတွက် ဒေသဆူပူအုံကြွမှုများအပြီးတွင် အသားဝယ်လိုအား ကျဆင်းခဲ့သည်။

## မြေယာ၊ လုပ်သား၊ ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် ချေးငွေ

လုပ်သား၊ ရွှေ့ပြောင်းလုပ်ကိုင်မှု၊ ချေးငွေနှင့်ပတ်သက်သည့် ကာလရှည်ကြာတည်ရှိနေသော ပြဿနာရပ်များအတွင်း ပြောင်းလဲမှုအချို့နှင့် အထူးသဖြင့် မြေယာနှင့်ပတ်သက်သော ကျေးရွာအသက်မွေးမှု အပြောင်းအလဲများအား တွေ့ရသည်။ အဓိကပေါ်ထွက်လာသော ကိစ္စရပ်(၃) ခုမှာ....

- **ပထမအနေဖြင့် နိုင်ငံတော်အစိုးရ၏ မြေယာဥပဒေအသစ်အား အသက်သွင်းပြီးနောက် ကျေးရွာအဆင့်တွင် မြေယာနှင့်ပတ်သက်သော ပြောင်းလဲမှုများ ပေါ်ထွက်လာသည်။** အချို့ကျေးရွာအုပ်စုများတွင် မြေယာဥပဒေသစ်အား အကောင်အထည်ဖော်ရန် မြေယာစီမံခန့်ခွဲမှုကော်မတီများအား ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ဥပဒေအသစ်မှာ တောင်သူများအား မြေယာရောင်းခွင့်၊ ဝယ်ခွင့်ပြုသည့်အတွက် တောင်သူများ ကျေနပ်ကြသည်။ အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းစဉ်အတွင်း မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အဂတိလိုက်စားမှုများရှိကြောင်း ကြားနာခဲ့ရပြီး ဍင်းတို့မှာ ကျေးရွာအဆင့် နိုင်ငံရေးဘောဂဗေဒအရေးကိစ္စရပ်များအဖြစ် ပေါ်ထွက်လာသည်။
- **ဒုတိယတစ်ခုမှာ တောင်သူများမှာ စိုက်ပျိုးရေးအဓိကအချိန်များအတွင်း လုပ်သားရှားပါးမှုနှင့် အချို့နေရာများတွင် လုပ်သားခမြင့်တတ်မှုများရှိကြောင်း အစီရင်ခံမြဲဖြစ်သည်။** ဍင်းအတွက် အကြောင်းအရင်း အခိုင်အလုံ မတွေ့ရှိရသော်လည်း တောင်သူများမှာ ဍင်းမှာ စီးပွားရေးကြပ်တည်းသဖြင့် ပြောင်းရွှေ့အလုပ်လုပ်ကိုင်ရခြင်းများ ပိုများလာခြင်းကြောင့်ဖြစ်သည်ဟု ယူဆကြသည်။
- **တတိယတစ်ခုမှာ ချေးငွေထောက်ပံ့မှု အနည်းငယ်တိုးလာခြင်းနှင့် ကြွေးတင်ရှိမှု အနည်းငယ်တိုးလာခြင်းဖြစ်သည်။** အထူးသဖြင့် ဧရာဝတီတိုင်းနှင့် မကွေးတိုင်းဒေသများအတွင်း ချေးငွေပေးသွင်းမှုတိုးလာပြီး အတိုးနှုန်းလျော့လာသည်ဟု ရွာသားများက အစီရင်ခံခဲ့သည်။ ဍင်းအတွက် အကျိုးဆက်များမှာ ရောထွေးလျက်ရှိသည်။ ရေရှည်အကျိုးသက်ရောက်မှုအား ဖော်ထုတ်ရန် စောသေးသော်လည်း ချေးငွေရရှိမှုတိုးလာခြင်းသည် ငွေကြေးတင်ရှိမှုအား ပိုမိုဆိုးရွားစေသည်ဟု အချို့တောင်သူများမှ ပြောကြားခဲ့သည်။

## ပြဿနာများနှင့် ဘေးဒုက္ခများ

**ရွာသားများရင်ဆိုင်နေရသော ပြဿနာများနှင့်ဘေးဒုက္ခများ၏ အတိုင်းအဆများတွင် ပြောင်းလဲမှုအနည်းငယ်ရှိသည်ဟု ယူဆချက်များတွေ့ရသည်။** ကြုံတွေ့နေရသော ပြဿနာများနှင့် ဘေးဒုက္ခများမှာ ယခင်သုတေသနများမှ တွေ့ရှိချက်များအတိုင်းဖြစ်သော်လည်း ကျေးရွာအများအပြားမှာ နှစ်စဉ်နှစ်တိုင်းဖြစ်ပေါ်နေသော ရာသီဥတုဖောက်ပြန်မှုများကြောင့် သီးနှံဆုံးရှုံးရမှုများအား ပြောကြားခဲ့ကြသည်။ အချို့ဒေသများတွင် သီးနှံဆုံးရှုံးမှုဘေးဒဏ် သက်သာစေရန် သွင်းအားစုများ လျှော့သုံးကြောင်း အစီရင်ခံကြသည်။ လယ်ယာအဓိကအချိန်များအတွင်း လုပ်သားရှားပါးမှုနှင့် လုပ်အားခမြင့်တက်မှုများသည် ရွှေ့ပြောင်း လုပ်ကိုင်မှုကြောင့်ဖြစ်သည်ဟု တောင်သူများမှ ယူဆကြပြီး ခိုင်လုံသော အကြောင်းအရင်းရှာရန်မှု ရှုပ်ထွေးလျက်ရှိသည်။

**လူမှုဆက်စပ်မှုများနှင့် အဖွဲ့အစည်းများ**

နောက်ဆုံးတစ်ခုမှာ မြေယာကိစ္စမှာ အစိုးရမူဝါဒအပြောင်းအလဲ၏ တိုက်ရိုက်သက်ရောက်မှုတစ်ခု ဖြစ်သကဲ့သို့ ကျေးရွာစီမံအုပ်ချုပ်မှုဆိုင်ရာ အပြောင်းအလဲများအား သိသိသာသာတွေ့မြင်ရသည်။ ၎င်း ပြောင်းလဲမှုကို ပုံစံ(၂)ရပ်အနေဖြင့် တွေ့မြင်ရသည်။

- **ပထမတစ်ခုမှာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံအုပ်ချုပ်မှုဥပဒေသစ်ကြောင့် ကျေးရွာအုပ်စုအဆင့် စီမံအုပ်ချုပ်မှုအပိုင်းတွင် ပြောင်းလဲမှုများရှိပြီး ၎င်းတို့သည် လှုပ်ရှားပြောင်းလဲလျက်ရှိသော ကျေးရွာ နိုင်ငံရေးဘောဂဗေဒကိစ္စရပ်များအဖြစ် တည်ရှိနေခဲ့သည်။** သုတေသနပြုလုပ်နေစဉ်အတွင်း ပြည်နယ်နှင့်တိုင်း (၄)ခုအနက် (၂)ခုတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများ ပြုလုပ် နေခဲ့သည်။ အချို့ကျေးရွာများတွင် ခေါင်းဆောင်အသစ်များပေါ်ထွက်လာပြီး ၎င်းရာထူးအား ပုဂ္ဂလိကအကျိုးအတွက် အသုံးချလိုမှုများရှိနေသည့်အားလျော်စွာ ရွေးကောက်ပွဲမှာ အလွန်အပြိုင် အဆိုင် ဖြစ်ခဲ့သည်။ အချို့နေရာများတွင် ရွေးကောက်ပွဲများသည် လူမှုရေးတင်းမာမှုများကိုပါ ဖြစ် ပေါ်စေခဲ့သည်။ ရှမ်းပြည်နယ် အချို့နေရာများတွင် ရွေးကောက်ပွဲများအား ယခင်သမိုင်းနောက်ခံ ပဋိပက္ခဖြစ်ရပ်များ၏ ဖိအားများကြောင့် လိုလိုလားလားမရှိကြပေ။ ၎င်းကိစ္စရပ်များမှာ ဒေသတစ်ခု နှင့် တစ်ခုအကြား ကွဲပြားလျက်ရှိသည်။
- **ဒုတိယတစ်ချက်မှာ ရပ်ရွာအတွင်း စည်းရုံးမှုများနှင့် စုပေါင်းအရေးဆိုညှိနှိုင်းမှုအများအပြား ပေါ် ထွက်လာခဲ့သည်။** ၎င်းတို့သည် မြေယာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ လာမည့် ၂၀၁၅ ရွေးကောက်ပွဲ စသည့်အကြောင်းများစွာနှင့် ဆက်စပ်လျက်ရှိပြီး အသွင်ကူးပြောင်းမှုကြောင့် လမ်းပွင့်လာသည်များ ကို ပြည်သူတို့မှ မည်သို့အသုံးချမည်ကို ၎င်းအချက်များက ထောက်ပြနေသည်။QSEM 3 အတွင်း အဓိကမြင်သာထင်သာရှိသော အပြောင်းအလဲများတွင် မြေယာအငြင်းပွားမှု သဘောသဘာဝများ ပါဝင်နေပြီး (၎င်းသည် QSEM 3 တွင် ပိုမိုမြင့်မားလာသည်) မြေယာနှင့်ပတ်သက်သော မျှော်လင့် ချက်များနှင့် ဒေသတွင်းစည်းရုံးမှုများကိုလည်း တွေ့နိုင်သည်။ ၎င်းအား ကျေးရွာအားလုံးတွင် တွေ့ နိုင်သည်ဟု မဆိုလိုနိုင်သော်လည်း ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် တောင်သူလယ် သမားသမဂ္ဂဖွဲ့စည်းအပြီး ကျေးရွာအုပ်စုတစ်အုပ်စုအတွင်း ပေါ်ပေါက်လာသော မြေယာ အငြင်း ပွားမှု (၇၀)မှ သက်သေခံလျက်ရှိသည်။

# အပိုင်း(၂)
# ကျေးရွာအသက်မွေးဝမ်းကျောင်းမှု သဘောသဘာဝများ

# အခန်း (၄) အသက်မွေးဝမ်းကျောင်းမှုများ

## နိဒါန်း

**ဤအပိုင်းတွင် ကျေးရွာသူရွာသားတို့၏ သက်မွေးမှုရွေးချယ်မှုများနှင့် ရလဒ်များအား သက်ရောက်နေသော ကျေးရွာအဆင့်ပြောင်းလဲမှု သဘောသဘာဝများအား လေ့လာထားသည်။** လေ့လာ ဆန်းစစ်မှု မူဘောင်အရ (၎င်းအား အစီရင်ခံစာ အစောပိုင်းတွင် ဖော်ပြခဲ့သော လေ့လာဆန်းစစ်မှု မူဘောင်ပြပုံ အကွက်နံပါတ် (၂) တွင်ဖော်ပြထားသည်) လူတို့မည်သို့မည်ပုံ အသက်မွေးဝမ်းကျောင်းနေသည်ကို ရုပ်ဝတ္ထုအခြေခံအဆောက်အဦနှင့် စီးပွားရေးပုံသဏ္ဌာန်များမှ မည်သို့မည်ပုံ သက်ရောက်လျက်ရှိသည်ဟု ဆန်းစစ်ထားခြင်းဖြစ်သည်။ ယခင်သုတေသနများတွင် အခြေခံအသက်မွေးဝမ်းကျောင်းမှုပုံစံများအား ဦးတည်လေ့လာထားပြီး အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများနှင့် ရလဒ်များအား မှတ်တမ်းတင်ထားခဲ့သည်။ အသက်မွေးမှုအခြေခံအပိုင်းရှိ ပြောင်းလဲမှုများကို ယခုအစီရင်ခံစာအပိုင်းတွင် အသေးစိတ် ရှင်းလင်းပြထားပြီး နေရာဒေသအလိုက် ကွဲပြားသောပြောင်းလဲမှုများကို နောက်ဆက်တွဲ(၁)တွင် အသေးစိတ်ရှင်းလင်းပြထားသည်။ သို့သော် ယခုအပိုင်းတွင် ပိုမိုကျယ်ပြန့်သော သက်မွေးမှုဆိုင်ရာ အပြောင်းအလဲများအား ဦးတည်ဖွင့်ဆိုထားသည်။

**ဤအခန်းတွင် မြေယာ၊ လုပ်သားနှင့် ချေးငွေကဏ္ဍများအား အဓိကရေးသားထားသည်။** နိုင်ငံတော် မြေယာပြန်လည်တည်ဆောက်မှုမူဝါဒမှာ ကျေးရွာများအပေါ်သို့ စတင်သက်ရောက်နေပြီဖြစ်သည်။ ဤအပိုင်းတွင် ၎င်းအပြောင်းအလဲများအား ကျေးရွာအဆင့်တွင် မည်သို့ကိုင်တွယ် ဖြေရှင်းနေသည်ကို ဖော်ပြထားသည်။ လုပ်သားပုံစံမှာ ရှုပ်ထွေးမြဲဖြစ်ပြီး တောင်သူများမှာ စိုက်ပျိုးရေး အဓိကအချိန်များတွင် လုပ်သားရှားပါးမြဲဖြစ်သည်။ ၎င်းအပေါ် တုံ့ပြန်မှုများမှာ ဒေသအလိုက် ကွဲပြားလျက်ရှိသည်။ လုပ်သားများမှာလည်း စိုက်ပျိုးရေးပြင်ပအချိန်များအတွင်း အလုပ်အကိုင်ရရှိမှုအတွက် အခက်အခဲစိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ QSEM ကျေးရွာများတွင် ချေးငွေလက်လှမ်းမီမှုမှာ တိုးတက်လာပြီး အချို့နေရာများတွင် အတိုးနှုန်းပင်ကျသွားခဲ့သည်။ ၎င်းပြောင်းလဲမှုများ၏ မတူညီသော သက်ရောက်မှုများအား ဤအပိုင်းတွင် မှတ်တမ်းတင်ထားသည်။

## မြေယာ

**မြေယာနှင့်ပတ်သက်သော အဓိကပြောင်းလဲမှုများမှာ နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့သော ၂၀၁၂ လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေများနှင့် ဆက်စပ်လျက်ရှိသည်။ ၎င်းအက်ဥပဒေများသည် အရေးပါသကဲ့သို့ တောင်သူများ၏ တန်ဖိုးအကြီးဆုံး ဥစ္စာပိုင်ဆိုင်မှုတစ်ရပ်အပေါ် သက်ရောက်လျက်ရှိသည်။** ၎င်းဥပဒေများ ထုတ်ပြန်လိုက်ချိန်တွင် ကျေးလက်ဒေသများရှိ မြေယာမဲ့များနှင့် တောင်သူငယ်များအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်းပြီး မူဝါဒအပိုင်းအဝန်းအတွင်း အငြင်းပွားမှုများ ထွက်ပေါ်လာခဲ့သည်။ ဥပဒေ၏အချို့အစိတ်အပိုင်းများသည် တောင်သူငယ်များအား အကာအကွယ်ပေးရန် ရည်ရွယ်ထားသော်လည်း တောင်သူငယ်တို့၏ မြေယာစီရင်ပိုင်ခွင့်ကို ယုတ်လျော့စေပြီး မြေယာမဲ့မှုကို တိုးပွားစေနိုင်သည်ဟု ဆိုကြသည်။[၃]

**ယခုအစီရင်ခံစာတွင် မြေယာဥပဒေ၏ ရလဒ်အားဖြင့် QSEM ကျေးရွာများအတွင်း ပေါ်ထွက်လာခဲ့သော ပြောင်းလဲမှုများအား ဖော်ပြထားသည်။** ဥပဒေတစ်ရပ်၏ ရေရှည်သက်ရောက်မှုသည် ၎င်းဥပဒေအား မည်သို့အကောင်အထည်ဖော်သည်၊ ဆက်စပ်ကိစ္စရပ်များအား မည်သို့ ညှိနှိုင်းဖြေရှင်းသည် စသည်တို့အပေါ် များစွာမူတည်ပါသည်။ ယခုအစီရင်ခံစာတွင် ဥပဒေရေးရာအားဖြင့် အားနည်းချက်၊ အားသာချက်များအား ဖော်ထုတ်လေ့လာမည်မဟုတ်ဘဲ ဥပဒေအား မည်သို့သိရှိထားကြသည်နှင့် ပိုမိုကျယ်ပြန့်သော ကျေးရွာနိုင်ငံရေး ဘောဂဗေဒဆိုင်ရာ သဘောသဘာဝများကိုသာ ထုတ်နုတ်ဖော်ပြမည်ဖြစ်သည်။

[၃]အောက်ပါ အကိုးအကားများတွင် လေ့လာပါ။ Displacement Solutions, Myanmar at the HLP Crossroads: Proposals for Building an Improved Housing, Land and Property Rights Framework that Protects the People and Supports Sustainable Economic Development, Displacement Solutions, 2012, and Food Security Working Group's Land Core Group, Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law, Food Security Working Group, November 2012.

## သာဓက (၁) လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ

လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများသည် မြန်မာနိုင်ငံတွင် အရှုပ်ထွေးဆုံး အက်ဥပဒေနှစ်ခုထဲတွင် ပါဝင်သည်။ အဓိကပြောင်းလဲမှုများမှာ အောက်ပါအတိုင်း ဖြစ်သည်။[၅]

### လယ်ယာမြေဥပဒေ

- တောင်သူများမှာ မြေယာသုံးစွဲခွင့်လက်မှတ်များအား ၎င်းတို့နာမည်ဖြင့် မှတ်ပုံတင်နိုင်သော်လည်း ၎င်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အား ရှင်းလင်းစွာဖော်ပြထားခြင်းမရှိ။
- တောင်သူများမှာ မြေယာအား ပေါင်နှံခွင့်၊ ရောင်းခွင့်၊ ဝယ်ခွင့်များရှိသော်လည်း လယ်ယာမြေမှာ အစိုးရပိုင်အဖြစ်သာရှိဆဲဖြစ်သည်။
- မြေယာသုံးစွဲခွင့်လက်မှတ်အား မြေယာစီမံခန့်ခွဲရေးအဖွဲ့မှထုတ်ပေးပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မှတ်ပုံတင်ပေးသည်။ မြေယာစီမံခန့်ခွဲရေးကော်မတီတွင် အငြင်းပွားမှုများ ပေါ်ထွက်လာသည်။
- လယ်ယာမြေအား အခြားရည်ရွယ်ချက်အတွက် အသုံးချပါက တောင်သူများမှ လျော်ကြေးပေးသင့်သည်ဟု ဆိုထားသည်။

### မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ

- နိုင်ငံသားများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း NGO များမှာ ၅,၀၀၀ မှ ၃၀,၀၀၀ ဧကအတွင်းရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား အများဆုံး နှစ်(၃၀) အထိ ငှားရမ်းခွင့်လျှောက်ထားနိုင်သည်။
- တောင်သူများအသုံးပြုပြီးဖြစ်သော မြေများအား မြေယာသုံးစွဲခွင့်လက်မှတ်ဖြင့် ပြန်လည်အသိ အမှတ်ပြုခြင်း၊ လယ်သာမြေအဖြစ် ပြန်လည်အမျိုးအစား သတ်မှတ်ပေးခြင်းများပြုလုပ်ပြီး တောင်သူများထံပြန်ပေးမည်။
- တောင်သူများမှာ မြေယာဖွံ့ဖြိုးမှုနှင့် စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ကြောင်းပြသနိုင်လျှင် အသုံးမပြုရသေးသောမြေအား ဧက (၅၀) အထိ သုံးစွဲရန်လျှောက်ထားခွင့်ရှိသည်။

ဒေတာအရင်းအမြစ်-Food Security Working Group's Land Core Group, Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management-Law, Food Security Working Group, November 2012.

[၅]အသေးစိတ်ကို အောက်ပါတို့တွင်လေ့လာနိုင်သည်။Food Security Working Group's Land Core Group, Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law, Food Security Working Group, November 2012.

## မြေယာစီမံခန့်ခွဲမှု

နမူနာကျေးရွာများ၏ ထက်ဝက်ကျော်တွင် မြေယာဥပဒေသစ်အား စတင်အကောင်အထည်ဖော်လျက်ရှိသည်။ သုတေသနပြုလုပ်ခဲ့ချိန်တွင် ဧရာဝတီတိုင်းတွင်းရှိ ကျေးရွာ (၉)ရွာအနက် (၅)ရွာ၊ ရှမ်းပြည်နယ်ရှိ ကျေးရွာ(၉)ရွာအနက် (၆) ရွာနှင့် ရခိုင်ပြည်နယ်ရှိ ကျေးရွာ (၉)ရွာအနက် (၃)ရွာတို့တွင် မြေယာသုံးစွဲခွင့်လက်မှတ်များ မှတ်ပုံတင်ခြင်းကို လုပ်ဆောင်နေကြောင်း တွေ့ခဲ့ရသည်။ မကွေးတိုင်းဒေသကြီးတွင် လယ်ယာမြေသုံးစွဲခွင့်မှတ်ပုံတင်ခြင်းအား ကျေးရွာတစ်ရွာတွင်သာ တွေ့ရသော်လည်း ကျန်ကျေးရွာများတွင် မကြာမီစတင်မည်ဟု သတင်းပို့သည်။ **လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်မှာ ဒေသတစ်ခုနှင့်တစ်ခု မတူညီပေ။ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် လယ်ယာမြေမှတ်ပုံတင်ခြင်းအား ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပြုလုပ်သည်။** ၎င်းဒေသများတွင် ဥပဒေတွင်ပါရှိသည့်အတိုင်း လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများအား မြို့နယ်နှင့်ကျေးရွာအုပ်စုအဆင့်များတွင်ဖွဲ့စည်းပြီး မှတ်ပုံတင်ခြင်းကိစ္စရပ်အား ဆောင်ရွက်သည်။ ၎င်းကော်မတီများသည် မြေယာမှတ်ပုံတင်ခြင်း ကိစ္စရပ်အဝဝအား စီမံခန့်ခွဲသည်။ ရှမ်းပြည်နယ်တွင် ကျေးရွာအုပ်စုအဆင့်တွင် တရားဝင်ဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများ မတွေ့ရပါ။ ၎င်းအစား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကြေးတိုင်နှင့်မြေစာရင်းမှ တာဝန်ရှိသူတစ်ဦးတို့မှ ကျေးရွာသို့လာရောက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများအား မှတ်ပုံတင်လိုသူများစာရင်းအား မေးမြန်းလျက် မှတ်ပုံတင်ခြင်းကိစ္စရပ်အား ရိုးရိုးရှင်းရှင်းသာ ဆောင်ရွက်သည်ဟု ဆိုသည်။

'လယ်ယာမြေ မှတ်ပုံတင်ခြင်းမှာ နမူနာကျေးရွာများ၏ ထက်ဝက်ကျော်တွင် စတင်လျက်ရှိပြီး ဒေသအလိုက် အကောင်အထည်ဖော်ပုံများကွဲပြားသည်။'

**ဥပဒေအရ မြေယာစီမံခန့်ခွဲရေးကော်မတီများတွင် လယ်သမားများ ကိုယ်စားပြုရန် မလိုအပ်သော်လည်း QSEM နမူနာတွင်ပါဝင်သော ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ ကျေးရွာအုပ်စုအဆင့် စီမံခန့်ခွဲရေးကော်မတီများတွင် တောင်သူကိုယ်စားပြုမှုများကို တွေ့ရသည်။** တောင်သူငယ်များနှင့် ကျေးရွာတွင်းအခွင့်ထူးခံမဟုတ်သူများ၏ သဘောဆန္ဒမည်သို့ရှိသည်ကို မေးခွန်းထုတ်စရာဖြစ်နေသည်မှအပ တောင်သူကြီးများနှင့် တောင်သူလတ်များမှ ပြည့်ပြည့်ဝဝ ကိုယ်စားပြုမှုရှိသည်။ ၎င်းအမှအပ ဧရာဝတီပြည်သူများမှာ မြေယာကောင်မတီများအား ယေဘုယျအားဖြင့် ကျေနပ်မှုရှိကြသည်ဟုဆိုကြပြီး အကြောင်းအရင်းမှာ ၎င်းကော်မတီအား ပြည်သူတို့ကိုယ်တိုင် မဲပေးရွေးချယ်ထားသော အုပ်စုအုပ်ချုပ်ရေးမှူးများမှ ဦးစီးနေသောကြောင့် ဖြစ်သည်ဟုဆိုသည်။

## သာဓက (၂) မြေယာဥပဒေနှင့်ပတ်သက်သော တောင်သူများ၏မျှော်မှန်းချက်နှင့် ထင်မြင်ယူဆချက်များ

'မြေယာ စီမံခန့်ခွဲရေးကော်မတီများ အားလုံးတွင် တောင်သူကိုယ်စားပြုမှုများပါဝင်ပြီး မြေယာမှတ်ပုံတင်ခြင်းတွင် ရပ်ရွာ၏ အတည်ပြုချက်ရယူမှုများရှိသည်။ သို့သော် ကိုယ်စားပြု တောင်သူများမှာ တောင်သူကြီးနှင့် တောင်သူလတ် များသာဖြစ်သည်။'

ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် လယ်ယာမြေဥပဒေသစ်နှင့် လယ်ယာမြေ မှတ်ပုံတင်ခြင်းကိစ္စရပ်အား တောင်သူတိုင်းသိရှိကြသော်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေကိုမူ သိရှိသူနည်းသည်။ ရှမ်းပြည်နယ်တွင် မြေယာဥပဒေအသစ်မှာ ပျံ့နှံ့မှုနည်းပြီး တောင်သူများမြေယာအများအပြားပိုင်ဆိုင်မှုအား ကန့်သတ်ထားလိုဟန်ရှိသည်။ မြေယာဥပဒေသစ်ဆိုင်ရာ သတင်းအချက်အလက်များအား ရေဒီယိုမှသော်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် NGO များမှ စိုက်ထူပေးထားသော အကြောင်းကြား သင်ပုန်းများမှ လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အစည်းအဝေးပွဲများနှင့် အသံချဲ့စက်များမှလည်းကောင်း ကြားသိရသည်ဟု ဆိုသည်။ အချို့မှာလည်းပါးစပ်စကားဖြင့် ကြားသိရသည်ဟု ဆိုကြသည်။

ဥပဒေအကြောင်း အသေးစိတ်သိရှိမှုနှင့် မှတ်ပုံတင်လိုခြင်းအကြောင်းအရင်းများမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားသည်။ ဥပဒေသစ်မှာ မြေယာအား ရောင်းခွင့်၊ ပေါင်ခွင့်ပေးသည့်အတွက် မြေအသိမ်းခံရခဲ့လျှင်တောင် ၎င်းတို့အနေဖြင့် လျော်ကြေးပြန်တောင်းခွင့်ရှိသည်ဟု အချို့တောင်သူများမှ ဆိုသည်။ အချို့တောင်သူများ မြေယာမှတ်ပုံတင်လိုခြင်းမှာ ၎င်းတို့မြေအား ရောင်းခြင်း၊ ပေါင်ခြင်းဖြင့် တင်ရှိအကြွေးများအား ဆပ်နိုင်ခြင်းကြောင့်ဟုဆိုပြီး အချို့တောင်သူများမှာ မြေအသိမ်းခံရမည်စိုးသောကြောင့် မှတ်ပုံတင်လိုခြင်းဖြစ်သည်ဟု ဆိုသည်။

**ကော်မတီများတွင် တောင်သူကြီးလတ်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်စု၊ မြို့နယ်နှင့် မြေစာရင်းမှ တာဝန်ရှိသူများ ပါဝင်ကြသည်။** မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ ကော်မတီများတွင် (၁) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ (၂) မြို့နယ်အုပ်ချုပ်ရေးမှူးလက်ထောက် (မြို့နယ်အုပ်ချုပ်ရေးရုံးမှ စာရေး)၊ (၃) မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကိုယ်စားပြုသူများ၊ (၄) ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲများအားစီမံခန့်ခွဲရန် ဖွဲ့စည်းထားသော ကျေးရွာအုပ်စုအဆင့် ကော်မတီများမှ ရပ်မိရပ်ဖ ၁ ဦး သို့မဟုတ် ၂ ဦးနှင့် (၅) တောင်သူကိုယ်စားလှယ် ၁ ဦး သို့မဟုတ် ၂ ဦး တို့ ပါဝင်ကြသည်။

အချို့ဒေသများတွင် မြေယာမှတ်ပုံတင်ခြင်းတွင် ရပ်ရွာမှအတည်ပြုချက်ရယူမှုများ တစ်နည်းတစ်ဖုံ ပါဝင်သည်ကို တွေ့ရသည်။ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် သတ်မှတ်ထားသော မြေကွက်တစ်ခုအတွက် မြေယာသုံးစွဲခွင့်လက်မှတ် ရယူမည်ဆိုပါက ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်အပြင် ၎င်းမြေကွက်နှင့်ထိစပ်နေသော မြေကွက်ပိုင်ရှင်၏ အတည်ပြုချက်ကိုပါ ရယူသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ်တွင် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နှင့် မှတ်ပုံတင်ရန် တောင်းခံထားသော စာရင်းများအား အများပြည်သူသို့ထုတ်ပြန်ကြေညာမှုများရှိပြီး ၎င်းစာရင်းအား သဘောမတူသူရှိပါက ကာကွယ်ခွင့်ရကြသည်။

**သာဓက (၃) မြေယာနှင့်ပတ်သက်သော ကျေးရွာနိုင်ငံရေးဘောဂဗေဒဆိုင်ရာ အရေးကိစ္စများ**

**"ကျုပ် အခုကြောက်လာပြီ။ ကျုပ်ကြောက်လာရင် ကျုပ်မင်းတို့ကို သတ်မယ်။" ရခိုင်ပြည်နယ်မှ တောင်သူ။**

ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မြေယာပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်း၏ အကျိုးရလဒ်မှာ အခွင့်ထူးခံများအတွက်ဖြစ်လာသည်ကို အဂတိလိုက်စားမှုနှင့် မတရားကြံစည်မှုတစ်ရပ် အနေဖြင့် တွေ့ရှိရသည်။ မြေယာဥပဒေသစ်တွင် မြေလွတ်များမှ တောင်သူများအကျိုးဖြစ်စေရန် ရည်ရွယ်မှုသည် စီးပွားရေးသမားများသို့ မြေယာပိုင်ဆိုင်ခွင့်အား လက်လွှဲပေးသကဲ့သို့ ဖြစ်ခဲ့ဖူးသည်ဟူသော စွပ်စွဲမှုအား တွေ့ရသည်။ ၎င်းကျေးရွာတွင် ရွာသားတစ်ဦးအား သစ်ပင်များ ထူထပ်စွာ ပေါက်နေသော မြေလွတ်အား ရွာသားနာမည်ပေါက်ဖြင့် လျှောက်ထားပေးရန် စီးပွားရေးသမား နှစ်ဦးမှ ချဉ်းကပ်ခဲ့သည်ဟု လူအများမှ ဆိုကြသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအရ တောင်သူများမှာ အလုပ်ဖြစ်အောင် သုံးစွဲနိုင်မည်ဆိုပါက မြေလွတ်များအား ဧက ၅၀ အထိသုံးစွဲရန် လျှောက်ထားနိုင်သည်ဟု ပါရှိသည်။ ၎င်းအားပြသဖို့ရာ ရွာသားသည် ၎င်းတတ်နိုင်သည့် ငွေကြေးပမာဏထက် ကျော်လွန်နေသော်လည်း သစ်ပင်များရှင်းလင်းနိုင်စွမ်းရှိကြောင်း ပြသခဲ့ရမည်ဖြစ်သည်။ ၎င်းအပြင် မြေပုံ၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ စာတစ်စောင်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့နှင့် ဆက်သွယ်ရမှုများလည်း လိုအပ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူ (၃)ဦးနှင့်အတူ စီးပွားရေးသမားနှစ်ဦးတို့သည် ရွာသားအားချဉ်းကပ်လျက် ၎င်းနာမည်ဖြင့် မြေလွတ်လျှောက်ထားပေးမည်ဆိုပါက မြေရှင်းခများလည်း ပေးမည်ဟု ဆိုခဲ့သည်။ သုံးစွဲခွင့်ကျပြီးနောက် ၎င်းမြေအား[၅] ကျပ်သိန်း ၁၂၀ ဖြင့် ကျေးရွာပြင်ပရှိ စီးပွားရေးသမားကြီးများအား ပြန်လည်ရောင်းချရန် စီစဉ်ခဲ့သည်။ အရာရှိများမှ အကျိုးအမြတ်အား (၇)ပုံခွဲရန် ဆိုသည်။ တစ်ပုံကို ရွာသား၊ တစ်ပုံကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ (၂)ပုံကို စီးပွားရေးသမားများနှင့် (၃)ပုံကို ကြေးတိုင်နှင့်မြေစာရင်းဌာနမှ အရာရှိများအား အသီးသီး ခွဲဝေပေးရန် ဖြစ်သည်။ ရွာသားမှာ ၎င်းဝေစု ကျပ် ၁၂ သိန်းခန့်အား ရထားပြီးဖြစ်ပြီး ပိုက်ဆံအချို့အား အရက်သောက်ခြင်းနှင့် အခြားဝါသနာပါရာများတွင် သုံးစွဲပြီးဖြစ်သည်ဟု ဆိုသည်။ သုတေသနပြုလုပ်သူများသည် ဤဖြစ်ရပ်အား ကျေးရွာအတွင်း အခြားနေရာများမှလည်း မေးမြန်းခဲ့ပြီး တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သတင်းရလဒ်များ ကိုက်ညီသည်ကို တွေ့ရသည်။ ၎င်းဖြစ်ရပ်အကြောင်း

[၅] ဥပဒေအရ မြေယာအား ပြန်လည်ရောင်းချခွင့်မရှိပါ။ ၎င်းမှာ တရားမဝင် ရောင်းချခြင်းမျိုးဖြစ်သည်။

ဖြေကြားပြီးနောက် ရွာသားမှာ မည်သည့်အတွက်ကြောင့် ဤဖြစ်ရပ်အား ထုတ်ဖော်ပြောမိသည် မသိဟု ၎င်းကိုယ်ကိုဆိုပြီး "ကျုပ်အခုကြောက်လာပြီ။ ကျုပ်ကြောက်လာရင် ကျုပ်မင်းတို့ကို သတ်မယ်။"ဟု ဆိုခဲ့သည်။

**ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာနှစ်ရွာတွင် ယခင်စပါးထုတ်လုပ်မှု "ကိုတာ"သတ်မှတ်မှုသည် ရေရှည်မခံနိုင်သည့် မြေယာသုံးစွဲမှုပုံစံများဖြစ်ပေါ်လာရင် မက်လုံးပေးသကဲ့သို့ ဖြစ်ခဲ့ကြောင်း တွေ့ရသည်ဟု ဆိုသည်။** စပါးထုတ်လုပ်မှု သတ်မှတ် "ကိုတာ" ပြည့်မီရန် ဒီရေတောများကိုပါ ခုတ်ထွင်ရှင်းလင်း စိုက်ပျိုးရကြောင်းနှင့် ၎င်းခုတ်ထွင်မှုအတွက် အစိုးရအာဏာပိုင်များအား လာဘ်ထိုးခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်ကြောင်း လယ်သမားများမှ ဆိုခဲ့သည်။ အကျိုးဆက်အားဖြင့် ရွာနီးဝန်းကျင်တွင် ဒီရေတောများ ပြုန်းသွားခဲ့ပြီဖြစ်သည်။

၎င်းစွပ်စွဲမှုများမှာ အတည်ပြုရခက်ခဲသော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းမှ အာဏာပိုင်များ ပါဝင်ပတ်သက်နေကြသော လာဘ်စားမှုနှင့် မတရားမှုများအား အစီရင်ခံမှု အများအပြားရှိခဲ့သည်။ ၎င်းအဂတိလိုက်စားမှုများ မည်မျှအထိ ပျံ့နှံ့နေကြောင်း ကောက်ချက်ချရန် ခဲယဉ်းသည်။ မည်သို့ပင်ဖြစ်စေ အကတိလိုက်စားမှုများသည် မြေယာမှတ်ပုံတင်ခြင်းကိစ္စရပ် နောက်ပိုင်းတွင် ပေါ်ထွက်လာသော စောင့်ကြည့်လေ့လာသင့်သည့် ကျေးရွာနိုင်ငံရေး ဘောဂဗေဒအကြောင်းရပ်များဖြစ်သည်။ သာဓက (၃) တွင် ၎င်း၏အကျိုးသက်ရောက်မှုများအား အထူးပြု ဖော်ပြထားသည်။

## မြေယာပိုင်ဆိုင်မှု

"အတည်ပြုရန် ခဲယဉ်းသော်လည်း မြေယာဥပဒေသစ် အကောင်အထည်ဖော်မှုနှင့်အတူ အဂတိလိုက်စားမှု စွပ်စွဲချက်များ အမြောက်အမြား ပေါ်ထွက်လာခဲ့ပြီး ၎င်းတို့ထဲတွင် မြေယာပြန်လည်တည်ဆောက်မှုသည် အခွင့်ထူးခံများအတွက် အကျိုးဖြစ်ခဲ့သည့် သာဓကတစ်ခု ပါဝင်ခဲ့သည်။"

"မြေယာဥပဒေ အသစ်သည် မြေယာမဲ့မှုအား ပိုမိုတွန်းပို့ရာ ရောက်မည်လားဆိုသည်မှာ ပြောရန်စောသေး သော်လည်း အထူးသဖြင့် ကြွေးပိနေသော တောင်သူငယ်များမှာ ၎င်းတို့ပိုင် မြေအား လွတ်လပ်စွာ ရောင်းလို၊ ပေါင်လိုစိတ်ကြောင့် မှတ်ပုံတင်ချင်ကြကြောင်း သိရသည်။"

**လက်တွေ့တွင် မြေယာဥပဒေသစ်သည် တောင်သူငယ်များအတွက် ဖြစ်မည်မဖြစ်မည်မှာ ပြောရင်စောသေးသည်။** မြေယာဥပဒေသစ်နှင့် စပ်လျဉ်းသည့် ဘုံတူညီသော ဝေဖန်မှုများတွင် တောင်သူများ မြေယာအား လွတ်လပ်စွာ ရောင်းနိုင်၊ ပေါင်နှံနိုင်မည်ဆိုပါက ရေရှည်ဆုံးရှုံးမှုထက် ရေတိုအကျိုးကိုသာကြည့်မည့် တောင်သူငယ်များမှာ မြေယာပေါင်နှံ၊ ရောင်းချခြင်းများ ပြုလုပ်ကြမည်ဖြစ်သောကြောင့် မြေယာမဲ့မှုများ ပိုမိုတိုးပွားလာနိုင်ဖွယ်ရာ ရှိသည်ဟူသော ယူဆချက်ပင်တစ်ခုပါဝင်သည်။ QSEM 3 ပြုလုပ်ချိန်တွင် မြေယာမှတ်ပုံတင်ခြင်းမှာ စတင်ခါစပင်ရှိသေးသောကြောင့် သက်သေသာဓကများ တွေ့ရှိရန် အချိန်ကာလတစ်ခု စောင့်ဆိုင်းရန် လိုအပ်သည်။ မြေယာမှတ်ပုံမတင်ခင်ကပင် တောင်သူများမှာ မြေယာရောင်းဝယ်မှုများအား နားလည်မှုဖြင့် ပြုလုပ်လျက်ရှိပြီး မှတ်ပုံတင်နေစဉ်ကာလအတွင်းတွင် အရောင်းအဝယ်ဆိုင်းလျက်ရှိပြီး ၎င်းမှာ မှတ်ပုံတင်အပြီး တရားဝင်ရောင်းဝယ်မှုပြုနိုင်ရန် စောင့်ဆိုင်းနေကြခြင်းမျိုးဖြစ်သည်။

မြေယာဥပဒေမစတင်မီကပင် တရားဝင်မဟုတ်သော မြေယာဈေးကွက်မှာတည်ရှိနေပြီး မြေယာဥပဒေမှ မြေယာပိုင်ဆိုင်မှုအား တရားဝင်ဖြစ်အောင် ပြုလုပ်ပေးလိုက်သည့်အတွက် တရားဝင်ရောင်းဝယ်ခွင့်ရသွားခြင်းကြောင့် ကျေနပ်မိကြောင်း ကြွေးများစွာတင်ရှိနေသော တောင်သူငယ်များမှ ပြောကြားခဲ့သည်။ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းများတွင် (ရခိုင်နှင့် ရှမ်းပြည်နယ်တွင် အနည်းငယ်) တောင်သူငယ်အများအပြားမှာ တောင်သူကြီးများထံ ကြွေးများစွာ တင်ရှိနေကြောင်းနှင့် ၎င်းတို့ပိုင်မြေအား ချေးငွေအတွက် အပေါင်စွည်းအဖြစ် တရားမဝင် သုံးစွဲနေရကြောင်း ပြောခဲ့သည်။ ယခု တရားဝင်ရောင်းဝယ်ခွင့်ရပါက ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ **ယခင့် ယခင်ကတည်းက တရားဝင်မဟုတ်သော မြေယာ ရောင်းဝယ်မှုဈေးကွက်များရှိထားပြီး ဖြစ်သော်လည်း တောင်သူငယ်များမှာ မြေယာပိုင်ဆိုင်ခွင့် တရားဝင်ပြုလုပ်ပေးခြင်းအား မည်သည့်အတွက်ကြောင့် လိုလိုလားလားရှိကြသည်မှာ မသဲကွဲပေ။ သို့သော်လည်း မြေယာဥပဒေသစ်သည် မြေယာစီရင်ခွင့်ကို ပိုမိုလုံခြုံမှုပေးခြင်း၊ မြေယာငှားရမ်းမှုအား တန်ဖိုးတိုးစေခြင်းများဖြစ်ပေါ်စေသည်ဟု တူညီစွာယူဆကြသည်။** အချို့နေရာများတွင် မြေဈေးမြင့်တက်လာခြင်းမှာမြေယာဥပဒေသစ်ကြောင့်ဟု ဆိုကြသည်။[၆] ဥပမာ- ရှမ်းပြည်နယ်ရှိ မြို့နယ်တစ်ခုတွင် မြေယာသုံးစွဲခွင့် လက်မှတ်မှတ်ပုံတင်ခြင်းဖြစ်စဉ်မှာ မြေယာပိုင်ဆိုင်ခွင့်ကို ပိုမိုခိုင်မာစေပြီး မြေကိုတန်ဖိုးတိုးပြီး ငှားရမ်းနိုင်ခြင်းများကြောင့် မြေဈေးများတက်ခြင်းဖြစ်သည်ဟု ရွာသားများမှ ယူဆကြသည်။ မြေယာမှတ်ပုံတင်ဖြင့် နောင်မြေသိမ်းခံရမှုများအတွက် လျော်ကြေးတောင်းခံနိုင်ခြင်းကြောင့် မြေဈေးများ

[၆] ဤနေရာတွင် ဈေးနှုန်းမြင့်တက်စေသည့် အကြောင်းရင်းမှန်များထက် ရွာသားများ၏ ယူဆချက်များကိုသာ ဖော်ပြထားသည်။

တက်သည်ဟု ယူဆကြောင်း မြေသိမ်းခံရဖူးသော ဒေသမှရွာသားများမှ အစီရင်ခံခဲ့သည်။

"မြေဈေးနှုန်းများမှာ တစ်နေရာနှင့်တစ်နေရာ ကွဲပြားလျက်ရှိပြီး တောင်သူငယ်များမှာ ၎င်းတို့မြေပိုမိုတန်ဖိုးတက်လာ မည်ဟူသော ယူဆချက်ဖြင့် မြေယာမှတ်ပုံတင်မှုအား လိုလိုလားလား ရှိကြသည်။"

**ဇယား(၄)။ QSEM ကျေးရွာများအတွင်း ပျမ်းမျှလယ်တစ်ဧက ပေါက်ဈေးအကြမ်းခန့်မှန်းမှု** [၇]

| | မေ-ဇွန် ၂၀၁၂၊ မြေတစ်ဧက ပေါက်ဈေး (ကျပ်သိန်းပေါင်း) | မေ-ဇွန် ၂၀၁၃၊ မြေတစ်ဧက ပေါက်ဈေး (ကျပ်သိန်းပေါင်း) |
|---|---|---|
| ဧရာဝတီ | ၈ | ၁၀ |
| မကွေး | ၂-၆ | ၃-၇ |
| ရခိုင် (ကျောက်ဖြူ) | ၄-၅ | ၁၈ |
| ရခိုင် (ဂွ၊ မြေပုံ) | ၂-၅ | ၃-၆ |
| ရှမ်း (လယ်မြေ) | ၃၀ | ၄၀ |
| ရှမ်း (ရွှေ့ပြောင်းတောင်ယာ) | ၃ | ၃ |

**မြေဈေးများမှာ တစ်နေရာနှင့်တစ်နေရာ မတူညီပေ။** မြေယာတန်ဖိုးဖြတ်သည့် အချက်အလက်မရှိဘဲ မြေဈေးနှုန်းများအကြောင်း အကျယ်တဝံ့တင်ပြရန် ခဲယဉ်းပါသည်။ သို့သော်လည်း မြေဈေးနှုန်းများ နေရာဒေသအလိုက် ကွဲပြားမှုများရှိကြောင်းနှင့် ဈေးနှုန်းတက်လာကြောင်းကိုမူ ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ မြို့နှင့်နီးသောနေရာများရှိ မြေဈေးနှုန်းသည် ဝေးလံခေါင်ပါးသောဒေသများရှိ ဈေးနှုန်းထက် မြင့်မားသည်ဟု ယူဆရသည်။ မြေဈေးမြင့်တက်မှုနှင့် ကွဲပြားမှုအား ဇယား(၄)တွင် ဖော်ပြထားသည်။

**QSEM အတွင်း ပြောင်းလဲမှုနောက်တစ်ခုမှာ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ စည်းမျဉ်းများသည် ဥပဒေပြု မြေယာပိုင်ဆိုင်မှုပုံစံများပေါ်တွင် တစ်နည်းတစ်ဖုံ သက်ရောက်မှုရှိသည်ဟူသောအချက် ဖြစ်သည်။** စိုက်ဘဏ်မှချေးငွေသည် တစ်ဧကအတွက် သတ်မှတ်ပမာဏရှိပြီး အများဆုံး (၁၀)ဧကအတွက်သာ ထုတ်ယူခွင့်ရှိသည်။ ဧရာဝတီတိုင်းအတွင်းရှိ ရွာများအားလုံးတွင် စိုက်ဘဏ်မှ သတ်မှတ်ပမာဏထက် ငွေပိုထုတ်နိုင်ရန်အတွက် မြေယာအမည်ပေါက်ကို အမျိုးသမီးနာမည်များအပြင် နာမည်အမျိုးမျိုးဖြင့် မှတ်ပုံတင်ထားကြသည်။ ၎င်းသည် အမှန်တကယ် မြေယာအသုံးပြုမှု အပြောင်းအလဲမရှိဘဲ မြေယာအမည်ပေါက်မှုကို ဖောင်းပွစေသည်။ ၎င်းမှတ်ပုံတင်များအား မိသားစုအတွင်း သိမ်းဆည်းထားခြင်းဖြင့် နောင်တစ်ချိန် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်ကို ရွာသားများမှာ အယုံအကြည်မရှိကြပေ။ မြေဈေးနှုန်းအမြင့်ဆုံးနေရာများတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ သိသိသာသာရှိသည်ကို တွေ့ရသည်။ ကျောက်ဖြူမြို့နယ်သည် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းအဆုံးနေရာဖြစ်ခြင်းကြောင့် မြေဈေးနှုန်းများ မြင့်နေသည်ဟု ရွာသားများက ယုံကြည်ကြသည်။ လယ်မြေတစ်ဧကပေါက်ဈေးမှာ ပိုက်လိုင်းမရှိခင်က ၄-၅ သိန်းသာ ရှိသော်လည်း ယခု ၁၈ သိန်းအထိ မြင့်တက်သွားခဲ့ပြီး မြေပိုင်ရှင်များသည် ပိုက်လိုင်းမှ လျော်ကြေးငွေ့ လယ်တစ်ဧကအား ၁၈ သိန်းထက် လျော့ရောင်းရန် ဆန္ဒမရှိကြတော့ကြောင်း ရွာသားများက ဆိုခဲ့ကြသည်။

## မြေယာပဋိပက္ခများနှင့် ညှိနှိုင်းမှုများ

QSEM 3 အတွင်း သိသာထင်ရှားဆုံးပြောင်းလဲမှုများမှာ မြေယာအငြင်းပွားမှုများ၏ သဘောသဘာဝ၊ မြေယာနှင့်ပတ်သက်သော ထင်မြင်ယူဆချက်များနှင့် ဒေသတွင်း စည်းရုံးမှုများဖြစ်သည်။ မြေယာအမှုအခင်းများအား ယခင်သုတေသနများထက်ပိုပြီး ကြားသိခဲ့ရသည်။ အမှန်စင်စစ်တွင် အမှုအခင်းအရေအတွက်ထက် အမှုအခင်းအမျိုးအစားနှင့် မည်မျှအထိ ပျံ့နှံ့ဖြစ်ပွားသည်ကသာ ပိုစိတ်ဝင်စားစရာကောင်းသည်။ တောင်သူလယ်သမားသမဂ္ဂဖွဲ့စည်းထားပြီး တောင်သူများအား ထောက်ပံ့ပညာပေးနေသော မြို့နယ်တစ်ခုမှအပ ကျန်သည့်မြို့နယ်အများစုတွင် ကျေးရွာအဆင့် မြေယာအငြင်းပွားမှုများသည် ပုံမှန်အနေအထားတွင်သာရှိသည်။ ၎င်းမြို့နယ်တွင်မူ ယခင်ဆယ်စုနှစ်ကျော်ကြာနေပြီဖြစ်သည့် ယခင်

[၇] ဤဒေတာများအား အနက်ပြန်ရာတွင် သတိပြုရန်- ၎င်းတို့အား ရွာသားများ၏ ခန့်မှန်းပြောဆိုမှုများမှ ရယူခဲ့ခြင်းဖြစ်ပြီး ကိုယ်စားပြုနမူနာများမှယူခဲ့ခြင်းမဟုတ်ပေ။ ဒေသအလိုက် အကြမ်းဖျင်းမြေပေါက်ဈေးနှင့် ဈေးအတက်အကျသဘောမှလွဲပြီး မြေပေါက်ဈေးကိုယ်စားပြုနမူနာအဖြစ် မယူသင့်ပါ။

"ကျေးရွာအဆင့် မြေယာအငြင်းပွားမှုများနှင့် ဒေသတွင်းစည်းရုံးမှုများ ပေါ်ထွက်လာမှုနှင့်အတူ ဒေသတစ်ခုတွင် မြေယာအငြင်းပွားမှုများ များစွာထွက်ပေါ်ခဲ့သည်။"

က မဖြေရှင်းနိုင်ခဲ့သည့် အမှုအခင်းဟောင်းများပါ ပြန်လည်ပေါ်ထွက်လာခဲ့သည်။

**မြေယာအငြင်းပွားမှုအများအပြားသည် မြေယာမှတ်ပုံတင်ခြင်းကြောင့် (သို့မဟုတ်) ကြွေးတင်ရှိမှု၊ မြေဈေးတက်လာမှုနှင့် ယခင်မပြီးပြတ်ခဲ့သည့် အမှုအခင်းများကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယခင်တရားဝင်မဟုတ်သော၊ တရားနည်းလမ်းမကျသော မြေယာလုပ်ဆောင်ချက်များသည် အငြင်းပွားမှုများအား ပိုမိုဆိုးရွားစေခဲ့သည်။** QSEM ကျေးရွာအများအပြားတွင် အပြင်လူများမှ မြေအလုံးအရင်းနှင့် အသိမ်းခံရမှုများ တွေ့ကြုံဖူးသော်လည်း QSEM3 တွင် မြေယာနှင့်ပတ်သက်သည့် အမှုငယ်နှစ်ခုမှလွဲလျက် အခြားမတွေ့ရပေ။ မြေယာအငြင်းပွားမှုအများစုသည် ကျေးရွာတွင်း ဖြစ်ပွားမှုများသည်။ ၎င်းအငြင်းပွားမှုများသည် ယခင်ရောင်း၊ ဝယ်၊ ပေါင်နှံခြင်းများအား လူမှုကတိကဝတ်များဖြင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် တရားဥပဒေအရ မရှင်းလင်းပေ။ ယခု နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးကာလတွင် ယခင်ပြုလုပ်ခဲ့သည့် သဘောတူညီချက်များအား နှစ်ဦးနှစ်ဖက်စလုံးမှ ပြန်လည်ညှိနှိုင်းလိုကြခြင်း ဖြစ်သည်။

## ကျေးရွာနှင့် ကျေးရွာတွင်းမြေယာအငြင်းပွားမှုများ

အောက်ပါမြို့နယ်၏လေ့လာဆန်းစစ်မှုတွင် မြေယာအငြင်းပွားမှု ဖြစ်ပွားစေသောအရာများအား လေ့လာနိုင်သည်။

## သာဓက (၄) ဧရာဝတီတိုင်းရှိ စုပေါင်းညှိနှိုင်းအရေးဆိုမှုနှင့် မြေယာအငြင်းပွားမှုများ

**ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် မြေယာအမှုအခင်းငယ်များ သိသိသာသာပေါ်ထွက်လာခဲ့သည်။** မြို့နယ်တစ်ခုလုံးစာအတွက် အမှုအခင်းမည်မျှရှိသည် မသိရှိသော်လည်း ကျေးရွာ(၆)ရွာပါဝင်သော ကျေးရွာအုပ်စုတစ်စုတွင် မြေယာအငြင်းပွားမှုအသစ်ပေါင်း (၇၀) ကျော် ပေါ်ထွက်လာသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဆိုခဲ့သည်။

**၎င်းမြို့နယ်တွင် တောင်သူလယ်သမားသမဂ္ဂနှင့် ရေလုပ်သားများ အဖွဲ့အစည်းအား တောင်သူငယ်များနှင့် ရေလုပ်သားငယ်များ အကျိုးစီးပွားအလို့ငှာ စုပေါင်းညှိနှိုင်းအရေးဆိုမှုပြုလုပ်နိုင်ရန် ဖွဲ့စည်းထားသည်။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်ဟောင်းများမှ တောင်သူလယ်သမားသမဂ္ဂအား ဖွဲ့စည်းပေးခြင်းဖြစ်ပြီး သုတေသနပြုလုပ်ချိန်တွင် သမဂ္ဂမှတ်ပုံတင်ရရန် လျှောက်ထားဆဲဖြစ်ကာ တောင်သူအားလုံးလည်း အသင်းဝင်ပြီးဖြစ်သည်။

**သမဂ္ဂတွင် မြန်မာတစ်နိုင်ငံလုံးရှိ တောင်သူများအား ပါဝင်လာစေရန်နှင့် ၂၀၁၅ တွင် တောင်သူများ၏ ဆန္ဒမဲအင်အားဖြင့် တောင်သူအခွင့်အရေးများအား မြှင့်တင်ရန် ရည်ရွယ်ကြောင်း သမဂ္ဂမှ တောင်သူများမှ ဆိုခဲ့သည်။** ရွေးကောက်ပွဲသည် ပါတီများထက် တောင်သူများနှင့်သာ ပိုမိုဆက်စပ်မှုရှိပြီး သမဂ္ဂတည်ထောင်ခဲ့သူသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီစည်းမျဉ်းမလိုက်နာသဖြင့် ထုတ်ခံထားရသူတစ်ဦးဖြစ်သည်ဟု ဆိုသည်။ တောင်သူများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သမဂ္ဂအား တစ်ပေါင်းတည်းမြင်ပြီး ဒေါ်အောင်ဆန်းစုကြည်အား လေးစားကြောင်းနှင့် ၎င်းတို့ယခင်ဆုံးရှုံးသွားသောမြေများအား ပြန်လည်တောင်းဆိုရာတွင် ပါတီမှကူညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**သမဂ္ဂ၏ အဓိကရည်ရွယ်ချက်မှာ အသိမ်းခံရသောမြေများ ပြန်လည်ရယူရန်ဖြစ်သော်လည်း တောင်သူများမှာ ချမ်းသာသူများထံသို့ ကြွေးကြောင့်ထိုးအပ်လိုက်ရသောမြေများ ပြန်ရရေးကိုသာ ပိုမိုအာရုံစိုက်နေကြသည်။** နမူနာကျေးရွာအများအပြားတွင် နှစ်စဉ်သီးနှံဆုံးရှုံးမှု၊ အမြတ်နည်းမှု၊ အတိုးနှုန်းမြင့်မားမှုများကြောင့် ချမ်းသာသူများထံ မြေပေါင်ထားငွေချေးထားသည်များကို ပြန်မဆပ်နိုင်တော့ဘဲ မြေယာအသုံးပြုခွင့်များ တရားဝင် မဟုတ်သော နည်းလမ်းဖြင့် ဆုံးရှုံးနေကြရသည်။

**သမဂ္ဂခေါင်းဆောင်များသည် မြေယာ၊ ရေလုပ်ငန်းအခွင့်အရေးများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား စတင်ပေးပို့လျက်ရှိပြီး အသင်းဝင်များလည်း အများအပြား ဝင်ရောက်လာခဲ့သည်။** ၎င်းဖြစ်စဉ်နှင့် မြေယာမှတ်ပုံတင်ခြင်းကိစ္စရပ်များအပြီးတွင် မြေယာအငြင်းပွားမှုများ

များစွာပေါ်ထွက်လာခဲ့သည်။

**ကျေးရွာအဆင့် မြေယာအငြင်းပွားမှုများဖြစ်ပေါ်စေရန်တွန်းပို့နေသည့်အရာများတွင် ကြွေးတင်ရှိမှု၊ မြေယာမှတ်ပုံတင်မှုနှင့်အတူ မြေဈေးများမြင့်မားလာမှု၊ တောင်သူများ၏ ပြောင်းလဲလာသော သဘောထားများ စသည်တို့ပါဝင်သည်။** ဖြစ်ရပ်အများစုသည် ကြွေးတင်ရှိမှုနှင့် ဆက်စပ်လျက်ရှိသည်။ မြို့နယ်အတွင်း မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာအတည်ပြုချက်ရယူသည့်စနစ်တစ်ခု ပါဝင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအား မည်သည့်မြေသည် မည်သူပိုင်သည်ကို ပြသခွင့်ရစေသည်။ ၎င်းကျေးရွာများတွင် တောင်သူလယ်သမား သမဂ္ဂများနှင့်မြေယာမှတ်ပုံတင်မှုပေါ်ထွက်လာမှုနှင့်အတူ ကြွေးကြောင့် မြေယာဆုံးရှုံးခဲ့ရသည့် တောင်သူငယ်များမှာ ၎င်းတို့မြေများအား ပြန်လည်တောင်းဆိုရန် ဆန္ဒရှိလျက်ရှိသည်။ တောင်သူကြီးများမှာ ၎င်းမြေများအား ပြန်မပေးလိုကြပေ။

**အခြားအငြင်းပွားမှုများမှာ မြေဈေးနှုန်းမြင့်မားလာမှုနှင့် ယခင် ဥပဒေကြောင်းအရမဟုတ်ဘဲ လူမှုကတိကဝတ်များဖြင့် ပြုလုပ်ခဲ့သော မြေယာအရောင်းအဝယ်ကိစ္စရပ်များအား ပြန်လည်ညှိနှိုင်းလိုမှုများကြောင့် ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။** ဥပမာ- ဧရာဝတီတိုင်းရှိ ကျေးရွာတစ်ရွာတွင် တစ်ဧက မြေပေါက်ဈေးမှာ တစ်နှစ်အတွင်း ၈ သိန်းမှ ၁၂ သိန်းအထိ မြင့်တက်သွားခြင်းကြောင့် မြေယာပြဿနာသစ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ လွန်ခဲ့သော ၇ နှစ်က ဒေါ်ခင်ထွေးအမည်ရှိ တောင်သူသည် ဦးရွှေရိုးအမည်ရှိ တောင်သူငယ်ထံမှ မြေ (၄) ဧကအား တစ်ဧက ကျပ် ၈ သိန်းနှုန်းဖြင့် ဝယ်ယူခဲ့သည်။ တရားဝင်စာချုပ်မဟုတ်သော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့တွင် နှစ်ဦးစလုံး လက်မှတ်ရေးထိုးခဲ့သည်။

မြေဈေးများတက်လာခြင်းနှင့် မြေယာမှတ်ပုံတင်ခြင်းဖြင့် မြေယာရောင်း၊ ဝယ်၊ ပေါင်နှံမှုများအား တရားဝင်ပြုလုပ်ခွင့်ရရန် အလားအလာရှိလာခြင်းများကြောင့် ဦးရွှေရိုးသည် မြေယာအား ဒေါ်ခင်ထွေးအမည်ပေါက်လိုပါက တစ်ဧကေ နှစ်သိန်းထပ်ဆောင်းပေးရမည်ဟု တောင်းဆိုခဲ့သည်။ ဒေါ်ခင်ထွေးမှ သဘောမတူဘဲ "ဒီမြေကို နှစ်ဦးနှစ်ဖက် သဘောတူတဲ့ဈေးနဲ့ ဝယ်ခဲ့တာပဲလေ။ ဘယ်လိုဖြစ်ဖြစ် ထပ်မပေးနိုင်ဘူး။"ဟု ပြောခဲ့သည်။ ဦးရွှေရိုးနှင့် ဒေါ်ခင်ထွေးတို့မှာ ညှိမရဘဲ မြေယာစီမံခန့်ခွဲမှုကော်မတီ (လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ)တွင် အမှုရင်ဆိုင်ခဲ့ကြသည်။

**လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသည် မြေယာအငြင်းပွားမှုများ ဖြေရှင်းရခြင်းဖြင့် ဝန်ပိလျက်ရှိသည်။** အထူးသဖြင့် မော်လမြိုင်ကျွန်းမြို့နယ်တစ်လွှားတွင် ကော်မတီမှာ မြေယာအငြင်းပွားမှုများ များလွန်းသဖြင့် ကိုင်တွယ်ဖြေရှင်းရန်ပင် မနိုင်တော့ပေ။ သုတေသနပြုလုပ်ချိန်အထိ အထက်ပါအမှုမှာ မပြီးပြတ်သေးပေ။ မြေယာကော်မတီမှ အဖွဲ့ဝင်တစ်ဦးဦးတွင် ၎င်းအမှုကို ဖြေရှင်းပေးရန် တာဝန်ရှိသော်လည်း ကော်မတီဝင်များမှာ အခြားမြေယာ စီမံခန့်ခွဲမှုအလုပ်များကြား ပိနေသောကြောင့် အမှုအတွက် ကျေးရွာသို့ ကွင်းဆင်းကြည့်ရှုရန် ဓာတ်ဆီဖိုးကျခံပေးမည်ပြောသော်လည်း လာရောက်ကြည့်ရှုနိုင်ခြင်း မရှိသေးဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ထုတ်ဖော်ခဲ့သည်။

**၎င်းကျေးရွာတွင် နိုင်ငံတော်ပြန်လည်တည်ဆောက်မှုနောက်ပိုင်း လမ်းဖွင့်ပေးမှုများကြောင့် ဆယ်စုနှစ်ကျော်ကြာနေပြီဖြစ်သော်လည်း မဖြေရှင်းနိုင်သေးသည့် အမှုအခင်းဟောင်းများပါ ပြန်လည် ပေါ်ထွက်လာခဲ့သည်။** ၎င်းကျေးရွာများရှိ သက်ကြီးရွယ်အိုများမှပြောကြားသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ (တာဝန်ကျေစပါးခေတ်)ခန့်က နိုင်ငံတော်သည် တောင်သူများထံမှ စပါးဝေစုအား ဈေးနှိမ်ဝယ်ယူခြင်းကြောင့် တောင်သူများသည် ၎င်းတို့စိုက်ပျိုးမြေများအား စွန့်ပစ်ခဲ့ကြသည်။ အချို့မှာ စပါးခင်းများပိုးကျသဖြင့် မြေအားစွန့်ပစ်ခဲ့ကြသည်။ အမြတ်အစွန်းရနိုင်မှုနည်းလွန်းခြင်းကြောင့်လည်း စွန့်ပစ်ခဲ့သည်များရှိသည်။ စနစ်ဟောင်းအရ မစိုက်ပျိုးသော မြေများကို နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ရပြီး နိုင်ငံတော်မှ ပြန်လည်ခွဲဝေပေးခွင့်ရှိသည်။ သို့သော် ၎င်းလယ်ယာမြေ ပြန်လည်ခွဲမှုမှုသည် တရားမျှတမှုမရှိဟု အချို့သူများမှ တိုင်ကြားကြသည်။ ဥပမာ- ရွာတစ်ရွာတွင် ခေါင်းဆောင်လုပ်သူသည် သူ၏ဆွေမျိုးများနှင့် အပေါင်းအသင်းများကိုသာ လယ်ယာမြေအားပြန်လည်ခွဲဝေမှုပြုလုပ်သည်ဟုဆိုသည်။ လယ်ယာမြေဥပဒေသစ်ပေါ်ထွက်လာချိန်တွင် နှစ်ကာလများစွာက မြေယာစွန့်ပစ်ခဲ့ကြသော မိသားစုများမှာ ၎င်းတို့မြေများအား ပြန်လည်တောင်းဆိုလိုလျက်ရှိကြသည်။

**တောင်သူများမှာ မြေယာအငြင်းပွားမှုများအတွက် ချဉ်းကပ်ရန် လမ်းကြောင်းများစွာရှိသည်ဟု ယုံကြည်လျက်ရှိပြီး နိုင်ငံရေးပါတီများ၊ မြို့နယ်တစ်ခုတွင် တောင်သူလယ်သမားသမဂ္ဂမှတစ်ဆင့်နှင့် အများအားဖြင့် အုပ်ချုပ်ရေးပိုင်းမှ အကူအညီများ ရယူလျက်ရှိသည်။** မြေယာအငြင်းပွားမှုရှိပါက ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှူးထံအရင်သွားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး(သို့မဟုတ်) ကျေးရွာအုပ်စုအဆင့် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီသစ်ဆီအထိတက်သည်ဟု ဆိုသည်။ ၎င်းမှာ ဒေသအားလုံးတွင် အတူတူလိုပင်ဖြစ်သည်။ (ကျေးရွာနှစ်ရွာမှ ရွာသား (၁၁) ယောက်မှ မြေယာအငြင်းပွားမှုအား အောင်အောင်မြင်မြင်ညှိနှိုင်းနိုင်ခဲ့သည့်) ရခိုင်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာတွင် အငြင်းပွားမှုဖြစ်ပါက နိုင်ငံရေး ပါတီများဖြစ်သည့် ရခိုင်အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီသို့ အကူအညီတောင်းနိုင်ကြောင်းနှင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် တောင်သူလယ်သမားသမဂ္ဂ၏ အကူအညီယူနိုင်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။

## သာဓက (၅) ကျေးရွာအဆင့် မြေယာအငြင်းပွားမှုများအား ဖြေရှင်းခြင်း။

**၎င်းမြေယာအငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သော ကျေးရွာတစ်ရွာတွင် ဖြေရှင်းပုံနည်းလမ်းများအား လေ့လာနိုင်သည်။** ၎င်းအငြင်းပွားမှုတွင် တောင်သူတစ်ဦးမှာ သူ့ဆွေမျိုးထံသို့ လယ် ၅.၆ ဧကအား ချေးငွေယူလျက် ပေါင်နှံထားရာ ၁၆ နှစ်တာကာလအတွင်း ၎င်းချေးငွေမှာ ကျပ် ၁၁ သိန်းနှင့် စပါးတင်း ၁၁၀ အထိ တိုးမြင့်သွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ၎င်းဆွေမျိုးဆုံးပါးသွားသော်လည်း သူ၏သားမှ အကြွေးများပြန်ဆပ်နိုင်ကဆပ်ရန်နှင့် မဆပ်နိုင်ပါက လယ် ၄ ဧကအား အပိုင်ပေးရမည်ဟု ပြောခဲ့သည်။ လယ်သမားမှာအကြွေးပြန်မဆပ်နိုင်သလို လယ်မြေအားလည်းမပေးလိုဟု ငြင်းဆန်ခဲ့သည်။ အမှုသည် ကျေးရွာအုပ်ချုပ်ရေးမှူးထံ ရောက်ရှိသွားသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများမှ တောင်သူမှ ၁.၆ ဧကစိုက်ပျိုးခွင့်ရမည်ဖြစ်ပြီး ကျန် ၄ ဧကအား ငွေချေးသူသို့ အမည်ပေါက်အားဖြင့် လွှဲပြောင်းပေးခြင်းမဟုတ်သော်လည်း ပေးလုပ်ရမည်ဟု အဆိုပြုကြသည်။ တောင်သူမှ အကြွေးပြန်ဆပ်နိုင်သည့်အခါ ၎င်းမြေ ၄ ဧက ပြန်ရမည်ဟု ညှိနှိုင်းပေးခဲ့ကြသည်။ အငြင်းပွားမှုအား ရပ်ရွာတွင်းချင်းတွင် ဖြေရှင်းခဲ့ခြင်းဖြစ်ပြီး ပြင်ပသူများထံမှ အကူအညီတောင်းခံခြင်းများ မရှိခဲ့ပါ။

**QSEM ဒ္ဓတွင် လယ်ယာမြေအပေါင်ဆုံးသောကြောင့်ဖြစ်ပွားသည့် ရွာတစ်ရွာနှင့် အခြားတစ်ရွာတွင်ရှိ မိသားစုတစ်စုချင်းကြား အငြင်းပွားမှုများမှအပ ကျေးရွာတွင်း မြေယာအငြင်းပွားမှုများ အစီရင်ခံမှု မရှိပါ။** ကျေးရွာများသည် တူညီသောကျေးရွာအုပ်စုတစ်စုအောက်ရှိပါက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အကူအညီတောင်းမည်ဟု ဆိုသည်။ ကျေးရွာအုပ်စုချင်းအကြား မည်သည့်အငြင်းပွားမှုမှ မရှိပါ။

## မြေသိမ်းခံရမှုနှင့် အခြားပြင်ပမှလူများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ

"ရွာသားများမှာ ယခင်သိမ်းခံရဖူးသောမြေများအတွက် လျော်ကြေး တောင်းခံရန်သာ ပိုမိုစိတ်အားထက်သန်လျက်ရှိပြီး ကြီးမားသော မြေသိမ်းခံရမှုအသစ်များ တွေ့ရှိမှု မရှိသလောက် ရှားသည်။"

QSEM ဒ္ဓတွင် မြေသိမ်းခံရမှုနှင့် စပ်လျဉ်းသည့် ပြောင်းလဲမှုအသစ်များ မရှိသလောက်ရှိပြီး ယခင်မြေသိမ်းခံရသည့် အမှုအခင်းဟောင်းများအား ပြန်လည်ဖော်ထုတ်လိုနေကြသည့် ရွာသားများ၏သဘောထား အပြောင်းအလဲကိုသာ တွေ့ရသည်။ ဧရာဝတီတိုင်း၊ ရခိုင်နှင့်ရှမ်းပြည်နယ်တို့ရှိ တောင်သူများမှာ ပြည်လည်တည်ဆောက်ရေး ကာလမတိုင်မီက မြေသိမ်းခံရသည့် အမှုဟောင်းများအား တင်ပြကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နိုင်ငံရေးသမားများ၏ အကူအညီဖြင့် ၎င်းမြေများအတွက် လျော်ကြေးတောင်းခံရန် စီစဉ်ထားကြပြီးဖြစ်သည်။ ဥပမာ- ဧရာဝတီတိုင်းအတွင်းရှိ ဘိုကလေးမြို့နယ်တွင် လွန်ခဲ့သောနှစ်အနည်းငယ်က အစိုးရမှလမ်းဖောက်လုပ်ရန် အသိမ်းခံခဲ့ရသော မြေများအတွက် လျော်ကြေးတောင်းခံရန် စီစဉ်ခဲ့ကြသည်။ ထိုသို့စီစဉ်နေစဉ်တွင် ဒေသလွှတ်တော်အမတ်များရောက်လာပြီး မြေယာမှတ်ပုံတင်ခြင်းနှင့် မြေသိမ်းခံရသည့်အတွက် ကျေနပ်မှုမရှိပါက လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသို့ ချဉ်းကပ်နိုင်ကြောင်း ရှင်းပြခဲ့သည်။ ရှမ်းပြည်နယ်ရှိ အခြားရွာတစ်ရွာတွင် (မအောင်မြင်ခဲ့သော ဓာတုဗေဒ စီမံကိန်းတစ်ခုအတွက်) လွန်ခဲ့သော (၁၀)နှစ်က အသိမ်းခံခဲ့ရသော မြေများအတွက် ပြန်လည်တောင်းဆိုရန် ကြိုးစားနေကြသည်။ သို့သော် ရှမ်းပြည်နယ်၏ အခြားကျေးရွာတစ်ရွာတွင် စစ်တပ်မှ သိမ်းယူခဲ့သော ရွှေ့ပြောင်းတောင်ယာများအပေါ် မည်သည့်တောင်းခံမှုမှ မတွေ့ရပေ။ ရခိုင်ပြည်နယ်ရှိ ရွာတစ်ရွာမှ တောင်သူများသည် ယခင်အစိုးရနှင့် အလျဉ်းသင့်သည့် ကုမ္ပဏီတစ်ခုမှ လွန်ခဲ့သော (၇) နှစ်ကသိမ်းခဲ့သော မြေများအတွက် လျော်ကြေးတောင်းခံရန် ရခိုင်အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ အကူအညီဖြင့် စီစဉ်လျက်ရှိသည်။

**သာဓက(၆)တွင် ပြင်ပလူများမှာ မြေယာကိစ္စရပ်များအား ညှိနှိုင်းဖြေရှင်းပေးခဲ့ပုံကို တွေ့မြင်နိုင်သည်။** အဖြစ်အပျက်နှစ်ခုစလုံးသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အထင်အရှားရှိသည့် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ရှိရာ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်အတွင်းတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**သာဓက (၆) မြေယာအရေးကိစ္စရပ်များအား ပြင်ပလူများမှ ညှိနှိုင်းဖြေရှင်းပေးခဲ့ပုံ**

**ဆူပူအကြမ်းဖက်မှုများသည် ရခိုင်ပြည်နယ်ရှိ မြေသြဇာကောင်းပြီး သစ်တောထူထပ်သော ကျောက်ဖြူမြို့နယ်တွင်ရှိ ကျေးရွာနှစ်ရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။** ၎င်းဒေသတွင် ရှေးယခင်ကတည်းက ဓားမဦးချစနစ်အား ကျင့်သုံးခဲ့ကြပြီး မြေများများရှင်းနိုင်သူက ၎င်းမြေတွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ ၎င်းသည် တရားဝင်စနစ်မဟုတ်သော်လည်း ရပ်ရွာမှသဘောတူညီထားသော စနစ်တစ်ခုဖြစ်သည်။ အဆိုပါကျေးရွာနှစ်ရွာတွင် တောင်သူ ၂၀ မျှသည် ရှင်းလင်းထားသောမြေများအား နွားများအတွက် စားကျက်မြေအဖြစ် အသုံးပြုလျက်ရှိသည်။

**၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပေါ်ထွက်လာပြီး ၎င်းတွင် မြေလွတ်များအား ရယူသုံးစွဲနိုင်ရန်အတွက် တရားဝင်လျှောက်ထားခွင့်ရှိသည်ဟု ပါရှိသည်။ ၎င်းနောက်တွင် ယခင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ အစိုးရအာဏာပိုင်ဟောင်းတစ်ဦးသည် အဆိုပါမြေအား ၄က်ပျောစိုက်ရန်အတွက် သိမ်းယူလိုက်လေသည်။** ၂၀၁၃ မေလ ၉ ရက်နေ့တွင် တောင်သူများ စားကျက်အဖြစ် အသုံးပြုနေသော မြေ(၆)ဧကအပါအဝင် မြေဧကပေါင်း (၃၀၀) ကျော်အား ၎င်းပိုင်ဆိုင်ကြောင်း ဖော်ပြသည့် စာတစ်စောင် ရရှိခဲ့သည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဆိုသည်။

**အတန်းပညာ ၆ တန်းသာအောင်သော ကျေးရွာအုပ်ချုပ်ရေးမှူးသည် မည်သို့ပြုလုပ်ရမည်ကို အနီးအနားရွာမှ မိတ်ဆွေများအားမေးမြန်းပြီးနောက် တောင်သူများ၏လက်မှတ်ဖြင့် တရားဝင်တိုင်ကြားစာတင်ရန် အကြံပေးခံရသည်။** မေလ ၁၅ ရက်နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများသည် မြေသိမ်းခံရသည့်ကိစ္စအား သဘောတူညီမှုမရှိကြောင်း ခရိုင်ရုံးသို့ တိုင်ကြားစာပို့ခဲ့သည်။ တောင်သူများမှာ မြေသိမ်းသူနှင့် မြို့နယ်မြေစာရင်းရုံးအကြား မသမာမှုများရှိသည်ဟုလည်း ယုံကြည်လျက်ရှိသည်။

**မြေသိမ်းသူ ထိုသို့ပြုလုပ်နိုင်သည်မှာ မြေယာဥပဒေအား မိမိတို့ထက်ပိုသိသောကြောင့်ဟု တောင်သူများက ယုံကြည်ကြသည်။** "မြေစာရင်းဌာနကသာ ကိုယ့်နာမည်နဲ့ မြေလျှောက်ထားခွင့်ရှိတယ်ဆိုတာရှင်းပြခဲ့ရင် ကျုပ်တို့လည်းလျှောက်မှာပေါ့"ဟုဆိုခဲ့သည်။ "ဒီမြေအတွက် ကျုပ်တို့တစ်နှစ်ကို တစ်ဧက ကျပ် ၁၅,၀၀၀ ပေးရတယ်။ ဒီအတွက် ဘာပြေစာမှမရဘူး။ ခု ဒီရှမ်းပြည်ကလာတယ်ဆိုတဲ့သူက ကျုပ်တို့မြေတွေအားလုံးကို သိမ်းလိုက်တယ်။ ကျုပ်တို့ သည်းမခံနိုင်ဘူး။" ၎င်းမြေအတွက် လျော်ကြေးရမှသာ ကျေအေးနိုင်မည်ဟု တောင်သူများကဆိုသည်။ သုတေသနပြုလုပ်ချိန်တွင် မြို့နယ်အုပ်ချုပ်ရေးသို့ အယူခံဝင်ထားပြီး မည်သည့်တုံ့ပြန်မှုမှ မရသေးပေ။ ကျောက်ဖြူမြို့နယ်ရှိ အခြားကျေးရွာတစ်ရွာတွင် ယခင် ကျေးရွာအုပ်ချုပ်ရေးမှူးလက်ထက်တွင် အလွဲသုံးစားလုပ်ထားသောမြေအား ရွေးကောက်ခံ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်နှင့် နိုင်ငံရေးပါတီများ အကူအညီဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတစ်ဦးထံမှ ၎င်းတို့လျော်ကြေးအပြည့်အဝရရန် တောင်သူများမှ စည်းရုံးလုပ်ဆောင်လျက်ရှိသည်။ ၎င်းကျေးရွာတွင် ၂၀၁၂ ခု၌ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းအား တောင်သူ(၁၉)ဦး၏ မြေပေါ်မှ ဖြတ်ကျော်တည်ဆောက်ခဲ့သည်။ ကုမ္ပဏီမှလျော်ကြေး တစ်ဧက (၁၈)သိန်းအား ကျေးရွာခေါင်းဆောင်မှတစ်ဆင့် ထုတ်ပေးခဲ့သည်။ ကျေးရွာအုပ်ချုပ်သူသည် လျော်ကြေးငွေအမြောက်အမြားအား ၎င်းအတွက် ယူထားခဲ့ပြီး မည်သည့်တောင်သူမှ လျော်ကြေးအပြည့်အဝမရခဲ့ဟု တောင်သူများမှဆိုသည်။ ကျေးရွာခေါင်းဆောင်နှင့် အချိတ်အဆက်ရှိသော တောင်သူ ၈ ဦးမှာ တစ်ဧက (၁၁)သိန်းနှုန်းဖြင့် လက်ခံခဲ့သော်လည်း ကျန်သူများမှာ ငြင်းဆန်ခဲ့သည်။

**ပထမတွင် တောင်သူ ၁၁ ဦးတို့မှာ ပိုက်လိုင်းတည်ဆောက်နေသောနေရာသို့ သွားရောက်ပြီး "ပိုက်လိုင်းတည်ဆောက်ခွင့်မပြု"ဟု ဆန္ဒပြခဲ့သည်။** ၎င်းနောက် ၂၀၁၂ ဖေဖော်ဝါရီတွင် ကျေးရွာခေါင်း

"တောင်သူများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အကြား စုပေါင်းညှိနှိုင်း အရေးဆိုမှု အများအပြားအား သာဓကများအဖြစ် တွေ့နိုင်သည်။"

ဆောင်သစ်ရွေးချယ်ပွဲ၌ လက်ရှိခေါင်းဆောင်မှာ ပြုတ်သွားခဲ့သည်။ ခေါင်းဆောင်သစ်သည် ရခိုင်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ရပ်မိရပ်ဖများစုစည်းကာ ကျေးရွာအရေးကိစ္စများအတွက် အစည်းအဝေးထိုင်ခဲ့ပြီး ၎င်းတို့မှ အုပ်ချုပ်ရေးမှူးအသစ်အနေဖြင့် ယခင်အုပ်ချုပ်ရေးမှူးဟောင်း၏ အလွဲသုံးစားမှုအား တောင်သူများထံ တောင်းပန်ရန် အကြံပေးခဲ့ကြသည်။ ကျေးရွာနှင့် ခရိုင်အုပ်ချုပ်သူများနှင့်အတူ ပူးပေါင်းလျက် တောင်သူများဆန္ဒပြနေမယ့်အစား ရွှေဓာတ်ငွေ့ပိုက်လိုင်းတာဝန်ရှိသူများထံသို့ ပြဿနာရပ်အား စာရေးရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၁၁ သိန်းသာယူဖို့ပြင်းဆန်ခဲ့သော တောင်သူ ၁၁ ဦးတို့မှာ ၎င်းတို့လျော်ကြေးငွေပမာဏ တစ်ဧက ၁၈ သိန်းအား အပြည့်ပြန်လည်ရရှိခဲ့သည်။ လျော်ကြေးငွေအား ရွှေဓာတ်ငွေ့ကုမ္ပဏီမှသာ ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး အလွဲသုံးစားလုပ်ခဲ့သော ယခင်အုပ်ချုပ်ရေးမှူးဟောင်းမှ ပေးခဲ့ခြင်းမဟုတ်ပေ။ **ဆန္ဒပြခြင်း၊ တိုင်ကြားခြင်းများကို ယခင်စနစ်ဟောင်းတုန်းက မလုပ်သင့်သောကိစ္စရပ်များဟု ထင်ခဲ့ကြသည်ဟု ရွာသားများကဆိုသည်။ သို့သော် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲသည် ၎င်းအခြေအနေအား ပြောင်းလဲပေးလိုက်သည်။** ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်မှာ လျော်ကြေးကိစ္စအား ရွာသားများ ဖြေရှင်းချင်လိုကြောင်းသိပြီးနောက် အုပ်ချုပ်သူအသစ်တစ်ယောက်အနေဖြင့် ယင်းကိစ္စအား ဖြေရှင်းပေးရန် အခွင့်အရေးကို ဖမ်းဆုပ်နိုင်ခဲ့သည်။ ရွာသားများမှာ အုပ်ချုပ်ရေးမှူးဟောင်းအား အရေးယူ ဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်လိုဟန် မရှိကြပေ။

## လုပ်သား

"တောင်သူများမှာ စိုက်ပျိုးရေး အဓိကအချိန်လုပ်သားရှားပါးမှုနှင့် တစ်နှစ်ထက်တစ်နှစ် ရာသီဥတု ဆိုရွားလာမှုကို တင်ပြမြဲဖြစ်သည်။ ၎င်းသည် ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူကြီးများအား ဘောက်သမားများသို့ ရာသီအလိုက် လုပ်အားခ ကြိုချနိုင်စွမ်းအား ထိခိုက်စေပြီး အခြားအရာများစွာအား သက်ရောက်လျက်ရှိသည်။ မကွေးတောင်သူများမှာ လုပ်သားမငှားနိုင်သောကြောင့် မိသားစုလုပ်အားပိုသုံးခြင်း၊ လျှော့စိုက်ခြင်းတို့ဖြင့် ရင်ဆိုင်ကျော်လွှားနေကြရသည်။"

**တောင်သူများနှင့် မြေယာမဲ့လုပ်သားများ အဓိကရင်ဆိုင်နေရသော ပြဿနာမှာ လုပ်သားအရေးပင်ဖြစ်သည်။** ယခင်သုတေသနများမှာကဲ့သို့ စိုက်ပျိုးရေးအဓိကအချိန် လုပ်သားရှားပါးမှုနှင့် လုပ်အားခမြင့်မားလာမှုများအား ကြားသိရသည်။ သို့သော် လယ်ယာပြင်ပအချိန် အလုပ်အကိုင် အခွင့်အလမ်းများမှာမူ ရှားပါးလျက်ရှိသည်။

### တောင်သူများ

**ယခင် QSEM များမှာကဲ့သို့ တောင်သူများမှာ စိုက်ပျိုးရေးအဓိကအချိန် လုပ်သားရှားပါးမှုအားပြောကြားမြဲဖြစ်ပြီး ၎င်းရှားပါးမှုမှာ စိုက်ချိန်နှင့်ရိတ်သိမ်းချိန်အတွက် အချိန်အနည်းသာရခြင်းကြောင့် ပိုမိုဆိုးရွားစေခဲ့သည်။** အနည်းငယ်သော အသေးစားစက်ပစ္စည်းသုံး စိုက်ပျိုးမှုများမှအပ စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် လုပ်သားအင်အားကိုသာ အဓိကထားအားကိုးနေရသေးကြောင်းနှင့် လိုအပ်ချိန်လုပ်သားအလုံအလောက်ရရန် ခက်ကြောင်းဆိုကြသည်။ တောင်သူများမှာ ၎င်းလုပ်သားရှားပါးမှုသည် ကိစ္စရပ်အတော်များများနှင့် သက်ဆိုင်နေသည်ဟု ယူဆကြသည်။ အပြင်ထွက်အလုပ်လုပ်မှု များလာခြင်းကြောင့်ဟု အများဆုံးယူဆကြသော်လည်း ဒေသအလိုက်ကွာခြားမှုများလည်း ရှိသည်။ ဥပမာ-ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးသူများမှ လုပ်ခများများပေးခေါ်ခြင်းကြောင့်ဟု ထင်မြင်ကြပြီး ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့တွင် တောင်သူများသည် လုပ်သားခေါ်ရန် ငွေကြေးခက်ခဲလျက်ရှိခြင်းကြောင့်ဟု ယူဆကြသည်။

**တစ်နှစ်ထက်တစ်နှစ် ရာသီဥတုဖောက်ပြန်လာမှုကြောင့် ရိတ်သိမ်းချိန်လုပ်သား သေချာစေရန်ပေးရသည့် ပုံမှန်ချနေကြလုပ်အားခများကို ကြိုမချနိုင်တော့ဟု ဧရာဝတီတိုင်းနှင့် မကွေးတိုင်းဒေသရှိ တောင်သူများမှ ဆိုသည်။** ဧရာဝတီတိုင်းတွင် တောင်သူများမှာ ပုံမှန်ပေးနေကြ လုပ်အားခ၏ တစ်ဝက်ကိုသာ ကြိုချနိုင်သောကြောင့် လုပ်သားများမှာ တစ်ချိန်တည်းတွင် တစ်ဦးထက်ပိုသော တောင်သူများထံမှ ကြိုတင်လုပ်အားခများအား ဖြန့်ယူနေကြရသည်။

"စပါးရိတ်ချိန်ဆို ကျုပ်တို့မှာ တောင်ပြေးမြောက်ပြေးနဲ့ အလုပ်သမားရှာရတယ်။" ဧရာဝတီမှ တောင်သူ။

**ထို့အတွက်ကြောင့် လိုအပ်သောအချိန် လုပ်သားသေချာစေရန်အတွက် ပိုမိုခက်ခဲလာသည်ဟု တောင်သူများကဆိုသည်။** လုပ်သားများမှာလည်း ရိတ်သိမ်းချိန်တွင် တောင်သူအများအပြားအတွက် အလုပ်လုပ်ပေးနေရခြင်းကြောင့် လုပ်အားလိုအပ်ချိန်လုပ်ပေးပါမည်ဟုသော ကတိအားလည်း မဖြစ်

မနေတည်ရန် မလိုတော့ပေ။ သို့သော် ရိတ်သိမ်းချိန်တွင် တောင်သူများမှာ ညှိနှိုင်းမှုပြုလုပ်ရန် အလေးသာမှု မရှိပေ။ အဘယ်ကြောင့်ဆိုသော် ရိတ်သိမ်းချိန်တွင် လုပ်သားမဖြစ်မနေလိုအပ်သောကြောင့်ဖြစ်သည်။ လုပ်သားများမှ မအားလပ်၍ တစ်ပတ်ကြာမှလာမည်ဟု ဆိုခဲ့ပင်လျှင် လက်ခံရပေသည်။ ၎င်းအချက်မှာ နောင်တွင် တောင်သူမှ ကြိုငွေထုတ်ပေးလိုမှုနည်းလာခြင်းအပေါ် သက်ရောက်မှုရှိမရှိ မရှင်းလင်းပါ။ အချို့နေရာများတွင် လယ်ယာလုပ်ငန်းအဓိကအချိန်လုပ်အားခမြင့်တက်မှုသည် လုပ်သား ရှားပါးမှုအား ပိုမိုဆိုးရွားစေသည်။ အချိန်နှင့်တပြေးညီလုပ်ရသည့် စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များအတွင်း လုပ်အားခမြင့်တက်မှုအား ဧရာဝတီတိုင်းရှိ ကျေးရွာများအားလုံး၊ ရခိုင်ရှိ ရွာ (၃)ရွာနှင့် ရှမ်းပြည်နယ်ရှိ ရွာ(၅)ရွာတို့တွင် တွေ့ရသည်။ အချိန်လုလုပ်ရန်မလိုသော ထွန်ယက်ခြင်းအလုပ်မျိုးတွင် လုပ်အားခမြင့်တက်ခြင်းမျိုး မရှိပါ။

**ဇယား(၅)။ ရိတ်သိမ်းချိန် နေ့စဉ်လုပ်အားခ စျေးနှုန်းများ**

| ပြည်နယ်/တိုင်းဒေသ | ၂၀၁၂<br>ကျပ်/တစ်ရက်<br>(ကျား) | ၂၀၁၃<br>ကျပ်/တစ်ရက်<br>(ကျား) | ၂၀၁၂<br>ကျပ်/တစ်ရက်<br>(မ) | ၂၀၁၃<br>ကျပ်/တစ်ရက်<br>(မ) |
|---|---|---|---|---|
| ဧရာဝတီ | ၁၅၀၀ - ၂၅၀၀ | ၂၀၀၀ - ၃၅၀၀ | ၁၅၀၀ - ၂၅၀၀ | ၂၀၀၀ - ၃၅၀၀ |
| မကွေး | ဒေတာမရှိ | ၁၅၀၀ | ဒေတာမရှိ | ၁၅၀၀ |
| ရန်ကုန် | ၁၅၀၀ - ၃၀၀၀ | ၂၀၀၀ - ၃၀၀၀ | ၁၂၀၀ - ၂၅၀၀ | ၁၅၀၀ - ၂၅၀၀ |
| ရှမ်း[၈] | ၂၀၀၀ - ၃၀၀၀ | ၄၅၀၀ - ၅၀၀၀ | ၂၀၀၀ - ၅၀၀၀ | ၄၅၀၀ - ၅၀၀၀ |

**လုပ်သားရှားပါးခြင်းမှာ ရွှေ့ပြောင်းအလုပ်လုပ်မှုများလာခြင်း (သို့မဟုတ်) စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် အချိန်လုလုပ်ရခြင်းများကြောင့်ဟု ဧရာဝတီတိုင်းနှင့် မကွေးတိုင်းရှိတောင်သူများမှ ယူဆလျက်ရှိသည်။** ၎င်းဒေသမှ မြေယာမဲ့လုပ်သားများက အလုပ်ရှာရန်အတွက် ရာသီအလိုက်သော်လည်းကောင်း၊ ရေရှည်သော်လည်းကောင်း ရွှေ့ပြောင်းလုပ်ရသည်ဟု ဆိုကြသည်။ အပြင်ထွက်အလုပ်လုပ်မှု မြင့်မားလာကြောင်းနှင့် ၎င်းမှာ စိုက်ပျိုးရေးအဓိကအချိန် လုပ်သားရှားပါးမှုအား ပိုမိုဆိုးရွားစေကြောင်း ၎င်းဒေသနှစ်ခုစလုံးရှိ တောင်သူများနှင့်လုပ်သားများမှ ဆိုကြသည်။

**၎င်းဒေသများအတွင်း ရွှေ့ပြောင်းအလုပ်လုပ်မှုနှင့် လုပ်သားပုံစံများမှာ ရှုပ်ထွေးလျက် ကောက်ချက်ချရန် ခဲယဉ်းသည်။** ၎င်းဒေသနှစ်ခုအတွင်းရှိ ကျေးရွာတစ်ခုနှင့်တစ်ခုကြား အချက်အလက်များ နှိုင်းယှဉ်ခြင်းမှ အနည်းငယ်ကောက်ချက်ချနိုင်ဖွယ်ရာ ကျေးရွာအနည်းငယ်သာရှိသည်။ လက်တွေ့အမှန် ဆက်စပ်မှုများထက် ၎င်းတို့၏ ထင်မြင်ယူဆချက်များကိုသာ တောင်သူများမှပြောခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ကျေးရွာအုပ်ချုပ်ရေးမှူးများမှပေးသော ရွှေ့ပြောင်းလုပ်ကိုင်မှုဒေတာများမှာ မည်သည့်အဓိပ္ပါယ်ဖော်နိုင်သည့် မည်သို့သော ထင်ရှားသည့် ဆက်စပ်ချက်ကိုမှ မပေးပေ။

[၈] ၂၀၁၃ ဒေတာမှာ ကန်းတောင်းတစ်မြို့နယ်တည်းမှ ဒေတာဖြစ်ပြီး ၂၀၁၂ ဒေတာများမှာ ရွာ (၉) ရွာစလုံးမှ ဖြစ်သည်။ ၂၀၁၂ ဒေတာများအား ကန်းတောင်းတစ်မြို့နယ်ထဲမှယူပါက ကိန်းကဏန်းများအားလုံး တူညီမည်ဖြစ်သည်။

### ဇယား(၆)။ ရောဝတီတိုင်းနှင့် မကွေးတိုင်းရှိ လုပ်သားနှင့် ပြောင်းရွှေ့လုပ်ကိုင်မှု[၉]

| မြို့နယ် | ကျေးရွာ | အပြင်ထွက် အလုပ်လုပ်မှု (ကျေးရွာ လူဦးရေ၏%) ၂၀၁၂ | အပြင်ထွက် အလုပ်လုပ်မှု (ကျေးရွာ လူဦးရေ၏%) ၂၀၁၃ | ရိတ်သိမ်းချိန် လုပ်အားခများ ၂၀၁၂/၂၀၁၃ | ၂၀၁၂-၂၀၁၃ အတွင်းတိုး လာသော% |
|---|---|---|---|---|---|
| **လပွတ္တာ** | ကျွန်းချောင်း | ၄% | ၅% | ၂၅၀၀/၃၀၀၀ | ၂၀% |
| | ပေါက်တူး | ၁၂% | ၁၄% | ၁၅၀၀/၂၀၀၀ | ၃၃% |
| | ကံကြီးဒေါက် | ၅% | ၅% | ၂၅၀၀/၃၀၀၀ | ၂၀% |
| ဘိုကလေး | ကျွန်းကလေး | ဒေတာမရ | ဒေတာမရ | ၂၅၀၀/၃၀၀၀ | ၂၀% |
| | မဂူ | ၂% | ၂% | ၂၀၀၀/၂၅၀၀ | ၂၅% |
| | ခွေးချောင်း | ၈% | ၁၀% | ၂၅၀၀/၃၅၀၀ | ၄၀% |
| မော်လမြိုင်ကျွန်း | ထီးစကောင်း | ၂% | ၆% | ၂၅၀၀/၃၅၀၀ | ၄၀% |
| | မြစ်ကြီးဘိုး | ၈% | ၈% | ၁၅၀၀/၂၀၀၀ | ၃၃% |
| | ဖျာလိပ်အဝ | ၅% | ၈% | ၂၅၀၀/၃၅၀၀ | ၄၀% |
| | | | | | မကွေး |
| မင်းဘူး | စိုင်ရှင် | ၇% | ၉% | ၁၅၀၀/၁၅၀၀ | ၀% |
| | ကုန်းတန်း | ၅% | ၈% | ၁၅၀၀/၁၅၀၀ | ၀% |
| | ပတ်ပယ် | ၁% | ၃% | ၁၅၀၀/၁၅၀၀ | ၀% |
| မြိုင် | မြေနီပင် | ၉% | ၁၂% | ၁၅၀၀/၁၅၀၀ | ၀% |
| | မြေရင့် | ၂၀% | ၂၈% | ၁၅၀၀/၁၅၀၀ | ၀% |
| | သမင်ချောက် | ဒေတာမရ | ၇% | ၁၅၀၀/၁၅၀၀ | ၀% |
| အောင်လံ | ညောင်ပင်စိတ် | ၃% | ၆% | ၁၅၀၀/၁၅၀၀ | ၀% |
| | ကွဲသေ | ၁% | ၁% | ၁၅၀၀/၁၅၀၀ | ၀% |
| | ကျောက်တန်း | ၁% | ၁% | ၁၅၀၀/၁၅၀၀ | ၀% |

**ရောဝတီတိုင်းနှင့် မကွေးတိုင်းတို့တွင် လုပ်သားနှင့် ရွှေ့ပြောင်းလုပ်ပိုင်မှုနှင့် စပ်လျဉ်းပြီး ကွဲပြားမှုများရှိသည်။** ရောဝတီတိုင်းတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု တိုးသည်ဖြစ်စေ၊ မတိုးသည်ဖြစ်စေ ကျေးရွာအားလုံး၏ ရိတ်သိမ်းချိန်လုပ်အားခမှာ မြင့်မားလျက်ရှိသည်။ ကျေးရွာ ၈ရွာအနက် ၅ ရွာတွင် ရာသီအလိုက်နှင့် ရေရှည်ပြောင်းရွှေ့လုပ်ကိုင်မှု မြင့်တက်လာခြင်းမရှိသော်လည်း လုပ်အားခမှာ ကျေးရွာအားလုံးတွင် မြင့်တက်ခဲ့သည်ကို ဇယား(၆)တွင် လေ့လာနိုင်သည်။ မကွေးတွင် လုပ်သားနှင့်ပြောင်းရွှေ့လုပ်ကိုင်မှုများသည် ပုံစံတစ်မျိုးဖြစ်သည်။ ရိတ်သိမ်းချိန် လုပ်အားခများမှာ ၂၀၁၂နှင့် ၂၀၁၃ အတူတူပင်ဖြစ်သည်။ ရိတ်သိမ်းချိန် လုပ်သားခဈေးနှုန်းမှာ ကျေးရွာအားလုံးတွင် တစ်ရက် ၁၅၀၀ ကျပ်ဖြင့် အတူတူပင်ဖြစ်သော် ရွှေ့ပြောင်းလုပ်ကိုင်မှုအဆင့်နှင့် တိုးနှုန်းမှာ တစ်ရွာနှင့်တစ်ရွာအကြားသိသိသာသာ ကွဲပြားလျက်ရှိသည်။ ရောဝတီတောင်သူများကဲ့သို့ပင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း တင်ပြကြပြီး တစ်နှစ်တစ်နှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံဆုံးရှုံးရသဖြင့် ငွေကြေးကြပ်တည်းသည်ဟုလည်း ဆိုသည်။ ရောဝတီတိုင်းနှင့် ကွာခြားသည်မှာ လုပ်သားဈေးနှုန်း မပြောင်းလဲခြင်းပင်ဖြစ်သည်။ မကွေးတောင်သူများမှ လုပ်သားကို ဈေးကြီးပေးခေါ်ရန် မတတ်နိုင်ကြောင်း ပြောကြားကြသည်။ ၎င်းအခြေအနေအား ရင်ဆိုင်ကျော်လွှားရန် မိသားစုလုပ်အားကို ပိုသုံးခြင်း၊ သွင်းအားစုလျှော့ချခြင်းနှင့် လျှော့စိုက်ခြင်းတို့ကို ပြုလုပ်ကြသည်။ **မကွေးတိုင်းနှင့်မတူသည်မှာ ရောဝတီတောင်သူများသည် ငွေရေးကြေးရေး ကြပ်တည်းသော်လည်း သွင်းအားစုလျှော့ချခြင်းမျိုး မပြုလုပ်ကြပေ။** ရောဝတီကျေးရွာများတွင် တောင်သူများမှာ ရာသီဥတုပြဿနာများ၊ ငွေကြေးအခက်အခဲနှင့် ရာသီဖျက်ခြင်းကြောင့် သီးနှံဆုံးရှုံးရမှုများအား မပြတ်

[၉] ရာခိုင်နှုန်းများအား အနီးဆုံးတန်ဖိုးသို့ တိုးယူထားသည်။

ကြုံနေရသော်လည်း မိသားစုလုပ်အား ပိုထည့်ခြင်း၊ သွင်းအားစုလျှော့သုံးခြင်းမျိုး မပြုလုပ်ကြပေ။ မည်သည့်အတွက်ကြောင့် ထိုသို့ကွာခြားကြောင့် ရှင်းလင်းစွာမသိရပေ။ ပျမ်းမျှမြေပိုင်ဆိုင်မှုများခြင်း၊ စပါးသီးနှံစိုက်ပျိုးခြင်းများသည် လုပ်သားရှားပါးလျှင် မိသားစုလုပ်အား အစားထိုးရန် မလွယ်ကူသောကြောင့် ဖြစ်ကြောင်း ဖြစ်နိုင်သည်။

## လုပ်သားများ

လယ်ယာပြင်ပအချိန်များအတွင်း အလုပ်အကိုင်ခက်ခဲမှုအား လုပ်သားများမှ တင်ပြမြဲဖြစ်သည်။ ယခင် သုတေသနများမှာကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု၊ မြို့နယ်တစ်ခုနှင့်တစ်ခု အလုပ်အကိုင်အမျိုးအစား၊ ကျား/မ အလိုက် လုပ်အားခကွာခြားမှုများ ရှိသည်။

**လယ်ယာအဓိကအချိန်များတွင် တောင်သူများရုန်းကန်နေရသကဲ့သို့ လယ်ယာပြင်ပအချိန်များတွင် အလုပ်အကိုင်ခက်ခဲခြင်းကြောင့် မြေယာမဲ့လုပ်သားများလည်း ရုန်းကန်နေကြရသည်။** ဧရာဝတီတိုင်းရှိ မြေယာမဲ့များမှ ကျေးရွာများအတွင်း တစ်သီးစိုက်ပါက ရက် ၃၀-၆၀ အထိ အလုပ်ရနိုင်ပြီး နှစ်သီးစိုက်ပါက ၄၅ ရက်မှ ရက် ၁၀၀ အထိ အလုပ်ရနိုင်သည်ဟုဆိုသည်။ အလုပ်မရှိသည့်ကာလများတွင် မွေးမြူရေးလုပ်ခြင်း၊ ရာသီပေါ်အလုပ်များထွက်လုပ်ခြင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြည်ပစသည်တို့သို့ ရွေ့ရှည်ရွှေ့ပြောင်းလုပ်ကိုင်မှုများလုပ်ခြင်းတို့ဖြင့် ဝင်ငွေရှာကြသည်။

### သာဓက (၇) လုပ်ငန်းသုံးကိရိယာများမရှိခြင်းသည် အသက်မွေးမှုများအား အဟန့်အတားဖြစ်စေခြင်း။

(လုပ်အားခများ သိသိသာသာမြင့်တက်ခဲ့သော) ဧရာဝတီတိုင်းရှိ မြေယာမဲ့ အိမ်ထောင်စုတစ်စုသည် တစ်နှစ်ပတ်လုံး အလျင်မီအောင်ငွေရှာရန် ရုန်းကန်နေရပြီး လုပ်ငန်းသုံးကိရိယာ(ငါးဖမ်းပိုက်) မရှိခြင်းက ၎င်းင်းအိမ်ထောင်စုအတွက် ငွေရှာရန် အတားအဆီးတစ်ခု ဖြစ်လျက်ရှိသည်။ ၎င်းမိသားစုတွင် လင်ယောကျ်ား၊ မိန်းမလုပ်သူနှင့် သားသမီး(၃)ဦးရှိသည်။ သမီးတစ်ယောက်မှာ ၁၅ နှစ်ရှိပြီဖြစ်ပြီး ကျန်ကလေးနှစ်ယောက်မှာ သုံးတန်းနှင့် လေးတန်းကျောင်းသားများ ဖြစ်ကြသည်။ ၎င်းမိသားစုသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် NGO များမှ ထောက်ပံ့ထားသော သက်ငယ်မိုးခြေတံရှည်ဝါးတဲလေးတွင် နေထိုင်ကြသည်။

**မိသားစုတွင် အိမ်ထောင်ပစ္စည်းအနည်းငယ်ရှိသော်လည်း စုဆောင်းငွေမရှိပါ။ သို့သော် ကလေးငယ်နှစ်ယောက်ကို ကျောင်းဆက်လက်ထားလိုကြသည်။** အဝတ်အထည်အနည်းငယ်၊ ခြင်ထောင်တစ်လုံး၊ ငါးဖမ်းပိုက်အဟောင်းတစ်ခုမှအပ များများစားစားပိုင်ဆိုင်မှုမရှိပေ။ အမျိုးသမီးလုပ်သူမှ သူ့သားသမီးအငယ်နှစ်ယောက်ကို ကျောင်းထားထားသော်လည်း ယခင်အိမ်ထောင်နှင့်ရသော သူ့သမီး အကြီးဆုံးမှာ ကျောင်းပင်မနေဖူးသောကြောင့် စာမတတ်ဟုဆိုသည်။ နာဂစ်မုန်တိုင်းအပြီး NGO ဝန်ထမ်းများ ရွာသို့လာရောက်ကြသည်ကိုမြင်ပြီး ပညာတတ်လျှင် ထိုသို့အခွင့်အရေးများရနိုင်သည်ဟု ခံစားမိသောကြောင့် အငယ်နှစ်ယောက်အား ကျောင်းထားထားခြင်းဖြစ်သည်ဟုဆိုသည်။

**မည်သို့ပင်ဖြစ်စေ ၎င်းမိသားစုမှာ တစ်နှစ်ပတ်လုံးရသမျှနေရာမှ ဝင်ငွေရှာလျက်ရှိသော်လည်း ငါးရှဥ့်မြှုံးများ၊ ငါးဖမ်းပိုက်များမရှိခြင်းကြောင့် ငွေရှာရန် ခဲယဥ်းလျက်ရှိသည်။** အမျိုးသားလုပ်သူမှာ အဓိကဝင်ငွေရှာသူဖြစ်ပြီးတစ်လနှင့်တစ်လ နည်းလမ်းအစုံဖြင့်ဝင်ငွေရှာသည်။မြန်မာနှစ်သစ်ကူးလ ဧပြီလတွင် မြေပြင်ခြင်းများအတွက် လယ်ယာလုပ်သားအဖြစ် အလုပ်လုပ်ပြီး တစ်ရက် ၃၀၀၀ ကျပ်နှုန်းဖြင့် တစ်လစာ ကျပ် ၃၀,၀၀၀ခန့်ရသည်။ မေလတွင် ၎င်းရှိသော ငါးဖမ်းပိုက်အဟောင်းလေးဖြင့် ငါးပုတ်သင် ဖမ်းသည့်အလုပ်ကိုလုပ်ရာ (ငါးပုတ်သင်မှာ မေတစ်လတည်းတွင်သာ ဖမ်းရသည်) တစ်နေ့ ၁၅၀၀ ကျပ်နှုန်းဖြင့် တစ်လစာ လေးသောင်း (သို့) လေးသောင်းခွဲခန့်ရသည်။ ဇွန်လမှ စက်တင်ဘာလအတွင်းတွင် ငါးရှဥ့်မြှုံးထောင်ခြင်းအလုပ်ကို လုပ်သည်။ ငါးရှဥ့်မြှုံးတစ်ခုလျှင် ငါးရာ ကျပ်ခန့်ပေးရပြီး မြှုံးအခု ၂၀ လောက်သာ တတ်နိုင်သောကြောင့် ငါးရှဥ့်အရနည်းသည်။ ၎င်းလများအတွင်း အိမ်စရိတ်ဖယ်အပြီး တစ်နေ့ ကျပ် ၁၀၀၀ ခန့် စုမိသည်။ အောက်တိုဘာမှ ဒီဇင်ဘာသည် လယ်ယာလုပ်ငန်းလများဖြစ်သည်။ သို့သော် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများသည် အလုပ်အကိုင်ရှားပါးသောလများဖြစ်သည်။ ၎င်းလများတွင် မိသားစုသည် စုထားသော ငွေအနည်းငယ်နှင့် ဒေသတွင်းပေါက်သော ဟင်းရွက်များကိုသာ အားကိုးစားသောက်ကြရသည်။ သို့သော် ၎င်းအရွက်များအား

ရွံ့တောဗွက်တောဖြတ်လျက် မြွေပေါသောနေရာများတွင် သွားရာကြရာ အလွန်အန္တရာယ်များသည်။ ဧပြီလတွင် ဇနီးနှင့်သမီးလုပ်သူမှာ ငါးဒိုင်မှ ငါးယူပြီး အရပ်ထဲလှည့်ရောင်းကြသည်။ မေလတွင် ဂဏန်းသေးသေးလေးများ ဖမ်းရတတ်ပြီး ငါးဒိုင်ယူကာ ပြန်ရောင်းကြသည်။ ဇွန်လနှင့် ဇူလိုင်လများတွင် ပျိုးနှုတ်ကောက်စိုက်ခြင်းမှ ၄၅ ရက်စာ အလုပ်ရကြသည်။ ဩဂုတ်နှင့် စက်တင်ဘာလများတွင် အလုပ်မရှိသလောက်ပင်ဖြစ်သည်။ မိသားစုမှာ စုဆောင်းငွေနှင့် ငွေပိုငွေလျှံမရှိသော်လည်း ကလေးများအား ကျောင်းဆက်ထားထားကြသည်။ သမီးကြီးမှာ ဟင်းရွက်လိုက်ခူးပြီးလည်း ဝင်ငွေရှာသည်။

**မိသားစုမှာ အသေးစားငွေချေးလုပ်ငန်းမှ ချေးငွေယူရန် မရဲပေ။** အချိန်မီ ပြန်မဆပ်နိုင်မည်စိုးသောကြောင့် ချေးငွေမယူလိုကြောင်း ပြောခဲ့သည်။ **စားဝတ်နေရေးအတွက် ရုန်းကန်နေရသော်လည်း တစ်နပ်လျှော့စားရခြင်းမျိုးမရှိဘဲ တစ်ခါတစ်ရံ ထမင်း၊ ငါးပိနှင့် သရက်သီးတို့ဖြင့် ပြီးလိုက်ရသည်များ ရှိသည်ဟုဆိုသည်။** ကလေးများမှာ ကြက်ဥပြုတ် တစ်ဝက်စီသာ စားရတတ်သည်။

**ယခင်သုတေသနများမှာကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု၊ မြို့နယ်တစ်ခုနှင့်တစ်ခု အလုပ်အကိုင်အမျိုးအစား၊ ကျား/မ အလိုက် လုပ်အားခကွာခြားမှုများရှိသည်။** မကွေးတွင် လုပ်အားခအနိမ့်ဆုံးဖြစ်ပြီး အမျိုးသမီးများလုပ်ရသည့် စိုက်ပျိုးခြင်း၊ ပေါင်းနုတ်ခြင်း၊ ရိတ်သိမ်းခြင်းများအတွက် တစ်နေ့လုပ်အားခမှာ ၁၅၀၀ ကျပ်ဖြစ်ပြီး ထွန်ယက်ခြင်း၊ ပဲတီစိမ်းနှုတ်ခြင်းစသည့် အမျိုးသားများလုပ်ရသော အလုပ်များအတွက် လုပ်အားခမှာ တစ်နေ့ ၂၀၀၀ ကျပ်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် လုပ်အားခ အတော်အတန်များသည်ကို တွေ့ရသည်။ လုပ်အားခမှာ အလုပ်အကိုင်အမျိုးအစားခြင်းတူသော်လည်း အမျိုးသမီးများအတွက် လျော့နည်းသည်ကို တွေ့ရသည်။ လုပ်အားခမှာ မဟာဆန်မုန်တိုင်းဝင်ရောက်ခဲ့သည့် မြို့နယ်တစ်ခုမှအပ ရခိုင်ပြည်နယ် မြို့နယ်များအားလုံးတွင် အတူတူပင်ဖြစ်သည်။ ၎င်းမြို့နယ်တွင် မုန်တိုင်းကြောင့် ပျက်စီးသွားသော တာဘောင်များအား စိုက်ချိန်အမီ ပြန်ဖို့ရန်လိုသောကြောင့် လုပ်သားလိုအပ်ချက်မြင့်တက်ခဲ့သည်။ လုပ်အားခများမှာ ရှမ်းပြည်နယ်တွင် အမြင့်ဆုံးဖြစ်သည်။ အထူးသဖြင့် ထိုင်းနယ်စပ်မြို့ ကန်းတောင်းတွင် အမြင့်ဆုံးဖြစ်ပြီး ထွန်ယက်ခြင်းနှင့် စိုက်ပျိုးခြင်းများအတွက် တစ်နေ့လုပ်အားခမှာ ၅,၀၀၀-၆,၀၀၀ ကျပ်၊ ရိတ်သိမ်းခြင်းအတွက် ၄,၅၀၀-၅,၀၀၀ ကျပ်နှင့် ပျိုးနှုတ်ကောက်စိုက်ခြင်းအတွက် လုပ်အားခမှာ ယခင်နှစ် တစ်နေ့ ၈,၀၀၀ မှ ယခုနှစ် ၁၀,၀၀၀ ကျပ်အထိ တက်သွားခဲ့သည်။

**သာဓက (၈) အမျိုးသားလွှမ်းမိုးထားသော အလုပ်သမားဈေးကွက်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအား ပိုမိုခက်ခဲစေခြင်း။**

**ရခိုင်တွင် အသက် (၄၈) နှစ်အရွယ်၊ နားသိပ်မကြားသော အိမ်ထောင်ကွဲအမျိုးသမီး ဒေါ်ခင်ဝင်းသည် အသက်(၁၈)နှစ်အရွယ်သမီး၊ (၈)နှစ်သား သားငယ်နှင့် အသက်(၈၀)အရွယ် အမေအိုတို့နှင့် အတူနေထိုင်သည်။** သူမနှင့် သူမသမီးသည် မိသားစုအတွင်း အဓိကဝင်ငွေရှာသူများ ဖြစ်သည်ဟုဆိုသည်။ သူတို့နှစ်ယောက်စလုံးသည် ဇွန်လတွင် ကောက်စိုက်ပျိုးနှုတ်ခြင်းအလုပ်အား တစ်ယောက် ရက် ၂၀ စီ လုပ်ကြသည်။ ၎င်းနောက် တာဖို့သည့် အလုပ်အား နှစ်စဉ်လုပ်ကြသည်ဟုဆိုသည်။ ရခိုင်ရှိ လယ်သမားများသည် ဆားငန်ရေဝင်မည်စိုးသောကြောင့် ရိတ်သိမ်းပြီးတိုင်း လယ်တာပတ်သည့် အလုပ်အား (၅) ရက်တာမျှ လုပ်နေကြဖြစ်သည်။ တာဖို့သည့် အလုပ်ကိုလုပ်ခြင်းခြင်း တစ်နေ့ ၁,၅၀၀ ကျပ်နှုန်းဖြင့် တစ်နှစ်လျှင် ရက် (၄၀) မျှ အလုပ်ရနိုင်သည်။ တာဖို့သည့် အလုပ်တွင် ယောကျ်ားရောမိန်းမပါ ပါဝင်လုပ်ကိုင်၍ ယောကျ်ားများက မြေတူးပြီး မိန်းမများက မြေသယ်သည့် အလုပ်ကို လုပ်ကိုင်ကြသည်။ တာဖို့သည့်အလုပ်အပြီးတွင် သားအမိနှစ်ယောက်သည် ရွာထဲရှိ မီးသွေးဖိုအတွက် ထင်းသယ်သည့် အလုပ်အားလုပ်ကြသည်။ ၎င်းကျေးရွာတွင် မီးသွေးလုပ်ငန်းလုပ်သူ အိမ်ထောင်စု (၁၀)စု ခန့်ရှိသည်။ ၎င်းအလုပ်အား တစ်နှစ်တွင်း ၃ပတ်မျှ လုပ်နိုင်သည်။ ၎င်းနောက် စပါးရိတ်ချိန်ရောက်လာပြီး သားအမိနှစ်ယောက်သည် စပါးရိတ်သည့်အလုပ်အား ရက် (၂၀) မျှလုပ်ကြရသည်။ စပါးရိတ်လျှင် တစ်ရက် ၁,၅၀၀ ကျပ်ရသည်။ မိသားစုစားဝတ်နေရေး ခက်ခဲ

ကြောင်း အလုပ်မရှိလျှင် အိမ်နီးနားချင်းများနှင့် ဈေးဆိုင်များမှ ဆန်(သို့) ပိုက်ဆံချေးရကြောင်း ၎င်းမိသားစုမှပြောခဲ့သည်။ တောင်သူများနှင့် မီးသွေးဖိုများဆီမှလည်း ငွေကြိုယူရကြောင်း ပြောသည်။ ၈ နှစ်သား သားငယ်မှာ သုံးတန်းအထိသာ ကျောင်းတက်ခဲ့ပြီး မတတ်နိုင်သဖြင့် ကျောင်းဆက်မထားနိုင်တော့ပေ။ **၎င်းမိသားစုမှာ တစ်ခါတစ်ရံ ဆာလောင်ငတ်မွတ်မှုကို ခံစားရကြောင်း ပြောသည်။ မိသားစုအတွင်း အားကိုးအားထား ယောကျ်ားသားမရှိခြင်းနှင့် သူမ နားတစ်ဖက်လေးနေခြင်းများသည် အလုပ်ရရန် ခဲယဉ်းစေသည်ဟု ဆိုသည်။** အခြားမိသားစုများနှင့်နှိုင်းယှဉ်လျှင် ၎င်းတို့မှာ အလုပ်အကိုင်ရရန် အခွင့်အလမ်းပိုနည်းကြောင်း၊ တစ်ခါတစ်ရံ မနက်စာ ညစာပေါင်းစားရသည်များရှိကြောင်းနှင့် ငါးပိနှင့်ထမင်းသာ မကြာခဏ အားထားစားရကြောင်း ပြောခဲ့သည်။ ၎င်းကျေးရွာသည် ရေလုပ်ငန်း အဓိကလုပ်သောရွာဖြစ်သောကြောင့် ရေလုပ်ငန်းမှာ ယောကျ်ားသားများသာ လုပ်ကြရပြီး ယောကျ်ားသားမရှိသော မိသားစုများအတွက် အခက်အခဲဖြစ်စေသည်။

"ရှမ်းပြည် တောင်ပိုင်းတွင် နိုင်ငံရေးပါတီများ၏ပြိုင်ဆိုင်မှုသည် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုအား အားပေးနေသကဲ့သို့ ဖြစ်နေသည်။"

**ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်တွင် ဘိန်းအမြောက်အမြား ထုတ်လုပ်ခွင့်ပေးနိုင်သည်၊ ဘိန်းထုတ်လုပ်မှုမှ လုပ်သားများအား ပုံမှန်လယ်ယာလုပ်ငန်းထက် လုပ်ခများများပေးနိုင်သည်ဟု လာမည့်ရွေးကောက်ပွဲများမှ မက်လုံးများပေးလျက်ရှိသည်ဟု ယူဆလျက်ရှိသည်။** တောင်ပေါ်ဘိန်းစိုက်ခင်းများတွင် အလုပ်လုပ်ပါက သာမန်စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သည်ထက် လုပ်ခနှစ်ဆ ရနိုင်သည်ဟု ဒေသခံများကဆိုသည်။ အပစ်အခတ်ရပ်စဲပြီးနောက်တွင် ရွာသားများမှာ စစ်တပ်နှင့်ရော ဒေသခံတပ်များနှင့်ပါ ပိုမိုနားလည်မှုရလာသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက်က ပြောခဲ့သည်။ ၎င်းဒေသသည် ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုဖြစ်သည်။ ၂၀၁၅ တွင် ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်သောကြောင့် အစိုးရက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို တင်းကျပ်စွာ ဟန့်တားခြင်းမပြုပါက ၎င်းတို့အနေနှင့်လည်း ဟန့်တားလိုစိတ်မရှိဟု ပအိုဝ်အမျိုးသားအဖွဲ့အစည်းမှ အရာရှိတစ်ယောက်က ပြောကြားခဲ့သည်။

"ချေးငွေရနိုင်သည့်နေရာများ ပိုများလာသည် ဆိုသော်လည်း ၎င်း၏ သက်ရောက်မှုမှာ ရောထွေးလျက်ရှိသည်။ စိုက်ဘဏ်ချေးငွေနှင့် ကျေးရွာအဆင့် ငွေကြေးအလွဲသုံးစားလုပ်မှု ပြဿနာများအား သိခဲ့ရသည်"

## အကြွေးနှင့် ချေးငွေ

**QSEM 3 တွင် ချေးငွေနှင့်ပတ်သက်ပြီး ပြောင်းလဲမှုအနည်းငယ်တွေ့ရပြီး အထူးသဖြင့် ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့တွင် ချေးငွေပေးသွင်းမှုများ များလာပြီး အသက်မွေးအုပ်စုများ၏ အတိုးနှုန်းများလည်း ကျဆင်းသွားသည်ကို တွေ့ရသည်။** ဇယား(၇)တွင် အတိုးနှုန်းကျဆင်းမှု အသေးစိတ်အား ဖော်ပြထားသည်။ ၎င်းတွင် ငွေချေးသူများ၏ အတိုးနှုန်းများ ဧရာဝတီတိုင်းရှိ ရွာများအားလုံး မကွေးတိုင်းရှိ အချို့ရွာများနှင့် ရခိုင်နှင့် ရှမ်းပြည်နယ်များတွင်(အနည်းငယ်) အသီးသီးလျော့ကျသွားသည်ကို တွေ့နိုင်သည်။

ချေးငွေရနိုင်သည့်နေရာများတိုးလာခြင်းနှင့် အတိုးနှုန်းများကျဆင်းသွားမှုအတွက် သက်ရောက်မှုများအား ဖော်ထုတ်ရန် စောလွန်းသေးသော်လည်း တောင်သူများမှာ အမြတ်အစွန်းရနိုင်မှုနည်းခြင်းကြောင့် အကြွေးနှင့် ရုန်းကန်နေရဆဲဖြစ်သည်။ ဒေသအလိုက်ကွဲပြားမှုများလည်း တွေ့နိုင်သည်။ ဧရာဝတီတိုင်းတွင် ငွေချေးသူများမှာ ချေးငွေကို ချေးငွေရနိုင်သော နေရာအမျိုးမျိုးမှချေးယူကြပြီး အတိုးအားတစ်နေရာမှချေးလိုက် တစ်နေရာသို့ဆပ်လိုက်ဖြင့် ပြုမူလျက်ရှိသည်။ ဧရာအတီတိုင်းရှိ ကျေးရွာတစ်ရွာတွင် အမျိုးသမီးများအားလုံးသည် အသေးစားငွေချေး အစီအစဉ်တစ်ခုထံမှ ချေးယူလျက်ရှိပြီး ငွေပြန်ဆပ်ရန် လာကောက်ချိန်တွင် လယ်ကွင်းများထဲ (သို့) အိမ်တွင် ပုန်းနေကြသည်ဟုဆိုသည်။ ချေးငွေရနိုင်သော နေရာများတိုးပွားလာသော်လည်း ရာသီဥတုမမှန်ခြင်းကြောင့် ပြန်ဆပ်ရန်အခက်ကြုံနေရကြောင်း ဧရာဝတီ၊ မကွေး၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ရှိ တောင်သူများမှပြောခဲ့သည်။ တောင်သူများမှာ စွန့်စားရန်ဆန္ဒရှိပုံမရပေ။ ရာသီဥတုမကောင်းသောကြောင့် ပမာဏများစွာ မရင်းနှီးလိုဟု ပြောခဲ့သည်။

**ဇယား(၇)။ ငွေချေးရာ နေရာအမျိုးမျိုးမှ အတိုးနှုန်း အပြောင်းအလဲများ**[၁၀]

| ဒေသ | အတိုးနှုန်း အပြောင်းအလဲရှိသော ကျေးရွာအရေအတွက် | ချေးငွေရရှိရာ နေရာများ | QSEM1 (သို့) QSEM 2 ပါ လစဉ်အတိုးနှုန်း | QSEM3အတွင်း ကျေးရွာများရှိ လျော့သွားသော လစဉ်အတိုးနှုန်း |
|---|---|---|---|---|
| ဧရာဝတီတိုင်း | ၉ ရွာတွင် ၉ ရွာ | စိုက်ဘဏ် | ဒေတာမရ | ၀.၇၁% |
| | ၉ ရွာတွင် ၈ ရွာ | NGO များ | ၂-၃% | ၁.၈-၂% |
| | ၉ ရွာတွင် ၉ ရွာ | ရွှေဆိုင် | ၃-၅% | ၂-၃% |
| | ၉ ရွာတွင် ၉ ရွာ | ပုဂ္ဂလိကငွေချေးသူ | ၅-၂၀% | ၅-၁၀% |
| | ၇ ရွာတွင် ၇ ရွာ | ဓာတ်မြေဩဇာဆိုင် | ၃-၅% | ၂-၃% |
| မကွေး | ၆ ရွာတွင် ၆ ရွာ | စိုက်ဘဏ် | ၁.၄၁% | ၀.၇၁% |
| | ၉ ရွာတွင် ၂ ရွာ | ပုဂ္ဂလိကငွေချေးသူ | ၇-၁၀% | % |
| | ၉ ရွာတွင် ၄ ရွာ | ကျေးရွာပိုင်ငွေ | ၅% | ၂-၄% |
| ရခိုင် | ၆ ရွာတွင် ၆ ရွာ | စိုက်ဘဏ် | ၁.၄၁% | ၀.၇၁% |
| | ၄ ရွာတွင် ၂ ရွာ | ကျေးရွာပိုင်ငွေ | ၄% | ၃% |
| | ၈ ရွာတွင် ၀ ရွာ | ပုဂ္ဂလိကငွေချေးသူ | ၈-၁၅% | မပြောင်း |
| ရှမ်း | ၂ ရွာတွင် ၂ ရွာ | စိုက်ဘဏ် | ၁.၄၁% | ၀.၇၁% |
| | ၂ ရွာတွင် ၂ ရွာ | ကျေးရွာပိုင်ငွေ | ၅% | ၅% |
| | ၆ ရွာတွင် ၀ ရွာ | ပြောင်းပွဲစား | ၇% | မပြောင်း |

**စိုက်ဘဏ်ချေးငွေနှင့်ပတ်သက်သော ပြဿနာအချို့အား ကြားသိရသည်။ ဘဏ္ဍာငွေ အလွဲသုံးစား လုပ်မှုဟု ယူဆရမှုများကြောင့် စိုက်ဘဏ်ချေးငွေအား ပြန်ဆပ်ရန်အခက်ကြုံလျက်ရှိကြောင်း ဧရာဝတီ တိုင်းတွင်ရှိ ရွာအားလုံးထံမှ ကြားသိခဲ့ရသည်။** ငွေချေးသူများသည် စိုက်ဘဏ်၏စည်းမျဉ်းစည်းကမ်းများ အား မလိုက်နာကြဟု ဧရာဝတီတောင်သူများက ဆိုသည်။ စိုက်ဘဏ်သည် ချေးငွေအား တောင်သူများ ကိုသာ ချေးပေးသော်လည်း မြေပိုင်ရှင်များမှာ ရလာသောချေးငွေအား တစ်ယောက်တစ်ဝက် ခွဲဝေယူ ခွင့်ရမှသာ သူရင်းငှားတောင်သူများအား ငွေချေးခွင့်ပေးသည်။ ထိုသို့ဖြင့် တစ်ကေလျှင် မြေပိုင်ရှင်နှင့် သူရင်းငှားတောင်သူမှာ တစ်ယောက် ၅၀,၀၀၀စီ ချေးငွေခွဲယူကြသည်။ သူရင်းငှားတောင်သူမှာ ချေးငွေ အား ပြန်လည်ပေးဆပ်နိုင်သော်လည်း မြေပိုင်ရှင်မှာ ချေးထားသောငွေများအား လယ်ယာတွင် ပြန်လည် ရင်းနှီးမြှုပ်နှံရမည့်အစား စားစရိတ်နှင့် အခြားစရိတ်များတွင် သုံးစွဲလိုက်သဖြင့် ပြန်မဆပ်နိုင်တော့ပေ။ ချေးငွေပေးဆပ်မှုပုံစံမှာ ဝိုင်းကြီးချုပ်စနစ်ဖြစ်သောကြောင့် တစ်ယောက်မဆပ်နိုင်လျှင် အဖွဲ့တစ်ဖွဲ့လုံး မဆပ်နိုင်တော့ပေ။ ရွာတစ်ရွာတွင် ထိုကဲ့သို့ဖြစ်စဉ်မျိုး ၁၄ ခုရှိသည်ဟုကြားသိခဲ့ရသည်။ မြေပိုင်ရှင်များမှ စိုက်ဘဏ်မှချေးငွေထုတ်ယူနိုင်ရန် လုံးဝစိုက်ပျိုးခြင်းမလုပ်ဘဲ ပေါင်နှံထားသော ၎င်းတို့မြေအား ကျေးရွာ အုပ်ချုပ်ရေးမှူးလက်မှတ်ဖြင့် ထုတ်ယူနေကြသည်များလည်း ရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှလည်း ၎င်းအား မသိချင်ယောင်ဆောင်ပေးထားသည်။

[၁၀] စိုက်ဘဏ်အတိုးနှုန်းမှအပ ကျန်သည့်နှုန်းများအား အနီးဆုံးတန်ဖိုးသို့ တိုးယူထားသည်။ စိုက်ဘဏ်အတိုးမှာ အနီးဆုံးတိုးမယူလျှင် ၅၀%မျှအထိ ကျဆင်းသွား သော်လည်း မသိသာသောကြောင့်ဖြစ်သည်။

**ဇယား(၈)။ ခန့်မှန်းခြေ ကြွေးတင်ရှိမှု(ကျပ်ထောင်ပေါင်း)**[၁၁]

| အသက်မွေး အုပ်စု | အနည်းဆုံး QSEM 1/2 | အနည်းဆုံး QSEM 3 | အများဆုံး QSEM 1/2 | အများဆုံး QSEM 3 | ပျမ်းမျှ QSEM 1/2 | ပျမ်းမျှ QSEM 3 |
|---|---|---|---|---|---|---|
| ဧရာဝတီတိုင်း | | | | | | |
| တောင်သူ | ၅၀ | ၅၀ | ၂၀၀၀ | ၂၀၀၀ | ၈၀၀ | ၈၀၀ |
| မြေယာမဲ့ | ၁၀ | ၁၀ | ၂၀၀ | ၂၀၀ | ၈၀ | ၈၀ |
| ရေလုပ်သား | ၁၀ | ၁၀ | ၅၀၀ | ၅၀၀ | ၁၀၀ | ၁၀၀ |
| မကွေး | | | | | | |
| တောင်သူ | ၁၀၀ | ၁၀၀ | ၁၅၀၀ | ၃၀၀၀ | ၁၀၀၀ | ၁၅၀၀ |
| မြေယာမဲ့ | ၄၀ | ၅ | ၁၀၀ | ၁၀၀၀ | ၆၀ | ၅၀၀ |
| ရခိုင် | | | | | | |
| တောင်သူ | ၅၀ | ၁၂ | ၃၀၀ | ၇၀၀ | ၁၅၀ | ၂၀၀ |
| မြေယာမဲ့ | ၁၀ | ၅ | ဒေတာမရ | ၃၀၀ | ၁၀၀ | ၁၇၀ |
| ရေလုပ်သား | ၁၀ | ၁၅ | ၆၀၀ | ၇၈၀ | ၅၀ | ၁၅၀ |
| ရှမ်း | | | | | | |
| တောင်သူ | ၁၀-၁၅၀ | ၂၀ | ဒေတာမရှိ | ၇၅၀ | ဒေတာမရှိ | ၂၀၀ |
| မြေယာမဲ့ | ဒေတာမရှိ | ၄၀ | ဒေတာမရှိ | ၁၀၀ | ဒေတာမရှိ | ၅၀ |

**သာဓက (၉) ပြောကြားလာသော ကျေးရွာအုပ်ချုပ်သူများမှ စိုက်ဘဏ်ချေးငွေများအား အလွဲသုံးစားလုပ်မှု**

ရွာတစ်ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက်သည် ငွေချေးသူများ၏ လက်မှတ်အတု များပြုလုပ်လျက် စိုက်ဘဏ်ချေးငွေရယူပြီးနောက် ၎င်းရာသီအတွက် စိုက်ဘဏ်ချေးငွေမရဟု ငွေချေးသူများအား လိမ်ပြောပြီးနောက် ချေးငွေများအား အိတ်ထဲထည့်လိုက်လေသည်။ ၎င်းကိစ္စအား စိုက်ဘဏ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်ထံသို့ တောင်သူများချေးငွေပြန်ဆပ်ကြရန် အကြောင်းကြားစာ ရောက်လာသည့်အခါတွင် တောင်သူများမှ ၎င်းတို့ချေးငွေမယူထားကြောင်းပြောရာမှ သိရှိခဲ့သည်။ ထိုအခါမှသာ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးသည် အလွဲသုံးစားမှုအားဝန်ခံပြီး ကြေးတိုင်နှင့် မြေစာရင်းမှ ဘဏ္ဍာငွေများနှင့်အတူ စိုက်ဘဏ်ငွေအား ၎င်းမြေရောင်းပြီးပြန်ဆပ်ပါမည်ဟု ကတိပေးခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်မှ ၎င်းအမှုအား အာဏာပိုင်များသို့မတိုင်ကြားသည်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းနှင့်အတူ မသမာမှုပြုလုပ်ခဲ့သော စိုက်ဘဏ်နှင့် ကြေးတိုင်နှင့် မြေစာရင်းမှ အစိုးရဝန်ထမ်းများ အလုပ်ပြုတ်သွားမည်စိုးသောကြောင့်ဟု ဆိုခဲ့သည်။

"တောင်သူများမှာ ညှိနှိုင်းအရေး ဆိုနိုင်မှုတွင် အခက်အခဲများ ရင်ဆိုင်နေရသော်လည်း ဈေးနှုန်း သတင်းအချက်အလက်သည် အကြီးမားဆုံး အခက်အခဲမဟုတ်ဘဲ ကြွေးတင်ရှိမှုနှင့် ဈေးကွက်လက်လှမ်းမီမှုဆက်စပ်မှုများကသာ ပိုမိုသိသာ ထင်ရှားနေသည်"

**ဈေးကွက်များ**

**ဈေးကွက်များ၊ အိမ်ထောင်စုများနှင့် ပွဲစားများအကြား ဆက်ဆံရေးတို့တွင် သိသာသောပြောင်းလဲမှု အနည်းငယ်တွေ့ရသည်။ သို့သော် QSEM 3 ၏ ဈေးကွက်လက်လှမ်းမီမှု၊ ညှိနှိုင်းအရေးဆိုနိုင်မှု အကန့်အသတ်များနှင့် ဈေးနှုန်းသတင်း အချက်အလက်များသည် ယခင်သုတေသနတွေ့ရှိချက်များနှင့် သိသာထင်ရှားစွာ ပြောင်းလဲမှုမရှိပေ။** ဈေးနှုန်းသတင်းအချက်အလက်များ၏ အရေးကြီးမှုနှင့် အစဉ်အဆက်ဖြစ်ပျက်လျက်ရှိသော ဈေးကွက်လက်လှမ်းမီမှု၊ အကြွေး၊ ပွဲစား/အိမ်ထောင်စုဆက်ဆံရေး၊ ဈေးကွက်သို့ ပို့ဆောင်စရိတ်၊ ညှိနှိုင်းအရေးဆိုနိုင်မှုပြုနိုင်သော အိမ်ထောင်စုအဆင့် ကုန်သိုလှောင်မှု အစီအမံများအကြား တွေ့ရှိချက်များ အဓိကပါဝင်သည်။

**ယခင်သုတေသနများတွင် ဈေးနှုန်းသတင်းအချက်အလက်ရရှိမှုမှာ အခက်အခဲတစ်ရပ်အနေဖြင့် ရှိခဲ့သော်လည်း ဈေးနှုန်းသတင်းစုံစမ်းနိုင်သည့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုများ တိုးတက်လာသည့် (ဧရာ**

[၁၁]၎င်းဒေတာများမှာ ကွင်းဆင်းလေ့လာမှုအပေါ် အခြေခံကောက်ယူထားခြင်းမဟုတ်သောကြောင့် အကြမ်းဖျင်းခန့်မှန်းခြေအဖြစ်သာ ယူဆလို့ရသည်။ သို့သော် Purposive နမူနာကောက်ယူမှုပုံစံဖြင့် ရွေးချယ်ထားသော အိမ်ထောင်စုများနှင့် အုပ်စုလိုက်မေးမြန်းသူများတွင် ၈၀%မှာ ဆင်းရဲသောအိမ်ထောင်စုများမှ ဖြစ်သည်။

**ဝတီတိုင်း)ဒေသတွင် ၎င်းအခက်အခဲမှာ အနည်းငယ်သာရှိတော့သည်။** ၎င်းအတွက် အကြောင်းအရင်းများစွာတည်ရှိနေပြီး ၎င်းအကြောင်းအရင်းများအတွက် ပွဲစား/အိမ်ထောင်စုအကြား ဆက်ဆံရေး၊ အကြွေး/ချေးငွေနှင့် မိသားစုအတွင်းရှိ အခြားညှိနှိုင်းအရေး ဆိုနိုင်မှုစွမ်းရည်များအားလုံးမှာ အရေးပါကြောင်း ထောက်ပြနေသည်။ တောင်သူကြီးများမှာ ဖုန်းများရှိသည့်အတွက် ဈေးနှုန်းသတင်းအချက်အလက် အတိအကျရရှိကြကြောင်းနှင့် ဆန်စက်များ၊ ကုန်သည်များနှင့် ယခင်တည်ဆောက်ထားသောဆက်ဆံရေးများကြောင်း ၎င်းတို့နှင့်ပင် ရောင်းဝယ်မှုပြုလုပ်လိုကြသည်ဟုဆိုသည်။ ဧရာဝတီတိုင်းရှိဆန်စက်များမှာ တောင်သူကြီးများအား ဈေးပေါပေါဖြင့် ငွေချေးပေးရာနေရာလည်းဖြစ်သည်။ ထို့ကြောင့်တောင်သူကြီးများသည် ၎င်းတို့နှင့်အချိတ်အဆက်ရှိသော ဆန်စက်များကိုသာ ဆက်လက်ရောင်းလိုစိတ်ရှိသည်။ ရိတ်သိမ်းပြီးပြီးချင်း အလျင်အမြန် ရောင်းထုတ်ရခြင်းမှာ ကြွေးတင်ရှိမှု၊ အတိုးနှုန်းကြီးမှုနှင့် ကုန်သိုလှောင်နိုင်မှုမရှိမှု စသည်တို့ကြောင့်ဖြစ်သည်ဟု တောင်သူငယ်များက ဆိုသည်။ တောင်သူငယ်များမှရိတ်သိမ်းပြီးပြီးချင်း အမြန်ရောင်းထုတ်ရခြင်းမှာ အကြွေးများနှင့် ဈေးကောင်းရချိန်ထိ သိုလှောင်ထားရန် အစီအမံများမရှိခြင်းကြောင့်ဟု ဆိုသည်။ NGO တစ်ခုမှ ဈေးနှုန်းသတင်းအချက်အလက်များအား ၁၅ ရက်တစ်ခါ ကြေငြာသင်ပုန်းတွင်ကပ်ထားသော ဒေသတစ်ခုမှတောင်သူများမှ ၎င်းသတင်းအချက်အလက်များသည် သူတို့အတွက်မထူးကြောင်း၊ တောင်သူများမှာ မည်သည့်ဈေးပဲရရ ရောင်းထုတ်နေရကြောင်း ပြောကြားခဲ့သည်။ ချေးထားသောငွေများ အတိုးထက်မတက်လာခင် ငွေပြန်ဆပ်နိုင်ရန်အတွက်စပါးအား အလျင်အမြန်ရောင်းထုတ်နေရကြောင်း လပွတ္တာမြို့ရှိတောင်သူများမှဆိုသည်။ တောင်သူများမှာ ဈေးနှုန်းသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီရရှိခဲ့ကြသည်မှာ ၂ နှစ်၊ ၃ နှစ်မျှ ရှိပြီဖြစ်ကြောင်းနှင့် ပွဲစားများပေးသောဈေးနှင့် မြို့ပေါက်ဈေး ကွဲခြားမှုသိပ်မရှိတော့ကြောင်း ပြောကြားခဲ့သည်။

**အထူးသဖြင့် တောင်သူငယ်များအတွက် စုပေါင်းရောင်းချမှု၊ ညှိနှိုင်းအရေးဆိုမှုများသည် အကန့်အသတ်များရှိကြောင်းတောင်သူများမှဆိုခဲ့သည်။** ဥပမာ-စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းခြင်းများ မတူညီခြင်းကြောင့် စုပေါင်းရောင်းချမှုမပြုလုပ်နိုင်ကြောင်း လပွတ္တာတောင်သူများမှ ဆိုခဲ့သည်။ ကျေးရွာများမှ မြို့သို့ စပါးသယ်ယူမှုစရိတ်ကြီးမားခြင်းကြောင့် ဈေးကောင်းရရန် လှေငှားပြီး မြို့သို့စပါးတင်ပို့ရန် မတတ်နိုင်ဟုဆိုသည်။

# အခန်း (၅) အခက်အခဲ၊ ပြဿနာများကိုကိုယ်တွယ်ဖြေရှင်းသည့်ပုံစံ၊ နည်းဗျူဟာများ

ဤအခန်းတွင် အဓိကပြဿနာများ၊ မမျှော်လင့်သောဖြစ်ရပ်များနှင့် ထိုပြဿနာများကို ရင်ဆိုင်ရသူများမှ မည်သို့ပြန်လည်တုံ့ပြန် လုပ်ဆောင်ကြသည်ကို ဖော်ပြထားသည်။ ပြီးခဲ့သောအခန်းတွင် ကျွန်ုပ်တို့သည် လူအများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွှမ်းမိုးသက်ရောက်စေသည့် ပြောင်းလဲမှုများ၏ အဓိကအစိတ်အပိုင်းများကို ကျယ်ပြန့်စွာ ဆန်းစစ်လေ့လာခဲ့ပါသည်။ ဤလေ့လာမှုတွင် ကျေးရွာများ၌ ထိုသို့ပြောင်းလဲမှုများ မည်သို့ဖြစ်ရသည်ကို ဆွေးနွေးခဲ့ခြင်းများလည်း ပါဝင်ပါသည်။ ဤအခန်းတွင် ရပ်ရွာအလိုက်(သို့) တစ်ဦးချင်းအလိုက် ရင်ဆိုင်ရသော အခက်အခဲများ၊ မျှော်လင့်မထားသည့် ဖြစ်ရပ်များနှင့်ထိုအခက်အခဲများမှ လူထု၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်မှုများအပေါ် သက်ရောက်ခြင်းနှင့် ဖြစ်ပေါ်လာသည့် ရလဒ်များ၊ ထိုအခက်အခဲများကို ရင်ဆိုင်ရချိန်တွင် မည်သို့ဆုံးဖြတ်ချက်ချ လုပ်ဆောင်ကြကြောင်းကို စိစစ်လေ့လာတင်ပြထားပါသည်။


"ရာသီဥတုကို ကြိုတင်ခန့်မှန်းရ ခက်ခဲခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်နေဆဲဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းမှ ကျေးရွာ တစ်ဝက်ခန့်တွင်လည်း အလားတူပင်ဖြစ်သည်။"

## ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာ၊ အခက်အခဲများနှင့် မမျှော်လင့်သောဖြစ်ရပ်များ

အချို့သောအချက်များမှလွဲ၍ လူအများရင်ဆိုင်ရသည့် အခက်အခဲများနှင့် မမျှော်လင့်သော ဖြစ်ရပ်များမှာ ယခင်တစ်ခေါက် ပြုလုပ်ခဲ့သော သုတေသနတွင် တွေ့ရှိခဲ့သည်များနှင့် ဆင်တူပင်ဖြစ်ပါသည်။ ရပ်ရွာအလိုက်ဖြစ်ပွားသည့် အကြမ်းဖက်မှုများနှင့် ရာသီဥတုမမှန်ကန်မှုကြောင့်ဖြစ်လာသည့် ကိစ္စရပ်များကဲ့သို့ ရပ်ရွာတစ်ခုလုံးခံစားရသည့် ပြဿနာ များနှင့် ကျန်းမာရေးပြဿနာကဲ့သို့သော အိမ်ထောင်စုအလိုက် အခက်အခဲများ နှစ်မျိုးလုံးကို တွေ့ရှိခဲ့ရပါသည်။ ကျေးရွာများ၏ တစ်ဝက်ကျော်သည် ရာသီဥတုကြောင့် ခံစားရသော အခက်အခဲများကို ဖော်ပြကြပြီး မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် အခါမဟုတ်ဘဲ မိုးရွာသွန်းခြင်းတို့အပါအဝင် ရှမ်းပြည်နယ်တွင် မိုးသီးကြွေခြင်းဖြစ်ပါသည်။ ပိုးမွှားကျရောက်မှုကြောင့် ခံစားရသည့် အခက်အခဲများကို ဧရာဝတီ၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရှိရပါသည်။ အခြားဖြစ်ရပ်များမှာမွေးမြူရေး တိရစ္ဆာန်များ ရောဂါကျရောက်ခြင်း၊ အချို့မြို့နယ်များတွင် ငါးဖမ်းရရှိနှုန်း ကျဆင်းသွားခြင်းနှင့် ရေရှားပါးမှုပြဿနာများဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင်ဖြစ်ပွားသည့် ရပ်ရွာအလိုက် ဆူပူအုံကြွမှုများကြောင့် ဆန်၊ နွားများ ၊ အသားငါးများ ဈေးနှုန်းပြောင်းလဲမြင့်တက်ခြင်းကို တွေ့ရှိခဲ့ရပါသည်။

အောက်တွင်ဖော်ပြထားသည့် ပုံ(၃)တွင် ကျေးရွာများ၌ ရင်ဆိုင်ခံစားခဲ့ရသော မမျှော်လင့်သည့် အကြပ်အတည်းများကို ခြုံငုံဖော်ပြထားပါသည်။ ဖြည့်စွက်ချက်အနေဖြင့် ကျန်းမာရေးအခက်အခဲ၊ ခိုးဝှက်ခြင်းနှင့် အလုပ်အကိုင် ရှားပါးမှုစသည်တို့သည်လည်း အိမ်ထောင်စုအလိုက် ရင်ဆိုင်ရသည့် ပြဿနာများတွင် ပါဝင်ပါသည်။ အိမ်ထောင်စုအလိုက် ရင်ဆိုင်ရသော ပြဿနာများ ၊ မမျှော်လင့်သော ဖြစ်ရပ်များနှင့် ရင်ဆိုင်ဖြေရှင်းပုံများဆိုင်ရာ ဖြစ်ရပ်များလေ့လာခြင်း (Case Study)များကို အခန်း၏ အဆုံးပိုင်းတွင် ဖော်ပြထားပါသည်။

**ပုံ(၃)။ QSEM တွင် တွေ့ရှိရသည့် မမျှော်လင့်သော ဖြစ်ရပ်များ**




**မျှော်လင့်မထားသော ပြဿနာများတွင် အဖြစ်အများဆုံးမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဖြစ်သည်။** တောင်သူလယ်သမားများအနေဖြင့် ယခင်ပြီးစီးခဲ့သော QSEM သုတေသနများကဲ့သို့ပင် နှစ်စဉ် တင်ပြထားသကဲ့သို့ တောင်သူလယ်သမားများအနေဖြင့် သွင်းအားစုများလျှော့ချရခြင်း၊ မိသားစုလုပ်အားနှင့်လုပ်သားများ ဝေမျှသုံးစွဲရခြင်းစနစ်များပေါ်တွင် ပိုမိုအားထားလာရခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမျိုးမျိုးပြောင်းလဲလုပ်ကိုင်ရန် ကြိုးပမ်းလာကြခြင်းနှင့် လယ်ယာပမာဏ လျှော့ချစိုက်ပျိုးကြခြင်းစသည့် ရင်ဆိုင်ဖြေရှင်းသည့် ပုံစံများကို အမျိုးမျိုးလုပ်ဆောင်လာကြရသည်။

## ဆုံးဖြတ်ချက်ချရန် တွန်းအားပေးသည့်အရာများ

"ကျန်းမာရေး ဆိုင်ရာ ပြဿနာများသည် ဆင်းရဲနွမ်းပါးသည့် မိသားစုများအတွက် အဓိကအခက်အခဲများဖြစ်ပြီး ထိုမမျှော်လင့်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကြောင့် အကြွေးနွံထဲသို့ ပိုမိုနစ်စေသည်"

**လူအများသည် ပြဿနာများနှင့် မမျှော်လင့်သော ဖြစ်ရပ်များကို မတူညီသော ပုံစံအမျိုးမျိုးဖြင့် ရင်ဆိုင်ဖြေရှင်းကြပြီး ထိခိုက်မှုလျှော့ချရန် နည်းလမ်းများကို ပေါင်းစပ်အသုံးပြုခြင်းနှင့် ဝင်ငွေများနိုင်သမျှ များများရရှိရန်အတွက် ဝင်ငွေလမ်းကြောင်းများကို အမျိုးမျိုးပြောင်းလဲရှာဖွေရန်ကြိုးပမ်းကြသည်။** ၎င်းတို့ဖြေရှင်းသည့်ပုံစံများမှာ ရင်ဆိုင်ရသည့် မမျှော်လင့်သောဖြစ်ရပ်များ (ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ငွေကြေးချေးငှားရခြင်း (သို့မဟုတ်) ပစ္စည်းများရောင်းချရခြင်း) သို့မဟုတ် ရေရှည်စဉ်းစားလုပ်ဆောင် ဖြေရှင်းရမည့် မကြာခဏပေါ်ပေါက်တတ်သော ပြဿနာများစသည့် အခြေအနေများအပေါ်တွင် မူတည်သည်။ (ဥပမာအားဖြင့် မှန်ကန်မှုမရှိသည့် မိုးလေဝသအခြေအနေကြောင့် တောင်သူလယ်သမားများအတွက် ထိခိုက်မှုနည်းစေရန်နှင့် အိမ်ထောင်စု၏ဝင်ငွေတိုးလာစေရန်အတွက် ပုံစံပြောင်းလုပ်ကိုင်ရခြင်းများကို ဖြစ်စေသည်။)

**တောင်သူလယ်သမားများ၏ ရာသီဥတုဒဏ်ကြောင့် ထိခိုက်ခံစားရမှုကို လျှော့ချရန်ကြိုးပမ်းခြင်းနှင့် တစ်ခါတစ်ရံ ၎င်းတို့၏ ထုတ်ကုန်များကိုပါ လျှော့ချရခြင်း။** ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်ခံစားရမှုကို တောင်သူလယ်သမားများ တုံ့ပြန်ဆောင်ရွက်ကြပုံများမှာ အမျိုးမျိုးကွဲပြားသည်။ အချို့သောနေရာများ အထူးသဖြင့် မကွေးတွင် တောင်သူများသည် ပိုးသတ်ဆေးအသုံးပြုခြင်းကို လျှော့ချခြင်း၊ လယ်ယာလုပ်ငန်းသုံး မဟုတ်သည့် ကျွဲ၊ နွား စသည့်တိရစ္ဆာန်များကို ငှားရမ်းခိုင်းစေရခြင်း၊ သီးနှံများလျှော့စိုက်ရခြင်း၊ မိသားစုဝင်များ၏ လုပ်အား (သို့) လုပ်သားဝေမျှသုံးစွဲရခြင်း၊ မြေဩဇာမကောင်းမွန်သည့်အပိုင်းများကိုချန်လုပ်၍ မြေဆီမြေဩဇာ အကောင်းဆုံးအပိုင်းများတွင်သာ စိုက်ပျိုးကြခြင်းစသဖြင့် အမျိုးမျိုးအဖုံဖုံ လုပ်ကိုင်ဖြေရှင်းကြသည်။ ထိုအကျိုးဆက်အနေဖြင့် ထုတ်ကုန်သီးနှံများခက်ခဲသွားပြီး လယ်ယာမဲ့များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေသည်။

**တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့အိမ်ထောင်စုဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်**

**ငန်းများကို အမျိုးမျိုးရှာဖွေလုပ်ကိုင်စေကြသည်။** ထိုသို့လုပ်ဆောင်ရန်အတွက် ဖြေရှင်းကြသည့် တူညီသော နည်းလမ်းမှာ ၎င်းတို့၏ သား၊ သမီးများကို စားဝတ်နေရေးအတွက် အခြားတစ်နေရာသို့ စေလွှတ်ခိုင်းစေကြခြင်းဖြစ်သည်။ ဤသို့လုပ်ကိုင်ကြခြင်းသည် ရာသီဥတုမမှန်ကန်သည့် ပြဿနာကိုတုံ့ပြန်ဖြေရှင်းခြင်း မဟုတ်ဘဲ လူငယ်များအနေဖြင့် လယ်လုပ်ငန်းသည် ခက်ခဲပင်ပန်းပြီး အကျိုးအမြတ်နည်းသောကြောင့် မလုပ်ကိုင်လိုကြတော့ခြင်းဖြစ်သည်။ တောင်သူလယ်သမားများထံမှ သိရှိရသည်မှာ ထိုသို့အဝေးတွင် သွားရောက်လုပ်ကိုင်ကြသော သားသမီးများထံမှ ပြန်လည်လွှဲပို့သောငွေကို ၎င်းတို့၏လယ်ယာများတွင် ပြန်လည်မြှုပ်နှံကြသည်။ ရှမ်းပြည်နယ်၏ အချို့သောဒေသများတွင် လူငယ်များသည် ၎င်းတို့၏ မိသားစုဝင်ငွေ များတိုးပွားလာရန် ဘိန်းစိုက်သည့်နေရာများတွင် ရာသီအလိုက်သွားရောက်လုပ်ကိုင်ကြသည်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်တွင် တောင်သူလယ်သမားများသည် လယ်များထဲသို့ ဆားငံရေဝင်ခြင်းနှင့် မမှန်ကန်သော မိုးလေဝသကြောင့် လယ်ပုဇွန်မွေးခြင်းကို ပြောင်းလဲလုပ်ကိုင်ကြသည်။ ဤ အခန်း၏ အဆုံးပိုင်းတွင် အိမ်ထောင်စုများ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မည်သို့ ပြောင်းလဲလုပ်ကိုင်ကြသည်၊ ပြောင်းလဲလာသည့် ပတ်ဝန်းကျင်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင်မည်သို့လုပ်ကိုင်ကြသည်များကို ဖော်ပြထားသည်။

**လူမှုရေးပိုင်းဆိုင်ရာဦးစားပေးအချက်များသည် စီးပွားရှာရာတွင်နှောင့်နှေးစေပြီး ပြည်သူလူထု၏ ပြဿနာဖြေရှင်းသည့်ပုံစံများကိုလည်း တစ်နည်းတစ်ဖုံ ပြောင်းလဲစေသည်။** ဥပမာအားဖြင့် မကွေးတိုင်းရှိ ရွာကိုးရွာမှ ရွာနှစ်ရွာရှိ ကျောင်းနေအရွယ်မိန်းကလေးများသည် ကျောင်းပိတ်ရက်များတွင် မန္တလေးနှင့် မုံရွာမြို့များသို့သွားရောက်၍ အိမ်ဖော်အဖြစ်လုပ်ကိုင်ကြသည်။ သို့သော် ရွာမှလူကြီးများ၏ အယူအဆမှာ အခြားရွာများမှတစ်ဆင့်ကြားရသည့် သတင်းများအရ ထိုသို့သွားရောက်လုပ်ကိုင်ခြင်းသည် အန္တရာယ်များပြီး လူကုန်ကူးခြင်းခံရနိုင်သည်ဟု ယူဆကြသည်။ လူမှုရေးဆိုင်ရာ အသိအမြင်များသည်လည်း မည်သည့်အလုပ်သည် လိင်ကွဲပြားမှုအရ သင့်လျော်သည်၊ မသင့်လျော်သည်ကို သတ်မှတ်ခွဲခြားမှုဖြစ်စေသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ရန်အတွက် ရွှေ့ပြောင်း အလုပ်ရှာဖွေခြင်းသည် အမျိုးသမီးများအတွက် သင့်လျော်မှုမရှိဟုယူဆကြပြီး ခွန်အားအရလည်း ပင်ပန်းခက်ခဲကာ လူမှုရေးအရ ထိခိုက်ပင်ပန်းမှုများလည်း ရင်ဆိုင်ရသည်။ ဖြေကြားသူတစ်ဦးမှ "ဆောက်လုပ်ရေးလုပ်ငန်းဆိုတာက လူပေါင်းစုံရှိတယ်လေ"ဟု ပြောသည်။ "တကယ်လို့ မိန်းမတစ်ယောက် အဲ့ဒီထဲမှာ သွားအလုပ်လုပ်မယ်ဆိုရင် မနှစ်မြို့စရာကောင်းတဲ့လူတွေ တွေ့ရမယ်၊ ဒါမှမဟုတ် ညစ်တီးညစ်ပတ်ပြောတာတွေ ခံရမယ်။" ထိုကဲ့သို့ လိင်ကွဲပြားမှုကြောင့်ခံစားရသည့် ကိစ္စရပ်များကို ရှမ်းပြည်နယ်၊ ကျိုင်းတုံရှိမြို့နယ်တစ်ခုတွင်လည်း တွေ့ရပြီး လုပ်ကိုင်ကြသည့်နည်းလမ်းများမှာမူ ကွဲပြားသည်။ မြို့နယ်အဆင့်တွင် ဖြေကြားသူတစ်ဦးမှပြောသည်မှာ ထိုဒေသမှ မိန်းကလေးများသည် မိသားစုဝင်ငွေရရန် နယ်စပ်မှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ဝင်ရောက်ကြပြီး လိင်လုပ်ငန်းများ၌ လုပ်ကိုင်ကြသည်။ သို့သော် ယောကျ်ားလေးများကမူ ၎င်းတို့မိဘများ ကုသိုလ်ရစေရန်အတွက် ကိုရင်၊ ဘုန်းကြီးဝတ်ကြသည်ဟု ဆိုသည်။

**သာဓက-၁၀။ ရုတ်တရက်ဖြစ်ပေါ်သော ကျန်းမာရေးအသုံးစရိတ် အကြီးအကျယ်လိုအပ်ခြင်းကို ပိုင်ဆိုင်ပစ္စည်းများရောင်းချခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အမျိုးမျိုး ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းသည့်ပုံစံ။**

**ရွာပေါင်းများစွာတွင် သုတေသီများတွေ့ရှိခဲ့ရသည်မှာ စားဝတ်နေရေးပြေလည်သော အိမ်ထောင်စုများအပါအဝင် ရွာသူရွာသားတော်တော်များများသည် အရေးပေါ်ကျန်းမာရေး၊ ဆေးကုသစရိတ်အတွက် ဒုက္ခရောက်ကြသည်။** ၎င်းတို့အနေဖြင့် ထိုအခက်အခဲများကို ပိုင်ဆိုင်သည့်ပစ္စည်းများ ရောင်းချကြခြင်း၊ အကြွေးယူကြခြင်းနှင့် အပိုဝင်ငွေရရှိရန် ဝင်ငွေရသော နောက်ထပ်အလုပ်တစ်ခုလုပ်ကြခြင်းတို့ဖြင့် ဖြေရှင်းကြသည်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် စီးပွားရေးပြေလည်သော မိသားစုတစ်စုသည် ၎င်းတို့အိမ်ပြင်ဆင်ရာ၌ ငွေကြေးများစွာသုံးစွဲပြီးနောက်မကြာမီ အိမ်ထောင်ဦးစီး ဦးမရလှိုင်၏ ဖခင်ဖြစ်သူ အကြီးအကျယ် နာမကျန်းဖြစ်သောကြောင့် အရေးပေါ်ကုသခဲ့ရသည်။** ဦးမရလှိုင်သည် ၎င်း၏ဖခင်အတွက် အချိန်ပေးပြုစုနေရသောကြောင့် လက်သမားအဖြစ်ဆက်လက် အလုပ်မလုပ်နိုင်တော့ဘဲ ထိုကုသစရိတ်များအတွက် ပိုက်ဆံချေးယူခဲ့ရသည်။ ထိုငွေကြေးအခက်အခဲကို ဖြေရှင်းရန်အတွက် ၎င်း၏ဖခင်ဆုံးပါးပြီးသည့်နောက်ပိုင်းတွင် ရွာရံပုံငွေမှ ၃-၄% အတိုးနှုန်းဖြင့် ၆ လအတွင်း ပြန်ဆပ်ရန်ကတိထား၍ ငွေတစ်သိန်းခွဲတိတိ ချေးယူခဲ့ရသည်။

**ထိုအကြွေးသည် သူ၏ ပြဿနာများတွင် ထပ်ဆင့်ဖိအားဖြစ်လာပြီး ၎င်းပိုင်မြေကိုပင် အငှားချခဲ့ရသည်။** ၂၀၁၁တွင် ဦးမရလှိုင်သည် ၎င်း၏လယ်ယာစိုက်ပျိုးရေးသွင်းအားစုများအတွက် ငွေကြေးလုံလောက်စွာမရှိသောကြောင့် ထွက်သည့်သီးနှံများမှ အချိုးအစားအလိုက်ပြန်ပေးမည့် မြေငှားစိုက်ပျိုးသူတစ်ဦးကို၎င်း၏လယ်ယာကိုအငှားချထားခဲ့ရသည်။ သို့သော် ထိုနှစ်တွင် သီးနှံအထွက်နှုန်းနည်းခဲ့သည်။ ဦးမရလှိုင်အနေဖြင့် ၎င်း၏မိသားစု အမှန်တကယ်လိုအပ်သောပမာဏ၏ တစ်ဝက်သာရှိသည့် ဆန်တင်း ၂၀ ကိုသာ ရရှိခဲ့သည်။ ဦးမရလှိုင်တွင် မူလတန်းအရွယ်ကလေး (၃)ဦးရှိပြီး ပညာရေးကို တန်ဖိုးထားသောကြောင့် ကျောင်းမှလည်းမထွက်စေခဲ့ပါ။ ထို့ကြောင့်မိသားစုတွင်း အသုံးစရိတ်တက်လာခဲ့သည်။

ဦးမရလှိုင်သည် ၎င်း၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ နည်းလမ်းကို ပြောင်းလဲရန်ဆုံးဖြတ်ခဲ့သည်။ ပိုက်ကွန်အသေးစားတစ်ခုဝယ်ယူပြီး ငါးဖမ်းခြင်းဖြင့် အပိုဝင်ငွေရရှိရန် ကြိုးပမ်းခဲ့သည်။ ၎င်း၏ အကြွေးရှင်တစ်ဦးမှ ၂၀၁၂ တွင် ၎င်း၏အကြွေးကို ပြန်လည်တောင်းယူသည့်အချိန်တွင် ဦးမရလှိုင်နှင့် သူ၏အမျိုးသမီးတို့သည် ၎င်းတို့ပိုင်လယ်မြေ၏ သုံးပုံတစ်ပုံကိုပေါင်နှံရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ရောင်းချပြီးနောက် သူတို့၏မိသားစုစားသုံးရန်အတွက် မလုံလောက်တော့ဘဲ ဤသုတေသနပြုလုပ်စဉ်တွင် ရုန်းကန်နေရသည်ကို တွေ့ခဲ့ရပါသည်။

**ကျန်းမာရေးဆိုင်ရာပြဿနာများသည် ဆင်းရဲသောမိသားစုများအတွက် အဓိကရင်ဆိုင်ရသည့်အခက်အခဲဖြစ်ပြီး တစ်ခါတစ်ရံတွင် ထိုသို့သော မမျှော်လင့်သည့် ကျန်းမာရေးအခက်အခဲများကြောင့် အကြွေးနွံနစ်သွားလေ့ရှိသည်။** ထိုသို့သော မမျှော်လင့်သည့်အခက်အခဲများသည် ကြီးမားလှစွာသော ဘေးဒုက္ခများဖြစ်သည်။ ထိုသို့သော အခက်အခဲများကိုဖြေရှင်းရန်အတွက် ငွေကြေးများကို စုဆောင်းထားနိုင်သည့် လူများမှာ ရှားပါးသည်။ ထို့ကြောင့် မတော်တဆဖြစ်ပွားမှုကဲ့သို့သော ကျန်းမာရေးပြဿနာများတွင် ကုသစရိတ်များအတွက် ငွေကြေးချေးငှားရပြီး အတိုးနှုန်းများကြောင့် အကြွေးနွံနစ်သွားလေ့ ရှိသည်။ လူအများဖြေရှင်းကြသည့် တူညီသောပုံစံများမှာ ပထမဦးစွာ ဒေသဆိုင်ရာဆေးမြီးတိုများဖြင့် အရင်ကုသပြီး ထို့နောက်တွင်မှ လမ်းဘေးဆေးဆိုင်များမှ မည်သည့်ဆေးဝါးဆိုင်ရာ သင်တန်းတက်ရောက်ထားခြင်းမရှိသည့် ဆိုင်ရှင်များ၏အကြံပေးချက်အတိုင်း ပါရာစီတမောနှင့် အခြားဈေးပေါသော ဆေးဝါးများ၊ အကိုက်အခဲပျောက်ဆေးများကို ဝယ်ယူသောက်သုံးကြသည်။ ထိုသို့ ကုသ၍အဆင်မပြေမှသာ ဆရာဝန်ထံတွင် ပြသရန်ကြိုးစားကြသည်။ ဆရာဝန်နှင့် ပြသရန်အတွက် ပုံမှန်အားဖြင့် အတိုးနှုန်းကို ဂရုမပြုနိုင်ဘဲ ငွေချေးငှားယူကြရသည်။

## သာဓက-၁၁။ ငွေကြေးစုဆောင်းမှုမရှိခြင်းသည် အရေးပေါ်ကျန်းမာရေးဆိုင်ရာ အခက်အခဲများနှင့်ပေါင်းစပ်သည့်အခါ မိသားစုများကို ဆင်းရဲနွမ်းပါးမှုနွံထဲသို့ ကျရောက်စေခြင်း။

ရှမ်းပြည်နယ်တွင် စုဆောင်းငွေမရှိခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့် သေဆုံးကွယ်လွန်ခြင်းတို့သည် မိသားစုများကို ဆင်းရဲနွမ်းပါးသွားစေသည်။ တောင်ကြီးမြို့အနီးရှိ ပအိုဝ်ရွာတစ်ရွာတွင် (၁၉) နှစ်အရွယ် သမီးတစ်ယောက်နှင့် (၅)နှစ်အရွယ် သားတစ်ယောက်ရှိပြီး ခင်ပွန်းသည် ကွယ်လွန်သွားသော (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ရသည်။ မိသားစုအတွက် အဓိကငွေရှာသူမှာ သူမနှင့် သူမ၏သမီးဖြစ်သည်။ အလုပ်ရှားပါးသော မတ်လမှမေလအတွင်း သူမသည် ရွာနှင့်ငါးမိုင်ခန့် ဝေးကွာသော သစ်တောထဲသို့သွားရောက်၍ သစ်မြစ်များတူးရပြီး ထင်းအဖြစ်ပြန်လည်ရောင်းချရသည်။ သူမအနေဖြင့် ထိုသို့ရောင်းချခြင်းဖြင့် ငါးရက်အတွင်း ၂၀၀၀ ခန့်ရပြီး တန်သည်ဟု မထင်ပေ။ ထို့နောက် စားဝတ်နေရေး ပြေလည်စေရန်အတွက် အဆင်ပြေသော လယ်သမားများနှင့် ဆွေမျိုးများထံမှ ငွေချေးယူရသည်။ ထိုကဲ့သို့သော ချေးငွေကို ၃ နေရာ၊ ၄ နေရာမှ ချေးယူသည်။ ကျန်တစ်နှစ်လုံးတွင် လယ်လုပ်ပြီး တစ်နေ့လျှင် ၁၅၀၀၊ ၂၀၀၀ ခန့် ဝင်သည်။[၁၂] တစ်နှစ်လျှင် ၄၅ ရက် ပေါင်းရှင်းသည်။ ၁၅ ရက်ခန့် ပဲစဉ်းငုံအမြစ်တူးပြီး ၁၅ ရက်ခန့်ကို နှမ်းဆွတ်ကာ ၁၅ ရက်ခန့် ပြောင်းခွံချွတ်ရသည်။ သူမ၏ပြောကြားချက်အရ ၂၀၁၂ အထိ သူမတွင် လယ်တချို့ပိုင်ဆိုင်ခဲ့ဖူးပြီး သူမ၏အမျိုးသား နာမကျန်းဖြစ်ချိန်တွင် ဆေးကုသစရိတ်အတွက် နှစ်သိန်းဖြင့် ပေါင်ခဲ့ရသည်ဟုဆိုသည်။ ယခုအချိန်အထိ သူမအနေဖြင့် ထိုအကြွေးကိုပြန်မဆပ်နိုင်သေးသောကြောင့် ထိုမြေကိုလည်း ပြန်မရသေးဟုဆိုသည်။ စုစုပေါင်းအနေဖြင့် သူမအနေဖြင့် တစ်နှစ်လျှင် ၁၈၀၀၀၀ ကျပ်ခန့် ရရှိသည်(တစ်ရက်လျှင် ၅၀၀ ထက်နည်းသည်၊ ဆင့်ငါးဆယ်ခန့်)။ မိသားစုအတွက် အပိုဝင်ငွေကို သမီးဖြစ်သူက သူမကဲ့သို့ အလုပ်လုပ်၍ရှာဖွေပြီး သူမရှာဖွေသည့် ပမာဏခန့်ပင် ရရှိသည်။ ထို့ကြောင့် မိသားစု၏တစ်နေ့ဝင်ငွေမှာ တစ်ထောင်အောက်သာဖြစ်သည်။ ၎င်းတို့၏မိသားစုသည် ရွာတွင်းတွင် ဆင်းရဲနွမ်းပါးသည့် မိသားစုဟု သတ်မှတ်ထားပြီး ရွာတွင်းကောက်ခံသည့် ထည့်ဝင်ငွေများအတွက် အခြားအိမ်ထောင်စုများထက် လျှော့ပေါ့ထည့်ဝင်ခွင့်ရသည်။ ဥပမာအားဖြင့် ရွာစာသင်ကျောင်းပြန်လည်ဆောက်လုပ်ရန်အတွက် အခြားအိမ်ထောင်စုများမှ ၂၀၀၀၀ ထည့်ဝင်သည်ဆိုပါက ထိုမိသားစုမှ ၁၀၀၀၀ သာ ထည့်ဝင်ရသည်။ ထိုသို့လျှော့ပေါ့ခွင့်ရသည့်တိုင်အောင် ထိုထည့်ဝင်ရသည့်ငွေများသည် သူမတို့မိသားစုအတွက် များပြားနေဆဲဖြစ်သည်။ ရွာရှိ အိမ်ထောင်စုများသည် ကိစ္စရပ်ပေါင်းများစွာအတွက် ထည့်ဝင်ကြရပြီး ဆရာ၊ ဆရာမများအတွက် လခ(တစ်အိမ်လျှင် ၂ ကီလိုခန့်ရှိသည့် ဆန်တစ်အိတ်ကျ)၊ (အစိုးရ)စစ်တပ်အတွက် သုံးဘီးကားငှားရမ်းရန်အတွက် ရန်ပုံငွေစသဖြင့် မကြာခဏ ပေးဆောင်နေရသော ငွေများဖြစ်သည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အဆင့်အစည်းအဝေးများတက်ရန်အတွက်လည်း လိုအပ်သလို တစ်အိမ်လျှင် ၅၀၀ ကျပ် ထည့်ဝင်ပေးကြရသည်။ ထိုမိသားစု နေထိုင်သည့်အိမ်မှာ သက်ကယ်မိုး၊ ဝါးတဲဖြစ်သည်။ သူမ၏ပြောကြားချက်အရ နေ့စဉ်ထမင်း သုံးနပ်စားသုံးပြီး အသား၊ ငါး၊ အသီးအနှံမပါဘဲ ငရုတ်သီးစိမ်းနှင့်သာဖြစ်သည်။ တစ်ခါ တစ်ရံ ရွာမှလူများသည် ရာသီချိန်တွင် ပဲပုပ်ကိုစားသုံးကြသည်။ အကယ်၍ ပိုက်ဆံသုံးစွဲရန် မရှိ တော့ပါက အိမ်နီးချင်းများနှင့် ဆွေမျိုးများထံမှ ဆန်ချေးသည်။ တစ်ခါတစ်ရံ တောင်စောင်းများတွင် ပေါက်နေသော သီးနှံများကို စားသုံးရန် ခူးဆွတ်သည်။ "ဘဝဆိုတာ အခက်အခဲတွေအပြည့်နဲ့"ဟု သူမကဆိုသည်။ သူမ၏အမျိုးသားဖြစ်သူ ကွယ်လွန်ပြီးနောက်ပိုင်း လယ်မြေကိုအပေါင်ထားရပြီး အခါအားလျော်စွာရရှိသည့် ကျပန်းအလုပ်များဖြင့် ရှင်သန်နေထိုင်ရသည်။ အလုပ်သည်လည်း ရှားသည်ဟု သူမကဆိုသည်။ စက်ပစ္စည်းအသေးစားများကို စတင်အသုံးပြုချိန်မှစ၍ ကျပန်းအလုပ်များ ပို၍ရှားပါးသွားသည်ဟုဆိုသည်။ ယခင်က ပြောင်းဖူးချိုးခြင်းနှင့် အခွံချွတ်ခြင်း အလုပ်များသည် ကျပန်းလုပ်သူများအတွက် အဓိကဝင်ငွေရရှိရာ ဖြစ်ခဲ့သော်လည်း ထိုစက်ပစ္စည်းများကို ရွာတွင်းစတင်အသုံးပြုချိန်မှစ၍ အလုပ်အကိုင်နည်းပါးသွားသည်ဟုဆိုသည်။

[၁၂] ဤနှုန်းသည် ရှမ်းပြည်နယ်အခြားဒေသများတွင် ရရှိသည့်နှုန်းထက်ပိုနည်းပြီး ဒေသအလိုက်ကွာခြားမှုကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရရှိသည့် လုပ်ခများသည် အခြားနေရာများထက် ပိုနည်းသည်။

**ပြည်သူ့ကဏ္ဍဝန်ဆောင်မှုကို ရရှိနိုင်မှုနှင့် ဒေသတွင်းလုပ်သားဈေးကွက်သည်လည်း အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ရွေးချယ်ကြသည့်ပုံစံများအပေါ်တွင် သက်ရောက်မှုရှိသည်။**

**သာဓက-၁၂။ ပြည်သူ့ကဏ္ဍဝန်ဆောင်မှုကို ရရှိနိုင်မှုနှင့် ဒေသတွင်းလုပ်သား ဈေးကွက်သည်လည်း အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ရွေးချယ်ကြသည့်ပုံစံများအပေါ်တွင် သက်ရောက်မှုရှိခြင်း။**

**မကွေးတိုင်းရှိ ရွာတစ်ရွာတွင် အရွယ်ရောက်ပြီး သားနှစ်ယောက်နှင့် (၁၄)နှစ်အရွယ် သမီးတစ်ဦးရှိသော အသက်(၄၈)နှစ်အရွယ်မုဆိုးမတစ်ဦးထံမှ သိရှိခဲ့ရသည်မှာ သူမသည် သူမ၏သမီးကို ကျောင်းနုတ်ခဲ့ရပြီး အခြားရွာတွင်ရှိသော အထက်တန်းကျောင်းစရိတ်သည် မတတ်နိုင်လောက်အောင်ကြီးမြင့်သောကြောင့် ဖြစ်သည်ဟုဆိုသည်။** ထိုအထက်တန်းကျောင်းတွင် သူမ၏သမီးအားထားရန်အတွက် စက်ဘီးဝယ်ရမည်ဖြစ်ပြီး နေ့စဉ်ထမင်းဘူးလည်းထည့်ပေးရမည်ဖြစ်ကာ ၎င်းတို့မိသားစု မတတ်နိုင်သော ပိုမိုမြင့်မားသည့် ကျောင်းစရိတ်ကိုလည်းပေးရမည်ဖြစ်သည်။ ထို့အပြင် ထိုမုဆိုးမအမျိုးသမီးသည် နာမကျန်းဖြစ်ပြီး သူမ၏သမီးကို ဆိတ်ကျောင်းရန်နှင့် အခြားအိမ်မှုကိစ္စများလုပ်ကိုင်ရန်အတွက် လိုအပ်လာသည်။

စားဝတ်နေရေးအတွက် မိသားစုဝင်တိုင်းသည် ရွှေ့ပြောင်းအလုပ်လုပ်ခြင်း၊ ကျပန်းလုပ်ခြင်းနှင့် တိရစ္ဆာန်များ မွေးမြူထိန်းကျောင်းခြင်းတို့ကိုလုပ်ကိုင်၍ ငွေရှာကြရသည်။ သားဖြစ်သူများသည် မုံရွာရှိ စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်ကြပြီး တစ်လလျှင် ၅၀၀၀၀ ကျပ်ခန့်ရရှိကြပြီး တစ်ဝက်ကို အိမ်ပြန်ပို့ကြသည် (တစ်နှစ်လျှင် ၆၀၀၀၀၀ ကျပ်ခန့်)။ သမီးဖြစ်သူသည်လည်း အလုပ်လုပ်သည်။ ဧပြီလနှင့်ဩဂုတ်လများတွင် ပျိုးစိုက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ပေါင်းရှင်းခြင်း စသည်တို့ကို လုပ်ကိုင်ပြီး စုစုပေါင်း ၈၅ ရက်စာအလုပ်အတွက် ၈၅၀၀၀ ခန့်ရသည်။ ရိတ်သိမ်းချိန်ပြီးစီးသည့် အချိန်တွင် အကယ်၍ သူမ၏မိခင် ကျန်းမာရေးလည်း တိုးတက်ကောင်းမွန်သည်ဆိုပါက သူမ၏အစ်ကိုများ အလုပ်လုပ်နေသည့် မုံရွာရှိစားသောက်ဆိုင်သို့ ငါးလခန့် သွားရောက်လုပ်ကိုင်ပြီး တစ်လလျှင် ၃၀၀၀၀ ကျပ်ခန့်ရသည်။ ထိုသို့အလုပ်လုပ်ခြင်းဖြင့် အိမ်ပြန်ချိန်တွင် ၈၀၀၀၀ ခန့် စုနိုင်သည်ဟုဆိုသည်။ (ကျန်ငွေများကို အဝတ်အစား၊ လက်သည်းဆိုးဆေးနှင့် အခြားအလှကုန်ပစ္စည်းများ ဝယ်ပြီး အစ်ကိုများသည် ၎င်းတို့ရငွေများကို အဝတ်အစားနှင့် အခြားအသုံးအဆောင်များပေါ်တွင် အကုန်သုံးသည်ဟုဆိုသည်) သူမအဝေးတွင် အလုပ်လုပ်နေချိန်တွင် ၎င်းတို့၏မိခင်သည် နေကောင်းသည့်အချိန်များတွင် မိသားစုပိုင် ဆိတ်များကိုထိန်းကျောင်းပြီး အခြားရက်များတွင် ထိုအလုပ်များလုပ်ရန် တူဖြစ်သူတစ်ဦးကို ငှားရမ်းထားသည်ဟုဆိုသည်။ ထိုသို့ဆိတ်မွေးခြင်းဖြင့် မိသားစုသည် တစ်နှစ်လျှင် ၁၅၀၀၀၀ ခန့် ဝင်ငွေရရှိသည်။

**ထိုမိသားစုသည် စားသုံးရေးအတွက် ငွေချေးငှားရသည်များလည်းရှိပြီး ဆိတ်များရောင်းချပြီးလျှင် ပြန်လည်ပေးဆပ်သည်။** သားသမီးများလွှဲပို့သည့်ငွေတစ်ချို့တစ်ဝက်ကို အိမ်ခေါင်မိုးပြင်ရန် သုံးသည်။

"သားတွေက လူပျိုတွေဆိုတော့ ခေါင်မိုးစုတ်နေရင် သူတို့ရှက်မှာစိုးလို့လေ"ဟု မိခင်မုဆိုးမက ဆိုသည်။

## အခက်အခဲဖြေရှင်းသည့်ပုံစံများ

အိမ်ထောင်စုများအနေဖြင့် အခက်အခဲကြုံလာပါက အစိုးရအကူအညီထက် ကိုယ်တိုင်ဖြေရှင်းခြင်း၊ ရပ်ရွာအကူအညီဖြင့် ဖြေရှင်းခြင်း၊ လူမှုရေးအရ ရင်းနှီးဆက်နွယ်မှုများဖြင့် ဖြေရှင်းခြင်းများကိုသာ ပြုလုပ်ကြသည်။ အိမ်ထောင်စုအလိုက်ကြုံတွေ့ရသည့် မမျှော်လင့်သော အခက်အခဲများကို များသောအားဖြင့် အိမ်နီးချင်းများအချင်းချင်း ကူညီဖြေရှင်းကြပြီး ဆန်နှင့်ရေတို့ ဝေမျှသုံးစွဲခြင်းတို့ပြုလုပ်ကြသည်။ မွေးမြူရေးတွင် ရောဂါကူးစက်ခြင်းစသည့် ကျေးရွာတစ်ခုလုံး ကြုံတွေ့ရသည့် ပြဿနာများတွင် အရင်းအမြစ်များ စုစည်းသုံးစွဲခြင်း၊ ကုန်ကျစရိတ်ဝေမျှခြင်း စသဖြင့်ပူးပေါင်းဖြေရှင်းကြသည်။ အစိုးရအနေဖြင့် ခြင်ထောင်များပေးအပ်ရန် တာဝန်ရှိသည်ကိုပင် မည်သည့်ရွာသူရွာသားကမှ အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ကြောင်း ပြောသံပင် မကြားခဲ့ရပေ။

### ဝင်ငွေတိုးမြှင့်ခြင်း

အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြောင်းလဲလုပ်ကိုင်ခြင်းအပြင် ဝင်ငွေတိုးလာရန် ဖန်တီးကြသည့် ပုံစံများတွင် ပိုင်ဆိုင်သည့် ပစ္စည်းများ ရောင်းချခြင်း၊ ပေါင်နှံခြင်းစသည့် နည်းလမ်းများ ပါဝင်သည်။

**သာဓက-၁၃။ မမျှော်လင့်သည့်အခက်အခဲများကို ရင်ဆိုင်ရန်အတွက် မိမိပိုင်ပစ္စည်းများရောင်းချ၍ ဖြေရှင်းခြင်းသည် သွင်းအားစုများအတွက် ကုန်ကျစရိတ်ပိုမိုမြင့်မားခြင်း(သို့မဟုတ်) ကာလရှည်ကြာ ပိုမိုအခက်တွေ့စေခြင်း**

**ရခိုင်နှင့်ရောဝတီတွင်တွေ့ခဲ့ရသည့် ဖြစ်ရပ်နှစ်ခုတွင် ရင်ဆိုင်ရသည့် အခက်အခဲနှင့်ပတ်သက်၍ ပိုင်ဆိုင်သည့်ပစ္စည်းများကိုရောင်းချပြီး ကာလကြာအခက်တွေ့နေခဲ့သည့် မိသားစုများအကြောင်းကို ဖော်ပြထားသည်။**

**ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ်တွင် ပုံမှန်မဟုတ်သောရာသီဥတုသည် စပါးနှင့်မြေပဲအထွက်နှုန်းများကို ကျဆင်းစေသည်။** ထို့ကြောင့် ထိုဒေသရှိ တောင်သူလယ်သမားများသည် အကြွေးတင်ကြပြီး စားဝတ်နေရေးအတွက် ပိုင်ဆိုင်သည့်ပစ္စည်းအချို့ကိုထုတ်ရောင်းခြင်းဖြင့် ဖြေရှင်းကြသော်လည်း ထိုနည်းလမ်းသည် ကာလရှည်ကြာ ပြဿနာများကိုသာဖြစ်စေသည်။

ဤကဲ့သို့သော အခြေအနေများကိုရင်ဆိုင်နေရသည့်ကျေးရွာမှာ ကုသိုလ်လေးဖြစ်ပြီး မုတ်သုံရာသီတွင် စပါးစိုက်ပြီး နွေရာသီတွင် မြေပဲစိုက်ကြသည်။ ဥပမာအားဖြင့် မိမိပိုင်လယ်လေးဧကတွင် စပါးစိုက်သည့် တောင်သူဦးထွန်းရွှေဖြစ်သည်။ အစောပိုင်းနှစ်များတွင် စပါးစိုက်ရန်အတွက် လယ်ယာသုံးသွင်းအားစုများ ဝယ်ယူရန်အတွက် မြန်မာ့လယ်ယာစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှလည်းကောင်း နီးစပ်ရာဆွေမျိုးများထံမှ လည်းကောင်း ချေးငွေရယူခဲ့သည်။ ထို့အပြင် NGO တစ်ခုမှ တည်ထောင်လည်ပတ်နေသော ချေးငွေလုပ်ငန်းမှလည်း ချေးငွေရယူသေးသည်။ ပုံမှန်အားဖြင့် ၎င်း၏လယ်မှ သီးနှံအထွက်နှုန်းမှာ တစ်ဧကလျှင် တင်းကိုးဆယ်ဖြစ်ပြီး မြေပဲ တင်းရှစ်ဆယ်ခန့်ထွက်သည်။

**၂၀၁၂ တွင် သီးနှံအထွက်နှုန်းများမှာ တင်း ၆၀၊ တင်း ၄၀ စသဖြင့် အသီးသီး အထွက်နှုန်းကျသွားသဖြင့် ဦးထွန်းရွှေသည် ၎င်းရယူထားသည့်အကြွေးများကို ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်တော့ပေ။** ထိုမျှမကဘဲ ထိုနှစ်မိုးရာသီတွင် သီးနှံများပျိုးထောင်ကြီးထွားသည့်အချိန်တွင် မိုးအကြီးအကျယ်ရွာသွန်းခဲ့ပြီး သီးနှံများမရှင်သန်ခဲ့ဘဲ ပျက်စီးခဲ့သည်။ ကြွက်နှင့်ပိုးမွှားများ ဖျက်ဆီးခြင်း၊ အချိန်တိုအတွင်း မိုးကုန်သွားခြင်း၊ လယ်အတွင်းအစိုဓာတ်လုံလောက်စွာမရရှိခြင်းစသည့် အချက်များအားလုံးသည် အထွက်နှုန်းကိုကျစေခဲ့သည်။ ထို့ကြောင့်ဦးထွန်းရွှေအနေဖြင့် အကြွေးများပြန်လည်ဆပ်ရန် ၎င်းပိုင်နွားတစ်ရှဉ်းကို သုံးသိန်းကျပ်ဖြင့် ရောင်းချခဲ့ရသည်။ ဤနှစ် ၂၀၁၃ တွင် ၎င်းအနေဖြင့် လယ်ထွန်ရန်နွားများကို ၃၅ တင်းခန့်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့ရပြီး စားဝတ်နေရေး ကုန်ကျစရိတ်များကို မကာမိအောင် ဖြစ်စေခဲ့သည်။

**ရောဝတီတိုင်းရှိ ကျေးရွာတစ်ရွာတွင် ငါးဖမ်းယူရရှိမှုကျဆင်းလာသောကြောင့် ပြေလည်လျက်**

**ရှိသော တံငါသည်တစ်ဦးသည် အဓိကငါးဖမ်းပစ္စည်းကို(လှေ) ရောင်းချခဲ့ရပြီး ကျပန်းလုပ်သားအဖြစ် ကူးပြောင်းခဲ့ရသည်။ ဝင်ငွေလည်း ၃ ပုံ ၂ ပုံခန့် လျော့နည်းသွားကာ စားဝတ်နေရေး ကုန်ကျစရိတ် မပြည့်မီသောကြောင့် ဒေသတွင် ရာသီအလိုက်ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်ရသည်။** သမီးနှစ်ယောက်၏ဖခင် ဦးမြင့်ဆွေသည် လှေတစ်စင်းပိုင်ဆိုင်ပြီး ငါးသားလောက်ဖမ်းခြင်းကို အဓိကလုပ်ဆောင်နေသူဖြစ်သည်။ ပြီးခဲ့သည့်နှစ် ၂၀၁၂ တွင် ငါးဖမ်းစရိတ်သည် ကုန်ကျစရိတ်ကြီးမားလာသောကြောင့် မိန်းဖြစ်သူနှင့်တိုင်ပင်ပြီး ကျွမ်းကျင်မှုလည်းရှိ ယခင်ကလည်း လုပ်ကိုင်ခဲ့ဖူးသော လယ်သူရင်းငှားအဖြစ် အချိန်ပြည့်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ယခင်က ၎င်းအနေဖြင့် လယ် ၁၀ ဧကပိုင်ဆိုင်ခဲ့ဖူးသော်လည်း ၂၀၀၈ မေလတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ရောင်းချခဲ့ရသည်။ ထိုကဲ့သို့ လုပ်ကိုင်ခဲ့ရသော အကျိုးကျေးဇူးကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခက်အခဲနှင့် တွေ့ကြုံလာသောအခါ အခြားသော ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများထက် ပို၍အဆင်ပြေသည်ဟုဆိုနိုင်ပြီး အနည်းဆုံးရွေးချယ်စရာတစ်ခု ပိုရှိခဲ့သည်ဟုဆိုနိုင်သည်။

နွေရာသီတွင် ငါးဖမ်းယူရရှိမှုနှုန်းသည် ပို၍ပင်ကျဆင်းသည်ဟု အခြားသော ငါးဖမ်းသမားများထံမှ ကြားသိရသောကြောင့် သူ၏လှေကို လေးသိန်းကျပ်ဖြင့် ရောင်းချရန် ပို၍တွန်းအားပေးလာခဲ့သည်။ သူ့အနေနှင့် စိုးရိမ်ပူပန်နေခဲ့သည်မှာ အကယ်၍ သူ၏လှေသည် အသုံးမပြုဘဲကုန်းပေါ်တွင်ထားရှိပါက ပြန်လည်ပြင်ဆင်ရန် မလွယ်ကူအောင် ပျက်စီးသွားမည့်အရေးဖြစ်သည်။ တစ်ချိန်တွင်သူသည် ရန်ကုန်သို့သုံးပတ်ခန့် သွားရောက်အလုပ်လုပ်ရာ ရှစ်သောင်းကျပ်ခန့် ရရှိခဲ့သည်။ "ရန်ကုန်မှာ အလုပ်လုပ်ရတာ အဆင်ပြေတယ်၊ ညီမအိမ်မှာနေတော့ နေစရိတ်သက်သာတယ်လေ၊ ဒီတစ်ရာသီကုန်ရင်တော့ ရန်ကုန်ကိုထပ်သွားဦးမယ်၊ ဒီတစ်ခါတော့ အိမ်ကိုငွေပြန်ပို့နိုင်ကောင်းပါရဲ့" ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများ၏ ရိုက်ခတ်မှုများကြောင့် ဦးမြင့်ဆွေသည် လယ်သမား၊ တံငါသည်၊ ထိုမှတဆင့်ရာသီအလိုက် ကျပန်းရွှေ့ပြောင်းလုပ်သားအဖြစ် ခြောက်နှစ်အတွင်း အလုပ်အကိုင်မျိုးစုံပြောင်းလဲခဲ့ရသည်။

**ပြီးခဲ့သည့်နှစ်များက ဦးမြင့်ဆွေသည် ငါးဖမ်းခြင်းဖြင့် တစ်နှစ်လျှင် ၁၈ သိန်းခန့် ရှာဖွေနိုင်ခဲ့ပြီး ကျပန်းလုပ်ခြင်းဖြင့် အပိုငွေ တစ်သိန်းခွဲခန့်ရှာဖွေနိုင်ခဲ့သည်။ ငါးအရနှုန်း ကျသွားပြီးသည့်နောက်ပိုင်း ၎င်း၏ဝင်ငွေသည် သုံးပုံနှစ်ပုံခန့်ကျသွားခဲ့သည်။** သူသည် တနှစ်လျှင် ၃ သိန်း၊ ၄ သိန်းခန့် စုနိုင်ခဲ့ပြီး စုဆောင်းမှုတစ်ရပ်အနေဖြင့် ရွှေများကိုပင်ဝယ်နိုင်ခဲ့သည်။ ဦးမြင့်ဆွေမှ ပြောသည်မှာ ကံမကောင်းအကြောင်းမလှသောကြောင့် နီးစပ်ရာဆွေမျိုးထံမှ ၈% အတိုးနှုန်းဖြင့် ငွေ ၁ သိန်းကိုပင်ချေးယူခဲ့ရသည်ဟု ဆိုသည်။ မိသားစုအသုံးစရိတ်အတွက်လည်း လောက်ငှမှုမရှိဘဲ ဒုက္ခရောက်ခဲ့သည်ဟုဆိုသည်။ အဘယ့်ကြောင့်ဆိုသော် မိသားစုတွင်း အမြဲပိုက်ဆံပြတ်လတ်နေသောကြောင့်ဖြစ်သည်။ ဦးမြင့်ဆွေမှ ပြောသည်မှာ "တစ်ခါတစ်ရံကျွန်တော့်မိန်းမဆိုရင် အချိန်မီတောင် မချက်နိုင်ဘူး၊ ဘာလို့လဲဆိုတော့ ဈေး သွားဝယ်ဖို့ပေးစရာ ကျွန်တော့်မှာ ဘာမှမရှိဘူး။ တစ်ခါတစ်ရံဆို ဘာမှမစားဘဲ နပ်ကျော်လိုက်ရတာတောင်ရှိတယ်။"

ထိုမိသားစုတွင် အခြားဖြေရှင်းသည့်နည်းများလည်း ရှိသေးသည်။ ဦးမြင့်ဆွေ၏ဇနီး ဒေါ်သန္တာသည် လယ်ထဲတွင်နှစ်တိုင်း ကျပန်းအလုပ်သမအဖြစ် တစ်လဝင်ရောက်လုပ်ကိုင်ပြီး တစ်ရက်လျှင် ၁၂၀၀ ကျပ်ရသည်။ သို့သော် လုပ်အားခကို ကြိုတင်ထုတ်သည့်အတွက် ၇၀၀ ကျပ် သာရပြီး လုပ်သည့် ကာလတစ်ခုလုံးအတွက် ၃ သောင်းကျပ်ခန့်သာရသည်။ ဦးမြင့်ဆွေတို့ဇနီးမောင်နှံသည် ၎င်းတို့၏သမီးအကြီးကို ရန်ကုန်ရှိ ဦးမြင့်ဆွေ၏ညီမထံတွင် နေထိုင်ရန်စေလွှတ်ထားပြီး ထိုညီမမှ မူလတန်းတွင် ကျောင်းထားပေးပြီး ကျောင်းစရိတ်ကျခံပေးသည်။ (အခြားသမီးအငယ်မှာမူ နှစ်နှစ်သာရှိသေးပြီး ကျောင်းမနေရသေးပေ) ၎င်းတို့ဇနီးမောင်နှံကို အိမ်နီးချင်းမိသားစုများက ကူညီကြသည်။ ဦးမြင့်ဆွေ ရန်ကုန်သို့သွားရောက်အလုပ်လုပ်ချိန်တွင် ကျန်မိသားစုဝင်များကို အိမ်နီးချင်းများက စောင့်ရှောက်ကြပြီး ၎င်း၏ဦးလေးမှ အိမ်မိုးရန် သက်ကယ်များ အလကားပေးလေ့ရှိသည်။

**ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ငွေလွှဲပို့ခြင်း**

"လယ်ထဲမှာလုပ်မယ်ဆိုရင် ခြေထောက်မျှော့တွယ်ခံရမယ်။ လယ်လုပ်တာ မိန်းမတွေအတွက် သိပ်မသင့်တော်ဘူး။ မြို့ပေါ်မှာ အလုပ်သွားလုပ်မယ်ဆိုရင်တော့ လက်သည်းအရှည်ထားပြီး လှလှပပနေလို့ရတာပေါ့လေ" တောင်သူမိသားစုဝင် အမျိုးသမီးငယ်တစ်ဦး၊ ဧရာဝတီတိုင်း။

"ရန်ကုန်မှာတက်ပြီး အလုပ်လုပ်နေတဲ့ ဧရာဝတီတိုင်းကလူတွေ အများကြီးပဲ။ ရွာတောင်တည်လို့ရတယ်။ လှိုင်သာယာနားမှာရှိတဲ့ ရွှေလင်ဗန်းဆိုတဲ့နေရာမှာဆို ဧရာဝတီတိုင်းကချည်းဘဲ။ ဧရာဝတီလင်ဗန်းလို့တောင် ပြောင်းခေါ်သင့်တယ်။" ဖြေကြားသူတစ်ဦး၊ ဧရာဝတီတိုင်း။

**အချို့သောဒေသများတွင် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည်နည်းပါးသော်လည်း QSEM 3 တွင် ထိုသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းသည် တိုးလာကြောင်း တွေ့ရသည်။** ပြည်နယ် ၄ ခုလုံးတွင် ပြင်ပထွက် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းများတိုးလာသည်။ ဧရာဝတီတိုင်းရှိရွာ ၉ ရွာတွင် ၆ ရွာ၌ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများ တိုးလာသည်။ ရခိုင်ပြည်နယ်ရှိ ရွာ ၄ ရွာတွင်သာ ရွှေ့ပြောင်းခြင်းနည်းပါးသော်လည်း မကွေးနှင့် ရခိုင်ပြည်နယ်ရှိ ရွာတိုင်းလိုလိုတွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများ တိုးလာသည်။ ရှမ်းပြည်နယ်တွင်မူ ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံ အနည်းငယ်ပြောင်းလဲသည်။

"ရွှေ့ပြောင်းထွက်ခွာမှုများ တိုးလာသည်။ ဒေသဆိုင်ရာ ရာသီအလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှု ပြောင်းလဲလာခြင်းမှာ တောင်သူများမှ ကျပန်းလုပ်သားများ၏ လုပ်အားခကို တစ်ရာသီစာ ကြိုတင်ထုတ်မပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ လူမှုရေးသည်လည်းစီးပွားရေးဆိုင်ရာ အချက်များကဲ့သို့ပင် ရွှေ့ပြောင်းထွက်ခွာခြင်းများကို ဖြစ်ပေါ်စေပြီး ရွှေ့ပြောင်းမည့် နေရာများတွင် ဆွေမျိုးများ၊ မိတ်ဆွေများရှိနေခြင်းကြောင့် ဖြစ်သည်။"

QSEM 1 နှင့် 2 တွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းပုံစံများမှာ မြို့ပေါ်သို့တက်၍ အလုပ်လုပ်ကိုင်ရန် ရှာဖွေကြသူများအပေါ်မူတည်၍ ဒေသအလိုက် ကွဲပြားသည်။ ခြုံငုံသုံးသပ်မည်ဆိုပါက နေရပ်ပြင်ပသို့ထွက်ခွာ၍ အလုပ်လုပ်သည့် လူဦးရေသည် (ရွာရှိလူဦးရေနှင့်နှိုင်းယှဉ်ပါက) နည်းနေဆဲဖြစ်သော်လည်း ရွာသူရွာသားများအနေဖြင့်မူ များပြားသည်ဟု ယူဆကြသည်။

**ဧရာဝတီတိုင်း**တွင် ပြင်ပထွက်အလုပ်လုပ်ကိုင်ခြင်းများ တိုးလာသည်ဟုဆိုသည် (အချို့သော ရွာများမှလွဲ၍ ခြုံကြည့်လျှင် တစ်နှစ်တာအတွင်း ၁ ရာခိုင်နှုန်းခန့် တိုးလာသည်) အဘယ့်ကြောင့်ဆိုသော် ရာသီဥတုပြဿနာများနှင့် လယ်ယာလုပ်ငန်းအရှုံးပေါ်ခြင်းများကြောင့်ဖြစ်ပြီး အိမ်ထောင်စုများကိုနေရပ်ပြင်ပသို့ ရွှေ့ပြောင်းထွက်ခွာ၍ အလုပ်သစ်ရှာဖွေမှုများကြောင့်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်လုပ်သူများမှာ လူမှုစီးပွားဆက်စပ်မှုနယ်ပယ်အရ ရွှေ့ပြောင်းကြပြီး ရန်ကုန်မြို့ရှိ လှိုင်သာယာမြို့နယ်သို့ အများအားဖြင့် ရွှေ့ပြောင်းကြသည်။ လှိုင်သာယာတွင် ဧရာဝတီတိုင်းမှ ဒေသခံအများအပြားရှိပြီး ပုဂ္ဂလိကမြေယာ တိုးချဲ့ရောင်းချသူများမှ ရောင်းချပေးသည့် မြေကွက်ငယ်များကိုလည်း ၇ သိန်းမှ ၁၀ သိန်းဝန်းကျင်ခန့်ဖြင့် ဝယ်ယူနိုင်သည်။ ကျပန်းလုပ်သားများအတွက် ဝယ်ယူရန်မတတ်နိုင်သော်လည်း အလယ်အလတ်တန်းစားများနှင့် လယ်သမားကြီးများအတွက် တတ်နိုင်သည့်ပမာဏဖြစ်သည်။

**မကွေးတိုင်း**တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မရှိသည့်အချိန်များတွင် မြို့ပေါ်သို့ ရာသီအလိုက် သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားသည်။ ထိုလုပ်သားများသည် (အဓိကအားဖြင့် မုံရွာ၊ မန္တလေးနှင့် ရန်ကုန်မြို့)များတွင် အိမ်ဖော်၊ အုတ်သယ်၊ အုတ်ဖုတ်လုပ်သားနှင့် ကျောက်တုံးကျောက်ခဲခွဲသူများအဖြစ် လုပ်ကိုင်ကြသည်။ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများမှာ မြို့နယ်အလိုက် ကွဲပြားသည်။

**ရှမ်းပြည်နယ်**တွင် ထိုင်းနိုင်ငံသို့ ရာသီအလိုက်သွားရောက် လုပ်ကိုင်လေ့ရှိကြသည့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆီဆိုင်မြို့နယ်တွင် ရွှေ့ပြောင်းခြင်းအနည်းငယ်တိုးလာသည်မှလွဲ၍ ရွှေ့ပြောင်းအလုပ်လုပ်ကြသည့် ပုံစံများမှာ အနည်းငယ်ပြောင်းလဲမှုရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင်မူ ထိုင်းဘတ်ငွေသုံးစွဲ၍မရသောကြောင့် အချို့သောရွှေ့ပြောင်းလုပ်ကိုင် သူများပြန်လာကြသည်။

**ကျပန်းလယ်လုပ်သားများအနေဖြင့် ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်ကြသည့်ပုံစံများမှာ ယခင်လေ့လာခဲ့သည့်အခေါက်များနှင့် နှိုင်းစာလျှင်မှန်းဆနိုင်ရန် ပိုခက်လာပြီး ရွေးချယ်ကြသော အလုပ်များမှာ အပိုစုမိဆောင်းမိအနေအထားထိ ရရှိရန်ထက် စားဝတ်နေရေးဖူလုံရုံမျှလုံလောက်သော အလုပ်များကို ပိုမိုရွေးချယ်လာကြသည်။** သုတေသီများ၏တွေ့ရှိချက်များအရ ကျပန်းလုပ်သားများသည် လယ်သမားများ၏ ဘဏ္ဍာရေးအခက်အခဲများ သက်ရောက်မှုကိုခံရပြီး အလုပ်ရနိုင်မည့်နေရာများကိုလည်း လိုက်လံရှာဖွေရသည်။ ထို့ကြောင့် ၎င်းတို့၏ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်ကြသည့်ပုံစံများမှာ ယခင်အခြေအနေထက် ပိုမိုခန့်မှန်းရခက်ခဲလာသည်။ ထုံးစံအတိုင်း ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်ကြသည့် နည်းလမ်းများအစား ယခုပုံစံသည် "လွှန်းပျံရွှေ့ပြောင်းခြင်း" ဆန်ဆန်ဖြစ်လာသည်။ ၎င်းတို့သည် အလုပ်ကိုလိုက်လံရှာဖွေကြပြီး အလုပ်ပြီးသည့်အချိန်အထိ နေထိုင်ကြပြီးနောက် အိမ်သို့ချက်ချင်းပြန်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဆက်လက်နေထိုင်ရန် စားရိတ်မတတ်နိုင်ကြသောကြောင့်ဖြစ်သည်။ ဤပုံစံ

ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများကို ဧရာဝတီတွင် ၃ ရွာ၊ ရခိုင်တွင် ၅ ရွာ၊ မကွေးရှိရွာအားလုံးနှင့် ရှမ်းပြည်နယ်ရှိ ရွာ ၂ ရွာတွင် တွေ့ရသည်။ မြေယာမဲ့ကျပန်းလုပ်သားများမှာ ငွေကိုမစုဆောင်းနိုင်သလို အိမ်သို့လည်းပြန်မပို့နိုင်ကြဘဲ ၎င်းတို့ အသက်ရှင်နေထိုင်စားသောက်ရန်အတွက်သာ ရှာဖွေနိုင်ကြသည်။

**ယခင် လေ့လာခဲ့သည့် QSEM အခေါက်များကဲ့သို့ပင် လူမှုရေးစံနှုန်းများသည် ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေးအားလုံး၏ ရွှေ့ပြောင်းလုပ်ကိုင်မှုများကို ပုံစံအမျိုးမျိုးဖြင့် သက်ရောက်သည်။** ဘုံအယူအဆတစ်ခုအနေဖြင့် ယောကျ်ားများသည် ရုပ်ပိုင်းဆိုင်ရာ ခက်ခဲပင်ပန်းမှုကို ပိုမိုခံနိုင်ရည်ရှိပြီး အခက်ခဲအဆိုးဝါးဆုံးအခြေအနေများကို မည်သည့်နေရာတွင်မဆို ရင်ဆိုင်နိုင်ကြသည်။ သို့သော် အမျိုးသမီးများအနေဖြင့်မူ အကာအကွယ်လိုအပ်ပြီး အိမ်တွင်းနေရန်သာ ပို၍သင့်တော်သည်။ ဧရာဝတီတိုင်းတွင် ရွှေ့ပြောင်းလုပ်သားအများစုမှာ အမျိုးသားများဖြစ်ကြပြီး အမျိုးသမီးများလုပ်ကိုင်သည့် စက်ရုံနှင့် အရောင်းအလုပ်များသည် အမျိုးသားများရရှိရန်ခက်ခဲပြီး အလုပ်အကိုင်အခွင့်အလမ်းကို လိုက်လံရှာဖွေလုပ်ကိုင်မှ ပိုမိုအဆင်ပြေသည်ဟုဆိုသည်။ အခြားဒေသများတွင် အမျိုးသမီးများ ရွှေ့ပြောင်းအလုပ်လုပ်ကြရာတွင် ၎င်းတို့၏ကလေးများကိုပါ တစ်ပါတည်း ခေါ်ဆောင်ကြသည်။ အလွန်ငယ်သေးသော ကလေးငယ်များကို အိမ်တွင် အဘိုးအဘွားများနှင့်ထားရစ်ခဲ့ကြပြီး ၃ နှစ် ၄ နှစ်နှင့်အထက် ကလေးငယ်များကိုမူ အလုပ်လုပ်သည့် လယ်ယာများသို့ ခေါ်ဆောင်သွားကြသည်။ (သို့မဟုတ်) မိခင်ဖြစ်သူ အလုပ်လုပ်နေစဉ်တွင် ရွှေ့ပြောင်းလုပ်ကိုင်သည့်နေရာရှိ တဲအိမ်များတွင် အခြားကလေးများနှင့်အတူ ထားရစ်ခဲ့သည်။

**ရွှေ့ပြောင်း၍ အလုပ်လုပ်ကိုင်ကြရာတွင် စီးပွားရေးအခွင့်အလမ်းကြောင့်သာမဟုတ်ဘဲ လူမှုဘဝဆိုင်ရာအချက်များသည်လည်း လူငယ်များအတွက် တွန်းအားတစ်ရပ်ဖြစ်သည်။** ဥပမာအားဖြင့် ဧရာဝတီတိုင်းရှိ ရွာ ၉ ရွာမှ ၇ ရွာရှိ ရပ်မိရပ်ဖများနှင့် မိဘများ၏အသိပေးချက်အရ ၎င်းတို့ရွာရှိ လူငယ်တော်တော်များများ အလုပ်ရှာရန်အတွက် ဒေသပြင်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများမှာ မိဘများက သဘောမကျကြသော်လည်း တဖြည်းဖြည်းတိုးမြင့်လာသည်ဟု ဆိုသည်။ ရန်ကုန်ကဲ့သို့သော မြို့ကြီးများတွင် ၁ လ ၅ သောင်းကျပ်ခန့် ရှာဖွေရရှိနိုင်သည်ဟူသောအချက်ထက် မြို့ပြဘဝတွင် နေထိုင်လိုခြင်းနှင့် အတွေ့အကြုံရ၊ အမြင်ကျယ်စေရန်အတွက် ပိုမိုသွားရောက်လိုကြခြင်းဖြစ်သည်။ ထိုရွာများမှ ရပ်ရွာလူထု ပြောကြားချက်အရ အိမ်ထောင်ရှိသော လူငယ်များသည် စီးပွားရေးကြောင့် ရွှေ့ပြောင်းအလုပ်ရှာဖွေကြခြင်းဖြစ်ပြီး အိမ်ထောင် မရှိသော လူငယ်များမှာမူ လူမှုရေးအတွက် သွားရောက်ကြခြင်းဖြစ်သည်။

**ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်မည့်ဒေသတွင် ရင်းနှီးကျွမ်းဝင်သူ၊ လူမှုအဆက်အသွယ်များ ရှိနေခြင်းသည် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကို ဖြစ်စေသည့် အရေးကြီးသော တွန်းအားတစ်ရပ်ဖြစ်သည်။** ဧရာဝတီ၊ မကွေးနှင့် ရခိုင်ပြည်နယ်တို့မှ ရပ်ရွာလူထု၏ တင်ပြချက်များအရ ရွှေ့ပြောင်းလုပ်သားများသည် "သူငယ်ချင်းများ နောက်လိုက်သွားခြင်း"၊ "အဆက်အသွယ်ကောင်းများရှိသောနေရာသို့ သွားရောက်လုပ်ကိုင်ခြင်း" စသည့် အချက်များသည် တူညီသောအချက်များဖြစ်ပြီး မိတ်ဆွေ၊ ဆွေမျိုးများမှတဆင့် ညွှန်ပြသတင်းပေးလိုက်သော အလုပ်အကိုင်၊ အခွင့်အလမ်းများရှိရာသို့ သွားရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။ အကယ်၍ ၎င်းတို့၏အဆက်အသွယ်များ ပိုမိုများပြားခိုင်မြဲလာပါက ရွှေ့ပြောင်းလာရောက်သူများ များသထက် များလာတတ်သည်။

**ကျေးရွာများတွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့်ပတ်သက်သည့် ကွဲပြားမှုကိန်းဂဏန်းများမှာ ပြောင်းလဲမှု ကြီးမားသည်။** ရွာအရေအတွက်အနည်းငယ်အပေါ်တွင် အရေအတွက်အခြေပြု သုတေသနနည်းလမ်းဖြင့် ခြုံငုံသုံးသပ်ထားသော်လည်း ကျေးရွာအဆင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဆိုင်ရာ အချက်အလက်များကို စိစစ်လေ့လာရာတွင် တူညီသော မြို့နယ်တစ်ခုတည်းတွင်ပင် ကွဲပြားခြားနားမှုများ ကြီးမားစွာရှိသည်ကို သတိပြုမိသည်။ ဥပမာအားဖြင့် မြိုင်မြို့နယ်ရှိ ရွာတစ်ရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်မှုသည် ၅.၉% သာရှိသော်လည်း အခြားတစ်ရွာတွင်မူ ၂၁.၃% အထိရှိသည်။ ထို ၂၁.၃% ရှိသောရွာသည် သုတေသနပြုလုပ်ရာတွင် ပါဝင်သည့် အခြားရွာတော်တော်များများနှင့် အနေအထားတူညီပြီး အချက်အလက်အနေဖြင့် ထိုရွာတွင် မြို့ပေါ်သို့ ပြောင်းရွှေ့အခြေကျပြီးဖြစ်သော လူမှုရေးအဆက်အသွယ်များ ကောင်းစွာရှိခြင်းဖြစ်သည်။

**ဇယား(၉)။ မကွေးရှိ ဒေသပြင်သို့ထွက်၍ ရွှေ့ပြောင်းလုပ်ကိုင်သည့် ကျေးရွာများဆိုင်ရာ အချက်အလက်များ**

| မြို့နယ် | ကျေးရွာ | ရွှေ့ပြောင်းလုပ်သား QSEM 3 | လူဦးရေ QSEM 3 | ရွှေ့ပြောင်း % QSEM 3 |
|---|---|---|---|---|
| မင်းဘူး | စိုင်ရှင် | ၄၂ | ၄၄၇ | ၉.၄% |
| | ကုန်းတန်း | ၂၅ | ၃၁၃ | ၈.၀% |
| | ပတ်ပယ် | ၃၀ | ၁၁၇၅ | ၂.၆% |
| မြိုင် | မြေနီပြင် | ၇၅ | ၆၆၅ | ၁၁.၃% |
| | မြေရင့် | ၃၀၅ | ၁၄၃၁ | ၂၁.၃% |
| | ဥမင်ချောက် | ၁၀၀ | ၁၇၀၈ | ၅.၉% |
| အောင်လံ | ညောင်ပင်ဆိပ် | ၇၀ | ၁၇၄၅ | ၄.၀% |
| | ကျွဲသေ | ၁၅ | ၁၂၅၁ | ၁.၂% |
| | ကျောက်တန်း | ၃ | ၅၆၅ | ၀.၅% |

**ဇယား(၁၀)။ ဧရာဝတီတိုင်းရှိ ဒေသပြင်သို့ထွက်၍ ရွှေ့ပြောင်းလုပ်ကိုင်သည့် ကျေးရွာများဆိုင်ရာ အချက်အလက်များ**

| မြို့နယ် | ကျေးရွာ | ရွှေ့ပြောင်းလုပ်သား QSEM 3 | လူဦးရေ QSEM 3 | ရွှေ့ပြောင်း % QSEM 3 |
|---|---|---|---|---|
| လပွတ္တာ | ကျွန်းချောင်း | ၄၈ | ၉၅၈ | ၅.၀% |
| | ပေါက်တူး | ၆၀ | ၄၃၃ | ၁၃.၉% |
| | ကန်ကြီးဒေါင့် | ၁၂ | ၂၃၀ | ၅.၂% |
| ဘိုကလေး | ကျွန်းကလေး | ၂၁ | မရရှိခဲ့ပါ | မရရှိခဲ့ပါ |
| | မဂူ | ၁၁ | ၆၈၁ | ၁.၆% |
| | ငါးခူချောင်း | ၃၃ | ၃၄၂ | ၉.၆% |
| မော်လမြိုင်ကျွန်း | ထီးစခေါင်း | ၂၅ | ၄၂၇ | ၅.၆% |
| | မြစ်ကြီးဘိုး | ၁၆ | ၂၀၅ | ၇.၈% |
| | ဖျာလိပ်ဝ | ၃၇ | ၄၄၇ | ၈.၃% |

ဧရာဝတီတိုင်းတွင်လည်း အလားတူပင်ဖြစ်သည်။ ရွှေ့ပြောင်းမှုအမြင့်ဆုံးရွာဖြစ်သည့် ပေါက်တူးရွာသည် အခြားရွာများထက် ပိုမိုဆိုးဝါးခြင်းမရှိလှပေ။ ၎င်းသည် ပိုမိုကြီးမားသည့် ကန်ဘဲ့မြို့နှင့်လည်း နီးကပ်ပြီး ရန်ကုန်မြို့တွင်လည်း အခြေကျပြီးသော လူမှုရေးအဆက်အသွယ်များ ကောင်းစွာရှိပြီးဖြစ်သည်။ ဘိုကလေးမြို့နယ်တွင်းရှိ ငါးခူချောင်းရွာသည် ရွှေ့ပြောင်းရာခိုင်နှုန်း ၉.၆%ရှိပြီး အနည်းငယ်ခြားနားသည့်ပုံစံရှိသည်။ ထိုဒေသသည် မြေနိမ့်ပိုင်းဖြစ်ပြီး မြေသားအရည်အသွေးမှာလည်း ညံ့ဖျင်းသောကြောင့် တစ်နှစ်လျှင် တစ်သီးသာစိုက်ပျိုးနိုင်သည်။ ထို့ကြောင့်ထိုရွာမှ လူငယ်အများအပြား နှစ်စဉ်နေရပ်မှ ရွှေ့ပြောင်းအလုပ်လုပ်ကြသည်။

## သာဓက-၁၄။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရန်အတွက် အကျိုးဆောင်(အေးဂျင့်)များမှတစ်ဆင့် အလုပ်ရှာဖွေခြင်း

**ရောဝတီတိုင်းရှိ ရွာတစ်ရွာမှ ငါးဖမ်းလုပ်သား ကိုဉာဏ်ထက်၏ပြောကြားချက်အရ လွန်ခဲ့သော နှစ်နှစ်အတွင်း ငါးသလောက်ဖမ်းယူရရှိမှုနှုန်း ကျဆင်းသွားသောကြောင့် သူ၏ဝင်ငွေလည်း ကျဆင်းသွားခဲ့ပြီး ငါးဒိုင်ထံမှချေးယူသုံးစွဲထားသော အကြွေးကိုပြန်မဆပ်နိုင်ခဲ့ပေ။** သူ၏ဇနီးဖြစ်သူ မခင်မြသည်လည်း ကျပန်းအလုပ်လုပ်ပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင်ကြိုးပမ်းခဲ့သည်။ သို့သော် တစ်နေ့လျှင် ၇၀၀ ကျပ်ခန့်သာရရှိပြီး အကြွေးစနစ်ဖြင့်ရရှိခြင်းကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော ငွေကြေးအခက်အခဲများကြောင့် ၎င်းတို့၏ (၁၄ နှစ်)အရွယ်သမီးကို ကျောင်းထုတ်ရန်ဆုံးဖြတ်ခဲ့ရသည်။

ထိုအခက်အခဲများကိုဖြေရှင်းရန်အတွက် ကိုဉာဏ်ထက်သည် ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ရွာရှိ နိုင်ငံရပ်ခြားအကျိုးဆောင်တစ်ဦးနှင့် ချိတ်ဆက်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ခရီးစရိတ်နှင့် အခြားဝန်ဆောင်မှုများအတွက် ၅ သိန်း ၅ သောင်းကျပ် ပေးခဲ့ရသည်။ ထိုအကျိုးဆောင်မှ ကိုဉာဏ်ထက်အတွက် တစ်လလျှင် ၃ သိန်း ၆ သောင်းခန့်ရမည့် အလုပ်တစ်ခုအတွက် နှစ်နှစ်စာ သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ထိုင်းနိုင်ငံသို့မသွားရောက်မီ လိုအပ်သည်များ လုပ်ဆောင်ရန် ရန်ကုန်သို့ သုံးကြိမ်ခန့်သွားရောက်ခဲ့ရပြီး ၁ သိန်းခွဲခန့် ထပ်မံကုန်ကျခဲ့သည်။ ထိုစရိတ်များကို ကာမိစေရန်အတွက် သူ၏ငါးဖမ်းလှေနှင့်ပိုက်များကို ရောင်းချခဲ့ရပြီး ၄ သိန်းကျပ်ရရှိသည်။ ထို့နောက် နောက်ထပ်အကြွေး ၅ သိန်းကို ချေးယူခဲ့သည်။ ( ၃ သိန်းသည် တစ်လ ၁၀ တိုးဖြစ်ပြီး ၂ သိန်းသည် တစ်လ ၂၀ တိုးနှုန်းများဖြင့် ဖြစ်သည်)[၃၇] သူနှင့်သူ၏ဇနီးအဆိုအရ ထိုသို့နည်းလမ်းပြောင်းလဲဖြေရှင်းခြင်းဖြင့် ၎င်းတို့၏သမီးကို ကျောင်းပြန်ထားနိုင်မည်ဟု မျှော်လင့်သည်ဟု ဆိုသည်။

"အရင်က ရွာမှာ ဖုန်းတစ်လုံးပဲရှိတယ်။ တစ်ခါ ဟယ်လိုရင် ၅၀၀ ကုန်ပြီး တစ်ခါ ဟုတ်ကဲ့ရင် ၁၀၀၀ ကုန်တယ်။ အခုတော့ပြောင်းသွားပြီလေ"-ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၊ ရောဝတီတိုင်း။

**နေရာအနှံ့တွင်ရောက်ရှိနေထိုင်ကြသော ရွာသူရွာသားများနှင့် ဆက်သွယ်ရေးစရိတ် လျော့ကျသွားခြင်းသည် ရွာသူရွာသားများကို ရွှေ့ပြောင်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူစေပြီး မြို့ပေါ်မှအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း အလွယ်တကူ လျင်မြန်စွာရရှိနိုင်သည်။** ၎င်းတို့၏ ပြောကြားချက်များအရ ယခင်က ရွာတွင် ဆက်သွယ်ရေးကြိုးဖုန်းပင်မရှိခဲ့ဘဲ ဖုန်းဆက်လိုပါက ရွာခွဲရွာမသို့သွား၍ဆက်ရသည်ဟုဆိုသည်။ သို့သော် လက်ရှိအချိန်တွင် ဖုန်းခေါ်ဆိုခများကျသွားသည့်အပြင် ရွာတွင်လည်း ဖုန်း(၁၀)လုံးမကရှိနေပြီး ဆက်သွယ်ရေးမှာ ယခင်ကထက် အဆပေါင်းများစွာ လွယ်ကူသွားသည်ဟုဆိုသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်ရှိ မြေပုံမြို့နယ်မှ ရွာသူရွာသားများ၏ ပြောကြားချက်အရ ၎င်းတို့ရွာမှ ထွက်ခွာသွားသူများနှင့် ရွာတွင်ကျန်ရစ်ခဲ့သူများအကြားတွင် ဆက်သွယ်ရေးစနစ်မှာ ကောင်းမွန်လွယ်ကူစွာရရှိနေပြီဟု ဆိုသည်။ ဥပမာအားဖြင့် မိသားစုဝင်တစ်ဦးဦးသည် တစ်နေရာရာ၌ အလုပ်အကိုင်အခွင့်အလမ်းတွေ့ရှိပါက ကျန်ရစ်သည့်ရွာမှ မိသားစုဝင်များထံသို့ဖုန်းဆက်၍ အလွယ်တကူ ပြန်လည်ဆက်သွယ်ခေါ်ယူနိုင်ပြီ ဖြစ်သည်။

ယခင် QSEM လေ့လာခဲ့သည့် အခေါက်များကဲ့သို့ပင် ရွှေ့ပြောင်းအလုပ်လုပ်လိုသူများသည် နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ကြရန်အတွက် အကျိုးဆောင်ခပေးချေရန် ငွေပမာဏကြီးမားစွာ ချေးယူခြင်း၊ သုံးစွဲခြင်းများပြုလုပ်ကြသည်။ ထိုကဲ့သို့သော ဝန်ဆောင်ခများသည် ဇယား ၁၄ တွင် ပြသထားသကဲ့သို့ပင် အလွန်စျေးကြီးပြီး အိမ်ထောင်စုများသည် ၎င်းတို့ပိုင်ဆိုင်သည့် အဓိကပစ္စည်းများကို ရောင်းချခြင်း၊ အတိုးနှုန်းအလွန်မြင့်သော ချေးငွေများကို ချေးယူခြင်းစသည်တို့ကို ပြုလုပ်ကြသည်။

[၃၇] ဤချေးနှုန်းသည် မြင့်သည်ဟုထင်ရသော်လည်း ပြန်လှန်၍တစ်ဆင့်ခံမေးမြန်းကြည့်ရာ မှန်ကန်ကြောင်း တွေ့ရသည်။

ယခင် QSEM လေ့လာခဲ့သည့်အခေါက်များကဲ့သို့ပင် ရွှေ့ပြောင်းလုပ်ကိုင်သူများသည် ဦးတည်သွားရောက်သည့်နေရာများတွင် မမျှော်လင့်သည့် စွန့်စားလုပ်ကိုင်ရမှုများ၊ အဆင်မပြေမှုများကို တွေ့ကြုံရသည်။ ၎င်းတို့တွေ့ကြုံရသည့် အခက်အခဲများမှတစ်ခုမှာ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု မရှိခြင်းများဖြစ်သည်။ ထိုအချက်ကြောင့်ပင် ၎င်းတို့သည် တစ်ခါတစ်ရံတွင် အန္တရာယ်အကြီးဆုံးအလုပ်များ၊ လုပ်ခအနည်းဆုံးအလုပ်များကိုသာ ခိုင်းစေခြင်းခံရလေ့ရှိသည်။ ဥပမာအားဖြင့် ၎င်းတို့ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်သည်ဆိုပါက ငြမ်းစင်၏ထိပ်ဆုံးပိုင်းတွင် တက်ရောက်လုပ်ကိုင်စေခြင်း၊ သံဂဟေဆော်သည့်လုပ်ငန်းလုပ်ကိုင်သည်ဆိုပါက မီးနှင့်နီးကပ်စွာလုပ်ကိုင်ရသည့် နေရာများတွင် လုပ်ကိုင်ရခြင်းစသည့် အခြေအနေများဖြစ်ပြီး ၎င်းတို့အနေဖြင့် ရွေးချယ်ခွင့်လည်း မရှိပေ။

# အခန်း (၆) လူမှုရေးဆိုင်ရာ ဆက်စပ်နီးနွယ်မှုများနှင့် အဖွဲ့အစည်းများ

"QSEM 3 တွင် တွေ့ရသည့် အခြားသော အဓိက အပြောင်းအလဲများမှာ လူမှုဆက်ဆံရေး၊ ကျေးရွာ အုပ်ချုပ်ရေးနှင့် ကျေးရွာ အဖွဲ့အစည်းများတွင် ဖြစ်သည်။"

**QSEM လေ့လာမှု၏ စတုတ္ထမြောက် စိစစ်လေ့လာခြင်းမှုဘောင်၏ လေ့လာမှုတစ်ရပ်မှာ လူအများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လူမှုရေးဆိုင်ရာဖွဲ့စည်းမှုများ၏ လွှမ်းမိုးမှုကို လေ့လာခြင်း ဖြစ်သည်။** ဤလေ့လာမှုကို ဘက်ပေါင်းစုံ၊ အမြင်ပေါင်းစုံမှ လေ့လာခဲ့ပါသည်။ ပထမဦးစွာ ကျွန်ုပ်တို့သည် ရွာတွင်းရှိ လူမှုအရင်းအမြစ်များကို လေ့လာခဲ့ပြီး ရပ်ရွာလူထုများတွင်း မည်သို့ပူးပေါင်းလုပ်ဆောင်ကြသည်ကို မှတ်တမ်းတင်ခြင်းနှင့် လူမှုရေးနီးနွယ်စပ်ဆက်မှုများအတွင်း ပြောင်းလဲမှုများရှိမရှိကို လေ့လာခဲ့ပါသည်။ ဒုတိယအနေဖြင့် လူမှုအရင်းအမြစ်များပေါ်သက်ရောက်သည့် အပိုင်းများကို ဆွေးနွေးခဲ့ပြီး အထူးသဖြင့် ရာဇဝတ်မှုများ၊ ပဋိပက္ခများနှင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်းဆိုင်ရာ နည်းစနစ်များကို သုံးသပ်ခဲ့ပါသည်။

**QSEM3 တွင် မြင်သာသည့် အဓိကပြောင်းလဲမှုအလုံးစုံမှာ ကျေးရွာအုပ်ချုပ်ရေးပိုင်း၊ လူမှုရေးဆိုင်ရာ ဆက်စပ်နီးနွယ်မှုများနှင့် အဖွဲ့အစည်းများတွင် တွေ့ရသည်။ အဓိကအင်အားများမှာ သုံးခေါက်ချိုးပုံစံ ဖြစ်သည်။** ပထမဖြစ်ရပ်မှာ မြေယာကဏ္ဍအခန်းတွင်ဖော်ပြပြီးဖြစ်သည်။ ကျေးရွာအဆင့် အငြင်းပွားခြင်းများတွင် အချို့သောပြောင်းလဲမှုများကိုတွေ့ရသည် (အထူးသဖြင့် တက်ကြွသည့် နိုင်ငံရေးအသွင်ယူထားသည့်အဖွဲ့၊ တောင်သူလယ်သမားအသင်းရှိသည့်နေရာ) ဖြစ်ပွားခဲ့ဖူးသော အငြင်းပွားမှု ကိစ္စရပ်အဟောင်းသည် နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံရေးပြောင်းလဲမှုများနှင့်အတူ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ အခြားသောဒေသများ၌ ရွာရှိဦးဆောင်လှုပ်ရှားသူ တချို့သည်ပင်လျှင် လုပ်ကိုင်ပုံ အလေ့အထများ ပြောင်းလဲလာပြီး မိမိအကျိုးစီးပွားထက် စည်းလုံးညီညွတ်မှုရှိစေရန် ညှိနှိုင်းလုပ်ဆောင်ပေးမှုများ ရှိလာသည်။ ဒုတိယအချက်မှာ နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော အမျိုးသားရေးပဋိပက္ခများနှင့် ဒေသဆိုင်ရာ အကြမ်းဖက်လုပ်ရပ်များမှာ အချို့သောဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကျေးရွာ အုပ်ချုပ်ရေး ကဏ္ဍများကို များစွာထိခိုက်စေသည်။ (ရခိုင်ပြည်နယ်ရှိ မြို့နယ်တစ်ခုနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်တစ်ခုတွင်) နောက်ဆုံးအချက်အနေဖြင့် ဒေသအလိုက်ကွဲပြားမှုများ ရှိသော်ငြားလည်း မူဝါဒအသစ်ဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများဆိုင်ရာ အုပ်ချုပ်ရေးဥပဒေ ပေါ်ထွက်လာခြင်း၏ အကျိုးဆက်အနေဖြင့် ရွာရှိအဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုပုံစံများ ပြောင်းလဲသွားခြင်းဖြစ်သည်။

**ဤအခန်းတွင် ကျွန်ုပ်တို့သည် ထိုပြောင်းလဲမှုများကို တွေ့ရှိခဲ့သည်။ သို့သော် အချို့သော အခြေအနေများကို ထုတ်ဖော်တင်ပြနိုင်ရန်အတွက် ပထမဦးစွာ လူမှုအရင်းအမြစ်များနှင့် ပါဝင်ပတ်သက်မှုများဆိုင်ရာ ကိစ္စရပ်အချို့ကို စစ်ဆေးလေ့လာခဲ့ပါသည်။**

## လူမှုအရင်းအမြစ်၊ လူမှုရေးနီးနွယ် ဆက်စပ်ပါဝင်မှုများနှင့် စုပေါင်းဆောင်ရွက်မှုများ

"ခြုံငုံသုံးသပ်ရလျှင် လူမှုရင်းမြစ်များမှာ အားကောင်းနေဆဲဖြစ်သည်။"

**ယခင်ပြီးဆုံးခဲ့သော QSEM သုတေသနများနှင့် အချို့သော QSEM ဒေသများတွင် ပြုလုပ်ခဲ့သော လူမှုရေးဆိုင်ရာသုတေသနများတွင်[၁၇] တွေ့ရှိချက်များအရ ထိုဒေသများရှိ ရွာများတွင် လူမှုရေးဆိုင်ရာ အရင်းအမြစ်များသည် ခိုင်မာအားကောင်းကြပြီး ကျေးရွာလူထုအနေဖြင့်လည်း ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များအတွက် အကျိုးရှိရှိစုပေါင်းဆောင်ရွက်နိုင်စေသည်။** လူမှုအရင်းအမြစ်ဟု ဆိုရာ၌ တူညီသောပန်းတိုင်ဆီသို့ ရောက်ရှိရန်အတွက် လူထုအကြား စည်းလုံးစွာဖြင့် ပူးပေါင်းလုပ်ကိုင်ကြသည့် ယုံကြည်မှုစံနှုန်းများနှင့် အပြန်အလှန်အပေးအယူရှိမှုများကို ဆိုလိုသည်။ ဥပမာအားဖြင့် လူတစ်ဦးနှင့်တစ်ဦး အလုပ်များသော ရိတ်သိမ်းချိန်များတွင် ကလေးများကို အပြန်အလှန်ထိန်းပေးခြင်း၊ ငွေရေးကြေးရေးခက်ခဲချိန်များတွင် ငွေကြေးချေးငှားပေးခြင်းစသည်ဖြင့် အပြန်အလှန်ကူညီကြခြင်းများ ဖြစ်သည်။ ယခင် သုတေသနအစီရင်ခံစာများတွင် စိစစ်သုံးသပ်ထားသကဲ့သို့ QSEM ရွာများတွင် ခြုံငုံသုံးသပ်ပါက လူမှုရေးအရင်းအမြစ်သည် ထူးထူးခြားခြား အားကောင်းသည်ကိုတွေ့ရှိရပြီး ရွာရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေရန်အတွက် ရွာသူရွာသားများ စုပေါင်းပါဝင်လုပ်ဆောင်နိုင်ကြသည်ကိုလည်း တွေ့ရှိရသည်။ QSEM 1တွင် ဥပမာအားဖြင့် ကျေးရွာလူထုအားလုံးသည် ဘာသာရေးပွဲများကို စည်းလုံးစွာဖြင့် စုပေါင်းလုပ်ဆောင်ကြပြီး ရွာရှိလူအားလုံး၏ တစ်ဝက်ခန့်သည်

[၁၇] ကျေးရွာအဆင့် လူမှုရေးဆိုင်ရာပြောင်းလဲဖြစ်ပေါ်မှုများဆိုင်ရာ လေ့လာမှုများကို များစွာပြုလုပ်ခဲ့ပြီး ဧရာဝတီတိုင်းရှိ "လူမှုရေးဆိုင်ရာသက်ရောက်မှုများ စောင့်ကြည့်ထိန်းသိမ်းခြင်း" (SIM)နှင့် ကျေးလက်ဆိုင်ရာအဖွဲ့အစည်းများမှ စိစစ်လေ့လာခဲ့သည့် "အောက်ခြေတွင် မည်သည့်အရာများ တည်ရှိဖြစ်ပေါ်နေသနည်း။" "What lies beneath" ဟူသည့် သုတေသနစာတမ်းများဖြစ်သည်။

ပြည်သူ့ကဏ္ဍဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ခြင်း (သို့မဟုတ်) အခြေခံအဆောက်အအုံအသေးစားများကို စုပေါင်းပြင်ဆင်ကြခြင်းစသည်တို့ကို လုပ်ကိုင်ကြသည်။ (ဥပမာအားဖြင့် စာသင်ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေစုပေါင်းထည့်ဝင်ကြခြင်းများ၊ လမ်းပြင်ခြင်းများနှင့် သောက်သုံးရေကန် စုပေါင်းတူးဖော်ကြခြင်းများ စသည်တို့ဖြစ်သည်။) သို့သော်လည်း အချို့ဒေသများတွင် ခြွင်းချက်များရှိပါသည်။ ဥပမာအားဖြင့် QSEM 2 တွင် ပါဝင်သော ဧရာဝတီတိုင်းရှိရွာများတွင် အကူအညီများ စုပြုံရောက်ရှိလာခြင်းဖြင့် လူမှုရေးဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုများ အလွန်ခိုင်မြဲသည်ဟု ဆိုစေကာမူ လူများအကြားတွင် လူမှုရေး တင်းမာမှုများ ပေါ်ပေါက်လာခဲ့သည်။

"သို့သော်လည်း အချို့သော ကျေးရွာများတွင် လူမှုရေးပိုင်းဆိုင်ရာ ပါဝင်လုပ်ဆောင်မှုနှင့် လူမှုရေးတင်းမာမှုများရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ အဓိကရုဏ်းဖြစ်ပွားသည့်ဒေသများတွင် ကျေးရွာများနှင့် ဘာသာရေးအဖွဲ့အစည်းများ အတွင်း လူမှုရင်းမြစ် စုစည်းမှုအလွန် အားကောင်းပြီး ပြင်ပ အုပ်စုမတူသူများနှင့်မူ လူမှုဆက်ဆံရေးအားနည်းသည်ကို တွေ့ရသည်။"

**ခြုံငုံသုံးသပ်ရလျှင် QSEM 3 ၌ လူမှုအရင်းအမြစ်များသည် အားကောင်းနေဆဲဖြစ်ကြောင်း တွေ့ရသည်။ ထိုအပြန်အလှန်ယုံကြည်မှုနှင့် လူမှုရေးရင်းနှီးကျွမ်းဝင်မှုများသည် ကျေးရွာလူထုများအတွက် တူညီသော အကျိုးရရှိနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်မှုများ၊ လူထုဝန်ဆောင်မှုပေးရာတွင် လိုအပ်သည့် ကွက်လပ်များကို ချိတ်ဆက်ဖြည့်ဆည်းပေးမှုများ၊ ကျေးရွာ၏ အခြေခံအဆောက်အအုံများကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းများ၊ (သို့) ပြင်ပရန်ပုံငွေဖြင့်လုပ်ဆောင်သည့် စီမံချက်များတွင် ထည့်ဝင်ကူညီကြခြင်းစသည့် စည်းလုံးညီညွတ်စွာလုပ်ဆောင်မှုများကို ရရှိစေသည်။ ထိုသို့ရပ်ရွာမှပါဝင်ကူညီမှုများဖြင့် ကျေးရွာတွင်းတွင် သက်သက်ထပ်မံစုပေါင်းလုပ်ကိုင်ကြသည့် စီမံလုပ်ဆောင်ချက်များကိုလည်း ဖြစ်ပေါ်ရရှိစေသည်။** မကွေးဒေသတွင် ပြီးဆုံးခဲ့သော သုတေသနကတည်းက ရွာသူရွာသားများ ကျေးရွာဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်အားဖြည့်ခြင်းများနှင့် အခြေခံအဆောက်အအုံများ စုပေါင်းပြင်ဆင်ကြခြင်းများစသည့် စုပေါင်းလုပ်ဆောင်မှု သာဓကဖြစ်ရပ်အသစ်များကို တွေ့ရှိရသည်။ ထိုသို့ လုပ်ဆောင်မှုများကို ရွာကိုးရွာရှိ ငါးရွာတွင် တွေ့ရှိရပြီး သောက်ရေကန်တည်ဆောက်ခြင်းများ၊ မီးစက်ဝယ်ယူခြင်း၊ ရွာလမ်းကို ပြင်ဆင်ခင်းခြင်းနှင့် ရေပိုက်သွယ်ယူခြင်းစသည့် ကိစ္စရပ်များကို တွေ့ရှိရသည်။ ထိုသို့သော လုပ်ဆောင်မှုများကို ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင်လည်းတွေ့ရသည်။ သုတေသီများ၏တင်ပြချက်များအရ ရှမ်းပြည်နယ်တွင် ရွာသူရွာသားများသည် ရွာတွင်စုပေါင်း လုပ်ဆောင်သည့် ကိစ္စရပ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေကြဆဲဖြစ်ပြီး ဥပမာအားဖြင့် ဆီဆိုင်မြို့နယ်တွင် ကျေးရွာစာသင်ကျောင်းတည်ဆောက်ရန် ပြင်ပအဖွဲ့အစည်းတစ်ခုမှ မတည်ငွေကို ရွာမှ ထပ်မံစုပေါင်းထည့်ဝင်ကြသည်ကိုတွေ့ရသည်။ ဧရာဝတီတိုင်းတွင်လည်း ထိုကဲ့သို့သော စုပေါင်းလုပ်ဆောင်မှုများကို တွေ့ရှိရပြီး ကူးတို့ဆိပ်တည်ဆောက်ခြင်းနှင့် ရွာတွင်းလမ်းများ ပြုပြင်ခြင်းတို့ဖြစ်သည်။

**ရွာတွင်းရှိ အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် ဆင်းရဲနွမ်းပါးသူများကို ငွေကြေးတတ်နိုင်သူများထက် လျော့နည်းထည့်ဝင်စေသော်လည်း နွမ်းပါးသူများ၏ ပြောပြချက်အရ လုပ်အားထည့်ဝင်မှုသည် မထောင်းသာသော်လည်း အခြားငွေကြေးပမာဏ မည်မျှပင်ထည့်ဝင်ရစေကာမူ ဝန်ထုပ်ဝန်ပိုး ဖြစ်နေဆဲဖြစ်သည်ဟုဆိုသည်။** ကျေးရွာများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှု ကိစ္စရပ်များသည် အလိုအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ပုံမှန်အားဖြင့် ရွာလူကြီးများ၏ ဦးဆောင်မှုဖြင့် စတင်ဖြစ်ပေါ်လာပြီး နွမ်းပါးသူများက ပြေလည်သူများထက် လျော့နည်းထည့်ဝင်ရလေ့ရှိသည်။ ကျေးရွာလူထုမှ လုပ်အား၊ ဝန်ဆောင်မှုနှင့် ငွေကြေးများထည့်ဝင်ကြသည်။ အချို့လူများ ပြောကြားကြသည်မှာ တစ်ခါတစ်ရံထည့်ဝင်ရသည့် ကိစ္စရပ်များသည် ရပ်ရွာအတွက် အမှန်တကယ်လိုအပ်နေသည့်ကိစ္စရပ်များဖြစ်ကြောင်း လက်ခံသိရှိလင့်ကစား ၎င်းတို့တွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟုဆိုသည်။

အကြမ်းဖျင်းခြုံငုံသုံးသပ်ပါက လူမှုအရင်းအမြစ်များတွင် အားကောင်းသည်ဟု ဆိုသော်လည်း အခြေအနေများမှာ တစ်ထပ်တည်းမဟုတ်ပေ။ အချို့သောရွာများတွင် လူမှုရေးနီးနွယ်ပါဝင်လုပ်ဆောင်မှုနှင့် လူမှုရေးဆိုင်ရာတင်းမာမှုများရှိနေသည်ကိုလည်း တွေ့ရသည်။ အဓိကဖြစ်ရပ် သုံးခုရှိပါသည်။ ပထမတစ်ခုမှာ အချို့သောကျေးရွာများတွင် လူမှုရေးဆက်စပ်မှုနှင့် လူမှုရေးခွဲခြားမှုများရှိသည်ကိုတွေ့ရပြီး စီးပွားရေး မညီမျှမှု၊ လူမျိုးရေး(သို့) ဘာသာရေးကြောင့် ဖြစ်သည်။ ဒုတိယဖြစ်ရပ်မှာ ရခိုင်ပြည်နယ်ရှိ ရွာများသည် ၎င်းတို့၏မြို့နယ်များတွင် အကြီးအကျယ်ဖြစ်ပွားသော ရပ်ရွာအလိုက် အကြမ်းဖက်မှုများကြောင့် ၎င်းတို့၏လူမျိုးတူကျေးရွာအတွင်းတွင် အချင်းချင်းယုံကြည်ကိုးစားမှု မြင့်တက်လာပြီး ရွာပြင်ပတွင်ရှိသော မတူညီသည့်လူအုပ်စုများအပေါ်တွင် မယုံကြည်မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ နောက်ဆုံးကိစ္စရပ်မှာ ကျေးရွာပေါင်းများစွာတွင် ၎င်းတို့၏လူမှုဘဝများအထိပါ သက်ရောက်မှုရှိစေသည့် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲဖြစ်သည်။

"စီးပွားရေး မညီမျှမှုများ၊ ဘာသာရေး(သို့) လူမျိုးရေးအပေါ်တွင် အခြေခံ၍ လူမှုရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်လာတတ်ကြောင်း အချို့ရွာအနည်းငယ်တွင် တွေ့ရသည်။"

**သုတေသီများသည် ပြီးဆုံးခဲ့သော QSEM အခေါက်များတွင် လူမှုရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးနှီးနွယ်ပါဝင်မှုများနှင့်ပတ်သက်၍ အတိအကျဆုံးဖြတ်သတ်မှန်ရန် ခက်ခဲသည်ကို တွေ့ရှိခဲ့ပါသည်။** ပြီးဆုံးခဲ့သော QSEM အခေါက်များတွင် ရွာသူရွာသားများသည် အထက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုကြခြင်းများမရှိဘဲ ထိုကဲ့သို့သောကိစ္စရပ်များကို ရွာသူရွာသားများအနေဖြင့် မပြောကြားလိုသောကြောင့်လည်းကောင်း၊ ပြင်ပမှတစ်စိမ်းများအကြားတွင် မပြောဆိုလိုသောကြောင့်လည်းကောင်းစသဖြင့် သုတေသီများအနေဖြင့် ရှင်းလင်းစွာဝေခွဲမရဘဲ ရှိခဲ့ပါသည်။

**"ဘယ်သူတွေက တန်ဖိုးမရှိတဲ့လူတွေကို ယုံကြည်လေးစားမှာလဲ"**- ရခိုင်ပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသော မိသားစုဝင်တစ်ဦးမှ ၎င်းတို့အနေဖြင့် ရွာအစည်းအဝေးများတွင် ဆင်းရဲနွမ်းပါးသူများ အဘယ်ကြောင့် မတက်ရောက်ကြသနည်းဆိုသည်ကို ရှင်းလင်းပြောပြခြင်း။

**QSEM 3 တွင် အချို့သောရွာများရှိ လူမှုရေးခွဲခြားဆက်ဆံခြင်းသည် အခြေခံလူမှုဝန်ဆောင်မှုများ၊ သို့မဟုတ် သာမန်လူမှုဘဝတွင် ပါဝင်လုပ်ဆောင်ခြင်းများကို တားဆီးထားပြီး ဘာသာရေး(သို့) စီးပွားရေး မတူညီမှုများအပေါ်တွင် အခြေခံကြောင်း တင်ပြကြသည်။** QSEM 3 လေ့လာမှုတွင် သုတေသီများသည် ယခင်အခေါက်လေ့လာမှုများထက် ဆင်းရဲသောအိမ်ထောင်စုများနှင့် ပို၍အတွင်းကျကျ မေးမြန်းခဲ့ကြပြီး အချက်အလက်များ ပိုမိုရရှိရန်အတွက် လူမှုရေးဆိုင်ရာခွဲခြားဆက်ဆံခြင်းများကို သွယ်ဝိုက်၍သာ မေးမြန်းခဲ့ကြပါသည်။ ဤလေ့လာခဲ့သော ကျေးရွာများတွင် အချို့အိမ်ထောင်စုများမှ လူမှုရေးခွဲခြားခံရမှု ကိစ္စရပ်များကို ပြောပြခဲ့ကြပါသည်။

**ရခိုင်ပြည်နယ်တွင် ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ ပြောကြားသည်မှာ နွမ်းပါးသူများသည် ငွေကြေးတတ်နိုင်သူများထံမှ ငွေချေးယူနိုင်ရန် မှီခိုအားထားနေကြရသောကြောင့် အဆင့်ဆင့်သော လူမှုရေး မပြေလည်ခံစားရမှုများကို ပြောပြရန်ဝန်လေးနေကြခြင်းဖြစ်သည်။** "ရွာတွင်းခေါင်းဆောင် လုပ်ကိုင်ဖို့မပြောနဲ့ ငွေတကယ်လိုလာရင်တောင် ချေးဖို့တအားခက်တာ"ဟု ပုဂ္ဂိုလ်တစ်ဦးမှ ပြောသည်။ ထို့အပြင် ဖြည့်စွက်ပြောကြားသည်မှာ အကယ်၍သာ ဆင်းရဲနွမ်းပါးသူများက ရွာတွင်းခေါင်းဆောင်လုပ်ကိုင်သည့် နေရာများကို ရယူလုပ်ကိုင်မည်ဆိုပါကလည်း အခက်တွေ့ကုန်မည်ဟုဆိုသည်။ နွမ်းပါးသူများသည် စားဝတ်နေရေးမလုံလောက်မှုအတွက် အမြဲတစေလုံးပန်းနေကြရသောကြောင့် ငွေကြေးပြေလည်သူများကဲ့သို့ ရွာရှိလူမှုရေးရာများတွင် ပါဝင်ဆောင်ရွက်ရန် အချိန်မရှိကြဟုဆိုသည်။

ရှမ်းပြည်နယ်ရှိ အချို့မြို့နယ်များတွင် ဆင်းရဲသူများနှင့် ချမ်းသာသူများအကြား ကွာခြားမှုသည် မင်္ဂလာဆောင်များနှင့် အခြားလူမှုရေးပွဲများတွင် ပို၍သိသာစွာကွဲပြားပြီး ရွာတစ်ရွာတွင်မူ ခွဲခြားဆက်ဆံခံရမှုကြောင့် ခံစားခဲ့ရသည်များကို စာသင်ကျောင်းနှင့်ပတ်သက်သည့် ကိစ္စရပ်တစ်ခုတွင် ဖြေကြားခဲ့သည်။ ထိုရွာများတွင် လူအများပြောကြားချက်အရ ပွဲများတွင် ချမ်းသာသူ၊ ဆင်းရဲသူများသည် လူမှုရေးပွဲများတွင် အတူတကွ ပါဝင်ကြသော်လည်း ချမ်းသာသူများက ကြိုဆိုနေရာချထားသည့်နေရာများတွင် လုပ်ကိုင်နေကြချိန်တွင် ဆင်းရဲနွမ်းပါးသူများသည် ချက်ပြုတ်ဆေးကြောသည့် အလုပ်များကို လုပ်နေကြရသည်ဟု ဆိုသည်။ ရှမ်းနှင့်ပအိုဝ်လူမျိုးများ ရောနှောနေသည့်ရွာများတွင် တိုင်းရင်းသားအုပ်စုအချင်းချင်း လူမှုရေးနှင့်အပြန်အလှန်ယုံကြည်မှုများ ခိုင်မာအားကောင်းပြီး ပွဲများကျင်းပခြင်း၊ ဘုန်းကြီးဆွမ်းလောင်းခြင်းစသည့်ပွဲများတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ကူညီရိုင်းပင်းကြသည်ဟုဆိုသည်။ သို့သော်လည်း ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ လားဟူတိုင်းရင်းသားလူနည်းစုရှိသည့် ရွာတစ်ရွာတွင်မူ ထိုတိုင်းရင်းသားများကဖြေကြားသည်မှာ ၎င်းတို့၏ကလေးငယ်များသည် အနီးအနားရှိ ရှမ်းလူမျိုးအများအပြားရှိသောရွာတွင် သွားရောက်ကျောင်းတက်ကြပြီး ကျောင်းတွင်လူရာသွင်းခြင်းမခံရဘဲ ရှောင်ရှားကြသည်ဟုဆိုသည်။ အကျိုးဆက်အနေဖြင့် ကလေးငယ်များ ကျောင်းမတက်လိုကြတော့ ဟုဆိုသည်။ ထိုကဲ့သို့ လူမျိုးရေးလက္ခဏာသွင်ပြင်ပေါ်တွင် ခွဲခြားဆက်ဆံခြင်းသည် ပြည်သူ့ကဏ္ဍဝန်ဆောင်မှုများကို ရယူရန်အတွက် ထိခိုက်သက်ရောက်မှုရှိစေသည်ကို အထင်အရှားဖော်ပြလျက်ရှိသည်။

ဧရာဝတီတိုင်းတွင်မူ ရွာတစ်ရွာ၌ ဘာသာမတူသည့်လူနှစ်စုသည် အချင်းချင်းဆက်ဆံမှု အလွန်နည်းပါးသည်ကို တွေ့ခဲ့ရသည်။ ထိုနေရာတွင် ဗုဒ္ဓဘာသာအများစုနေထိုင်ကြပြီး အနီးနားရှိရွာများတွင် INGO တစ်ဖွဲ့သည်လည်း ထိုရွာမှ မွတ်စလင်အိမ်သုံးအိမ် အပါအဝင် အားလုံးကိုကူညီရန် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့လိုက်မေးမြန်းမှုတွင် ရွာသူရွာသားများမှ ပြောကြားသည်မှာ ၎င်းတို့အနေဖြင့် ထိုသို့လာရောက်နေထိုင်သော မွတ်စလင်မိသားစုသုံးစုနှင့်ပတ်သက်၍ ဘဝင်မကျကြကြောင်း သိရသည်။ "သူတို့က အသားအရောင်၊ စရိုက်၊ ဘာသာဘာမှ မတူဘူးလေ"ဟု ပြောသည်။ ထိုမွတ်ဆလင်

အိမ်ထောင်စုသုံးစုမှ ပြောကြားသည်မှာ ၎င်းတို့သည်လည်း ရွာမှပွဲလမ်းများတွင် ပါဝင်လေ့မရှိဟု သိရသည်။ "ကျွန်တော်တို့အတွက် အရေးမကြီးပါဘူး။ ကျွန်တော်တို့က ကိုယ့်အိမ်ထဲမှာ ကိုယ့်မိသားစုနဲ့ပဲ နေတယ်လေ။ အခြားသူတွေနဲ့ အဆက်အဆံမလုပ်ပါဘူး။"

**ရပ်ရွာတွင်းအကြမ်းဖက်မှုဖြစ်ပွားခဲ့သောကြောင့် ထိခိုက်ခံစားခဲ့ရသော ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ရွာတစ်ရွာတွင် မတူညီသော လူမျိုးနှစ်စုအတွင်း ယုံကြည်မှုနှင့် လူမှုရေးရင်းနှီးကျွမ်းဝင်မှု အားနည်းခြင်းများ ဖြစ်ပေါ်ပြီး ရပ်ရွာတွင်းလူမှုရေးရာကိစ္စရပ်များတွင် ကြီးစွာသောသက်ရောက်မှုကို ဖြစ်စေသည်။** ကျောက်ဖြူမြို့နယ် QSEM ကျေးရွာလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အောက်တိုဘာ ၂၀၁၂ တွင် မြို့နယ်လုံးကျွတ်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ၏ သွယ်ဝိုက်သော ထိခိုက်သက်ရောက်မှုကို ခံစားကြရသည်။ ဤအခန်း၏နောက်ပိုင်းတွင် လေ့လာဖော်ပြထားပါသည်။ ထိုကျေးရွာတွင် အကြမ်းဖက်မှု မပေါ်ပေါက်ခဲ့သော်လည်း ရွာသူရွာသားများသည် လုံခြုံရေးအတွက် စုပေါင်းကာကွယ်မှုများ တိုးမြှင့်လုပ်ဆောင်ကြပြီး ဘေးကင်းလုံခြုံမှုမရှိဟုယူဆရသော ကိစ္စရပ်များအတွက် အပြန်အလှန်ကူညီကြသည်။ ပဋိပက္ခဖြစ်ပွားနေစဉ်ကာလအတွင်း ကျေးရွာလုံခြုံရေးအတွက် အဖွဲ့လိုက်တာဝန်ယူကြပြီး အလှည့်ကျတာဝန်ယူလုပ်ဆောင်ကြသည်။ ဤကာလတွင် အိမ်ထောင်စုတိုင်းသည် ရွာလုံခြုံရေးကင်းလှည့်ရန်အတွက် တစ်လခန့်အလှည့်ကျ တာဝန်ယူလုပ်ဆောင်ကြသည်။ ထိုကာလအတွင်း ရွာသူရွာသားများသည် ဟင်းသီးဟင်းရွက်ရှာဖွေရန်(ပုံမှန်လုပ်နေကြဖြစ်သော)အတွက် တောထဲသို့ မသွားကြပေ။ အကြမ်းဖက်မှုဖြစ်ပွားခဲ့သော မြို့နယ်သို့လည်း သွားရောက်ခြင်းမပြုကြ။ ထိုကဲ့သို့သော အခြေအနေတွင် ရွာရှိချမ်းသာသူများက နွမ်းပါးသူများကို ဆန်များဝေငှခြင်း၊ အကယ်၍ တော၊ တောင်ထဲသို့ မဖြစ်မနေသွားရမည်ဆိုပါက အဖွဲ့လိုက်သွားကြခြင်းစသည်တို့ကို လုပ်ဆောင်ကြသည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် ကျေးရွာလူထုနှင့်ဘာသာတူသူအုပ်စုတွင်း အချင်းချင်းရင်းနှီးမှု၊ အပြန်အလှန်ဖေးမကူညီမှုစသည့် အချက်များအပေါ်တွင် အားထားကြရပြီး လူမှုစီးပွားအဆင့်မတူသည့်အုပ်စုများအတွင်း အပြန်အလှန်ဖေးမမှုကို တွေ့ရှိရသည်။

**ထိုကဲ့သို့ လူမှုရေးဆက်ဆံရင်းနှီးမှုများ အားကောင်းလာသည်မှာ ဘာသာတူအုပ်စုများအတွင်းသာဖြစ်ပြီး ဘာသာမတူသောအုပ်စုများနှင့် ဆက်ဆံမှု၊ ယုံကြည်မှုများ အလုံးစုံပျက်စီးသွားသည့်အချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။** ရွာသူရွာသားများ၏ ပြောကြားချက်အရ ၎င်းတို့အချင်းချင်း ပေါင်းစည်းလာခြင်း၊ အပြန်အလှန်ကူညီကြခြင်းတို့မှာ ဘင်္ဂလီများ[၁၅]နှင့်ရင်ဆိုင်ရပါကအသတ်ခံရမည်ကို စိုးရွံ့ကြသောကြောင့် ဖြစ်သည်။ လူမှုရင်းမြစ်ဆိုင်ရာစကားလုံးနှင့်ဆိုရလျှင် လူမျိုးဘာသာပေါင်းစုံရောနှောနေသည့် လူမှုအုပ်စုခြင်း ချိတ်ဆက်မှုအားနည်းပြီး တူညီသည့်လူမျိုးဘာသာအုပ်စုခြင်း စုပေါင်းဆောင်ရွက်မှု အားကောင်းသည့်လူမှုရင်းမြစ်များ ပေါင်းကူးခြင်းများ ဖြစ်ပေါ်လာသည်။ ဤလေ့လာမှုမှ တွေ့ရှိချက်အရ အကြံပြုချက်မှာ ယင်းကဲ့သို့သော "လူမှုရင်းမြစ်များပေါင်းကူးခြင်း" မရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လိပ်ခဲတည်းလည်း ဖြစ်နေသော လူမှုရေးပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန်အတွက် အတားအဆီး ဖြစ်စေသည်။

**နောက်ဆုံးအချက်အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲနှင့်ပတ်သက်၍ ကျေးရွာတော်တော်များများတွင် လူမှုရေးတင်းမာမှုများ ပေါ်ပေါက်လာခြင်းကို တွေ့ရှိရသည်။** ထိုကဲ့သို့သော တင်းမာမှုများသည် ကျေးရွာလူထုတွင်း ယခင်ကတည်းကရှိနေသော သဘောထားကွဲမှုများနှင့် အုပ်စုကွဲခြင်းများကြောင့် ဖြစ်ပြီး ဤရွေးချယ်ပွဲသည် ထိုသို့သဘောထားကွဲပြား တင်းမာမှုများကို ပိုမိုဆိုးဝါးစေသည်။ ထိုကိစ္စရပ်များ ကို ဤအခန်း၏ နောက်ပိုင်းတွင် ဖော်ပြထားပါသည်။

## ပဋိပက္ခ၊ ရာဇဝတ်မှုနှင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်း

**QSEM 3 တွင် ပဋိပက္ခ၊ ရာဇဝတ်မှုနှင့် အငြင်းပွားမှုဖြေရှင်းခြင်းများ၏ သဘာဝနှင့်သက်ရောက်မှုများ ပြောင်းလဲခြင်းအဓိကအချက် (၃)ချက်ကို တွေ့ရှိခဲ့ပါသည်။** (၁) ရခိုင်ပြည်နယ်၏ မြို့နယ်တစ်ခုတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ကျေးရွာများမှ လူထု၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုထိခိုက်စေခဲ့သည်။ (၂) ရှမ်းပြည်နယ်တွင် ပြောင်းလဲမှုအချို့ကို ငြိမ်းချမ်းရေးလမ်းစဉ်၏ ရလဒ်အဖြစ်

[၁၅]ကျောက်ဖြူမြို့နယ်ရှိ မွတ်ဆလင်များမှာ အမှန်တကယ်အားဖြင့် အစိုးရမှတိုင်းရင်းသားအဖြစ် တရားဝင်အသိအမှတ်ပြုသည့် ကမန်မွတ်ဆလင်များဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းအနှံ့တွင် ပြန့်ကျဲတည်ရှိသော ရိုဟင်ဂျာမွတ်စလင်များနှင့် ကွဲပြားသည်။ သို့သော်လည်း ရွာသူရွာသားများအနေဖြင့် ဘင်္ဂလီ(သို့မဟုတ်) ကုလားဟုသာ ခေါ်ကြသည်။

တွေ့မြင်ခဲ့ရသည်။ (၃) ကျေးရွာများတွင်ဖြစ်ပွားသည့် အပြောင်းပွားသည့် ကိစ္စရပ်များ၏ပြောင်းလဲမှုများမှာ အဓိကအားဖြင့် မြေယာနှင့်ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည်။

## ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့် အကြမ်းဖက်မှု

"ရပ်ရွာအလိုက် ဖြစ်ပွားသော အဓိကရုဏ်းများသည် ရခိုင်ပြည်နယ်ရှိ မြို့နယ်တစ်ခုတွင် ကျေးရွာလူထု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထိခိုက်စေကြောင်း တွေ့ရသည်။ ဆန်နှင့် မွေးမြူရေးတိရစ္ဆာန်များ ဝယ်ယူမှုကျဆင်းသွားပြီး နွားဈေးလည်း ကျဆင်းသွားသည်။ ငါးဈေးမှာမူ တက်လာခဲ့သည်။"

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ QSEM ရွာတစ်ရွာတွင် ရပ်ရွာအလိုက်ဖြစ်ပွားသော အကြမ်းဖက်မှု၏ သက်ရောက်မှုကိုခံစားခဲ့ရသည်။** ၂၀၁၂ နှောင်းပိုင်းအထိ ရခိုင်ပြည်နယ်၏ ရေနက်ဆိပ်ကမ်းဖြစ်ပြီး "ရွှေ"သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆုံရာလည်းဖြစ်သော ကျောက်ဖြူမြို့၏ လူဦးရေမှာ ဗုဒ္ဓဘာသာနှင့် မွတ်စလင်ဘာသာဝင်တို့ ရောယှက်နေထိုင်ခဲ့ကြသည်။ မွတ်စလင်အများစုမှာ မြန်မာနိုင်ငံအစိုးရမှ တိုင်းရင်းသားအဖြစ် တရားဝင်အသိအမှတ်ပြုထားသည့် ကမန်မွတ်စလင်များဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်အစောပိုင်းပြုလုပ်ခဲ့သည့် QSEM ၏ပထမအကြိမ်သုတေသနများတွင် ဤမြို့နယ်အတွင်း မည်သည့်အကြမ်းဖက်မှုကိုမှမတွေ့ခဲ့ရဘဲ ထိုနှစ်နှောင်းပိုင်းတွင် တင်းမာမှုများမြင့်တက်လာပြီး ပြည်နယ်တွင်းအကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၂ ခုနှစ်အောက်တိုဘာလတွင် ထိုတင်းမာမှုများသည် အကြမ်းဖက်မှုများအဖြစ် ပြောင်းလဲသွားခဲ့သည်။ အစိုးရ၏တရားဝင်သတင်းထုတ်ပြန်ချက်များအရ ထိုပဋိပက္ခအတွင်း လူ(၁၁)ယောက်သေပြီး (မွတ်ဆလင် ကိုးဦး၊ ဗုဒ္ဓဘာသာနှစ်ဦး) အိမ်ခြေ ၈၉၁ အိမ်မီးရှို့ဖျက်ဆီးခံရကာ (အများစုမှာမွတ်စလင်အိမ် များဖြစ်သည်) လူ ၅၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည် (အများစုမှာ မွတ်စလင်)။ မွတ်စလင်အချို့မှာ စစ်တွေမြို့သို့ လှေများဖြင့်ထွက်ပြေးကြပြီး ခန့်မှန်းခြေလူဦးရေ ၁၇၀၀ ခန့်သည် ဒေသတွင်းသာ ကျန်ရစ်ခဲ့ ကြသည်။ QSEM 3 လေ့လာမှုပြုလုပ်ချိန်တွင် ထိုကျန်ရှိသူများသည် မြို့ပြင်ရှိ စစ်တပ်စောင့်ရှောက်ထားသော ဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိကြသည်။

**ပဋိပက္ခများသည် မြို့ပေါ်တွင်ဖြစ်ပွားခြင်းဖြစ်သော်လည်း ကျေးရွာများရှိ လူထု၏အသက်အိုးအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။** အကြမ်းဖက်မှုများမဖြစ်ပွားမီ သုတေသနပြုလုပ်ရန် ရွေးချယ်ခဲ့သည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ ကျေးရွာ (၃)ရွာသည် ဗုဒ္ဓဘာသာကျေးရွာများဖြစ်ပြီး လူမျိုးဘာသာမျိုးစုံ ရောနှောနေထိုင်သည့် သွင်ပြင်ပုံစံ(သို့) လူမျိုးတူအုပ်စုများစုဖွဲ့နေထိုင်သည့်ပုံစံသည် ကျေးလက်ဒေသများထက် မြို့ပြဧရိယာများတွင် ပို၍တွေ့ရှိရသည်။ကျေးလက်ဒေသများတွင် အကြမ်းဖက်မှုဖြစ်ပွားမှုမရှိပေ။ သို့သော်လည်း ဖြစ်ပွားသည့် အကြမ်းဖက်ကိစ္စရပ်များသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေကြောင်း ရွာသူရွာသားများမှ ပြောကြားသည်။

**အဓိကပြောင်းလဲမှုကြီး လေးခုကိုတွေ့ရှိရသည်။ ဆန်ဝယ်လိုအားကျခြင်း၊ နွားဝယ်လိုအားကျခြင်း၊ မွေးမြူရေးလုပ်ငန်းကျဆင်းခြင်းနှင့် ငါးဈေးကြီးခြင်းတို့ဖြစ်သည်။** ပထမဦးစွာ ဆန်ဝယ်လိုအား ကျဆင်းသွားသည်။ ရွာသူရွာသားများသည် ယခင်က မြို့နယ်တွင်းတွင် ရောင်းချခဲ့ကြရာမှ မွတ်ဆလင်အများအပြား ကျောက်ဖြူမြို့နယ်ကို စွန့်ခွာထွက်ပြေးကြရာမှ ဆန်ဝယ်လိုအား ကျဆင်းသွားခဲ့သည်။ ရွာသူရွာသားဘများ၏ ပြောကြားချက်အရ စီးပွားဖြစ်ငါးဖမ်းကြသူများမှာ မွတ်ဆလင်များဖြစ်ပြီး ကိုယ်ပိုင်သင်္ဘောများဖြင့် ပင်လယ်တွင်းသို့ ရက်သတ္တနှစ်ပတ်၊ သုံးပတ်ငါးဖမ်းထွက်ကြသည်။ ယခုအကြမ်းဖက်မှုမတိုင်မီက ထိုသင်္ဘောပိုင်ရှင်များသည် ထိုကဲ့သို့သော ငါးဖမ်းခရီးများတွင် သင်္ဘောလုပ်သားများကို ကျွေးမွေးရန်အတွက် ဆန်များကို ပမာဏမြောက်မြားစွာ ပုံမှန်ဝယ်ယူလေ့ရှိကြသည်။ သို့သော်လည်း ယခုအချိန်တွင် သင်္ဘောပိုင်ရှင်၊ လုပ်သားများနှင့် သင်္ဘောများပင်မကျန်မရှိကြတော့သောကြောင့် ဆန်ဝယ်ယူမှုများစွာ ကျဆင်းသွားခဲ့သည်။ ဒုတိယအချက်အနေဖြင့် နွားဈေးကျသွားသည်ဟုလည်း ဆိုသည်။ မြို့တွင်းရှိ နွားပွဲစားတော်တော်များများမှာ မွတ်စလင်များဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ကြသည်။ သို့သော် ၎င်းတို့ထွက်ပြေးသည့်နောက်ပိုင်း နွားဈေးကွက်ကျဆင်းသွားခဲ့သည်။ အလားတူ ဖြစ်ရပ်တစ်ခုမှာ မွေးမြူရေးလုပ်ငန်း ကျဆင်းသွားခြင်းဖြစ်သည်။ အထက်တွင် တင်ပြထားသကဲ့သို့ နွားပွဲစားများမှာ မွတ်စလင်များဖြစ်ပြီး ၎င်းတို့မွတ်စလင်များအတွက် သားငါးတိရစ္ဆာန်များကို ပုံမှန်ပမာဏများစွာ ဝယ်ယူကြပြီး (အီဒူလ်အဒါး)ဘက္ကရီးအစ်နေ့ကဲ့သို့သော ဘာသာရေးအရ နွားများသတ်ဖြတ်ရသည့်နေ့များတွင် ပို၍အင်တိုက်အားတိုက် ဝယ်ယူကြသည်။ သို့သော် ပဋိပက္ခဖြစ်ပြီးသည့်နောက်ပိုင်း နွားဝယ်ယူမှုလည်း ကျဆင်းသွားခဲ့သည်။ ထို့ပြင် မြို့နယ်တွင်း ငါးဖမ်းလုပ်ငန်းသည် မွတ်စလင်အများစု လုပ်ကိုင်သည့်လုပ်ငန်းဖြစ်သောကြောင့် ငါးများလည်း ရှားပါးသွားပြီး ငါးဈေးတက်လာခဲ့သည်။ ယခုအခါ မွတ်စလင်

ငါးဖမ်းသင်္ဘောများသည်လည်း မရှိတော့သောကြောင့် မြို့နယ်တွင်း ငါးဖမ်းရောင်းချခြင်းသည်လည်း တဖြည်းဖြည်းနည်းပါးသွားသည်။

အကြမ်းဖက်မှုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ လူမှုရေးနှင့်လူမျိုးရေးဆိုင်ရာ လက္ခဏာများကို ထိခိုက်စေခဲ့သော်လည်း ရွာသူရွာသားများအနေဖြင့် မိမိတို့၏အကျိုးစီးပွားဆိုင်ရာများကို ရှုမြင်ရာတွင် ပဋိပက္ခဖြစ်ပွားခြင်းနှင့် ၎င်းတို့အတွက် အကျိုးရရှိမှုများဆက်စပ်မှုကို တွက်ချက်ရှုမြင်သည်။ မြို့နယ်တွင်းမှ မွတ်ဆလင်ကုန်သည်များ မရှိတော့ခြင်းနှင့်ပတ်သက်၍ မည်သို့သဘောထားသည်ကို ရွာသူရွာသားများအား မေးမြန်းရာ ၎င်းတို့မှ ထိုသို့ထွက်ခွာသွားကြခြင်းသည် စီးပွားရေးအရထိခိုက်သော်လည်း အလွန်နှစ်ထောင်းအားရစွာ ပြောကြားကြသည်။ "ကုလားမရှိလေ ကောင်းလေဘဲ" "ထွက်သွားတာ ကောင်းတယ်။ သူတို့က လူမျိုး၊ ဘာသာတူကြတာ မဟုတ်ဘူး။ သူတို့ ဒီမှာနေကြတာ မကြိုက်ဘူး" ရွာသူရွာသားများအနေဖြင့် နိုင်ငံသားများဖြစ်သော ကျောက်ဖြူမှ ကမန်မွတ်ဆလင်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာ[16] ခေါ် နိုင်ငံမဲ့မွတ်ဆလင်များကို ခွဲခြားသတ်မှတ်ပြောဆိုခြင်းမရှိဘဲ ဒေသတွင်းရှိ အသားမည်းသူအားလုံးကို ဘင်္ဂလီ(သို့) ကုလားဟုသာ ခေါ်ကြသည်။

## ရှမ်းပြည်နယ်တွင် အပစ်အခတ်ရပ်စဲခြင်း

**QSEM 2 တွင် လေ့လာခဲ့သော ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ်ဒေသများမှ ရွာသူရွာသားများ၏အသိပေးချက်အရ ၎င်းတို့၏ဘဝများသည် ပို၍အဆင်ပြေလာပြီး အထူးသဖြင့် စစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအကြား ဆက်ကြေးပေးရခြင်း နည်းပါးသွားသောကြောင့် ဖြစ်သည်ဟုဆိုသည်။** ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်ရှိရွာသုံးရွာမှ လူထုမှပြောကြားသည်မှာ ၎င်းတို့ပုံမှန်ပေးဆောင်နေရသည့် ဆက်ကြေးပမာဏမှာ သိသာထင်ရှားစွာ လျော့နည်းသွားသည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်တွင် တစ်အိမ်ထောင်လျှင် တစ်သိန်းကျပ်ခန့်ပေးခဲ့ကြရာမှ ၂၀၁၂ ခုနှစ်တွင် ငါးသောင်းကျပ်အထိ နည်းပါးသွားခဲ့သည်။ ၎င်းတို့ပြောပြချက်အရ ထိုပေးရသည့်ငွေပမာဏသည် ၎င်းတို့အတွက် အလွန်ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး အထူးသဖြင့် ကျပန်းလုပ်သားများအတွက် အလုပ်ရှားပါးသော မတ်၊ ဧပြီနှင့် မေလများတွင် ပို၍ကျပ်တည်းစေသည်ဟုဆိုသည်။ ဤသုတေသနပြုလုပ်ချိန် ၂၀၁၃၊ မေလတွင် ထိုရွာသူရွာသားများအနေဖြင့် မည်သည့်ဆက်ကြေးငွေကိုမှပေးရန် မလိုတော့ပေ။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း(ကျောက်မဲနှင့် ကျိုင်းတုံမြို့နယ်များတွင်) အစိုးရစစ်တပ်အပေါ်ထားရှိသည့် ကျေးရွာခေါင်းဆောင်များ၏သဘောထားမှာလည်း ပြောင်းလဲသွားသည်။ ထိုမြို့နယ်များတွင် စစ်တပ်သည် ပုံမှန်အားဖြင့် ၃ လတစ်ကြိမ် ၎င်းတို့၏ စရိတ်ဖြင့် ကင်းလှည့်လာရောက်လေ့ရှိသည်။ သို့သော် ၎င်းတို့ထွက်ခွာသွားသည်နှင့် စစ်သားများ ကြက်၊ ဘဲနှင့် အခြားတိရစ္ဆာန်များယူဆောင်သွားခြင်းရှိမရှိကို ကျေးရွာခေါင်းဆောင်မှ ရွာသူရွာသားများကို မေးမြန်းပြီး ထိုသို့ မတရားယူဆောင်သွားပါက တိုင်ကြားခြင်း၊ ပြန်လည်တောင်းယူခြင်းများ ပြုလုပ်လာနိုင်ကြသည်။

## ကျေးရွာအဆင့် ရာဇဝတ်မှုနှင့် အသေးစားပဋိပက္ခများ

**ယခင် QSEM လေ့လာမှုများကဲ့သို့ပင် ရာဇဝတ်မှုများမှာ ရှားပါးသည်။** ထို့အပြင် ရာဇဝတ်မှုနှင့်ပတ်သက်၍ သိသာထင်ရှားစွာပြောင်းလဲမှုများကိုမတွေ့ရပေ။ ဇယားကွက် ၁၅ တွင်ဖော်ပြထားသည့်ဖြစ်ရပ်အရ ရှမ်းပြည်နယ်ရှိ လူမျိုးစုငယ်တစ်ခုရှိသောဒေသတွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများသည် လူအုပ်စုတစ်ဖွဲ့(သို့) တစ်ဦးချင်းကို ထိခိုက်စေသည်သာမက ရပ်ရွာကိုပါ ထိခိုက်စေသည်။ ထိုကဲ့သို့သော ရာဇဝတ်မှုများကို ဖြေရှင်းရာတွင် ရဲကိုတိုင်ကြားသည်ထက် ရွာအုပ်ချုပ်ရေးပိုင်းမှ လူမှုရေးအရ ဖြေရှင်းပေးသည်က ပိုများသည်။

[16] ရိုဟင်ဂျာဟူသောအသုံးအနှုန်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်ကြသော နိုင်ငံမဲ့မွတ်ဆလင်(၈)သိန်းခန့်ကို ဆိုလိုခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ အကဲဆတ်သောကိစ္စရပ်ဖြစ်သည်။ အစိုးရနှင့်လူထုတစ်ရပ်လုံးက ၎င်းတို့ကို ဘင်္ဂလီဟုသာသုံးနှုန်းခေါ်ဝေါ်ပြီး ၎င်းတို့တွင် နိုင်ငံသားဖြစ်ခွင့်မရှိ။ ဤအစီရင်ခံစာတွင် နိုင်ငံတကာမှ ပိုမိုသိရှိကြသော၊ ရိုဟင်ဂျာဟု ၎င်းတို့ကိုယ်တိုင် ခေါ်ဝေါ်သုံးစွဲကြသော ရိုဟင်ဂျာဟူသည့်စကားလုံးကိုသာ အသုံးပြုထားပါသည်။

## သာဓက- ၁၅။ ရွာအုပ်ချုပ်ရေးနှင့် လူမှုရေးအရ ရာဇဝတ်မှုများကိုဖြေရှင်းခြင်း

**ရှမ်းပြည်နယ်ရှိ ရွာတစ်ရွာတွင် မော်တော်ဆိုင်ကယ်ခိုးယူခြင်းခံရသည့်ဖြစ်ရပ်တွင် ရပ်ရွာအာဏာပိုင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ရွာသူရွာသားများအနေဖြင့် ထိုရာဇဝတ်မှုကို အသင့်လျော်၊ အမှန်ကန်ဆုံးဖြစ်အောင မည်သို့ဖြေရှင်းကြသည်ကို ထင်ရှားသိသာစွာပြသလျက်ရှိသည်။** ထိုရွာသည် ဆီဆိုင်မြို့နယ်မှ ပအိုဝ်းတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်းတည်ရှိပြီး ပအိုဝ်းအမျိုးသားအဖွဲ့အစည်းမှ ကိုယ်စားလှယ်လည်း ရှိသည်။ အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးယူထားသောအဖွဲ့သည် လက်နက်ကိုင်ထားဆဲဖြစ်ပြီး ကျေးရွာတွင်းဖြစ်ပျက်သည့် ကိစ္စရပ်များနှင့် ပအိုဝ်းအမျိုးသားတို့၏ အကျိုးစီးပွားကို ကာကွယ်လျက်ရှိသည်။ ထိုအဖွဲ့သည် ကျေးရွာခေါင်းဆောင်နှင့်ပူးပေါင်း၍ ဖြစ်ပေါ်လာသည့်ပြဿနာများကို ဖြေရှင်းပေးသည်။

**ထိုရွာတွင် လူတစ်ဦးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းမှပင်ဖြစ်သော နှစ်မိုင်ခန့်ဝေးသည့် ထီးတမောင်းရွာမှ မော်တော်ဆိုင်ကယ်ခိုးသည်ဟု စွပ်စွဲခံထားရသည်။** ထိုပြဿနာကို ပအိုဝ်းလူမျိုးပင်ဖြစ်သည့် ကျေးရွာသူကြီးထံသို့အကြောင်းကြားပြီး နှစ်ဖက်ရွာသူကြီးများနှင့် နှစ်ရွာလုံးရှိ ပအိုဝ်းအမျိုးသား အဖွဲ့အစည်းများ ပူးပေါင်း၍ဖြေရှင်းကြသည်။

ထိုပြဿနာကိုဖြေရှင်းရန်အတွက် အခိုးခံရသူကိုအလျော်ပေးရန်၊ ခိုးယူသည့်ရွာသား နေထိုင်သည့် ရွာကိုလည်း အရှက်ရသိက္ခာကျစေသည့်အတွက် ဒဏ်ငွေပေးဆောင်ရန်နှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းကိုလည်း ဒဏ်ငွေပေးဆောင်ရန်နှင့် ထိုဒဏ်ငွေများကို မပေးဆောင်ပါက လူမှုရေးအရ ဖယ်ကြဉ်ပိုင်းပယ်ထားရန် ဆုံးဖြတ်ကြသည်။ ရွာသူကြီးနှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းတို့သည် ဖြေရှင်းရန်နည်းလမ်းတစ်ရပ်ကို အတူတကွဆုံးဖြတ်ကြသည်။ ဆိုင်ကယ်ခိုးသူသည် ဒဏ်ငွေအမျိုးမျိုးပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခံရသည်။ အခိုးခံရသူကို ၃ သိန်းကျပ် ပြန်လည်ပေးလျော်ရန် (ထိုမော်တော်ဆိုင်ကယ်သည် အသစ်မဟုတ်ဘဲ ပြန်မတွေ့ခင်အချိန်အထိ လပေါင်းများစွာ စီးနင်းထားပြီးဖြစ်သောကြောင့် သင့်လျော်သည့်ဈေးနှုန်း သတ်မှတ်ခြင်းဖြစ်သည်) ၁ သိန်းကျပ်ကို ခိုးသူနေထိုင်သည့်ရွာအား ပေးအပ်ရန်ဖြစ်ပြီး ထိုသို့ခိုးယူသည့်အတွက် ရွာသိက္ခာကျအရှက်ရစေသောကြောင့် ဖြစ်သည်။ ၃ သိန်းခွဲကျပ်ကို ပအိုဝ်းအမျိုးသားအဖွဲ့ကိုယ်စားပြု ကျေးရွာလူကြီးများအား ပေးဆောင်စေသည်။ ထိုဒဏ်ကြေးငွေများသည် တစ်ဦးတစ်ယောက်သုံးရန်မဟုတ်ဘဲ ကျေးရွာလိုအပ်ချက်များအတွက် ထည့်ဝင်သုံးစွဲသွားရန်ဖြစ်သည်။

**အကယ်၍ ခိုးယူသူအနေဖြင့် ထိုဒဏ်ငွေများကို ပေးဆောင်ခြင်းမပြုပါက မြို့နယ်ပအိုဝ်းအမျိုးသားအဖွဲ့လက်သို့အပ်၍ စစ်ဆေးစေမည်ဟု ခေါင်းဆောင်များမှ ခြိမ်းခြောက်သည်။** သူခိုးသည် နောက်ထပ်ခိုးယူခြင်းများကို လုပ်တော့မည်မဟုတ်ကြောင်း ကတိပြုချက်ကိုလည်း လက်မှတ်ရေးထိုးရသည်။ အကယ်၍ ထိုသဘောတူညီချက်ကို ဖောက်ဖျက်ပါက ရွာတွင် ထပ်မံနေထိုင်ခွင့်မပြုဘဲ မောင်းထုတ်မည်ဟု ပအိုဝ်းအမျိုးသားအဖွဲ့ကိုယ်စားလှယ်များနှင့် ရွာလူကြီးမှ ဆိုသည်။

"ကိုင်တွယ်ရခက်တဲ့လူတွေဆို အစိုးရလက်အပ်လိုက်မယ်လို့ပြောရင် ကြောက်ကြတယ်။ ဒါကြောင့် ဖြစ်တဲ့ပြဿနာတော်တော်များများ ရွာမှာတင်ပဲ ရှင်းပြီးသွားတာများတယ်"- ရွာသူကြီး

**တရားဥပဒေလက်သို့ အပ်နှံခံရမည်ကိုကြောက်ရွံ့ခြင်းနှင့် နိုင်ငံ၏တရားဥပဒေတွင် အပြစ်အနာအဆာများ ရှိနေသောကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများကို ရပ်ရွာအဆင့်တွင်သာ လွယ်ကူစွာ ဖြေရှင်းနိုင်စေသည်။** ရွာသူကြီး၏ပြောပြချက်အရ ပအိုဝ်းလူမျိုးများသည် ရဲ၊ စစ်တပ်စသည့် အစိုးရအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်ဆံရမည်ကို အလွန်စိုးရွံ့ကြပြီး ထိုအဖွဲ့အစည်းများသည် ပအိုဝ်းလူမျိုးများလည်းမဟုတ်၊ သနားညှာတာမှုလည်းမရှိကြဘဲ အမှုအခင်းဖြစ်ပါက ငွေကြေးတောင်းခံမည်ဟု ယူဆကြခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်လူတိုင်းသည် ပြဿနာများကို ရပ်ရွာအဆင့်တွင်သာ ပြေလည်အောင် ဖြေရှင်းကြခြင်း ဖြစ်သည်။

**ပြဿနာများဖြေရှင်းရာတွင် အစိုးရအုပ်ချုပ်ရေးအရာရှိများမှ ဖြေရှင်းပေးခြင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းမှဖြေရှင်းခြင်းစသည့် အချက်နှစ်ခုအတွင်း ဝိဝါဒကွဲပြားခြင်း။** အစိုးရကိုယ်စားလှယ်

များနှင့် အုပ်ချုပ်ရေးအရာရှိများ ရွာများတွင်ရှိသော်လည်း လူထု၏ပြောကြားချက်အရ ၎င်းတို့၏ ပြဿနာများကို ပအိုဝ်အမျိုးသားအဖွဲ့အစည်းဖြင့်သာ ဆက်သွယ်လုပ်ကိုင်လိုကြောင်း သိရသည်။ ၎င်းတို့ပြောကြားချက်အရ ရွာတွင်ရဲစခန်းရှိသော်လည်း ၎င်းတို့အနေဖြင့် ရာဇဝတ်မှုများကို ရပ်ရွာတွင်းသာ ဖြေရှင်းပြီးစီးလိုခြင်း(သို့) ပအိုဝ်အမျိုးသားအဖွဲ့မှတဆင့် ဖြေရှင်းပေးသည်ကိုသာ လိုလားပြီး ရဲစခန်းသည် နောက်ဆုံးဖြေရှင်းရန်နည်းလမ်းဖြစ်သည်ဟုဆိုသည်။

ကျေးရွာတွင်း အစိုးရအုပ်ချုပ်ရေးပိုင်းမှ အလှည့်ကျဖြေရှင်းပေးနေရသည့် အငြင်းပွားမှုများမှာ မြေယာနှင့် ပတ်သက်သည့်ကိစ္စရပ်များဖြစ်ပြီး အခြားအငြင်းပွားမှုများကို ရပ်ရွာအဆင့်တွင်သာ ဖြေရှင်းသည်။ ကျေးရွာတွင်းတွင် မြေယာအငြင်းပွားမှုများကိုသာလျှင် အစိုးရအရာရှိများမှ ဖြေရှင်းပေးရသည်။ အခြားကိစ္စရပ်များဖြစ်သည့် ဆိုင်ကယ်ခိုးသည့်ကိစ္စရပ်များကို ကျေးရွာခေါင်းဆောင်များနှင့် ပအိုဝ်အမျိုးသားအဖွဲ့ကိုယ်စားလှယ်များမှသာ ဖြေရှင်းသည်။ အဖြစ်များသည့် ပြဿနာရပ်များမှာ ကျေးရွာတွင်း အရက်မူးရမ်းကားခြင်းနှင့် လင်မယားရန်ဖြစ်သည့်ကိစ္စရပ်များသာ ဖြစ်သည်။ ထိုသို့ဖြစ်လာပါကလည်း နှစ်ဖက်စလုံးဒဏ်ငွေတပ်ခံရပြီး ထိုဒဏ်ငွေများကို စာသင်ကျောင်း၊ ကျေးရွာဘုရားစေတီများအတွက် ရံပုံငွေအဖြစ် အသုံးပြုသည်။ ဒဏ်ကြေးမှု ဒဏ်တပ်မည်ဆိုသော သတ်မှတ်ချက်ကို ရွာမှအာဏာပိုင်သူများမှ ဝိုင်းဝန်းပါဝင်ဆုံးဖြတ်ကြသည်။

## ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှု

**ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ အုပ်ချုပ်ရေးဆိုင်ရာဥပဒေသည် ရွာပေါင်းများစွာတွင် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ အပြောင်းအလဲများစွာဖြစ်ပေါ်စေသည်ကို QSEM 3 တွင် ထင်ရှားစွာတွေ့ရသည်။** သုတေသနပြုလုပ်ချိန်တွင် ဧရာဝတီ၊ မကွေးနှင့် ရခိုင်ပြည်နယ်ရှိ ရွာတိုင်းလိုလိုနှင့် ရှမ်းပြည်နယ်မှ ရွာ ၃ ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲတွင် ပါဝင်နိုင်ကြပြီဖြစ်ပြီး ထိုဥပဒေကို စတင်အကောင်အထည်ဖော်နေကြပြီဖြစ်သည်။

**ဥပဒေတွင် ပထမဆုံးအကြိမ်အဖြစ်ပါဝင်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် အရွေးချယ်ခံနိုင်ခြင်းသည် ဥပဒေ၏အခြေခံအချက်ဖြစ်သော အောက်ခြေမှအထက်သို့ အဆင့်ဆင့်ကိုယ်စားပြုရွေးချယ်သည့် ပုံစံကျဖွဲ့စည်းပုံကို ဖြစ်ပေါ်လာစေပြီး ယခင်က ကျေးရွာအုပ်ချုပ်မှုပိုင်းဆိုင်ရာ ရွေးချယ်မှုဖြစ်သည့် အထက်မှအောက်သို့သွားသည့်ပုံစံနှင့်စာလျှင် ကြီးမားသည့် အချိုးအကွေ့တစ်ခုဖြစ်သည်။** ထိုရွေးချယ်ခြင်းတွင် ရပ်မိရပ်ဖများ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုလေးစားရန်လိုပြီး ယခင်က ပုံစံအမျိုးမျိုးဖြစ်နေခဲ့သော ကျေးရွာအုပ်ချုပ်မှုအစီအစဉ်များကိုလည်း ပုံစံကျတစ်ပြေးညီဖြစ်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီစဉ်ဖော်ဆောင်သည်။ သို့သော်လည်း ယခင်ထားရှိခဲ့သည့် ရာအိမ်စုမှူး(အိမ်ခြေ ၁၀၀)အဆင့်ကို ဖျက်သိမ်းလိုက်ခြင်းနှင့် ရွာအားလုံးတွင်လည်း ကျေးရွာအုပ်စုအဆင့်မဟုတ်သော ရွာများ ပါဝင်သောကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ရွာခွဲများအားလုံးအတွက် တာဝန်ရှိသော်လည်း ကျေးရွာတစ်ခုချင်းစီအတွက် ခေါင်းဆောင်အုပ်ချုပ်ရေးကဏ္ဍတွင် လစ်ဟာမှုများ ဖြစ်ပေါ်လာနိုင်ချေ ရှိသည်။

"ကျေးလက် အုပ်ချုပ်ရေးကဏ္ဍများတွင် ပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ်လာသည်။ ပထမအချက်အနေဖြင့် ကျေးရွာအုပ်စုဖွဲ့စည်းအုပ်ချုပ်မှုပုံစံ ပြောင်းလဲသွားခဲ့ပြီး ကျေးရွာအုပ်စုကော်မတီများကို စတင်ဖွဲ့စည်းလာခဲ့သည်။"

**ထိုဥပဒေကိုမိတ်ဆက်ပြဋ္ဌာန်းလိုက်ခြင်းနှင့် နိုင်ငံအဝှမ်းကျယ်ပြန့်စွာ ပြောင်းလဲဖော်ဆောင်ခြင်းသည် ကျေးလက်အုပ်ချုပ်ရေးဆိုင်ရာကဏ္ဍများတွင် အဓိကပြောင်းလဲမှုပေါင်းများစွာကို ဖြစ်ပေါ်စေသည်။** ပထမအချက်အနေဖြင့် ကျေးရွာအုပ်စုဖွဲ့စည်းအုပ်ချုပ်မှုပုံစံသည် ပြောင်းလဲသွားခဲ့ပြီး ကျေးရွာအုပ်စုကော်မတီများကို စတင်မိတ်ဆက်ဖွဲ့စည်းလာသည်။ ဒုတိယအချက်အနေဖြင့် ရာအိမ်စုမှူးအဆင့်သည် ဥပဒေအသစ်အရ ပြောင်းလဲမှုများဖြစ်ပေါ်လာကာ အချို့ရွာများတွင် ထိုအဆင့်ကို ဆက်လက်ထားရှိပြီး အချို့ရွာများတွင် ထိုအဆင့်ကို ဖျက်သိမ်းလိုက်သည်။ တတိယအချက်အနေဖြင့် မတူညီသည့်အဖွဲ့များဖြစ်သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးပိုင်းနှင့် ကျေးရွာမှ တရားဝင်တင်မြှောက်ထားခြင်းမဟုတ်သည့် ခေါင်းဆောင်များ၏ အခန်းကဏ္ဍများတွင် အရေးပါမှုနှင့် လုပ်ငန်းတာဝန်များ ပြောင်းလဲမှုအချို့ ဖြစ်ပေါ်လာသည်။ စတုတ္ထအချက်မှာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများ မြို့နယ်အနှံ့ဖြစ်ပေါ်လာပြီး အရေးကြီးသောအချက်ဖြစ်သည့် ယှဉ်ပြိုင်ခြင်းနှင့် ညှိနှိုင်းခြင်းများကို ဖြစ်ပေါ်လာစေသည်။ ထိုရွေးချယ်ပွဲတွင်ပါဝင်ကြရန် လှုံ့ဆော်ရာတွင် (ရှမ်းပြည်နယ်ရှိရွာများက မပါဝင်လိုကြပါ) သြဇာအာဏာနှင့် ကျေးလက်နိုင်ငံရေး ဘောဂဗေဒအနေအထား၏ အရေးပါမှုတချို့ကို တွေ့ရှိရသည်။ လူမှုရေးရပ်တည်မှုအရ

အရေးပါမှုနှင့် ထိုရာထူးမှ ငွေကြေးရှာဖွေနိုင်သည်ဟူသည့်အချက်များကြောင့်ဖြစ်ပြီး အခြားတစ်ဖက်တွင်မူ အဂတိလိုက်စားမှုကိစ္စရပ်များ ပြန်လည်ဖော်ထုတ်လာခြင်းနှင့် သာမာန်ပြည်သူလူထု၏ အားထားယုံကြည်မှုများ တိုးတက်လာကြောင်းကိုလည်း တွေ့ရှိရသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုအချက်များကို ကြီးမားသည့် ပြောင်းလဲမှုများဟု သုံးသပ်ပါသည်။

**ကျေးလက်အဖွဲ့အစည်းများနှင့်ခေါင်းဆောင်မှု**

**QSEM 3 တွင် ကျေးရွာအဖွဲ့အစည်းများသည် အနည်းဆုံးကျေးရွာအုပ်စုများတွင် တစ်နည်းတစ်ဖုံ ပြောင်းလဲမှုများ ဖြစ်ပေါ်သည်။** လယ်ယာကဏ္ဍစီမံအုပ်ချုပ်ရေးကော်မတီနှင့် ကျေးလက်ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီများကို ကျေးရွာအုပ်စုအဆင့်တွင် စတင်ဖွဲ့စည်းပြီး ထိုကော်မတီများသည်လည်း အသက်မဝင်သေးသောကြောင့် ၎င်းတို့၏လုပ်ငန်းတာဝန်များကိုမူ သိရှိရန်စောနေပါသေးသည်။ QSEM 3 သုတေသနလေ့လာချိန်တွင် ဧရာဝတီ၊ မကွေးနှင့် ရခိုင်ပြည်နယ်ရှိ ကျေးရွာအုပ်စုတိုင်းတွင် ထိုကော်မတီများဖွဲ့စည်းပြီးဖြစ်သော်လည်း အစိုးရ၏မူဝါဒအပြောင်းအလဲ ကောင်းစွာမရောက်သေးသည့် ရှမ်းပြည်နယ်တွင်မူ လုံးဝမဖွဲ့စည်းရသေးပါ။ အချို့သော ကျေးရွာများတွင်မူ အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကော်မတီကို ရပ်မိရပ်ဖများပါပါဝင်၍ အသစ်ဖွဲ့စည်းပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို ပြုလုပ်သည်။ ထိုအဖွဲ့အစည်းအသစ်များအပြင် ဧရာဝတီတိုင်းရှိ တစ်ခုသောမြို့နယ်တွင် လယ်သမားအသင်းကိုပါ ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

> "ဒုတိယအချက်အနေဖြင့် ရာအိမ်စုမှူးဆိုင်ရာ ကဏ္ဍများတွင် ရေရာပြတ်သားမှုမရှိသောကြောင့် ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် ကွာဟမှု ဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရှိရသည်။"

**ရာအိမ်စုမှူးနှင့်ပတ်သက်သည့်အချက်အလက်များ ဥပဒေတွင်မပါသောကြောင့် ထိုအဆင့်နှင့် ပတ်သက်၍ ပြတ်သားမှုမရှိဘဲ အချို့ရွာများတွင် ခေါင်းဆောင်လစ်လပ်ခြင်းများ ဖြစ်ပေါ်လာသည်။** ရာအိမ်စုမှူးဆိုင်ရာအချက်များသည် ဥပဒေတွင် မပါဝင်သောကြောင့် မြို့နယ်အသီးသီးတွင် ရာအိမ်စုမှူးများနှင့်ပတ်သက်ပြီး နည်းမျိုးစုံဖြင့် ခန့်အပ်လုပ်ကိုင်ကြသည်။ ဧရာဝတီတိုင်းရှိ လပွတ္တာနှင့် မော်လမြိုင်ကျွန်းကဲ့သို့သော မြို့နယ်များတွင် အသစ်ရွေးချယ်ခန့်အပ်ခြင်းခံရသော ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရပ်မိရပ်ဖများနှင့်တိုင်ပင်၍ ရာအိမ်စုမှူးများကို တရားဝင်မဟုတ်သော်ငြားလည်း ခန့်အပ်လုပ်ကိုင်စေသည်။ သို့သော်လည်း ဇယားကွက် (၂၁)တွင် ပြထားသည့် ဘိုကလေးကဲ့သို့သော မြို့နယ်များတွင် ခေါင်းဆောင်မှုပိုင်းတွင် ရှုပ်ထွေးကွာဟမှုဖြစ်စေသည့် ရာအိမ်မှူးများအခန်းကဏ္ဍ လုံးဝပျောက်သွားသည်ကို တွေ့ရသည်။

**သာဓက - ၁၆။ ဘိုကလေးမြို့နယ်ရှိ ကျေးရွာအုပ်စုမရှိသောရွာများတွင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြောင့် ခေါင်းဆောင်ပိုင်းဆိုင်ရာ လစ်လပ်မှုများဖြစ်ပေါ်ခြင်း**

**ဘိုကလေးရှိ အချို့သောကျေးရွာများတွင် ဥပဒေအသစ်တွင် ပြဋ္ဌာန်းထားသကဲ့သို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးတွင် ရာအိမ်မှူးများ ခန့်ထားခြင်းမပြုရဟူသောအချက်သည် ကျေးရွာအဆင့်ခေါင်း ဆောင်ပိုင်းဆိုင်ရာများတွင် အခက်အခဲဖြစ်ပေါ်စေသည်။** ပြဋ္ဌာန်းလိုက်သည့်ဥပဒေအသစ်တွင် ကျေးရွာအုပ်စုမှူးမှတစ်ဆင့် လျှို့ဝှက်မဲဆန္ဒဖြင့် ဆယ်အိမ်မှူးရွေးချယ်ရန်သာပါဝင်ပြီး ယခင်က ကျေးရွာအပိုင်းခေါင်းဆောင်(သို့) ရာအိမ်မှူးအဖြစ်လုပ်ကိုင်ခဲ့သည့် ရာအိမ်မှူးအခန်းကဏ္ဍကို ဖော်ပြထားခြင်းမရှိပေ။ ဘိုကလေးရှိ ကျေးရွာများတွင် ရပ်ရွာလူထု၏ ပြောပြချက်အရ ထိုအချက်သည် ၎င်းတို့အတွက် အခက်အခဲဖြစ်စေပြီး ရပ်ရွာနှင့်သက်ဆိုင်သော အရေးကိစ္စများ၊ အငြင်းပွားမှုများ ဖြေရှင်းရန်အတွက် မည်သူ့ကိုအားထားရမည်ကို မသိဟုဆိုသည်။ ရပ်ရွာလူထု၏ တင်ပြချက်အရ ယခင်က ရာအိမ်မှူးသည် ကျောင်းသား၊ မိဘ၊ ဆရာများနှင့်ကျောင်းမဖွင့်မီ တွေ့ဆုံစည်းဝေးပြီး ပညာရေးနှင့်ဆိုင်သည့်ကိစ္စရပ်များကို ဆွေးနွေးလေ့ရှိသော်လည်း ယခုအချိန်တွင် မကြာမီကျောင်းများပြန်ဖွင့်တော့မည်ဖြစ်သော်လည်း ထိုအစည်းအဝေးပြုလုပ်ရန် မည်သူ့ထံတွင် တာဝန်ရှိသည်ကို သေချာမရှင်းလင်းသောကြောင့် မလုပ်ရသေးဟုဆိုသည်။ ထို့အပြင် ယခင်က မြေယာနှင့်ပတ်သက်သည့်ကိစ္စရပ်များအတွက် ရာအိမ်မှူးထံ တင်ပြလုပ်ကိုင်နိုင်သော်လည်း ယခုလက်ရှိတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် အခြားသက်ဆိုင်ရာကိစ္စရပ်များအတွက် ကျေးရွာ၏အုပ်စုရွာမသို့ သွားရောက်

လုပ်ကိုင်ရပြီး အချိန်နှင့်ငွေလည်းကုန်သည်ဟုဆိုသည်။ နောက်ဆုံးအနေဖြင့် အိမ်ထောင်ရေး ပြဿနာများမှအစ အခြားသော အငြင်းပွားရန်ဖြစ်သည့်ကိစ္စရပ်များကို ယခင်က ရာအိမ်မှူးကဖြေ ရှင်းပေးပြီး ယခုအချိန်တွင် မည်သူ့ကို တိုင်ကြားရမည်မသိဟုဆိုသည်။

"ကျေးရွာ အုပ်စုသည် ကျေးရွာအဆင့် အုပ်ချုပ်ရေးပိုင်းနှင့် နှိုင်းယှဉ်လျှင် ပိုမို၍ အရေးပါသော အနေအထားသို့ ရောက်ရှိလာခဲ့သည်"

**တတိယအချက်ဖြစ်သည့် ကျေးရွာအဖွဲ့များအတွင်း အရေးပါမှုနှင့်လုပ်ငန်းများ ပြောင်းလဲမှုအချို့ဖြစ်ပေါ်လာပြီး ကျေးရွာအုပ်စုရွာမသည် ရွာခွဲထက်စာလျှင် ပိုမိုအရေးပါလာပြီး ရပ်မိရပ်ဖများ၏အရေးပါမှုမှာလည်း ပြောင်းလဲလာသည်။** ထိုအချက်သည်ဒေသအလိုက်ကွဲပြားသည်။ ဧရာဝတီတိုင်းတွင် ရွာသူရွာသားများ၏ပြောကြားချက်အရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးပိုင်းသည် ပိုမိုအားကောင်းလာပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်များလည်းတိုးလာသည်။ မြေယာမှတ်ပုံတင်ခြင်း၊ မြေယာအငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်ခြင်းနှင့် ဖုန်းကတ်မဲနှိုက်သည့်ကိစ္စရပ်များကို လုပ်ဆောင်ပေးနိုင်ခြင်းစသည့် သာမာန်ပြည်သူများအတွက် အရေးပါသည့်လုပ်ငန်းများကို စီမံခန့်ခွဲပေးနိုင်လာခြင်းကြောင့်ဖြစ်သည်။ မြေယာများမှတ်ပုံတင်သည့်ကိစ္စရပ်များတွင်လည်း ရွာရှိအသက်အကြီးဆုံး၊ ဩဇာအရှိဆုံးပုဂ္ဂိုလ်များ၏ မြေယာများကိုပင် ခွင့်ပြုပေးနိုင်ခွင့်အာဏာရှိသောကြောင့် အရေးပါသည့်နေရာဖြစ်သည်ဟု ယူဆကြသည်။ ဧရာဝတီတိုင်းရှိ ရွာတစ်ရွာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍအရေးပါလာခြင်းမှာ လူငယ်များ၏အခန်းကဏ္ဍ အရေးပါလာစေရန် ပြောင်းလဲလိုက်ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရသည်။ ထိုရွာတွင် လူမှုရေးအရ တင်းမာမှုများရှိနေပြီး လူငယ်အုပ်ချုပ်ရေးမှူးဖြစ်သူက ရွာရှိလူငယ်များကိုစည်းရုံး၍ ထိုတင်းမာမှုများကို ပြေပျောက်စေရန် ကြိုးပမ်းခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် လူငယ်များကို ကျေးရွာရံပုံငွေထိန်းသိမ်းရေးအဖွဲ့ကဲ့သို့သော ကျေးရွာအဖွဲ့အစည်းများတွင် လူကြီးများကဲ့သို့ပင် တက်ကြွစွာပါဝင်လာစေသည်။ မကွေးတွင်မူ အသစ်ရွေးချယ်လိုက်သည့် အုပ်ချုပ်ရေးမှူးသည် ယခင်ရှိနေသည့် ကော်မတီများမှ ကော်မတီဝင်များကို ပြောင်းလဲခန့်အပ်ခဲ့သည်။ ကျေးရွာကိုးရွာတွင် ရှစ်ရွာမှ ကျောင်းကော်မတီများ၊ နှစ်ရွာတွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကော်မတီများကိုပါ ပြောင်းလဲပစ်ခဲ့သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်အာဏာကို သိသာထင်ရှားစေမည့် အခြားသောပြုပြင်ပြောင်းလဲရေးများကိုလည်း လုပ်ဆောင်ခဲ့သည်။ အုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍအရေးပါပုံကို ရခိုင်ပြည်နယ်တွင် သက်သေပြချက်အသေးတစ်ခုကိုတွေ့ခဲ့ရပြီး ရှမ်းပြည်နယ်ရှိ ကျေးရွာများတွင်မူ အခြားဒေသများနှင့် အနည်းငယ်ကွဲပြားသည်ကို အောက်ပါအတိုင်း တွေ့ရသည်။

**အခြားသောအခန်းကဏ္ဍများထက် မြေယာမှတ်ပုံတင်ခြင်းကို စီမံကိုင်တွယ်ရခြင်းသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။** နေရာတော်တော်များများတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီအပါအဝင် ကျေးရွာအုပ်စုအဆင့် ဖွဲ့စည်းလိုက်သည့် အဖွဲ့အစည်းတော်တော်များများသည် တရားဝင်ဖွဲ့စည်းပြီးဖြစ်သော်လည်း အသက်မဝင်သေးပေ။

### ကျေးရွာအုပ်စုမှူးရွေးကောက်ပွဲများ

"အချို့သော ဒေသများတွင် ကျေးရွာခွဲအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကြောင့် တင်းမာမှုများ ဖြစ်ပေါ်လာပြီး ဖြစ်ရပ် တော်တော်များများတွင် နိုင်ငံရေးဘောဂဗေဒဆိုင်ရာအချက်များ ပါဝင်ပတ်သက် နေသည်ကိုလည်း လေ့လာတွေ့ရှိရသည်။"

**စတုတ္ထအချက်ဖြစ်သည့် ကျေးရွာအုပ်စုမှူးရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုများမှာ အချို့သောနေရာများတွင် အပြိုင်အဆိုင်များလာခြင်းဖြစ်သည်။** ထိုရွေးကောက်ပွဲများသည် QSEM ကျေးရွာများတွင် မတူညီသောပုံစံများဖြင့် တွေ့ရသည်။ အထူးသဖြင့် ကျေးရွာအဆင့်ခေါင်းဆောင်ပိုင်း၊ ယုံကြည်အားထားမှုနှင့် အခြားကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်ဖြစ်သည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် ရေရှည်တွင် မည်သည့်အကျိုးသက်ရောက်မှုများ ရှိလာမည်ကိုပြောရန် စောသေးသော်လည်း တွေ့ကြုံရသည့် ရွေးကောက်ပွဲအတွေ့အကြုံများနှင့် ထိုအပြောင်းအလဲများကို မည်သို့စီမံလုပ်ဆောင်ကြသည်ကို တွေ့ရသည်။

**အုပ်ချုပ်ရေးမှူးရာထူးတွင် မလုပ်ကိုင်ချင်ကြသော ရှမ်းပြည်နယ်မှလွဲ၍ ကျန်ရွာများ သုံးပုံတစ်ပုံခန့်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယှဉ်ပြိုင်မှုများ လူမှုရေးတင်းမာမှုများ ပေါ်ပေါက်လာသည်။** ဧရာဝတီ၊ ရခိုင်နှင့် မကွေးတိုင်းရှိကျေးရွာ(၉)ရွာမှ (၃)ရွာတွင် အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲနှင့်ပတ်သက်၍ လူမှုရေးတင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။ ရှမ်းပြည်နယ်တွင် ထိုကဲ့သို့ပြိုင်ဆိုင်မှုများ နည်းပါးသည်။ ထိုဒေသရှိ မတည်ငြိမ်မှု ပဋိပက္ခများကြောင့် အခြားနေရာများကဲ့သို့ အုပ်ချုပ်ရေးမှူးရာထူးကို လုပ်ကိုင်လိုသူ ရှားပါးသည်။ (အောက်တွင် ကြည့်ပါ)

**ပြိုင်ဆိုင်မှုများ၊ လူမှုရေးတင်းမာမှုများဖြစ်ရပ်များကို လေ့လာမှုများသည် ကျေးရွာတွင်း ဒီမိုကရေစီ**

**ဖြစ်ထွန်းလာသည့် ရွာများတွင် လေ့လာတင်ပြထားခြင်းဖြစ်သည်။** ပြောင်းလဲမှုများစွာရှိသည်။

**သာဓက- ၁၇။ ဧရာဝတီတိုင်းနှင့်မကွေးတိုင်းရှိ ရွာများမှ ခေါင်းဆောင်ပိုင်းပြောင်းလဲမှုသည် ကျေးရွာတွင်း စီးပွားရေးအနေအထားနှင့် တာဝန်ခံမှုအပေါ်တွင် မူတည်ဆုံးဖြတ်ခြင်း။**

**ဧရာဝတီတိုင်းရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာလူထုသည် ၎င်းတို့ရွာအတွက် ခေါင်းဆောင်အသစ်အတွက် မဲပေးရွေးချယ်ခဲ့ကြပြီး ယခင်ခေါင်းဆောင်သည် အဂတိလိုက်စားသောကြောင့် ဖြစ်သည်ဟုဆိုသည်။** ၎င်းတို့၏ပြောကြားချက်အရ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးသည် အမျိုးမျိုးသော ကိစ္စရပ်များအတွက် ရွာသူရွာသားများထံမှ တရားမဝင်ငွေကြေးများ ရယူခဲ့သည်ဟုဆိုသည်။ ဥပမာအားဖြင့်၊ လင်မယားနှစ်ယောက် အငြင်းပွားရန်ဖြစ်သည်ဆိုပါက ရွာလူကြီးမှဒဏ်ငွေတပ်ပြီး ထိုဒဏ်ငွေကို ၎င်းယူသည်ဟုဆိုသည်။ ထို့အပြင် ရွာလူကြီးသည် ရွာအတွက် နေ့စဉ်လုံခြုံရေးကင်းစောင့်ရန်အတွက် အိမ်ထောင်စု(၁၀၀)လျှင် လူ(၇)ယောက်နှုန်းဖြင့် ကင်းစောင့်ရန် တာဝန်ချသည်ဟုဆိုသည်။ အကယ်၍ ကင်းစောင့်ရန်ပျက်ကွက်ပါက ဒဏ်ကြေးတစ်ဦးလျှင် ၁၅၀၀ နှုန်းတပ်သည်။ သို့သော်လည်း ထိုတာဝန်ကို ရွာသူရွာသားများမှ မထမ်းဆောင်လိုသောကြောင့် နေ့စဉ်ပေးဆောင်ငွေ ပုံမှန်(၁၀၀၀၀)ခန့်ကို ၎င်းမှရရှိသည်ဟုဆိုသည်။ သို့သော် ကျောင်းရှိဆရာတစ်ဦးမှ ထိုသို့လုပ်ဆောင်နေခြင်းကို မြို့နယ်မှူးအား တိုင်ကြားပြီးသည့်နောက်ပိုင်းတွင် ထိုအုပ်ချုပ်ရေးမှူးမှ ထိုကဲ့သို့လုပ်ဆောင်နေမှုရပ်သွားသည်ဟုဆိုသည်။ အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ပွဲ ကျင်းပခါနီးသောအခါ အုပ်ချုပ်ရေးမှူးဟောင်းမှ အကယ်၍ရွာသူရွာသားများအနေဖြင့် ၎င်းကိုမဲပေးမည်ဆိုပါက တစ်ဦးချင်းစီတွင် ရရန်ရှိသည့်အကြွေးများ ပြန်လည်ပေးရန်မလိုဟု ကတိပေးစည်းရုံးခဲ့သည်။ သို့သော် ရွာသူရွာသားများမှ ကျောင်းဆရာကိုသာ ဝိုင်းဝန်းမဲပေးခဲ့ကြပြီး ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းကို ရာထူးမှဖြုတ်ချခဲ့ကြသည်။

**ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ခြင်းရာတွင် ကျေးရွာလူထုမှ အုပ်ချုပ်မှုစွမ်းရည်ပြည့်ဝမှုနှင့် ကြွယ်ဝမှု အပေါ်တွင်မူတည်၍လည်း ဆုံးဖြတ်ရွေးချယ်ကြသည်။** မကွေးရှိကျေးရွာတစ်ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ရာတွင် ပါဝင်ယှဉ်ပြိုင်သူနှစ်ဦးရှိခဲ့သည်။ တစ်ဦးသည် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်ပြီး ကျေးရွာရန်ပုံငွေမှ ငွေကြေးများကို ၎င်းကိုယ်ကျိုးအတွက် ချေးယူလှည့်ပတ်သုံးစွဲလေ့ရှိသည်။ သို့သော် ၎င်းသည် ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများကိုမူ ကျွမ်းကျင်နိုင်နင်းသည်။ အခြားယှဉ်ပြိုင်သူသည် ငွေကြေးချမ်းသာပြီး ငွေရေးကြေးရေးစီမံခန့်ခွဲမှုလည်း ကောင်းမွန်သည်။ ကျေးရွာလူထုမှ ဒုတိယတစ်ဦးကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်လိုက်ပြီး ယခင်အုပ်ချုပ်ရေးမှူးထက် ကျေးရွာ၏ငွေရေးကြေးရေးကို ပိုမိုစိုက်ထုတ်စီမံခန့်ခွဲနိုင်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ဒုတိယရွာတွင်မူ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းသည် မြို့နယ်အဆင့်အစည်းအဝေးများတက်ရောက်ရန်အတွက် ခရီးစရိတ်မတတ်နိုင်သောကြောင့် ရပ်မိရပ်ဖများက ထိုသို့အစည်းအဝေးတက်ရန် ငွေကြေးကောက်ခံပေးရပြီး ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိသည်။ ထို့ကြောင့် ရပ်မိရပ်ဖများမှ ထိုအုပ်ချုပ်ရေးမှူးရာထူးအတွက် ငွေကြေးကောင်းစွာတတ်နိုင်သော ပိုမိုချမ်းသာသည့် လူတစ်ဦးကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြသည်။

**အချို့သော ကျေးရွာများတွင် ရွာသူရွာသားများသည် ၎င်းတို့၏ကျေးရွာခေါင်းဆောင်များ တာဝန်ခံဖြေရှင်းစေရန် ကိစ္စရပ်များနှင့် ကျေးလက်နိုင်ငံရေးဘောဂဗေဒမြှင့်တင်ရန်ဆိုင်ရာ ကိစ္စရပ်များကို လုပ်ဆောင်ကြသည်။** ကျေးလက်နိုင်ငံရေးဘောဂဗေဒနှင့် ငွေရေးကြေးရေးဆိုင်ရာများ မြှင့်တင်ရန်အတွက် နေရာတိုင်းတွင်လည်း ကြိုးပမ်းလာကြသည်။ ဥပမာအားဖြင့် မကွေးတိုင်းရှိ ရွာကိုးရွာမှ (၄)ရွာတွင် အုပ်ချုပ်ရေးမှူးအသစ်များကို ပြန်လည်ရွေးချယ်ကြပြီး ယခင်ကျေးရွာအုပ်စုမှူးမှ ကျေးရွာရံပုံငွေများကို အလွဲသုံးစားလုပ်သောကြောင့်ဟု ဆိုသည်။ ရခိုင်ပြည်နယ်ရှိ ရွာတစ်ရွာတွင် အုပ်ချုပ်ရေးမှူးဟောင်းသည် အရက်သမား၊ ယစ်ထုပ်ဖြစ်နေသောကြောင့် အုပ်ချုပ်ရေးမှူးအသစ်တစ်ဦးကို ပြန်လည်ရွေးချယ်တင်မြှောက်ကြသည်။ ထိုရွာတွင် ထိုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲ ယှဉ်ပြိုင်မှုသည် လွန်စွာပြင်းထန်ပြီး ယခင်

အုပ်ချုပ်ရေးမှူးဟောင်း ရှုံးနိမ့်ခဲ့သည်။ ထိုအခါ ၎င်း၏ မိသားစုဝင်များမှ မကျေနပ်ဘဲ ရွာတွင်းလောင်းကစားခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် ရွာအတွင်းဆူပူသောင်းကျန်းခြင်းတို့ကို ပြုလုပ်လာကြသည်။ ထိုအခါ အုပ်ချုပ်ရေးမှူးအသစ်မှ လောင်းကစားခြင်း၊ အရက်သေစာရောင်းချခြင်းနှင့် သောက်သုံးခြင်း၊ ရွာတွင် မလျော်ကန်သောနည်းလမ်းဖြင့် ပြုမူလုပ်ဆောင်ခြင်းစသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့် ဒဏ်ကြေးများသတ်မှတ်၍ တာဝန်ယူဖြေရှင်းလာရသည်။

**အချို့သောရွာများတွင်လည်း အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများသည် လူမှုရေးတင်းမာမှုများကို သက်ရောက် ဖြစ်ပေါ်စေသည်။ သို့သော် အချို့သောဖြစ်ရပ်များတွင်မူ ရွာသူရွာသားများမှ ရွေးကောက်ပွဲကျင်းပရာတွင် နည်းလမ်းမကျသည်များကို စုပေါင်းစီမံ၍ မှန်ကန်စွာကျင်းပစေလိုသည်များကိုလည်း တွေ့ရသည်။**

"ဝင်ပြိုင်တဲ့လူတွေက အုပ်ချုပ်ရေးမှူးရာထူးအတွက် ရည်မှန်းပြီးပြိုင်ကြတာ။ ဝင်ပြိုင်လို့ ခေါင်းဆောင်ဖြစ်သွားရင် လူအများလေးစားတာကိုခံရပြီး အာဏာလည်းရှိတယ်လေ"-ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦး၊ ရခိုင်ပြည်နယ်။

"လူတွေ ဒီနေရာကိုလိုချင်တာက လုပ်ပိုင်ခွင့်နဲ့ ဩဇာအာဏာရှိတော့ ဂုဏ်ရှိတယ်လေ။ ပြီးတော့ အခု စနစ်လည်းပြောင်းလိုက်တော့ လခလည်းရကြတော့ လုပ်ချင်ကြတယ်လေ"- ရွာသားတစ်ဦး၊ ရခိုင်ပြည်နယ်။

**အုပ်ချုပ်ရေးမှူးနေရာကို ဝင်ရောက်အရွေးခံသူများသည် ကျေးရွာကိစ္စရပ်များကို စီမံခန့်ခွဲရန်၊ လူမှုရေးရပ်တည်မှုနှင့် တရားဝင်ခံစားခွင့်ရသည့်လစာစသည့် အချက်များအတွက် ရည်ရွယ်ယှဉ်ပြိုင်ကြသော်လည်း အချို့သူများအနေဖြင့်မူ တရားမဝင်ရမည့် လာဘ်ငွေများကို ရည်ရွယ်ယှဉ်ပြိုင်ကြသည်။** ဥပမာအားဖြင့် ရခိုင်ပြည်နယ်ရှိ ရွာကိုးရွာမှလေးရွာတွင် အုပ်ချုပ်ရေးမှူးရာထူးကို လုပ်ကိုင်လိုခြင်းမှာ လူမှုရေးရပ်တည်မှုကြောင့် ဖြစ်သည်ဟုဆိုသည်။ ရွာသူရွာသားများမှလည်း ထိုကဲ့သို့ပင် ပြောကြားကြပြီး ရပ်ရွာတွင်း လုပ်ပိုင်ခွင့် ဩဇာအာဏာနှင့် တရားမဝင်ရရှိလာနိုင်သည့် လာဘ်ငွေများကြောင့်လည်း ဖြစ်သည်ဟုဆိုသည်။ ရွာမှရရှိနိုင်သော အခွန်အကောက်များမှာ အကန့်အသတ်ဖြင့်သာဖြစ်ပြီး ထိုရာထူးတွင် အုပ်ချုပ်ရန် အချိန်နှင့် ကြိုးစားအားထုတ်မှုလည်းလိုအပ်သောကြောင့် ထိုရာထူးမှ မည်မျှဝင်ငွေရရှိနိုင်သည်ဟူသည့်အချက်ကို ရှင်းလင်းစွာမသိရပေ။

**သာဓက- ၁၈။ ကျေးရွာရွေးကောက်ပွဲများနှင့် လူမှုရေးတင်းမာမှုများ**

**မကွေးတိုင်းရှိ ကျေးရွာကိုးရွာမှ လေးရွာရှိ ရွာသူရွာသားများသည် ၎င်းတို့ ကျေးရွာအုပ်ချုပ်ရေးမှူးပြောင်းလဲရန်အတွက် မဲပေးရွေးချယ်ခဲ့ကြပြီး ရွာနှစ်ရွာတွင်မူ ထိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကြောင့် လူမှုရေးတင်းမာမှုများ ထွက်ပေါ်လာကြောင်း အသိပေးတင်ပြကြသည်။** ဤကျေးရွာများထဲမှတစ်ရွာတွင် ယခင်အုပ်ချုပ်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းသည် စာသင်ကျောင်းဆောက်လုပ်ရန် ရွာသူရွာသားများထံမှ ကောက်ခံထားသောငွေများနှင့် ရွာသူရွာသားများကိုယ်စား MADB ဘဏ်မှ ထုတ်ယူထားသောငွေများကို အလွဲသုံးစားလုပ်ခဲ့သည်။ ယခုအချိန်တွင် ရွေးကောက်ပွဲကျင်းပသောအခါ ပြိုင်ဆိုင်မှုများထွက်ပေါ်လာပြီး ပါဝင်ယှဉ်ပြိုင်သူများလည်း ပေါ်ထွက်လာခဲ့သည်။ ထိုရွေးချယ်ပွဲမှ လူမှုရေးတင်းမာမှုများ ထွက်ပေါ်လာပြီး ရွာရှိပြိုင်ဘက်အဖွဲ့သားများအတွင်းတွင်လည်း ရန်လိုမှုများ ပေါ်ပေါက်လာသည်။

**ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ရွာတစ်ရွာတွင် တင်းမာမှုများသည် ကျေးရွာဘုန်းတော်ကြီးပျံလွန်တော်မူပြီးနောက်ပိုင်း ဖြစ်ပေါ်လာခဲ့သည်။** အစားထိုးကျောင်းထိုင်မည့် ဘုန်းတော်ကြီးရောက်လာသည့်အခါ ကျေးရွာတွင်း အုပ်စုကွဲမှုများဖြစ်ပေါ်လာပြီး အချို့က ထိုဘုန်းတော်ကြီးကို လက်ခံကြသော်လည်း အချို့က လက်မခံလိုကြပေ။ ထိုတင်းမာမှုများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲတွင် ထွက်ပေါ်လာသည့်ရလဒ်ကို မကျေနပ်ကြခြင်းကြောင့် ပိုမိုပြင်းထန်လာခဲ့သည်။ ရှုံးနိမ့်သွားသည့် အုပ်စုဘက်မှ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တိုင်တန်းကြပြီး ရွေးကောက်ပွဲတွင် မမှန်ကန်မှုများကို အမှန်ပေါ်အောင် ဖြေရှင်းကြသည်။ ထို့ကြောင့် ပိုမို၍ ဒီမိုကရေစီကျသောနည်းလမ်းဖြင့်

အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲတစ်ရပ်ကို ထပ်မံကျင်းပကြသော်လည်း ထိုကဲ့သို့ ရွာတွင်းအုပ်စုကွဲမှုကို ပြေပျောက်အောင်ကုသ၍ မရတော့ပေ။

**ထိုကျေးရွာအုပ်စုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကြီးကြပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခန့်အပ်ပေးခဲ့ရသည်။** ထိုကော်မတီတွင် ကျေးရွာလူကြီး (၅) ဦးကို ပါဝင်ဖွဲ့စည်းခဲ့သည်။ ထိုလူကြီး (၅)ယောက်တွင် နှစ်ယောက်မှာ တစ်အုပ်စုမှ ဖြစ်ပြီး အခြား (၃)ယောက်မှာ အခြားပြိုင်ဘက်အုပ်စုမှဖြစ်သည်။ ထိုသို့ဖွဲ့စည်းထားခြင်းကြောင့် (၃) ယောက်အုပ်စုမှ ပါဝင်ယှဉ်ပြိုင်မည့် ၎င်းတို့လူအား ရွေးချယ်နိုင်သည်ဟုဆိုကာ ရွာသူရွာသားများမှ တရားမျှတသည်ဟု မယူဆကြပေ။

**ရှုံးနိမ့်သွားသောဘက်မှ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့စာတင်တိုင်ကြားပြီး မဲပေးရွေးချယ်သည့် လုပ်ငန်းစဉ်ကို စစ်ဆေးပေးရန်တောင်းဆိုကြသည်။** မြို့နယ်အဆင့်အရာရှိများ ရောက်ရှိလာသည့်အခါ မဲပေးရွေးချယ်သည့်ပုံစံသည် စည်းမျဉ်းဥပဒေနှင့် မကိုက်ညီဟုယူဆပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်ရေးကော်မတီမှမရွေးချယ်ဘဲ မဲပေးရာတွင် ကြီးကြပ်ပေးရန် သာတာဝန်ရှိသော ဆယ်အိမ်မှူးများက ရွေးချယ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပခဲ့ရသည်။

ဒုတိယအကြိမ်ပြန်လည်ရွေးချယ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ စာတင်တိုင်တန်းခဲ့သော ပုဂ္ဂိုလ် အရွေးချယ်ခံခဲ့ရပြီး ပထမရွေးချယ်ခံရသူ ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် အရွေးချယ်ခံရသူသည် လာဘ်ပေးပြီး မမှန်မကန် အနိုင်ရသည်ဟု အစွပ်စွဲခံခဲ့ရသည်။ တစ်ဘက်မှ အနိုင်ရသွားသူသည် မမှန်ကန်သောနည်းလမ်းများဖြင့် အနိုင်ရသွားသည်ဟုစွပ်စွဲပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်း ၎င်းတို့ရွာသို့ အမြန်ဆုံးလာရောက်၍ စုံစမ်းစစ်ဆေးခြင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပစေခြင်းတို့ကို ပြုလုပ်စေရန် လာဘ်ငွေ (၃)သိန်းပေးခဲ့သည်ဟု စွပ်စွဲကြသည်။ ယခု သုတေသနပြုလုပ်သည့်အချိန်အထိ ထိုကျေးရွာအုပ်စုရှိ အုပ်စုနှစ်စုလုံးမှာ တစ်ဘက်နှင့်တစ်ဘက် လုံးဝစကားပြောဆိုခြင်း မရှိကြသေးပေ။

**ရှမ်းပြည်နယ်တောင်ပိုင်းတွင်မူ ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးကို လုပ်ကိုင်လိုခြင်းမရှိကြဘဲ ထိုရာထူးတွင်လုပ်ကိုင်သူသည် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား ခက်ခဲစွာဆက်ဆံလုပ်ကိုင်ကြရသောကြောင့် ဖြစ်သည်။** ထို့အပြင် ရွာသူရွာသားများအတွက် ဗမာစကားပြောဆိုရာတွင်လည်း အခက်အခဲရှိသည်။

**သာဓက- ၁၉။ ကျေးရွာအုပ်ချုပ်ရေး စီမံခန့်ခွဲမှုပုံစံများမှာ ရှမ်းပြည်တောင်ပိုင်းတွင် ကွဲပြားမှု**

**ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆီဆိုင်မြို့နယ်မှ ယခင်ပဋိပက္ခဖြစ်ပွားခဲ့သော ဒေသရွာများမှ ရွာသူရွာသားများ၏ ပြောကြားချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးသည် လုပ်ကိုင်ချင်စရာ မကောင်းသောရာထူးဖြစ်ပြီး ထိုသို့ထင်မြင်ခြင်း၏ရလဒ်အနေဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုံစံများမှာ ကွဲပြားလျက်ရှိသည်။** ၎င်းတို့၏တင်ပြချက်အရ စစ်သားများရွာသို့ရောက်လာပြီး ဝါးနှင့်အခြား ပစ္စည်းများတောင်းခံပါက ရွာလူကြီးမှ အပြည့်အစုံ စီမံစုဆောင်းပေးရပြီး ခက်ခဲပင်ပန်းသည်ဟုဆိုသည်။ ထို့အပြင် ရွာလူကြီးတစ်ဦးအနေဖြင့် အချိန်အလွန်ကုန်သော ပအိုဝ်အမျိုးသားအဖွဲ့အစည်း အစည်းအဝေး များကိုလည်း တက်ရောက်ကြရသည်။ ထို့ကြောင့် အချို့ရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးအတွက် ရွာမိရွာဖများမှ အလှည့်ကျတာဝန်ထမ်းဆောင်ကြရသည့်စနစ်ကို ကျင့်သုံးကြသည်။

**ကျေးရွာအဓိကခေါင်းဆောင်များ၏ ချမ်းသာမှုအဆင့်နှင့် ပညာရေးအဆင့် ပြောင်းလဲသတ်မှတ်မှုများကို မည်သည့်ရွာတွင်မှ မတွေ့ခဲ့ရသလောက်ဖြစ်သည်။** ရောဝတီတိုင်းရှိ ကျေးရွာ(၂)ရွာတွင်သာ ပထမဆုံးအကြိမ်အဖြစ် ကျေးရွာခေါင်းဆောင်ကို ဆင်းရဲသည့်အိမ်ထောင်စုမှ ရွေးချယ်သည်ကို တွေ့ခဲ့ရသည်။

# အခန်း (၇) ပြင်ပမှ ထောက်ပံ့ကူညီမှု

**မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ပထမဆုံးပြုလုပ်ခဲ့သည့် QSEM သုတေသနများတွင် ပြင်ပထောက်ပံ့ကူညီမှုများ ရောယှက်နေသည်ကိုတွေ့ခဲ့ရသည်။** သုတေသနမပြုလုပ်ခင်နှစ်များတွင် ထိုဒေသများ၌ ပြင်ပထောက်ပံ့ကူညီမှုအဆင့်များ မြှင့်တင်ခဲ့သော်လည်း ကျေးရွာအဆင့်တွင် မရောက်ရှိ သေးသည့် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပြီး အထူးသဖြင့် ရွာသူရွာသားများ ဦးစားပေးရရှိလိုသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများမှအစ အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြစ်သည်။ QSEM 1သုတေသနမှတွေ့ရှိခဲ့သည်မှာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် အသုံးအများဆုံးပေးအပ်သည့်လမ်းကြောင်းမှာ ကျေးရွာကော်မတီများမှတစ်ဆင့် ပေးအပ်ကြခြင်းဖြစ်သည်။ သို့သော်လည်း ထောက်ပံ့ကူညီမှုများပေးအပ်ရန် သတ်မှတ်ဆုံးဖြတ်ချက်များကိုမူ ကော်မတီဝင်များထက် ပေးအပ်သူများမှ ဆုံးဖြတ် သတ်မှတ်လေ့ရှိကြသည်။

**QSEM 2 တွင် ထောက်ပံ့ကူညီမှုများဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ကူညီမှုများကြောင့် လူမှုရေးဆိုင်ရာပြောင်းလဲမှုများအကြား ကြီးမားသည့်ကွာဟမှုကို ဆန်းစစ်ခဲ့ပါသည်။** ခြုံငုံသုံးသပ်ရလျှင် QSEM 1 နှင့် အလားသဏ္ဍာန်တူဖြစ်ပါသည်။ ပြင်ပထောက်ပံ့ကူညီမှုများနှင့် ပတ်သက်၍ အနည်းငယ်ပြောင်းလဲမှုရှိသော်လည်း ဒေသအလိုက်ခြားနားပြောင်းလဲမှုရှိပါသည်။ ဧရာဝတီတိုင်းတွင် တွေ့ရှိခဲ့ရသည့် အကူအညီပေးမှုများကြောင့်ဖြစ်ပေါ်လာသည့် လူမှုရေးတင်းမာမှုများသည် ကျေးရွာကော်မတီကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။[၁၇]

QSEM 3 တွင် ထောက်ပံ့ကူညီမှုများနှင့် သက်ဆိုင်သည့် ရွာသူရွာသားများ၏ ယူဆချက်များ၊ သဘောထားများနှင့် မျှော်လင့်မှုများကို ဒေသနှင့် ပြည်နယ်အားလုံးတွင် မေးမြန်းခဲ့ပါသည်။ အလုံးစုံ ခြုံငုံသုံးသပ်ရမည်ဆိုပါက တွေ့ရှိချက်များမှာ QSEM 1နှင့် 2 တွင် တွေ့ရှိခဲ့သည်များနှင့် အလားတူပင် ဖြစ်ပါသည်။ ဧရာဝတီတိုင်းတွင် လတ်တလော ပြန်လည်သွားရောက်လေ့လာမှုတွင် တွေ့ရှိခဲ့သည်မှာ ယခင်တွေ့ရှိခဲ့ သည့်အတိုင်း ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကူညီမှုများ၏ အကျိုးဆက်အနေဖြင့် ဆက်စပ်ဖြစ်ပေါ်လာသည့် အရှုပ်အထွေးများပင်ဖြစ်သည်။ လတ်တလော လေ့လာခဲ့သည့် ရှမ်းပြည်နယ်နှင့် QSEM 1 ပြီးသည့်နောက်ပိုင်း ထပ်မံမသွားရောက်ရသေးသည့် ရခိုင်နှင့်မကွေးတိုင်းတို့သည် ဧရာဝတီတိုင်းထက်စာလျှင် အထောက်အပံ့ရမှု ပိုမိုနည်းပါးပြီး ရွာသူရွာသားများ၏ အယူအဆနှင့် သဘောထားများအပေါ်တွင်လည်း သက်ရောက်စေသည်။

အောက်တွင် ထိုပြောင်းလဲသက်ရောက်မှုများကို ဖော်ပြထားသည်။

"ပေးအပ်သည့် အကူအညီများနှင့် ပတ်သက်၍ ပြောင်းလဲမှု အနည်းငယ် ရှိသည်။ ထို့အပြင် အစိုးရမှ ပညာရေးနှင့် ကျန်းမာရေးတွင် ထောက်ပံ့ကူညီမှုများလည်း တိုးလာခဲ့သည်။"

## အထောက်အပံ့ရရှိမှု

**ထောက်ပံ့ကူညီမှုအဆင့်များသည် ယေဘုယျအားဖြင့် ပြောင်းလဲမှုအနည်းငယ်သာ ရှိသည်။** ထောက်ပံ့ကူညီမှုများ အများအပြား ဆက်လက်ရရှိနေသည့် ဧရာဝတီတိုင်းမှလွဲ၍ အခြားဒေသများတွင် မတိမ်းမယိမ်းသာဖြစ်သည်။ ခြုံငုံသုံးသပ်ရလျှင် ထောက်ပံ့ကူညီမှုများသည် မကွေးရှိ ရွာလေးရွာတွင် စီမံကိန်းအသစ်ဖြင့် လုပ်ဆောင်နေသည်မှလွဲ၍ QSEM 1 အပြီးကတည်းက လျော့နည်းသွားသည်ဟု ဆိုနိုင်သည်။

**ထောက်ပံ့ကူညီမှုပေးသည့်ပုံစံများသည် ဒေသအလိုက်ပြောင်းလဲမှု အနည်းငယ်ရှိသည်။** အကူအညီပေးသည့်ပုံစံများမှာ QSEM 1 နှင့် 2 တွင် တွေ့ရှိခဲ့သည့်ပုံစံများနှင့် ပုံစံတူများပင်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီမှုများသည် ရှမ်း၊ ရခိုင်နှင့် မကွေးတိုင်းဒေသများတွင် ပို၍များပြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလေ့ကျင့်သင်တန်းပေးခြင်းများဖြစ်သည်။ အခြားတူညီသည့်ပုံစံများမှာ အသေးစားလုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာ သင်တန်းများဖြစ်သည်။ ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်နှင့် ကျောက်မဲမြို့နယ်များတွင် ပျိုးကျဲ၊ ပေါင်းရှင်းသူများသည် မျိုးစေ့များ၊ ဓာတ်မြေသြဇာများကို လက်ခံရရှိကြသည်။ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးဆိုင်ရာ သင်တန်းများပေးသည်ကိုလည်း တွေ့ရှိရသည်။

**QSEM 1 လေ့လာစဉ်ကတည်းက ရခိုင်ပြည်နယ်ရှိ ကျေးရွာကိုးရွာရှိ ထောက်ပံ့ကူညီမှုစီမံချက်များ**

[၁၇] ဤကိစ္စရပ်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်များ QSEM2 တွင် ပါရှိပြီးဖြစ်သည်။

**လျော့ကျသွားသည်ကိုတွေ့ရသည်။ QSEM 3** တွင် စီမံချက် (၅၄) ခုမှ (၃၈) ခုအထိ လျော့နည်းသွားသည်။ အဖွဲ့အစည်းများစွာသည် ၂၀၁၀ အောက်တိုဘာတွင် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်းဂီရိ ဖြစ်ပွားချိန်တွင် အများအပြားလာရောက်ခဲ့ကြပြီး အရေးပေါ်အခြေအနေကျော်လွန်သည့်နောက်တွင် ပြန်လည်ထွက်ခွာသွားကြသည်။ ရခိုင်ပြည်နယ်ရှိ QSEM ရွာများသည် ရပ်ရွာအလိုက် အကြမ်းဖက်မှု၏ဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း ၎င်းတို့ရွာရှိ UNDP ထောက်ပံ့ကူညီမှုစီမံချက်များမှာ ရပ်တန့်သွားသည်ဟုဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ရခိုင်ပြည်နယ်ရှိ ရုံးချုပ်သည် အကြမ်းဖက်မှုများကြောင့် ပိတ်သွားသောကြောင့် ဖြစ်သည်။

**အစိုးရ၏မူဝါဒအပြောင်းအလဲများကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရှိ ကျေးရွာများသည် စာသင်ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံအဆောက်အအုံများအတွက် ရံပုံငွေများလက်ခံရရှိခဲ့ကြပြီး ကလေးငယ်များကို ကျောင်းအပ်ရန် မိဘများအားတိုက်တွန်းခြင်းများလည်း ရှိလာသည်။** ပညာရေးဝန်ကြီးဌာနမှ မူလတန်းကျောင်းများ၊ ကျောင်းအိမ်သာများ ဆောက်လုပ်ရန်နှင့် အခြားအခြေခံအဆောက်အအုံများ ပြုပြင်ရန် ငွေကြေးများထုတ်ပေးခဲ့သည်။ ဒေသအားလုံးရှိ ရွာသူရွာသားများမှ ၎င်းတို့အတွက် အထက်ပါစီမံချက်ငွေ (၁၀)သိန်း ရရှိခဲ့သည်ကို ပြောပြကြပြီး တစ်နိုင်ငံလုံးရှိ ဆရာ၊ ဆရာမများ လစာတိုးသည့်အကြောင်းများကိုလည်း တင်ပြကြသည်။ ကျောင်းသားမိဘများအနေဖြင့် ၎င်းတို့၏ကလေးများကို ကျောင်းအပ်ရန် ဆွဲဆောင်မှုတစ်ခုအနေဖြင့် ကျောင်းသား တစ်ယောက်လျှင် (၁၀၀၀) ကျပ် ရရှိသည်။ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် ဗလာစာအုပ်များလည်း ရရှိသည်။ ကျေးရွာနှစ်ရွာတွင်မူ အစိုးရမှ ဆေးခန်းနှစ်ခုဆောက်ပေးသည်ကိုပါ တွေ့ခဲ့ရသည်။

**ချေးငွေပေးအပ်မှုတွင်လည်း ပြောင်းလဲမှုအနည်းငယ်ရှိသည်ကို တွေ့ရသည်။** ဤလေ့လာမှုစာတမ်း၏ရှေ့ပိုင်းတွင် တင်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ ချေးငွေပမာဏကို တိုးမြှင့်ထုတ်ချေးခဲ့ပြီး အတိုးနှုန်းကိုလည်းလျှော့ချပေးခဲ့သည်။ ဧရာဝတီတိုင်းမော်လမြိုင်ကျွန်းရှိ ကျေးရွာတစ်ရွာတွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ရွာသို့လာရောက်ပြီး တောင်သူလယ်သမားများအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ပေးခဲ့သည်။ အခြားနေရာများတွင် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုမှ မြေယာမဲ့များအတွက် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ လာရောက်လုပ်ဆောင်ပေးခဲ့သည်ကိုလည်း တွေ့ရသည်။ လတ်တလောတွင် ဧရာဝတီတိုင်းရှိ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့ကြီးတစ်ဖွဲ့သည် လူများကြွေးပြန်မဆပ်ကြသောကြောင့် ၎င်းတို့၏ချေးငွေဆိုင်ရာမူဝါဒများ ပြန်လည်ပြောင်းလဲနေသည်ဟု သိရသည်။ ယခုအခါတွင် ချေးငွေရယူလိုသူများသည် ချေးငွေတန်ဖိုးနှင့်ညီမျှသည့် ပစ္စည်းတစ်ခုခုကို အပေါင်အဖြစ်ထားမှသာ ချေးငွေထုတ်ပေးသည်။

## ရပ်ရွာအတွင်းလိုအပ်ချက်များ၊ ဦးစားပေးလုပ်ငန်းများနှင့် အသိအမြင်များ

ရွာသူရွာသားများ၏ဦးစားပေးချက်များ အနည်းငယ်ပြောင်းလဲမှုရှိသည်။ နေရာတော်တော်များများမှ ရပ်ရွာလူထုတောင်းဆိုကြသည့် အခြေခံအဆောက်အအုံများဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ စာသင်ကျောင်းများနှင့် ဆရာ၊ ဆရာမများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ ဖြစ်သည်။ မကွေးဒေသရှိ ရွာသူရွာသားများအနေနှင့်မူ ၎င်းတို့၏ဒေသတွင် အလုပ်အကိုင်များ ပိုမိုရရှိလာစေရန် မျှော်လင့်ကြသည်။

အချို့သောဒေသများတွင် ရွာသူရွာသားများသည် မသင့်လျော်သော (သို့မဟုတ်) မလုံလောက်သော အထောက်အပံ့များကို မလိုလားကြောင်း ပြောကြသည်။ ရခိုင်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာတွင် အထောက်အပံ့လုံးဝမရရှိကြောင်း တင်ပြကြသည်။ မကွေးတွင် တောင်သူလယ်သမားများ လိုလားသည့် လယ်ယာစိုက်ပျိုးရေးနည်းစနစ်များ လာရောက်လေ့ကျင့်သင်ကြားခြင်း၊ ထို့အပြင် ၎င်းတို့အနေနှင့် သိပ်အသုံးမဝင်ဟုယူဆကြသော ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ အပ်ချုပ်သင်တန်းနှင့် အလှပြင်သင်တန်းတို့ လာရောက် လေ့ကျင့်သင်ကြားခြင်းရှိသည်။ ကျေးရွာလူထုမှ ပြောကြားသည်မှာ ကျေးလက်ဒေသတွင် အလှပြင်လုပ်ငန်းသည် သိပ်အလုပ်မဖြစ်လှဟုဆိုသည်။ သုတေသီများ၏ လေ့လာချက်အရ အလှပြင်လုပ်ငန်းများသည် မြို့ပေါ်တွင် ဈေးကွက်ရှိသော်လည်း ကျေးလက်ဒေသတွင်မူ ထိုကဲ့သို့သော ဝန်ဆောင်မှုများအတွက်အသုံးပြုရန် ငွေကြေးမရှိကြကြောင်းတွေ့ရှိရသည်။ အလားတူပင် အဝတ်အထည်များ ချုပ်လုပ်ဝတ်ဆင်ရန်မှာ အပ်ချုပ်စက်များ ရွာတွင်လုံလောက်စွာမရှိဘဲ ရွာသူရွာသားများအနေဖြင့်လည်း ကိုယ်တိုင်ချုပ်လုပ် ဝတ်ဆင်သည်ထက် အသင့်ချုပ်ပြီးသားအထည်များကို ဝယ်ယူဝတ်ဆင်လျှင်ပို၍ သက်သာသည်ဟု ဆိုသည်။ တောင်သူလယ်သမားများအတွက် ဦးတည်ပြုလုပ်သည့် ချေးငွေကဲ့သို့သော စီမံချက်များတွင်လည်း ထိုချေးငွေများသည် ၎င်းတို့လိုအပ်သောပမာဏကို မကာမိဟု ချေးယူသူများမှဆိုသည်။

> "ရောဝတီတိုင်းတွင် ရွာသူရွာသားများမှ ကူညီထောက်ပံ့ရေး စီမံကိန်းများတွင် အချိန်နှင့် လုပ်အားများ ပါဝင်ကူညီလိုမှု မရှိကြတော့သည်ကို တွေ့ရပြီး အချက်ပေါင်းများစွာ အပေါ်တွင် မူတည်သည်။"

**ရောဝတီတိုင်းတွင် အရေးပေါ်အကူအညီပေးသည့်ပုံစံမျိုးမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပုံစံသို့ ပြောင်းလဲသွားပြီး ထိုကဲ့သို့ ပြောင်းလဲသွားသည့်ပုံစံမျိုးကို အများစုမှ သိပ်မနှစ်ခြိုက်လှပေ။** ထိုဖြစ်ရပ်မှာ ဖြစ်နေကျ ပုံစံသာဖြစ်သည်။ သို့သော် အခြားဒေသများတွင် ထိုကဲ့သို့ မဟုတ်ပေ။ ရောဝတီတိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်အပြီး ကူညီထောက်ပံ့မှုများ နေရာတော်တော်များများတွင် များပြားစွာရရှိကြသည်။ ထို့နောက် ထိုထောက်ပံ့မှုများသည် လတ်တလောတွင် လိုအပ်သည့်အရာများကို အများအပြားပေးအပ်သည့်ပုံစံမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပုံစံသို့ ပြောင်းသွားသည်။ ထို့ကြောင့် ရွာသူရွာသားများအနေဖြင့် လက်ခံရရှိမှုပမာဏနည်းသွားပြီး ရေရှည်စီမံချက်လုပ်ငန်းများတွင် ပိုမိုပါဝင်လာကြရသည်။ လုပ်ထုံးလုပ်နည်းများစွာကို လိုက်နာလုပ်ဆောင်ကြရပြီး ၎င်းတို့၏အလုပ်အကိုင်များ ပျက်လောက်အောင် တွေ့ဆုံပွဲများတက်ရောက်ရသောကြောင့် မနှစ်ခြိုက်လှကြောင်း ပြောကြသည်။ ရွာသားတစ်ဦးမှ ပြောသည်မှာ "အခုလုပ်နေတဲ့စီမံချက်တွေက တွေ့ဆုံပွဲတွေချည်း တက်နေရတယ်။ ကိုယ့်အလုပ်ကိုယ် မလုပ်ရဘူး။ ကျွန်တော်တို့ကလည်း ကိုယ့်အလုပ်ကို လုပ်ချင်ကြသေးတယ်"

**သုတေသီများ၏လေ့လာတွေ့ရှိချက်အရ ရှမ်းပြည်နယ်ရှိရွာများတွင် ရွာသူရွာသားများသည် ပြင်ပမှ လာရောက်သည့်အဖွဲ့အစည်းများကို မယုံကြည်ဘဲ သံသယရှိကြသည်။** ထိုသို့ ပြင်ပအဖွဲ့အစည်းများ လာရောက်ခြင်းသည် ဘိန်းစိုက်ခြင်းကဲ့သို့သော တရားမဝင်သည့် ကိစ္စရပ်များအတွက် လာရောက်စုံစမ်းခြင်းများဖြစ်လေမလားဟု စိုးရိမ်ကြသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျေးရွာသုံးရွာတွင် နှစ်ရွာမှာ ပြင်ပမှ လာရောက်ပေးအပ်သည့် အကူအညီများကို စိတ်မဝင်စားကြဘဲ ၎င်းတို့ကိုယ်တိုင်သည် စီးပွားရေး ပြေလည်ချမ်းသာကြသောကြောင့်ဖြစ်သည်။

**ပညာရေးအတွက် အကူအညီပေးခြင်းသည် ပြဿနာတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။** ရခိုင်ပြည်နယ်ရှိ ရွာကိုးရွာမှ ငါးရွာတွင် ကျောင်းသားကျောင်းသူများသည် မူလတန်းအဆင့်ထိသာ ၎င်းတို့ရွာများတွင် တက်ရောက်နိုင်ကြပြီး ပိုမိုအဆင့်မြင့်သော အတန်းများအတွက် အခြားနေရာများသို့ သွားရောက်ကြရသည်။ ဒေသရှိ အစိုးရကျောင်းများတွင် ဆရာ၊ ဆရာမများခန့်အပ်ထားရှိရန်သည် အခက်အခဲတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။ ဗဟိုအစိုးရမှ ရခိုင်ပြည်နယ်ရှိကျောင်းများသို့ ဆရာ၊ ဆရာမများ စေလွှတ်သင်ကြားစေသော်လည်း လခနည်းပါးခြင်းနှင့် ဝေးလံသီခေါင်ခြင်းကြောင့် မလုပ်လိုကြဟုဆိုသည်။ ထို့ကြောင့် အချို့ရွာများသည် ကိုယ်ပိုင်ဆရာ၊ ဆရာမများကို ရွာသူရွာသားများ၏ ထည့်ဝင်ငွေဖြင့် ငှားရမ်းကြရသည်။ မိဘများ၏ ငွေကြေးတတ်နိုင်မှုအနေအထားအလိုက် ထည့်ဝင်ရသော်လည်း တစ်ခါတစ်ရံ အချို့သော မိဘများသည် ထိုသို့ထည့်ဝင်ရသည့် ပမာဏကိုပင် မတတ်နိုင်ကြသောကြောင့် ကလေးများကို ကျောင်းနုတ်ခြင်းများပင် ရှိသည်။ မကွေးတိုင်းတွင်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဆီဆိုင်ရှိ ပအို့ဝ်ရွာ

သုံးရွာတွင်မူ ကိုယ်ပိုင်ရွာတွင်း စာသင်ကျောင်းများရှိသော်လည်း အစိုးရအသိအမှတ်ပြုကျောင်းများ မဟုတ်သဖြင့် အစိုးရ၏ထောက်ပံ့ကူညီမှုကို တောင်းခံလျှောက်ထား၍မရသည်ကို တွေ့ရသည်။

**ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာ ဖြေရှင်းရန်သည် ဦးစားပေး ဖြစ်သည်။** ရခိုင်ပြည်နယ်မှ ရပ်ရွာလူထုသည် လမ်းကဲ့သို့သော အခြေခံအဆောက်အအုံများ၊ တာတမံများ အဖန်တလဲလဲ ပြင်ဆင်ရမှုကြောင့် ကုန်ကျစရိတ်များစသည့် လိုအပ်ချက်များကို တင်ပြကြ သည်။ လယ်ယာများထဲသို့ ဆားငံရေဝင်ရောက်မှုသည် နှစ်စဉ်ရင်ဆိုင်နေရသည့် အခက်အခဲဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်မှ ရွာသုံးရွာတွင် ရေအရင်းအမြစ်ရရှိရာနေရာ ဝေးကွာမှုကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေမလုံလောက်သည့် ဒုက္ခကိုခံစားနေရသည်။

**တိုင်းနှင့်ပြည်နယ်အသီးသီးမှ ကျေးလက်လူထုသည် အစိုးရထံမှ အထောက်အပံ့၊ အကူအညီ အနည်းငယ်ဖြစ်စေရရှိရန် မျှော်လင့်ကြသည်။** ကျေးလက်လူထုများ၊ အထူးသဖြင့် အလွန်ဝေးလံသီခေါင် သောဒေသမှလူထုသည် ၎င်းတို့၏အိမ်ထောင်စုတာဝန်များကိုသာမက ရပ်ရွာတာဝန်များကိုပါ တာဝန်ယူ လုပ်ဆောင်နေရသည်ဟု မြင်ကြသည်။

**ဤတွေ့ရှိချက်များသည် ပြီးခဲ့သည့်နှစ်များအတွင်းက မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနမှ တွေ့ရှိချက်များကို ထင်ဟပ်လျက်ရှိသည်။** ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ခံရသည့်ဒေသများတွင် ပြင်ပအကူအညီများနှင့်ပတ်သက်၍ ဒေသခံများ၏အမြင်များကို သိရှိနိုင်ရန် ပြုလုပ်ခဲ့သော "နားထောင်ခြင်း" စီမံချက် (Listening project)ကဲ့သို့သော သုတေသနများတွင် တွေ့ရ သည်။[၁၈] ထိုလေ့လာမှုတွင်လည်း ကူညီမှုများမှာ နိုင်ငံတကာအဖွဲ့အစည်းများမှတဆင့် နိုင်ငံခြားတိုင်း ပြည်များကသာ ကူညီခြင်းများဖြစ်သော်လည်း အစိုးရအပေါ်တွင် အလားတူ သဘောထားများရှိကြောင်း ကို တွေ့ရသည်။ ကျေးရွာလူထုအနေဖြင့် ထိုကဲ့သို့ကူညီမှုများကို စည်းလုံးမှုကို ဖြစ်စေသော၊ ဒေသတွင်း စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော လုပ်ဆောင်မှုများအဖြစ် အပြုသဘောမြင်ကြပြီး လုပ်ကိုင်မှုပုံစံများ လည်း ပြောင်းလဲသွားသည်။ လူထုသည် ကျေးရွာလိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ဆွေးနွေး တိုင်ပင်၍ ၎င်းတို့တွင်ရှိပြီးသားဖြစ်သော အရင်းအမြစ်များဖြင့် ရေရှည်တွင် ကိုယ့်အားကိုယ်ကိုးလုပ်ကိုင် ရသည့် စီမံချက်များကို နှစ်သက်လိုလားကြသည်။ အကူအညီပေးသူများတွင် ၎င်းတို့သက်ဆိုင်ရာ လုပ် ငန်းစဉ်များဖြင့် လုပ်ကိုင်လျက် ရှိကြသည်ဟု အများမှယူဆကြသည်။[၁၉]

[၁၈] CDA စုပေါင်းလေ့လာမှု စီမံချက်။ နားထောင်ခြင်းစီမံချက်- ကွင်းဆင်းသုတေသနအစီရင်စာ၊ မြန်မာ၊ (ကိန်းဘရစ်၊ MA: 2009) pp.16-17

[၁၉] CDA: 2009: p 16.

**ထောက်ပံ့ကူညီမှုများ ဖြန့်ဝေခြင်း၊ ဦးတည်ချက်သတ်မှတ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ**

**ယခင်ပြီးဆုံးခဲ့သောလေ့လာမှု နှစ်ခေါက်နှင့် QSEM 3 ကို နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ရလျှင် ထောက်ပံ့ကူညီမှုများ ဖြန့်ဝေခြင်း၊ ဦးတည်ချက်သတ်မှတ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှုအနည်းငယ်သာရှိသည်။** QSEM 1 နှင့် 2 သုတေသနများတွင် တွေ့ရှိခဲ့ရသည့် ပြဿနာများမှာ ကျေးလက်ကော်မတီများ အများအပြား တိုးတက်ဖွဲ့စည်းလာခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများ ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ကျေးရွာလေးရွာတွင် NGO များ၏ လိုအပ်ချက်နှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကော်မတီလေးခုကို ဖွဲ့စည်းထားပြီး ထိုကော်မတီ (၄) ခုမှ (၂)ခုမှာ ကျေးရွာလိုအပ်ချက်နှင့် အမှန်တကယ် ကိုက်ညီမှုမရှိဟုဆိုသည်။

**ရပ်ရွာလူထုမှ ပါဝင်ကူညီမှုများ**

"ကျေးလက် ပြည်သူများ အနေဖြင့် အစိုးရ၏ ထောက်ပံ့ကူညီမှု အနည်းငယ်ရရှိနိုင်ရန် မျှော်လင့်ကြကြောင်း တွေ့ရှိရသည်။"

**ရပ်ရွာလူထုအနေဖြင့် အစိုးရမှထောက်ပံ့ကူညီမှု အနည်းငယ်ရရှိနိုင်ရန် မျှော်လင့်သည်ကို တွေ့ရသည်။** ပြည်နယ်နှင့်တိုင်းဒေသအားလုံးတွင် ကျေးလက်ပြည်သူများသည် စီမံချက်များတွင် ၎င်းတို့၏ အချိန်နှင့် လုပ်အားထည့်ဝင်ကာ ပါဝင်ကူညီလိုကြကြောင်း တွေ့ရှိကြသည်။ ဥပမာအားဖြင့် လမ်းဖောက်ခြင်း၊ ရေကန်တူးခြင်းစသည့် လုပ်ငန်းများတွင် စိတ်ပါဝင်စားစွာဖြင့် ပါဝင်လိုကြောင်းပြောကြခြင်းဖြစ်သည်။ လုပ်အားဖြင ပါဝင်ကူညီသည့် အလေ့အထ(လုပ်အားပေး)သည် နေရာတိုင်းတွင် အားကောင်းစွာရှိနေဆဲဖြစ်သည်။ ရှမ်းပြည်နယ်တွင် စာသင်ကျောင်းများ၊ လမ်းများ၊ ရွာခြံစည်းရိုးများ ဆောက်လုပ်ရာတွင် ရပ်ရွာမှအလှည့်ကျစနစ်ဖြင့် လုပ်အားပေးကြသည်ဟုဆိုသည်။ အစိုးရစစ်တပ်(သို့) တိုင်းရင်းသားလက်နက်ကိုင်စစ်တပ်များ ရွာသို့လာရောက်ရာတွင် ထိတွေ့ဆက်ဆံရန်အတွက် အချို့ရွာသားများသည် အမြဲအသင့်အနေအထားဖြင့် ပြင်ဆင်ထားကြသည်ကိုလည်း တွေ့ရသည်။ သုတေသီများအနေဖြင့် အတင်းအကြပ်ခိုင်းစေခြင်း(ချောဆွဲခြင်း) ရှိသည်ကို မတွေ့ခဲ့ရပါ။

**သုတေသီများ၏လေ့လာတွေ့ရှိချက်အရ ကျေးလက်ပြည်သူများသည် လုပ်အားခပေးသည့် စီမံကိန်းများကို ပို၍သဘောကျသော်လည်း အခြေခံအဆောက်အအုံများအတွက် စီမံချက်များတွင် မည်သည့် လုပ်အားခငွေကြေးမရသော်လည်း ပါဝင်လုပ်ကိုင်ကြသည်။** QSEM ယခင်လေ့လာမှုများတွင် တွေ့ရှိချက်အရ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်ရှိ ရွာသူရွာသားများသည် ကျေးရွာအခြေခံအဆောက်အအုံများ ဆောက်လုပ်သည့်စီမံကိန်းများတွင် လုပ်အားခဖြင့် ပါဝင်လုပ်ကိုင်ကြသည်ကို တွေ့ရှိရသည်။ QSEM 3 တွင်မူ ထိုရွာများမှ ရွာသူရွာသားများသည် အလားတူ အခြေခံအဆောက်အအုံ စီမံချက်တစ်ခုဖြစ်သည့် စာသင်ကျောင်းဆောက်လုပ်ရာတွင် လုပ်အားခမရသော်လည်းပါဝင်ကူညီ လုပ်ကိုင်နေကြသည်ကိုတွေ့ရှိခဲ့ရသည်။

**ရွာသူရွာသားများ၏ စီမံကိန်းများတွင်ပါဝင်လိုမှု အတိုင်းအတာကို သိရှိနိုင်ရန်ခက်ခဲသော်လည်း အစိုးရကဲ့သို့သော အဖွဲ့အစည်း၏ ဩဇာအာဏာရှိသည့် အတိုင်းအတာအလျောက် ပါဝင်ကြသည်။** မြန်မာ့နိုင်ငံရေးလေ့လာသူများ၏ ထောက်ပြချက်အရ အထက်လူကြီးများ၏ လိုလားချက်များကို လိုက်နာရခြင်းနှင့် ခယရိုကျိုးခြင်းသည့် စိတ်ဓာတ်များသည် အမြစ်တွယ်နေပြီဟုဆိုသည်။[၂၀]

[၂၀] ဒေါက်တာမေရီကာလာဟန်နှင့် အင်တာဗျူး၊ ရန်ကုန်မြို့၊ ၁၅ ရက်၊ နိုဝင်ဘာ၊ ၂၀၁၃။ ဒေးဗစ်စတိန်းဘက်ဂ်၏ မြန်မာနိုင်ငံတွင် လူတိုင်းသိသင့်သည့်အချက်များ (အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၁၀)

"ထောက်ပံ့ ကူညီမှုများနှင့်ပတ်သက်၍ မကျေလည်သော အချက်များရှိကြသော်လည်း တရားဝင်တင်ပြ တိုင်တန်းခြင်းမျိုးမှာ ရှားပါးသည်။"

## ပွင့်လင်းမြင်သာမှု၊ မှန်ကန်မျှတသော အကူအညီပေးမှုနှင့် တိုင်ကြားချက်များ

**မကျေနပ်သောတိုင်ကြားချက်များကို အရေးကြီးသည့်ပြဿနာများမှလွဲ၍ အဆင့်ဆင့်တင်ပြ တိုင်ကြားခြင်းများမရှိကြပေ။** ရွာသူရွာသားများအနေဖြင့် ထောက်ပံ့ကူညီသောကိစ္စရပ်များနှင့် ပတ်သက်သည့် ပြဿနာများကို ရင်းနှီးကျွမ်းဝင်မှုများဖြင့်သာ ပို၍တင်ပြဖြေရှင်းလိုကြသည်။ စီမံကိန်းဝန်ထမ်းများနှင့် အခြားသူများကို တစ်ဆင့်ပြောပြခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းဖြင့်သာ ဖြေရှင်းကြသည်။ အချို့သောရွာသားများအနေနှင့်မူ အချို့စီမံကိန်းများနှင့်ပတ်သက်၍ ညည်းညူပြောဆိုကြသော်လည်း အားနာသောကြောင့် တိုက်ရိုက်ပွင့်လင်းစွာ ဝေဖန်ခြင်းမျိုး မရှိကြပေ။ ဧရာဝတီတိုင်းရှိ အချို့သောရွာများတွင် ၎င်းတို့ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးကော်မတီကို မကျေနပ်ချက်များအား သုတေသီများကို ပြောပြသော်လည်း ကော်မတီမှ လုပ်ဆောင်ခဲ့သည့် ကောင်းသောအချက်များကိုလည်း အလျင်အမြန်ပြန်လည်ဖြည့်စွက်ပြောကြားကြသည်။

**ရွာသူရွာသားများမှပြောပြချက်အရ "အလုပ်ရှုပ်သည်" "ဟုယူဆသောကိစ္စရပ်များတွင် မပါဝင်လိုကြပေ။** ထို့အပြင် တရားဝင်အဆင့်ဆင့်တိုင်ကြားသည့် အလေ့အထများနည်းပါးကြပြီး ကျေးလက်လူထုသည် တိုင်စာရေးသား တိုင်ကြားခြင်းမျိုးကို မပြုလုပ်ကြပေ။

**QSEM 3 တွင် တရားဝင်တင်ပြတိုင်တန်းသည့် ကိစ္စရပ်နှစ်ခုကိုသာ တွေ့ရှိခဲ့ရသည်။** ဖြစ်ရပ်တစ်ခုမှာ ရခိုင်ပြည်နယ်ရှိ ရွာတစ်ရွာတွင်ဖြစ်ပြီး အဖွဲ့အစည်းတစ်ခုမှ လမ်းတောရှင်းလင်းရန်အတွက် လုပ်အားခဖြင့် လုပ်သားငှားရမ်းသည်။ ရွာသူရွာသားတော်တော်များများသည် ထိုစီမံချက်၏ သဘောသဘာဝနှင့် လိုက်နာရမည့်အချက်များကို နားမလည်ကြဘဲ လုပ်အားခရမည်ထင်သောကြောင့် ထိုတောအုပ်ကို ရှင်းလင်းပေးလိုက်ကြသည်။ ထို့နောက် လုပ်အားခမရသောအခါ ရွာအုပ်ချုပ်ရေးမှူးသည် ထိုအဖွဲ့အစည်းသို့ စာဖြင့်တိုင်တန်းရာ နောက်ဆုံးတွင် နှစ်ဖက်လက်ခံကျေနပ်သည့် ဖြေရှင်းနည်းဖြင့် ဖြေရှင်းပေးခဲ့သည်။ ဒုတိယဖြစ်ရပ်မှာ မကွေးတွင်ဖြစ်ပြီး ရွာလူထုမှ စွမ်းရည်ဟု အမည်ရသော ဒေသခံ NGO တစ်ခုမှ ဦးဆောင်ဖွဲ့စည်းထားသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို မကြိုက်နှစ်သက်ကြပေ။ ၎င်းတို့မှ သုတေသနအဖွဲ့ကို မကျေနပ်ကြောင်း တင်ပြကြသည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စွမ်းရည်ရုံးချုပ်သို့ ဆက်သွယ်တိုင်တန်းသော်လည်း မည်သည့်အရေးယူမှုကိုမှ မလုပ်ခဲ့ပေ။ ထို့နောက် အဖွဲ့အစည်းနှင့် ကျေးရွာအကြား ဆက်သွယ်ရေးမှာ ပြတ်တောက်သွားခဲ့သည်။

ဧရာဝတီတိုင်းရှိ ရွာတစ်ရွာတွင်မူ NGO အဖွဲ့တစ်ဖွဲ့သည် ရွာသူရွာသားများ တင်ပြတိုင်တန်းရန် အကြံပြုစာတိုက်ပုံးထားရှိပေးသည်ကို တွေ့ခဲ့ရသည်။ ရွာသူရွာသားများမှ ၎င်းတို့တိုင်တန်းသည့်စာများသည် မြို့ပေါ်ရှိ သက်ဆိုင်ရာပုဂ္ဂိုလ်များလက်သို့မရောက်ဘဲ ဖျောက်ဖျက်ပစ်သည်ဟု ယူဆကြောင်း ပြောဆိုကြသည်။

**အချို့ရွာများတွင် လက်ခံရရှိသည့် အကူအညီများ၏ ထိရောက်မှု၊ ဆီလျော်မှု၊ သတ်မှတ်ချိန်အတွင်း ပြီးစီးမှုတို့နှင့်ပတ်သက်၍ တရားဝင်မဟုတ်ဘဲ တိုင်တန်းပြောကြားခြင်းများ ရှိသည်။** ရှမ်းပြည်နယ်ကျောက်မဲမြို့နယ် ကျေးရွာသုံးရွာတွင် ရွာသူကြီးသည် စိုက်ပျိုးချိန်လွန်မှ မြေပဲမျိုးစေ့များကို ရွာသူရွာသားများအားဝေသောကြောင့် ၎င်းတို့အတွက် ထိုအကူအညီသည် အသုံးမဝင်ဖြစ်ရသည်ဟုဆိုသည်။ ဆီဆိုင်မြို့နယ်တွင် NGO အဖွဲ့တစ်ဖွဲ့သည် တောင်စောင်းစိုက်ပျိုးရေး လုပ်ကိုင်နိုင်ရန်အတွက် မျိုးစေ့များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် နည်းပညာများကို လေ့ကျင့်သင်တန်းပေးခဲ့သည်။ ကျေးရွာလူထုမှ ဆိုသည်မှာ ထိုလေ့ကျင့်သင်တန်းပေးခြင်းသည် တစ်နှစ်တာအတွင်း ၎င်းတို့၏လုပ်ငန်းများနှင့် အလုပ်ရှုပ်သည့်အချိန်တွင်ပေးခြင်းကြောင့် ထိုသင်တန်းများတက်ရောက်ရန် အချိန်မရှိဟုဆိုသည်။ ကျိုင်းတုံနှင့် ကျောက်မဲတွင်လည်း အလားတူပင် NGO များမှ အကူအညီပေးရာတွင် သင့်လျော်သည့်အချိန်ရွေးချယ်မှု မရှိသည့်ပြဿနာများကို တွေ့ရသည်။

**အစောပိုင်းလေ့လာခဲ့သော QSEM သုတေသနများတွင် အချို့ရွာများမှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၏ လုပ်ကိုင်မှုများတွင် ပွင့်လင်းမြင်သာမှုမရှိသည်များကို တွေ့ရသည်။** ဥပမာအားဖြင့် မကွေးတိုင်းရှိ အချို့ရွာများမှ ကော်မတီများသည် သီးသန့်ဆွေးနွေးမှုများသာ ပြုလုပ်ကြသည်ဟုဆိုသည်။ သုတေ သီများ၏တွေ့ရှိချက်အရ ကျေးရွာသုံးရွာတွင် ကော်မတီနှင့် ကျေးရွာလူထုအကြား ဆက်ဆံရေးမှာ အားနည်းသည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ်ရှိ ရွာသုံးရွာတွင်လည်း ထိုကဲ့သို့ပင် ကော်မတီ၏ ပွင့်လင်းမြင်သာမှုမရှိသည့်ကိစ္စရပ်များကို တွေ့ရသည်။ ရွာနှစ်ရွာတွင် ရွာသူရွာသားများ၏ ပြောပြချက်အရ လုပ်အားခဖြင့်ခိုင်းစေသည့် စီမံကိန်းများတွင် ၎င်းတို့အတွက် လုပ်အားခမည်မျှရရှိသည်ကို မသိရဘဲ

ထိုစီမံကိန်းတွင် အတူလုပ်ကိုင်သူများထံသို့တစ်ဆင့် မေးမြန်းစုံစမ်းလျှင်လည်း ကျေးရွာကော်မတီဝင်များမှ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရန်လိုသည့်အပြုအမူများကို ပြသခြင်းတို့ကို လုပ်သည်ဟုဆိုသည်။

**ဧရာဝတီတိုင်းတွင် ရွာသူရွာသားများ၏ တင်ပြချက်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးရွာလူထုအကြား ဆက်ဆံကူးလူးမှု နည်းပါးသွားသည်ဟုဆိုသည်။** ဆိုခဲ့သည့်အတိုင်းပင် ဧရာဝတီတိုင်း၌ ကူညီထောက်ပံ့မှု စီမံချက်များနှင့်ပတ်သက်၍ စိတ်ဝင်စားမှုများ တဖြည်းဖြည်းချင်း လျော့နည်းသွားပြီး တွေ့ဆုံစည်းဝေးမှုများတွင် ပိုမို၍အချိန်များပေးလာရခြင်း၊ ရရှိသည့် အထောက်အပံ့များသည်လည်း နည်းပါးသွားခြင်းစသည်တို့ကြောင့် ဖြစ်သည်။ ထိုအချက်များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ချိတ်ဆက်လုပ်ဆောင်မှု စည်းပျက်စီးသွားခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။

**ဧရာဝတီတိုင်းတွင် အချို့သောမကျေနပ်ချက်များမှာ လက်ခံရရှိသည့် စီမံကိန်းငွေကြေးများကို မည်သို့သုံးစွဲသနည်းဟူသည့်အချက်များအပေါ်တွင် ဖြစ်သည်။** ကျေးရွာလူထုမှဆိုသည်မှာ ၎င်းတို့သည် ငွေများကို ထုတ်ယူလိုသည့်အချိန်တွင် ထုတ်ယူ၍မရခြင်း၊ လိုအပ်သည့်ပမာဏကို ထုတ်ယူ၍မရခြင်းနှင့် အလှည့်ကျသာ ထုတ်ယူရခြင်းစသည်တို့ ဖြစ်သည်။ အခြားသောအချက်တစ်ခုမှာ ပေးအပ်သည့် အထောက်အပံ့ပစ္စည်းများကို တစ်ဦးချင်းပေးသည်ထက် အုပ်စုခွဲ၍ပေးခြင်းများ ဖြစ်သည်။ ဥပမာအားဖြင့် လက်တွန်းထွန်စက်များကို ထိန်းသိမ်းစရိတ် မည်သူကျခံရမည်ဆိုသည်မှာ မရေရာခြင်းဖြစ်သည်။ အချို့က မကျေနပ်သည်မှာ ထိုကဲ့သို့သောပစ္စည်းများကို စီမံကိုင်တွယ်ရသည့် ခေါင်းဆောင်များမှ အရင်ဆုံး မိတ်ဆွေများ၊ ဆွေမျိုး၊ မိသားစုဝင်များကိုသုံးစွဲစေပြီးမှ ကျန်လူများကို အသုံးပြုစေခြင်းဖြစ်သည်။ အလားတူဖြစ်ရပ်များကို ရှမ်းပြည်နယ်(သုံးရွာ)နှင့် ရခိုင်ပြည်နယ်(တစ်ရွာ)တွင်လည်း တွေ့ရပြီး အဓိကအချက်မှာ ထောက်ပံ့ငွေပေးအပ်ချိန်သည် စိုက်ပျိုးချိန်နှင့်မကိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများမှာ ၎င်းတို့အတွက် အရေးအကြီးဆုံးအချိန်များတွင် ထောက်ပံ့ကူညီမှု ရံပုံငွေများကို မရရှိကြပေ။

# အခန်း(၈) သုံးသပ်ချက်များနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့်အချက်များ

**ဤသုံးသပ်ချက်အခန်းတွင် LIFTအတွက် QSEM 1, 2, 3 သုတေသနများမှ တွေ့ရှိသုံးသပ်ချက်များနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့်အချက်များကို ထုတ်နုတ်တင်ပြထားပါသည်။** QSEM 1 တွင် ဒေသအလိုက်နှိုင်းယှဉ်ချက်များနှင့် ကျေးရွာများမှတွေ့ရှိရသည့် တူညီသောသဘောထားအမြင်များကို အသားပေးတင်ပြထားပါသည်။ အခြားသောအရာများထက် ပို၍ထင်ရှားစွာဖော်ပြထားသည့် ကိစ္စရပ်များမှာ ချေးငွေရယူရန်ခက်ခဲမှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုအခက်အခဲများနှင့် အကြွေးထူလာသည့် အိမ်ထောင်စုများ၊ ဈေးကွက်လက်လှမ်းမီမှုသည် ကျေးရွာများနှင့် ဒေသများပေါ်တွင်မူတည်၍ ပြောင်းလဲခြင်း၊ တောင်သူလယ်သမားများအတွက် ရေအရင်းအမြစ်လိုအပ်ချက်နှင့် မမှန်ကန်သော ရာသီဥတုပုံစံများကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများ၊ ငါးထုတ်လုပ်မှု လျော့နည်းလာခြင်းနှင့် ငါးဖမ်းလိုင်စင်များ ငှားရမ်းလုပ်ကိုင်ရာတွင် သိသာသည့်အချက်များ၊ စားဝတ်နေရေးအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်းသည် အရေးပါလာခြင်း၊ ကျေးရွာများအတွင်းရှိ လူမှုရင်းမြစ်များ အားကောင်းမှု ခြုံငုံသုံးသပ်ချက်၊ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင်ကောင်းမွန်စွာ ချိတ်ဆက်လုပ်ကိုင်ဆုံးဖြတ်ချက်ချသည့် ပုံစံ၊ ကူညီထောက်ပံ့မှုများပေးအပ်ရာတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို လက်ခံရယူသူများထက် ပေးအပ်သူများမှ ပို၍ရရှိခြင်းစသည်တို့ပါဝင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းပုံစံများကို ပိုမို၍ အသေးစိတ်သိရှိနိုင်ရန် လေ့လာခဲ့သော QSEM 2 မှ ပြဿနာရပ်တော်တော်များများမှာ ဆက်လက်တည်ရှိနေဆဲ ဖြစ်ကြောင်းကို တွေ့ရှိခဲ့ရပြီး နေရာခြားနားမှုအလိုက်ကွဲပြားမှုများနှင့် ဒေသဆိုင်ရာဖြစ်ပေါ်လာသည့် ပြဿနာရပ်များပေါ်တွင်လည်း စိစစ်လေ့လာခဲ့ပါသည်။ ၎င်းတို့မှာ အပူပိုင်းဇုန်တွင် ခန့်မှန်းရခက်သည့် မိုးလေဝသဖောက်ပြန်မှုပုံစံများ၊ ကျပန်းလုပ်သား၊ ရွှေ့ပြောင်းလုပ်သားနှင့် မြေယာမဲ့တို့အကြား ဆက်စပ်မှုနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှည်ကြာသော ပဋိပက္ခသမိုင်းကြောင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်မှုစသောကိစ္စရပ်များကို လေ့လာခဲ့ပါသည်။ ထို့အတူ အပြောင်းအလဲများကိုလည်း စိစစ်တွေ့ရှိခဲ့ပြီး ဥပမာအားဖြင့် ဧရာဝတီတိုင်းတွင် တွေ့ရသည့် ကူညီထောက်ပံ့မှုများကြောင့် ဖြစ်ပေါ်လာသည့် လူမှုရေးတင်းမာမှုများဖြစ်သည်။

**QSEM 1, 2 မှတွေ့ရှိချက်များနှင့်အတူ QSEM 3 ၏ အစီရင်ခံစာတွင် ကျေးရွာအဆင့်၌ ဖြစ်ပေါ်လာသည့်ကိစ္စရပ်များကို တင်ပြထားပြီး LIFT အစီအစဉ်များ၏ မူဝါဒရေးရာများ၊ လက်တွေ့လုပ်ဆောင်မှုများ(သို့) ထပ်မံ၍ သုတေသနပြုလုပ်ရန် လိုအပ်သည့်အပိုင်းများအတွက် မိတ်ဆက်ဝင်ရောက်နိုင်မည့် လမ်းကြောင်းများကိုလည်း တင်ပြထားသည်။** ဤအခန်းတွင် ထိုအချက်များကိုတင်ပြထားပြီး ယခင်ပြီးဆုံးခဲ့သည့် သုတေသနများတွင် တွေ့ရှိခဲ့ပြီး ဆက်လက်တည်ရှိဆဲဖြစ်နေသော ကိစ္စရပ်များကိုလည်း အသားပေးထည့်သွင်းထားပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

QSEM 3 တွင် အခြေခံအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲမှုအနည်းငယ်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ဆက်လက်စောင့်ကြည့်ရန်လိုအပ်သည့် မြေယာနှင့်လုပ်သားဆိုင်ရာ ကျေးလက် အဆင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြောင်းလဲခြင်းကိုလည်းတွေ့ရသည်။ ထို့အပြင် ကြွေးမြီ၊ ထိခိုက်ခံစားရမှုနှင့် ရာသီဥတုပြဿနာများအပါအဝင် ယခင်အခေါက်လေ့လာမှုများတွင် တွေ့ခဲ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ကိုလည်း တွေ့ရသည်။

### မြေယာ

**QSEM 3 တွင် ပြဋ္ဌာန်းလိုက်သော မြေယာဥပဒေအသစ်၏ မြေယာပိုင်ဆိုင်မှုဖွဲ့စည်းပုံစနစ်များ၊ ကျေးရွာအဆင့် မြေယာဈေးနှုန်းနှင့် မြေယာမဲ့များစသည့် ကိစ္စရပ်များအတွင်း အပြန်အလှန်ဖြစ်ပေါ်သက် ရောက်မှုများစသည်တို့ကို ဖောင်းပေးလေ့လာခဲ့ပြီး မြေယာမဲ့များနှင့် လယ်သမားငယ်များအပေါ်တွင် သက်ရောက်မှုများကို အနီးကပ်ထပ်မံ လေ့လာစောင့်ကြည့်သွားနိုင်ရန်လည်းဖြစ်သည်။** မြေယာဥပဒေအကောင်အထည်ဖော်ရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေလုံခြုံစိတ်ချစွာ ပိုင်ဆိုင်နိုင်မှုနှင့် လယ်ယာမဲ့များကို လယ်မြေများခွဲဝေရောင်းချပေးခြင်း (သို့) မရှင်းလင်းမပြတ်သားသည့် မြေယာပိုင်ဆိုင်မှု(သို့) မြေယာဈေးကွက်ဆိုင်ရာအချက်အလက်များ ခေါင်းပုံဖြတ်မရရှိမှုစသည့် အားနည်းချက်များကို လေ့လာရန်ဖြစ်သည်။ QSEM 3 တွင် လယ်သမားငယ်များသည် ၎င်းတို့ပိုင်ဆိုင်သည့် မြေယာများကို မြေယာအသုံးချခွင့်အရ ရောင်းချပြီး မြေယာမဲ့ဖြစ်သွားခြင်းများ မည်မျှရှိသည်ကို တင်ပြနိုင်ရန် စောသေးသော်လည်း အကြွေးများစွာတင်နေသည့် လယ်သမားငယ်များ ပျော့ရွှင်စွာဖြင့် ပြောကြသည်မှာ ထိုဥပဒေကြောင့် ၎င်းတို့ပိုင်ဆိုင်သည့် မြေယာများကို ရောင်းချနိုင်ပြီဟု ဆိုသည်။ ထိုဥပဒေမပြဋ္ဌာန်းခင်က တရားမဝင် စိတ်ကြိုက်ဈေးဖြင့် ရောင်းချကြသော တရားမဝင်မြေယာဈေးကွက်ရှိခဲ့သည်။ သို့သော်လည်း အားလုံးအနေဖြင့်တူညီစွာယူဆကြသည်မှာ မြေယာဥပဒေအသစ်ကြောင့် ဖြစ်ပေါ်လာသည့် မြေယာမှတ်ပုံတင်ခြင်းသည် မြေယာပိုင်ဆိုင်မှုကို လုံခြုံခိုင်မာစေပြီး ပို၍လည်းတန်ဖိုးတက်လာမည်ဟု ယူဆကြသည်။ ထို့အပြင် နိုင်ငံတကာအကြီးစား ရင်းနှီးမြှုပ်နှံမှုများရှိသည့်ဧရိယာနှင့် နီးသောနေရာများတွင်လည်း မြေတန်ဖိုးများ ပို၍တက်လာမည်ဟု ယူဆကြသည်။ ထိုအပြောင်းအလဲများသည် မြေယာမဲ့လုပ်သားများနှင့် လယ်သမားငယ်များအပေါ်တွင် ကြီးမားသည့် သက်ရောက်မှုများဖြစ်စေနိုင်ပြီး နီးကပ်စွာစောင့်ကြည့်လေ့လာရန် လိုအပ်သည်။

**မြေယာနှင့်ပတ်သက်၍ ပြောင်းလဲမှုများ၊ ညှိနှိုင်းခြင်းများရှိသည်ကို QSEM 3 ရွာများတွင် တွေ့ခဲ့ရသော်လည်း QSEM 3 တွင် အကြီးစားမြေယာသိမ်းဆည်းမှုများကို မတွေ့ခဲ့ရပေ။ ထိုပြောင်းလဲမှုများကြောင့် ကျေးရွာတွင်းရှိ အိမ်နီးချင်းများအကြား အငြင်းပွားကြခြင်းများ၊ ကြွေးမြီကိစ္စရပ်များနှင့် စုပေါင်းဖြေရှင်းကြသည့် ကိစ္စရပ်များ ဖြစ်ပေါ်လာသည်။** သို့သော်ငြားလည်း ပြီးခဲ့သည့် QSEM သုတေသန (၃) ခေါက်လုံးတွင် မြေယာသိမ်းဆည်းမှုဟု သတ်မှတ်နိုင်သော ကိစ္စရပ်များ လုံးဝမတွေ့ရှိခဲ့ဟု ဆိုလိုခြင်းမဟုတ်ဘဲ နိုင်ငံ၏ကျန်သောဒေသများတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ အမှန်တကယ်အားဖြင့် သုတေသနတွင် ပြဿနာရပ်တော်တော်များများကိုတွေ့ခဲ့ပြီး ယခင် QSEM အခေါက်များကတည်းက ထိုမြေယာကိစ္စရပ်များကို တွေ့ရှိပြီးဖြစ်သည်။[၂၁] QSEM 3 တွင်မူ လူအများသတိမထားမိသေးသော်လည်း ဆင်းရဲသည့်ကျေးလက်ပြည်သူများ၏ဘဝများကို ကြီးမားစွာသက်ရောက်စေမည့် ပြောင်းလဲမှုမျိုးစုံကို ထင်ရှားစွာတွေ့ရသည်။ ထိုကိစ္စရပ်များမှာ မြေယာဈေးနှုန်းများ၊ မြေယာဆိုင်ရာ အယူအဆများ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၏ သက်ရောက်မှု၊ ဒေသတွင်းမြေယာအငြင်းပွားမှုများနှင့် ကြွေးမြီဆိုင်ရာ ကိစ္စရပ်များဖြစ်သည်။

### အလုပ်သမားကိစ္စရပ်များ

**ဒေသတွင်းလုပ်သားဈေးကွက်ကို ပို၍ရှင်းလင်းစွာ နားလည်ရန်လိုအပ်သည်။** QSEM 2 တွင် အလုပ်အများဆုံးရာသီချိန်များတွင် စိုက်ပျိုးရေးလုပ်သားလိုအပ်ခြင်းကို ထင်ရှားစွာတွေ့ရသည်။ ထိုပြဿနာသည် QSEM 3 တွင်ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အချို့ဒေသများတွင် လယ်ယာလုပ်သားငှားရမ်းခများ တက်လာကြောင်း လယ်သမားများမှ ညည်းညူကြသည်။ လယ်ယာမဲ့လုပ်သားများ၏ ပြောပြချက်အရ ၎င်းတို့သည် တစ်နှစ်ပတ်လုံး အလုပ်အကိုင်လုံလောက်စွာမရရှိကြဘဲ ခက်ခဲစွာရှာဖွေကြရသည်ဟုဆိုသည်။ ထို့ကြောင့် စိုက်ပျိုးချိန်ရောက်ရှိလာပါက လုပ်အားခသည် ဒေသအလိုက်တက်လာပြီး လုပ်သားရှားပါးမှုလည်း ဖြစ်ပေါ်လာသည်။ ဧရာဝတီတိုင်းတွင် လုပ်သားငှားရမ်းခသည် မျှော်လင့်ထား

[၂၁] ထိုဖြစ်ရပ်များမှာ (က) ယခင်အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သည့်ပြဿနာများဖြစ်ပြီး ယခုအစိုးရလက်ထက်တွင် လျော်ကြေးပြန်တောင်းကြသည့် ကိစ္စများ။ (ခ) မြေသိမ်းသည့်ကိစ္စများ (QSEM 1 တွင် ဥပမာအားဖြင့် ရခိုင်ပြည်နယ်၌တွေ့ရှိခဲ့ရသည့် ရေတပ်အရာရှိများ၏ဇနီးများမှ သစ်တောမြေဟုဆိုကာ မြေသိမ်းယူရန်ကြိုးပမ်းကြသည့် ကိစ္စရပ်များ)ဖြစ်ပြီး ထိုရွာသူရွာသားများက ထိုကြိုးပမ်းသည့်ကိစ္စကို စုပေါင်း၍ အောင်မြင်စွာတွန်းလှန်နိုင်ခဲ့ကြသည်။ (၃) မြေယာအလျော်အစားကိစ္စရပ်များဖြစ်ပြီး ရွာသူရွာသားများနှင့် လယ်သမားများမှာ ထိုကဲ့သို့သော ကိစ္စရပ်များတွင် ကြားဝင်ညှိနှိုင်းရာ၌ အရေးပါသောကဏ္ဍမှ ပါဝင်ကြသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ လယ်သမားများအပေါ်တွင် ကာလရှည်ကြာသက်ရောက်မှုများနှင့် မြေယာဈေးနှုန်းပြုလဲခြင်းများစသည့် ကိစ္စရပ်များလည်း ပါဝင်ကြသည်။

သည့်အတိုင်း မြင့်တက်လာသည်ကို တွေ့ရသည်။ သို့သော် မကွေးတိုင်းတွင် လယ်သမားများမှ လယ်ယာလုပ်သားရှားပါးသွားခြင်းကို တင်ပြကြသော်လည်း လုပ်အားခမှာမတက်ပေ။ ထိုသို့ ငှားရမ်းမည့်အစားတောင်သူများမှာ လုပ်သားမငှားဘဲ မိသားစုဝင်များ၏ လုပ်အားဖြင့်စိုက်ပျိုးကြခြင်း၊ ယခင်ထက် စိုက်ပျိုးသည့်ပမာဏ လျော့နည်းစိုက်ပျိုးကြခြင်းတို့ကို ပြုလုပ်ကြသည်။ တောင်သူလယ်သမားများမှ ယူဆသည်မှာ ထိုသို့လုပ်အားခများ ဈေးတက်လာခြင်းသည် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများကိုလည်း မြင့်တက်စေသည်ဟုမြင်သည်။ ထို့ကြောင့် လုပ်သား၊ ရွှေ့ပြောင်းလုပ်ကိုင်မှု၊ မြေယာမဲ့ခြင်းနှင့် မြေယာတိုးချဲ့ခြင်း ကိစ္စရပ်များအတွင်း ဆက်စပ်မှုကို နက်နဲစွာ နားလည်သဘောပေါက်ရန်လိုအပ်ပြီး ထိုအချက်များသည် မူဝါဒပိုင်းဆိုင်ရာများ ဖော်ဆောင်ရန်သာမက LIFT ၏ စီမံချက်များ ဖော်ဆောင်ရန်အတွက်ပါ လိုအပ်သည်။

## ကြွေးမြီနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု

**QSEM 1, 2, 3 တို့တွင် တောင်သူလယ်သမားများအတွက် ပိုမို၍တတ်နိုင်ပြီး အကြွေးနွံထဲသို့ ပိုမိုမနစ်စေဘဲ ၎င်းတို့၏သီးနှံများကိုလည်း ဈေးကောင်းရသည်အထိ စောင့်ဆိုင်းရောင်းချနိုင်အောင် တောင့်ခံထားနိုင်မည့် ချေးငွေစနစ်လိုအပ်မှုများကို ခွဲခြားသတ်မှတ်ခဲ့သည်။** တောင်သူလယ်သမားများအတွက် ချေးငွေရယူခြင်းနှင့် ပြန်ဆပ်ပေးဆပ်ရမည့် အချိန်ကာလ ခန့်မှန်းလိုအပ်ချက်နှင့် လယ်ယာလုပ်ငန်းမှရရှိမည့် ငွေကြေးစီးဆင်းပုံ စသည်တို့နှင့် အလွယ်တကူ ပြန်လည်ဆပ်နိုင်မည့် ချေးငွေစနစ် လိုအပ်သထက် လိုအပ်လျက်ရှိသည်။ QSEM 3 တွင် ထိုချေးငွေကိုပင် ထပ်မံတိုးချဲ့ချေးငှားရန် နည်းလမ်းကိုသာ ဖောင်းပေးဖော်ပြထားသည်။ ထို့အပြင် ရှုပ်ထွေးသည့် သဘာဝပတ်ဝန်းကျင်နှင့်အထွက်နည်းသည့် စိုက်ပျိုးရေးများကြောင့် အိမ်ထောင်စုများ၏ ဝင်ငွေများတိုးမလာသရွေ့ မည်သို့မှ လုံလောက်မည်မဟုတ်ပေ။ ချေးငွေစနစ်တွင် ပိုမို၍ လူးသာလွန့်သာ အခြေအနေရှိမှသာလျှင် တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ သီးနှံများကို ဈေးကောင်းရသည့် အချိန်အထိ အချိန်ဆွဲ စောင့်ဆိုင်းရောင်းချနိုင်မည်ဖြစ်သည်။

## မမျှော်လင့်သော ထိခိုက်ပျက်စီးမှုဆိုင်ရာ စီမံခန့်ခွဲခြင်းများ

**QSEM 2** နှင့် **3** တို့တွင် အသေးစား အာမခံလုပ်ငန်းအပါအဝင် ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကိုက်ညီမှုရှိပြီး အထောက်အပံ့လည်းဖြစ်စေမည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဖော်ဆောင်ရန်လိုအပ်သည်ကို လေ့လာဖော်ပြထားသည်။ တစ်နှစ်နှင့်တစ်နှစ် ရာသီဥတု၏နှိပ်စက်ခြင်းကြောင့် တောင်သူများအနေဖြင့် ၎င်းတို့၏ထိခိုက်ဆုံးရှုံးမှုများကို ကန့်သတ်တွန်းလှန်နိုင်ရန် ကြိုးပမ်းလာကြသည်။ အချို့ဒေသများတွင် သီးနှံများကို ပမာဏလျှော့ချစိုက်ပျိုးလာကြပြီး အချို့မှာ မျိုးစေ့အသစ်များကို အလကားရသည့်တိုင်အောင် စမ်းသပ်စိုက်ပျိုးခြင်း မပြုကြတော့ပေ။ (ဤအချက်သည် LIFT ၏ အခြားလေ့လာမှုများမှ တွေ့ရှိချက်များနှင့် အနည်းငယ်ကွဲပြားပြီး အမှန်တကယ်အားဖြင့် တောင်သူများသည် အခြားလယ်သမားများမှ မျိုးစိတ်အသစ်ကို စမ်းသပ်စိုက်ပျိုးပြီး ကောင်းမွန်အောင်မြင်လျှင် ၎င်းတို့လည်း လိုက်လံစမ်းသပ်စိုက်ပျိုးလိုကြသည်ဟု ဆိုသည်) QSEM 2 တွင် တွေ့ရှိခဲ့သည့် ဈေးနှုန်းအကြီးအကျယ်မတည်ငြိမ်မှုနှင့် သီးနှံများဈေးကျခြင်း၊ QSEM 3 တွင် တွေ့ရသည့် ထိခိုက်ပျက်စီးမှုဒဏ်ခံရခြင်း စသည်တို့ကြောင့် အသေးစားနှင့် ရာသီဥတုဆိုင်ရာ အာမခံဝန်ဆောင်မှုများကို ထိခိုက်ပျက်စီးမှု စီမံကာကွယ်မှုများအနေဖြင့် တွေ့လာရသည်။ LIFT တွင် အသေးစားအာမခံလုပ်ငန်းနှင့် သက်ဆိုင်သည့် စီမံချက်အဆိုပြုချက်ရှိပြီး ထိုစီမံချက်ကို ပံ့ပိုးဖော်ဆောင်သင့်ပါသည်။

## စုပေါင်းညှိနှိုင်းလုပ်ဆောင်ခြင်းများ

**QSEM တွင် လယ်သမားများ၏ လူမှုဘဝတိုးမြှင့်ရန်အတွက် တောင်သူလယ်သမား အသင်းအဖွဲ့ကဲ့သို့သော စုပေါင်းလုပ်ဆောင်သည့် လုပ်ငန်းစဉ်များကို တွေ့ရလေ့မရှိပေ။** သို့သော် QSEM 2 တွင် တွေ့ရပြီး QSEM 3 တွင် ထပ်မံထင်ရှားပေါ်လွင်လာသည်။ QSEM 2 တွင် ထုတ်ကုန်များ တင်ပို့ရောင်းချရန်အတွက် ကုန်တင်ကားစုပေါင်းကျခံ ငှားရမ်းခြင်းမျိုးမှလွဲ၍ စုပေါင်းထုတ်လုပ်ကြခြင်း၊ ပေါင်းစည်းလုပ်ကိုင်ကြခြင်း အစရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုတိုးတက်လာရန်အတွက် စုပေါင်းလုပ်ဆောင်ကြခြင်း အစရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုတိုးတက်လာရန်အတွက် စုပေါင်းလုပ်ဆောင်ကြခြင်းများကို မတွေ့ခဲ့ရပေ။ ထိုချက်သည် QSEM ကျေးရွာများတွင် တွေ့ရသည့် အခြားသော အားကောင်းသည့် စုပေါင်းလုပ်ဆောင်မှုများနှင့် နှိုင်းယှဉ်လျှင် တန့်ကျင်လျက်ရှိနေသည်ကို တွေ့ရ

သည်။ ဥပမာအားဖြင့် ကျေးရွာတွင်း လူမှုရေးနှင့် ဘာသာရေးလုပ်ငန်းများ စုပေါင်းလုပ်ကိုင်ကြခြင်းနှင့် သောက်သုံးရေကန်နှင့် ရွာတွင်းလမ်းများ စုပေါင်းထိန်းသိမ်းခြင်းစသည့် လူထုစုပေါင်းလုပ်ဆောင်သည်များဖြစ်သည်။ ထိုကဲ့သို့ ကွဲပြားပြောင်းလဲမှုကို ထပ်မံ၍အတွင်းကျကျ နားလည်သဘောပေါက်စေရန်လေ့လာသင့်သည်။ တောင်သူလယ်သမားများနှင့် ထုတ်လုပ်သူများ စုပေါင်းအားဖြင့် အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်များ ကမ္ဘာပေါ်တွင် သာဓကများစွာရှိပါသည်။ လယ်သမားများအနေဖြင့် သွင်းအားစုများ စုပေါင်း၍ပမာဏများများဝယ်ယူကြခြင်း၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများနှင့် အကောင်းဆုံးနည်းလမ်းများကို သတင်းပေးမျှဝေကြခြင်း၊ ထုတ်ကုန်များကို ဈေးကွက်တင်ရောင်းချကြခြင်း ဈေးကွက်တွင်း ဈေးနှုန်းစုပေါင်းညှိနှိုင်းတောင်းဆိုကြခြင်း၊ စသဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ခြင်းဖြင့် ဝင်ငွေများ တိုးတက်လာစေသည်။ သို့သော်လည်း ဆုံးရှုံးသည့်အပိုင်းများလည်း ရှိပါသည်။ ဤကဲ့သို့သော အပြောင်းအလဲများကို ပိုမိုရှင်းလင်းစွာ သိရှိထားခြင်းဖြင့် အကူအညီပေးသည့်ကိစ္စရပ်များကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

**ဈေးကွက်လက်လှမ်းမီမှုနှင့် သတင်းအချက်အလက်**

တောင်သူလယ်သမားများအတွက် ဈေးနှုန်းဆိုင်ရာသတင်းထက်စာလျှင် ဈေးကွက်လက်လှမ်းမီမှု၊ ကြွေးမြီ၊ စုပေါင်းလုပ်ကိုင်ခြင်း၏ ခက်ခဲမှုများနှင့် အခြားသောပြဿနာများသည် ၎င်းတို့အတွက်ပို၍ အတားအဆီး ဖြစ်စေသည်။ QSEM 2 တွင် သတင်းအချက်အလက်များ ပိုမိုရရှိရန် လိုအပ်လျက်ရှိသည်ကို တွေ့ခဲ့ရသော်လည်း QSEM 3 တွင် ထိုအချက်မှာ ပြောင်းလဲသွားခဲ့သည်။ သတင်းအချက်အလက်များမရရှိခြင်းသည် အဓိကပြဿနာမဟုတ်တော့ပေ။ တောင်သူများသည် လက်ကိုင်ဖုန်းများ၊ တစ်ဆင့်စကားများဖြင့် ဆက်သွယ်သတင်းရရှိနိုင်ကြပြီဖြစ်သည်။ ၎င်းတို့အနေဖြင့် သတင်းများ စဉ်ဆက်မပြတ်ရရှိသော်လည်း ဈေးကွက်လက်လှမ်းမီမှု၊ ဈေးကွက်သို့တင်ပို့ရာတွင် ကုန်ကျသည့်ခရီးစရိတ်၊ သိုလှောင်ရန် နေရာများ မရှိခြင်းနှင့် အခြားအတားအဆီးများကြောင့် ပိုမိုခက်ခဲစေသည်။ ဧရာဝတီတိုင်းတွင် လက်ကိုင်ဖုန်းများမှတစ်ဆင့် ဈေးနှုန်းဆိုင်ရာသတင်းများ ရရှိနိုင်ကြပြီဖြစ်သော်လည်း ထူးခြားစွာ ပြောင်းလဲသွားခြင်းမရှိပေ။ လယ်သမားကြီးများသည် လက်ကိုင်ဖုန်းများပိုင်ဆိုင်ပြီးသား (သို့မဟုတ်) ၎င်းတို့ရောင်းချလိုသည့် ဆန်စက်များ၊ ဆန်ကုန်သည်များနှင့် အချိတ်အဆက်ရှိပြီးသားဖြစ်ပြီး လယ်သမားငယ်များအနေဖြင့်မူ ၎င်းတို့၏သီးနှံများရိတ်သိမ်းပြီး များမကြာမီပင် အကြွေးဆပ်ရန်နှင့် ကြာရှည်သိုမှီးရန် နေရာမရှိသောကြောင့် ချက်ချင်းရောင်းချကြရသည်။ ထို့အပြင် လယ်သမားများ၏ ပြောပြချက်အရ ယခု (၂) နှစ် (၃)နှစ်အတွင်း ဈေးနှုန်းနှင့်ပတ်သက်သည့် သတင်းများကို ကောင်းစွာရသည်ဟု ဆိုသည်။ ထို့အပြင် ၎င်းတို့အတွက် အခက်အခဲမှာ စပါးများကို မြို့ပေါ်သို့တင်ပို့ရောင်းချရာတွင် ခရီးစရိတ်ကြီးမားခြင်းကြောင့် ဈေးကိုင်ထားနိုင်ခြင်း မရှိခြင်းဖြစ်သည်။

**ပဋိပက္ခ၊ ဈေးကွက်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

QSEM မြို့နယ်နှစ်ခုတွင် ပဋိပက္ခများသည် ဈေးကွက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်တွင် သိသာစွာသက်ရောက်မှုရှိသည်။ သို့သော် သက်ရောက်ပုံကွဲပြားသည်။ ရခိုင်ပြည်နယ်တွင်မူ ရပ်ရွာအလိုက်ဖြစ်ပွားသော အဓိကရုဏ်းများသည် အဓိကပြဿနာဖြစ်သည်။ ရှမ်းပြည်နယ်တွင်မူ အဓိကအကြောင်းအရာမှာ နိုင်ငံရေးပါတီတစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် တရားမဝင်လုပ်ကိုင်မှုများဖြစ်သည်။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် မြို့နယ်တစ်ခုလုံးတွင် ဖြစ်ပွားသည့် အကြမ်းဖက်မှုကြောင့် ဒေသခံ ကမန်မွတ်ဆလင်များသည် အိုးအိမ်များကို စွန့်ခွာထွက်ပြေးရသည်။ QSEM ကျေးရွာများတွင် (ဗုဒ္ဓဘာသာ ရခိုင်ရွာများ) ထိုအကြမ်းဖက်မှု၏ဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း ဒေသရှိတွင်း ဈေးများပျက်စီးသွားခဲ့ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။ ထိုပဋိပက္ခသည် နွားနှင့် အခြားမွေးမြူရေးတိရစ္ဆာန်များအရောင်းအဝယ်လုပ်ငန်း၊ ကျပန်းလုပ်သားများ၏ အလုပ်အကိုင်နှင့် ငါးဈေးကို ထိခိုက်စေသည်။ LIFT မှ ဝင်ရောက်လုပ်ကိုင်လျက်ရှိသော ရခိုင်ပြည်နယ်၏ အခြားဒေသများတွင် သန်းခေါင်စာရင်းကောက်ယူပြီးချိန်နှင့် ၂၀၁၅ ရွေးကောက်ပွဲကျင်းပချိန်များတွင် ပိုမိုဆိုးရွားလာနိုင်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အလုံးစုံထိခိုက်စေမည်ဖြစ်သည်။ ထို့ကြောင့် ဤအချက်သည် စေ့စပ်သေချာစွာဖြင့် စောင့်ကြည့်လေ့လာသင့်သည့် ကိစ္စရပ်ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်တွင် ပဋိပက္ခနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာမူ ခြားနား

သည်။ ထိုနေရာတွင် အပစ်အခတ်ရပ်စဲလိုက်ခြင်းသည် ရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေပြီး ၎င်းတို့အနေဖြင့် အစိုးရစစ်တပ်နှင့် လက်နက်ကိုင်တိုင်းရင်းသားများကို ဆက်ကြေးပေးရခြင်းများလည်း မရှိတော့ပေ။ သို့သော်လည်း နိုင်ငံရေးပါတီများပေါ်ပေါက်လာပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်လာနိုင်သော်လည်း ပအိုဝ်တိုင်းရင်းသားအာဏာပိုင်များအနေဖြင့် ဘိန်းရောင်းဝယ်ရေးလုပ်ငန်းတွင် လူငယ်များ ပါဝင်လုပ်ကိုင်နေသည်ကို ဖြိုခွဲလိုဟန်မရှိပေ။ အနာဂတ်တွင် မဲရရှိရေးထက် လတ်တလောတွင် လူအများ ဝင်ငွေရရှိနေခြင်း ကို တားဆီးရန်မဖြစ်နိုင်ပေ။

## ရာသီဥတုနှင့်လျော်ညီအောင် ပြုလုပ်ရခြင်း

**QSEM 1, 2, 3 တို့တွင် ရာသီဥတုကြောင့် ဖြစ်ပါလာသည့် အခက်အခဲများကို တောင်သူများမှ တင်ပြကြသည်။** QSEM 2 နှင့် 3 တို့တွင် လေ့လာခဲ့သည့် ဒေသအားလုံးတွင် တွေ့ရှိရသည့် ရာသီဥတုကြောင့်ဖြစ်ပွားသည့် အတားအဆီးဒုက္ခများကို ထင်ရှားစွာတွေ့မြင်နိုင်ပြီး ရာသီဥတု အကြီးအကျယ်ဖောက်ပြန်ခြင်း၊ သီးနှံများပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသည့် ဒုက္ခရပ်များနှင့် အချို့ဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းစသည့် ကိစ္စရပ်များအကြား ချိတ်ဆက်ဖြစ်ပေါ်မှုများကို ခွဲခြားဖော်ပြထားပါသည်။ ထိုအချက်များသည် ပုံမှန်ရာသီဥတုစက်ဝိုင်း (သို့မဟုတ်) ရာသီဥတုပြောင်းလဲခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟူ၍ပြော နိုင်လောက်သည့် အထောက်အထားများတော့ မဟုတ်ပါ။ ဒေသတော်တော်များများမှ ဒေသခံများ၏ ပြောဆိုချက်အရ ထိုကဲ့သို့သာ ရာသီဥတုပုံစံများသည် ယခင်ကမရှိခဲ့ဟုဆိုသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ၎င်းတို့ဘဝတစ်လျှောက်လုံး တစ်ခါမှ မမြင်ခဲ့ဖူးခဲ့သော မိုးသီးများကြွေခြင်းကိုပင် တွေ့ကြုံရသည်ဟုဆိုသည်။ အပူပိုင်းဒေသတွင် ရာသီဥတုသည် ပိုမိုဆိုးဝါးလာပြီး ခန့်မှန်းရခက်ခဲလာသည်ဟု ဆိုသည်။ သို့သော် LIFT ၏ အထောက်အပံ့ဖြင့် လုပ်ဆောင်သည့် အခြားသုတေသနတစ်ခုတွင်မူ အပူပိုင်းဇုန်တွင် မိုးရွာသွန်းမှု အခြေခံပုံစံသည် ပြောင်းလဲမှုရှိလာသည်ကို မတွေ့ရဘဲ ရာသီဥတုအခြေအနေကို ခန့်မှန်းရခက်ခဲခြင်းသည် ဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် အနေအထားကြောင့် ဖြစ်ဟန်ရှိသည်ဟုဆိုသည်။

**ထိုကဲ့သို့သော ရာသီဥတုပုံစံများသည် ရာသီဥတုပြောင်းလဲခြင်း (သို့) ရာသီစက်ဝိုင်းသံသရာ လည်ခြင်းတို့နှင့် စပ်ဆိုင်မှုရှိမရှိထက် ဆင်းရဲနွမ်းပါးသူများအတွက် ရာသီဥတုဖောက်ပြန်ပါက ရာသီဥတုနှင့် လိုက်လျောညီထွေစွာလုပ်ကိုင်စေနိုင်မည့် နည်းလမ်းများကို ပိုမိုသိရှိရန်လိုအပ်ပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနိုင်မည့် နည်းလမ်းများကိုလည်း တည်ဆောက်ပေးရန်ဖြစ်သည်။ ထိုနည်းတူစွာ တောင်သူလယ်သမားများအနေဖြင့် ထိခိုက်ပျက်စီးမှုဒဏ်များကို ရင်ဆိုင်ရန်အတွက် မှန်ကန်သော သဘောထားများရှိနေစေရန် အချက်ကိုလည်း သိရှိနားလည်ထားရမည်ဖြစ်သည်။** LIFT အနေဖြင့် သောက်သုံးရေလက်လှမ်းမှီမှုရရှိစေရန် ထောက်ပံ့ကူညီခြင်းဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေရန် လုပ်ဆောင်ပေးခဲ့ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုအကြား ဆက်သွယ်မှုကို သိမြင်လာခဲ့ပါသည်။ ထို့နောက် အပူပိုင်းဇုန်တွင် အပူချိန်ပြောင်းလဲလာခြင်းနှင့် မိုးရွာသွန်းသည့်ပုံစံများစသည်တို့၏ ဖြစ်စဉ်များကိုလည်း သုတေသနပြုလုပ်ခဲ့ပါသည်။ သီးနှံစိုက်ပျိုးမှုဆိုင်ရာ စီမံခန့်ခွဲရေး၊ သီးနှံစိုက်ပျိုးရေးနှင့် ထိခိုက်မှုလျော့ပါးရေးကဲ့သို့သော လိုက်လျောညီထွေရှိစေမည့် စွမ်းဆောင်ရည်များကို အနွမ်းပါးဆုံးသော လူထုအတွင်း ထူထောင်ပေးနိုင်ရန်အတွက် ပိုမိုရှင်းလင်းသော လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆွေးနွေးသတ်မှတ်ရန် လိုအပ်ပါသည်။

## ငါးလုပ်ငန်း

**QSEM 1 နှင့် 2 တို့တွင် ငါးလုပ်ငန်းကျဆင်းလာခြင်းကို တွေ့ရှိခဲ့ပြီး ထိုကိစ္စရပ်များကို ဖြေရှင်းနိုင်ရန်အတွက် သုတေသနနှင့် ထောက်ပံ့ကူညီမှုဆိုင်ရာများကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်ရန်လိုအပ်သည်။** QSEM ကျေးရွာများတွင် ငါးလုပ်ငန်းနှင့်ပတ်သက်၍ သုံးသပ်ရန်အတွက် ငါးဖမ်းကျေးရွာအနည်းငယ်သာပါရှိသော်လည်း တွေ့ရှိခဲ့ရသမျှ ငါးလုပ်ငန်းလုပ်သည့်အိမ်ထောင်စုများ၏ ပြောကြားချက်အရ ငါးဖမ်းမိသည့်ပမာဏ များစွာကျဆင်းသွားပြီး ယခင်ရရှိခဲ့သည့် ပမာဏအတိုင်း ဖမ်းယူရရှိနိုင်ရန်အတွက် အချိန်ပိုမိုကြာမြင့်စွာ ဖမ်းယူရသည်ဟုဆိုသည်။ ထိုသို့ကျဆင်းသွားရသည့် အကြောင်းရင်းကို မသိရသော်လည်း ၎င်းတို့၏ထောက်ပြချက်အရ ငါးဖမ်းပိုက်အကြီးစားများကိုအသုံးပြု၍ သိမ်းကျုံးဖမ်းယူသည့်အခါ အခြားသော ပင်လယ်ရေသတ္တဝါမျိုးစိတ်များကိုပါ ရောနှောဖမ်းယူမိသည်ဟုဆိုသည်။ အချို့

သော ငါးဖမ်းလုပ်ငန်းလုပ်သည့် အိမ်ထောင်စုများ ကိုယ်တိုင်ပြောပြချက်အရ ၎င်းတို့သည်ပင်လျှင် အန္တရာယ်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် နည်းလမ်းများဖြစ်သော အဆိပ်ခတ်ဖမ်းယူခြင်း ကဲ့သို့သော နည်းလမ်းများကို သုံးကြကြောင်းသိရသည်။ ထောက်ပံ့ကူညီမှုများ ဝင်ရောက်လုပ်ဆောင် သည့်အခါ ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမည့် ငါးဖမ်းလုပ်ငန်းများဖြစ်သည့် အဆိပ်ခတ် ခြင်း၊ ပေါက်ကွဲစေသည့် ပစ္စည်းများဖြင့် ဖောက်ခွဲဖမ်းဆီးခြင်းတို့ကို မလုပ်ဆောင်ကြရန် အသိပညာပေးမှု လိုအပ်သည်။

**QSEM 1 နှင့် 2 တို့တွင် ငါးဖမ်းလိုင်စင်ရယူသည့်ကိစ္စရပ်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ သို့သော် လည်း အစိုးရကြောင့် ဤကိစ္စတွင် အပြောင်းအလဲတစ်ချို့ ဖြစ်ပေါ်လာသည်ကို QSEM 3 တွင် တွေ့ရှိရ ပါသည်။** ထိုကိစ္စရပ်များမှာ ရပ်ရွာများတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအပြောင်းအလဲများ၏ သက်ရောက်မှု အနေနှင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

## အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းကြသည့် နည်းဗျူဟာများ

### ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းနှင့် ငွေပြန်လွှဲပို့ကြခြင်း

**အမျိုးစုံလင်ကွဲပြားသော ငွေလွှဲပို့ခြင်းဆိုင်ရာ ကိစ္စရပ်များ၏ (ပြည်တွင်းငွေလွှဲခြင်း အပါအဝင်) အခန်းကဏ္ဍကို ပိုမိုသိရှိရန်လိုအပ်ပြီး ကျေးလက်ဒေသစီးပွားရေးတွင် ဒေသရွှေ့ပြောင်းလုပ်ကိုင်ကြခြင်း၊ ဒေသတွင်းလုပ်သားဈေးကွက်ကို သက်ရောက်ခြင်းနှင့် ထိုပြန်လွှဲပို့သောငွေများကို အိမ်ထောင်စုများ အတွင်း မည်သို့အသုံးပြုကြသည်၊ မမျှော်လင့်သော အခက်အခဲများကို ထိုငွေဖြင့် မည်သို့ဖြေရှင်းကြသည် များကို သိရှိရန်လိုအပ်သည်။** ယခုလက်ရှိအချိန်အထိပြုလုပ်ခဲ့သော QSEM သုတေသနအားလုံးတွင် ဖြေကြားသူအားလုံးလိုလို ဒေသရွှေ့ပြောင်းလုပ်ကိုင်သည့်ကိစ္စရပ်များကို အဓိကထားပြောဆိုကြသည် ကို တွေ့ရသည်။ အရေအတွက်အနေဖြင့်မူ အတိအကျပြောဆိုရန်ခက်ခဲပြီး အချို့အနေဖြင့်လည်း ထိုကဲ့ သို့ ရွှေ့ပြောင်းလုပ်ကိုင်သည့်ကိစ္စရပ်များကို ဖွင့်ဟမပြောခြင်းမျိုးလည်း ရှိနိုင်ပါသည်။ (QSEM သုတေ သနများတွင် မေးမြန်းခဲ့သော အိမ်ထောင်စုစာရင်းများအလိုက် စာရင်းရှိသော်လည်း အလုပ်သွားနေ သောကြောင့် မဖြေဆို၊ မသိခဲ့ရသည်များလည်း ရှိနိုင်ပါသည်။) သို့သော်လည်း တွေ့ရှိချက်အရ ပြောင်း ရွှေ့နှုန်း မြင့်မားပါသည်။ ကျေးလက်လူထုပြောကြားချက်အရ ၎င်းတို့ထံသို့ ပြန်လည်လွှဲပို့သည့်ငွေများ မှာ ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းရန်အတွက် အရေးကြီးသည်ဟုဆိုပြီး လယ်သမားများ၏ ယူဆ ချက်အရ ကျပန်းလုပ်အားခ မလုံလောက်ခြင်းနှင့် ရာသီဥတု၏ နှိပ်စက်မှုများသည် ပြင်ပသို့ထွက်၍ အလုပ်လုပ်ရန် အကြောင်းများဖြစ်သည်ဟုဆိုသည်။ ရွှေ့ပြောင်းထွက်ခွာသည့် ပုံစံများနှင့် ငွေလွှဲပို့ခြင်း ကို ပိုမိုရှင်းလင်းစွာ နားလည်ရန်နှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများအကြား အပြန်အလှန်ဆက်စပ်နေသည့် အချက်များ၊ အခက်အခဲများကို ဖြေရှင်းကြသည့်ပုံစံများ၊ လုပ်သားနှင့် မြေယာမဲ့ကိစ္စရပ်များစသည်တို့ သည် သုတေသနထပ်မံပြုလုပ်ရန် လိုအပ်သောအရာများဖြစ်သည်။ **သုတေသီများ၊ မူဝါဒချမှတ်သူများနှင့် ရပ်ရွာအကူအညီများကို ပေးအပ်မည့်သူများသည် တရားဝင် ငွေလွှဲပို့ခြင်းဆိုင်ရာ လမ်းကြောင်းများ၏ အားကောင်းမှုနှင့် ဖွဲ့စည်းလုပ်ကိုင်ပုံများကိုလည်း ဂရုပြုလေ့လာသင့်သည်။** QSEM 2 တွင် ထောက်ပြခဲ့ သကဲ့သို့ (ပြည်နယ်တွင်း၊ ဒေသတွင်းအပါအဝင်) တရားဝင်ငွေလွှဲပို့သည့် စနစ်မရှိခြင်းသည် အဓိက ကွာဟချက်တစ်ခုဖြစ်ပြီး ထောက်ပံ့ကူညီမှုများမပြုလုပ်ခင် တရားမဝင်ငွေလွှဲပို့သည့်စနစ်များနှင့် ငွေလွှဲ ပို့မှုအတွက် ထိုက်တန်သော အခကြေးငွေပေးချေရခြင်း ရှိမရှိကို ပိုမိုနားလည်သိရှိလာစေရန် ဘက်ပေါင်း စုံမှ လေ့လာသင့်သည်။ ငွေလွှဲပို့ရာတွင် ထိရောက်မှုနှင့် လွယ်ကူလက်လှမ်းမီမှုရှိမရှိကို NGO များ၊ ရွှေ့ လျားငွေလွှဲလုပ်ငန်းလုပ်သူများနှင့် ဘဏ်များထံသို့သွားရောက်၍ ကနဦးလေ့လာမှုများ ပြုလုပ်သင့်ပါ သည်။ တရားဝင် ငွေလွှဲပို့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် အတွက် မူဝါဒပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများပြုလုပ်ပြီး မူဝါဒပိုင်းဆိုင်ရာ အခြေခံအဆောက်အဦးများ ကို ဖော်ဆောင်သင့်ပါသည်။

## လူမှုရေးဆိုင်ရာဆက်ဆံရေး၊ အဖွဲ့အစည်းများနှင့် အကူအညီများ၏ ထိရောက်မှု

### ကျေးလက်အုပ်ချုပ်ရေး၊ ပါဝင်ဆောင်ရွက်ကြရမည့် အစီအစဉ်များ

**ကျေးလက်အဆင့်တွင် အတူတကွပူးပေါင်းပါဝင်လုပ်ဆောင်သည့် အစီအစဉ်များဆိုင်ရာ စွမ်းရည် များကို တိုးတက်မှုကို စောင့်ကြည့်ရန်လိုအပ်ပြီး အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာများ**

**ပြောင်းလဲမှု အခြေအနေများကို စောင့်ကြည့်ရန်ဖြစ်သည်။** အစိုးရမှ လက်ရှိဖော်ဆောင်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာ သတ်မှတ်ချက်သည် ကျေးရွာအဆင့်တွင် ကျေးရွာလူထုမှ ပါဝင်လုပ်ဆောင်သည့် အစီအစဉ်များအပေါ်တွင် ဗဟိုပြုထားသည်။ ထိုအချက်ကို အောင်မြင်စေရန်နှင့် အခွင့်ထူးခံကိစ္စရပ်များကို ရှောင်ရှားနိုင်ရန်အတွက် ရပ်ရွာမှလည်း သင့်လျော်သည့်နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ သို့သော် QSEM သုတေသနများမှ ထိုကိစ္စရပ်များနှင့်ပတ်သက်သည့် တွေ့ရှိချက်များမှာ ရောထွေးလျက်ရှိသည်။ သုတေသနမှ တွေ့ရှိသည်မှာ ကျေးရွာအုပ်ချုပ်ရေးတွင် ကွာဟချက်ဖြစ်ပေါ်လာစေနိုင်သည့် ကျေးရွာ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဆိုင်ရာ ဥပဒေတွင်ပါရှိသည့် ကျေးရွာသူကြီးနှင့် ရာအိမ်မှူးများအဆင့်ကို ဖျက်သိမ်းလိုက်သည့် အချက်ဖြစ်သည်။ ထို့အပြင် ကျေးရွာများ၌ တရားဝင်မဟုတ်သော ခေါင်းဆောင်များ၏ လူမှုအရင်းအမြစ်များ အားကောင်းမှုကိုလည်း တွေ့ရှိခဲ့ရပါသည်။ ကျေးရွာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ်ပိုင်စီစဉ်လုပ်ဆောင်နိုင်မှု စွမ်းရည်နှင့် ထိုသို့လုပ်ဆောင်ရန်အတွက် အကောင်းဆုံးနည်းနာလမ်းစဉ်များကို ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

**အဓိကအရေးပါသော ကိစ္စရပ်တစ်ခုမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီအသစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အစိုးရအနေဖြင့် ထိုကော်မတီများသည် လုံလောက်စွာ ကျယ်ကျယ်ပြန့်ပြန့် အခြေခံလုပ်ဆောင်မှုရှိမရှိနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူလုပ်ဆောင်မှုရှိမရှိ၊ ထိရောက်အားထားနိုင်သောလုပ်ဆောင်မှုစနစ်နှင့် ကျေးရွာအဆင့် ထိရောက်စွာ ချိတ်ဆက်လုပ်ဆောင်နိုင်မှု ရှိမရှိ စသည်တို့ကို ထပ်မံစီစစ်လုပ်ဆောင်သင့်သည်။** LIFT အနေဖြင့်လည်း ထိုကော်မတီများအကြား ချိတ်ဆက်လုပ်ဆောင်မှု၊ LIFT မှ ထောက်ပံ့ပေးထားပြီး ကျေးရွာအဆင့်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ လေ့ကျင့်သင်တန်းပေးထားပြီးသော ကော်မတီများအကြားချိတ်ဆက်မှုများကို သတိပြုလေ့လာသင့်သည်။

**QSEM 2 တွင် တင်ပြအဆိုပြုထားသော အချက်များအတိုင်း အလှူရှင်များမှ ကျေးရွာကော်မတီများမှတဆင့် အကူအညီပေးသည်ထက် အစိုးရမှတရားဝင်ဖွဲ့စည်းပေးထားသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီများမှတဆင့်သာ ကူညီမှုများပေးပြီး အခွင့်အရေးယူခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာဆောင်ရွက်သင့်ပါသည်။** QSEM 2 တွင် တွေ့ရှိခဲ့သည့်အတိုင်း ဧရာဝတီတိုင်းရှိ ကျေးရွာပေါင်းများစွာတွင် ပြင်ပမှထောက်ပံ့ကူညီမှုများကြောင့် လူမှုရေးတင်းမာမှုများစွာ ဖြစ်ပေါ်လာသည်ကို ထင်ရှားစွာ တွေ့မြင်ကြရပါသည်။ ထိုရွာများတွင် ကော်မတီဝင်များသည် အခြားကော်မတီများတွင်လည်း ထပ်ခါပါဝင်နေခြင်း၊ မနာလိုမှုများနှင့် အခန့်မသင့်မှုများစွာကို အဖွဲ့အစည်းပေါင်းများစွာမှ ဖွဲ့စည်းပေးထားသည့် ကော်မတီတိုင်းလိုလိုတွင်တွေ့ရပြီး ကျေးရွာ၏အခြားသော ကိစ္စရပ်များအပေါ်တွင်ပါ ထိခိုက်သက်ရောက်စေသည့် ပြဿနာပေါင်းများစွာကိုတွေ့ရှိရသည်။ LIFT အနေဖြင့် ထိုသို့ဖောင်းပွနေသည့် ကော်မတီများမှမဟုတ်ဘဲ အစိုးရ၏ပြဋ္ဌာန်းထားသည့် တရားဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှတဆင့် ချိတ်ဆက်လုပ်ကိုင်နိုင်ပြီး ကျေးရွာလူတန်းစားအဆင့်တိုင်းမှပါဝင်ခြင်း ရှိမရှိ၊ ထိုကော်မတီများ၏ ပါဝင်လုပ်ဆောင်မှု ထိရောက်ကောင်းမွန်မှုရှိမရှိကို စီစစ်လုပ်ဆောင်နိုင်သည်။ ပိုမိုထိရောက်စေရန်အတွက် သင့်လျော်သော ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ခြင်းဖြင့် အခွင့်အရေးယူသည့်ကိစ္စရပ်များကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။

## ကျေးလက်နိုင်ငံရေးဘောဂဗေဒ

အစိုးရနှင့် အလှူရှင်များအနေဖြင့် ကျေးလက်နိုင်ငံရေးဘောဂဗေဒနှင့် အဂတိလိုက်စားမှုကိစ္စရပ်များကိုလည်း ကြပ်မတ်ထိန်းသိမ်းသင့်သည်။ ထိုကဲ့သို့သော ကိစ္စရပ်များမှာ သတ်မှတ်ဖော်ထုတ်ရန် ခက်ခဲပြီး QSEM 3 သုတေသနတွင် တွေ့ရှိသကဲ့သို့ မြေယာမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ ချေးငွေဆိုင်ရာကိစ္စရပ်များသာဖြစ်သည်။ ထိုကိစ္စရပ်များသည် ဆင်းရဲနွမ်းပါးသည့်လူထုကို အလွန်ထိခိုက်စေသည်။ ထိုကဲ့သို့သော အဂတိလိုက်စားမှုများမှာ လုပ်ငန်းသုံးငွေ (ဘက်ဂျက်) မလုံလောက်ခြင်း၊ ဌာနတွင်း ထိန်းချုပ်မှုအားနည်းခြင်း၊ ကျေးရွာလူထု၏ မျှော်လင့်ချက်များစသည်တို့ကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်းကာလတွင် ထိုသို့သော အတားအဆီးများကို လျှော့ချရန် လိုအပ်သည်။ LIFT အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး မြှင့်တင်ခြင်း၊ လူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ခြင်းများကို လုပ်ကိုင်သင့်သည်။

## ကူညီထောက်ပံ့မှုများ၏ ထိရောက်မှု

ထိခိုက်နစ်နာမှုများဖြေရှင်းခြင်းနှင့် အခြားတာဝန်ခံဖြေရှင်းပေးသည့်ကိစ္စရပ်များ အားကောင်းလာရန် လိုအပ်သည်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ထိခိုက်နစ်နာမှုများဖြေရှင်းပေးခြင်း စသည်တို့ အားကောင်းလာစေရန် တွဲဖက်လုပ်ဆောင်မည့် အဖွဲ့အစည်းများမှ ကူညီပံ့ပိုးပေးသင့်သည့် ကိစ္စရပ်များဖြစ်သည်။

# နောက်ဆက်တွဲ

## နောက်ဆက်တွဲအပိုင်း (၁) အသက်မွေးဝမ်းကျောင်းလုပ်ငန်းပုံစံများကို စုပေါင်းထိန်းသိမ်းကြပ်မတ်ခြင်း

ဤဆွဲထုတ်တင်ပြထားသည့်အပိုင်းတွင် QSEM သုတေသနတစ်ခုလုံးတွင် လေ့လာခဲ့သည်များမှ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည့် ညွှန်ပြချက်များကို ပေါင်းစုတင်ပြထားပါသည်။ ပြောင်းလဲမှုအနည်းငယ်ရှိသော်လည်း များသောအားဖြင့် အရေအတွက်များကို ဖော်ပြမထားပါ။ သို့သော် အသေးစိတ်အချက်အလက်များကို သုတေသနအဖွဲ့များထံမှ တောင်းယူရရှိနိုင်ပါသည်။ ထိုတွေ့ရှိချက်များကို နက်နဲစွာ သုံးသပ်စိစစ်ချက်များကို ဤအခန်းတွင်ပါဝင်သည့် ကျေးလက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပိုင်းတွင် တင်ပြထားပါသည်။

### စိုက်ပျိုးရေး

**သီးနှံစိုက်ပျိုးရေးပုံစံနှင့် မြေယာပိုင်ဆိုင်မှုပမာဏများ အနည်းငယ်ပြောင်းလဲမှုရှိသည်။** ရှမ်းပြည်နယ်တွင် ပြောင်းကို ယခင်ကထက် ပိုမိုစိုက်ပျိုးလာကြပြီး ယခင်ရာသီတွင် ဈေးတက်ခဲ့သောကြောင့် ဖြစ်သည်။ ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် ၂၀၁၃ မေလတွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မဟာစင်ကြောင့် ဆားငံရေဝင်ရောက်ခဲ့ပြီး စိုက်ပျိုးနိုင်သည့် မြေဧရိယာကျဆင်းခဲ့သည်။ ထိုကိစ္စရပ်များမှလွဲ၍ သီးနှံစိုက်ပျိုးမှုပုံစံနှင့် မြေပိုင်ဆိုင်မှုပမာဏများ ပြောင်းလဲမှုကိစ္စရပ်များ အနည်းငယ်ကိုသာတွေ့ရသည်။

**ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေး သုံးစွဲမှု၊ ရရှိနိုင်မှု(သို့) ကုန်ကျစရိတ်များနှင့်ပတ်သက်၍လည်း ပြောင်းလဲမှု အနည်းငယ်ကိုသာတွေ့ရသည်။** ဓာတ်မြေသြဇာသုံးစွဲခြင်း ပြောင်းလဲမှုအနည်းငယ်ကို ဧရာဝတီတိုင်း လုပ်သားငှားရမ်းခများတက်လေ့ရှိသည့် ရာသီချိန်များတွင် တွေ့ရသည်။ ထိုဒေသများတွင် လယ်သမားများ၏ တင်ပြချက်အရ ၎င်းတို့၏ လယ်ယာသွင်းအားစုများ စရိတ်ကာမိစေရန်အတွက် ပို၍ဈေးချိုသော အစိုးရထုတ် ဓာတ်မြေသြဇာများကို ပြောင်းလဲသုံးစွဲကြသည်ဟုဆိုသည်။ လယ်သမားများ၏ ပြောပြချက်အရ ထိုဓာတ်မြေသြဇာများသည် အထားမခံသော်လည်း အိတ်ပေါ်တွင် မြန်မာစာဖြင့်ရေးထားသည့် အညွှန်းပါသောကြောင့် ပိုမိုနှစ်ခြိုက်ကြသည်ဟုဆိုသည်။ ပိုးသတ်ဆေးအသုံးနှင့် ပတ်သက်၍မူ ထူးထူးခြားခြားပြောင်းလဲမှု မရှိသလောက်ပင်ဖြစ်သည်။

"စိုက်ပျိုးရေးကဏ္ဍ၌ သီးနှံစိုက်ပျိုးသည့် ပုံစံ၊ မြေယာပိုင်ဆိုင်မှုပမာဏ၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေး သုံးစွဲမှု၊ မျိုးစေ့သုံးစွဲခြင်းနှင့် ဈေးနှုန်းစသည်တို့တွင် ပြောင်းလဲမှု အနည်းငယ်ရှိသည်။ သို့သော် မူဝါဒပြောင်းလဲမှုကြောင့် မြေယာကဏ္ဍတွင်မူ ပြောင်းလဲမှု ပိုမိုများပြား ကျယ်ပြန့်သည်။"

### သာဓက- ၂၀။ ဓာတ်မြေသြဇာများ၏ အရည်အသွေးနှင့်ပတ်သက်သည့် ပြဿနာများ

တောင်သူလယ်သမားများမှ ဓာတ်မြေသြဇာများ၏အရည်အသွေးနှင့် စစ်မှန်မှုဆိုင်ရာပြဿနာများကို တင်ပြကြသည်။ ဧရာဝတီတိုင်းတွင် စိတ်ချရသည့် ဓာတ်မြေသြဇာရောင်းချသူများထံမှ ငွေတချို့တဝက်သာ ကြိုပေးရသည့် အကြွေးစနစ်ဖြင့် ကြိုတင်၍ လက်ကားဝယ်ယူထားနိုင်သည့် လယ်သမားကြီးများနှင့် လိုအပ်မှသွားရောက်ဝယ်ယူသည့် အငယ်စားနှင့် အလတ်စားလယ်သမားများသည် တခါတရံ ဓာတ်မြေသြဇာအတုများနှင့် ကြုံရတတ်သည်ဟုဆိုသည်။ ၎င်းတို့အဆိုအရ မည့်သည့်ဓာတ်မြေသြဇာများသည် အရည်အသွေး မှန်ကန်ကောင်းမွန်သည်ဟု တပ်အပ်မပြောနိုင်ဘဲ ကံတရားအတိုင်းသာ ဖြစ်သည်ဟုဆိုသည်။ ခြုံငုံ၍ဆိုရပါက ဓာတ်မြေသြဇာတံဆိပ်များ ပြောင်းလဲသုံးစွဲခြင်းဖြင့် မလိုလားအပ်သည့် ဆုံးရှုံးမှုများမရရှိလိုပ ၎င်းတို့ကဆိုသည်။

"အရင်ကမသုံးဖူးတဲ့တံဆိပ်တွေ မသုံးပါဘူး။ ဘာလို့တုန်းဆိုတော့ ဆုံးပြီဆိုရင် အကုန်လုံးဆုံးမှာ လေ"- လယ်သမားတစ်ဦး၊ ရှမ်းပြည်နယ်၊ ပြောင်းဖူးမျိုးစေ့များကို ရည်ညွှန်းပြောဆိုခြင်း။

**သီးနှံမျိုးစေ့များ အသုံးပြုခြင်းနှင့် ကုန်ကျစရိတ်များတွင်လည်း ပြောင်းလဲမှုအနည်းငယ်သာ တွေ့ရသည်။ ထို့အပြင် လယ်သမားများအနေဖြင့် သီးနှံမျိုးစေ့အသစ်များကို ပြောင်းလဲစိုက်ပျိုးခြင်း မပြုလုပ်လိုကြပေ။** မကွေးတွင် ယခင်နှစ်က မြေပဲနှင့်နှမ်းအထွက်နှုန်း ကျဆင်းခဲ့သောကြောင့် ယခုနှစ်တွင် မျိုးစေ့ဈေးနှုန်း တက်လာခဲ့သည်။ ရှမ်းပြည်နယ်တွင်မူ ပြောင်းဈေးနှုန်းသည် ဒေသတွင်း ဝယ်လိုအားတက်လာပြီး သီးနှံပြတ်လပ်မှုများကြောင့် ထူးထူးခြားခြား ဈေးတက်လာသည်ကိုတွေ့ရသည်။ ခြုံငုံသုံးသပ်ရပါက လယ်သမားများသည် မျိုးစေ့ပြောင်းလဲစိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာများကို မဖြေရှင်းနိုင်ကြသောကြောင့် NGO များမှ မျိုးစေ့များကို ထောက်ပံ့သည့်တိုင်အောင် မစိုက်ပျိုးဖူးသည့် မျိုးစေ့များကို စမ်းသပ်ပြောင်းလဲစိုက်ပျိုးခြင်းမပြုလိုကြပေ။ ရခိုင်ပြည်နယ်တွင် NGO တစ်ခုမှ ပေးသည့် စပါးမျိုးစေ့ကို လက်ခံရရှိခဲ့သည့် လယ်သမားတစ်ဦးမှဆိုသည်မှာ "အဲ့ဒီစပါးမျိုးတွေက အရမ်းကောင်းမယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် ဒီဒေသမှာ အသစ်ဖြစ်နေတော့ စမ်းမစိုက်ရဲဘူးလေ။ တစ်ခုခုမှားသွားရင် ကျွန်တော်တို့ပဲ ဝတ်သွားမှာ"

**QSEM 3 တွင် တွေ့ရှိရသည့် စိုက်ပျိုးရေးသွင်းအားစုများနှင့် ပတ်သက်သည့် အဓိက အပြောင်းအလဲမှာ အချို့ဒေသများတွင် ရာသီချိန်များ၌ လုပ်သားငှားရမ်းခနှုန်းများ တက်လာခြင်းဖြစ်သည်။ ထို့အပြင် ရာသီချိန် လုပ်သားရှားပါးမှုကိုလည်း တင်ပြကြသည်။** ထိုအချက်သည် ဒေသပေါ်မူတည်၍ ကွဲပြားသည်။ ဧရာဝတီတိုင်းတွင် ရာသီချိန်လုပ်သားငှားရမ်းခနှုန်းမှာ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် ၂၀% မှ ၄၀% တစ်နှစ်အတွင်း အထိတက်လာသည်။ ရခိုင်နှင့်ရှမ်းပြည်နယ်တွင် အချို့သောမြို့နယ်များတွင်သာ လုပ်အားခတက်သည်ကို တွေ့ရသည်။ မကွေးတွင်မူ ပြောင်းပြန်ဖြစ်သည်။ လုပ်သားများရှားပါးသွားပြီး လုပ်အားခများမှာမူ ပြောင်းလဲမှုမရှိပေ။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ အခန်း(၃)တွင် အသေးစိတ် စိစစ်တင်ပြထားပါသည်။

**အသေးစား စက်မှုပစ္စည်းသုံးစွဲမှုကို ရွာအနည်းငယ်တွင် တွေ့ရသော်လည်း စက်မှုပစ္စည်း အသုံးပြုမှုများမှာ ပြောင်းလဲမှုအနည်းငယ်သာရှိသည်။** ဧရာဝတီတိုင်းရှိ ကျေးရွာနှစ်ရွာတွင် ငွေကြေးအဆင်ပြေသည့် လယ်သမားများသည် ဘိုကလေးမြို့မှ ရိတ်သိမ်းစက်အသစ်များကို အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသည်ကို တွေ့ရှိရသည်။ ၎င်းတို့အဆိုအရ ထိုပစ္စည်းများသည် ရိတ်သိမ်းချိန်တွင် ကြုံတွေ့ရတတ်သည့် အချိန်မလုံလောက်မှု အခက်အခဲများကို ဖြေရှင်းပေးသည်ဟုဆိုသည်။ ရှမ်းပြည်နယ်တွင်မူ ငွေကြေးသက်သာစေပြီး ထွက်ကုန်များကိုလည်း အရည်အသွေးပိုကောင်းလာစေသည့် ချွေလှေ့စက်များ အသုံးပြုလာကြသည်ကို တွေ့ရသည်။ သို့သော်လည်း ကျပန်းလုပ်သားများအတွက် အလုပ်ရှားပါးမှုများဖြစ်စေသည်ကိုလည်း တွေ့ရှိရသည်။ ရခိုင်နှင့်မကွေးတွင်မူ စက်မှုပစ္စည်းအသုံးပြုခြင်းနှင့်ပတ်သက်၍ ထူးခြားချက် မတွေ့ရှိပါ။

## ကြွေးမြီ

**ချေးငွေနှင့်ပတ်သက်၍ အပြောင်းအလဲတချို့ကို တွေ့ရှိရသည်။** အထူးသဖြင့် ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတွင် ချေးငွေရရှိနိုင်မှုပိုမိုလာပြီး အတိုးနှုန်းများ ကျဆင်းသွားကြောင်းကို တွေ့ရသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးသည့်မိသားစုများအတွက်မူ ထိုအကြွေးများ ပြန်ဆပ်ရန်ပင် ခဲယဉ်းနေဆဲဖြစ်သည်။

**ချေးငွေရရှိနိုင်မှု တိုးမြင့်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများမှာ ရောထွေးလျက် ရှိသည်။** ဤပြောင်းလဲမှုများနှင့်ပတ်သက်၍ ရေရှည်သက်ရောက်မှုများကို ဆန်းစစ်လေ့လာရန် စောနေသေးသော်လည်း လယ်သမားများမှ ဖြစ်ပေါ်လာသည့် အမျိုးမျိုးသော ပြဿနာများကို တင်ပြကြသည်။ ၎င်းတို့အဆိုအရ အကျိုးအမြတ်နည်းခြင်းနှင့် ရာသီဥတုနှိပ်စက်မှုများ၊ ငွေချေးယူခြင်းဖြင့် ပိုမို၍အကြွေးတင်ခြင်းများသာ ပိုမိုဖြစ်စေသည်ဟုဆိုသည်။ ချေးငွေနှင့်ကြွေးမြီဆိုင်ရာ ကိစ္စရပ်များအတွက် အခန်း(၃)တွင် အကျယ်တဝင့် တင်ပြဆွေးနွေးထားပါသည်။

**ဈေးကွက်များ**

**သီးနှံဈေးကွက်များ၊ ရောင်းချခြင်း (သို့မဟုတ်) အိမ်ထောင်စုများနှင့် ပွဲစားတို့အကြား ဆက်ဆံရေး စသည်တို့တွင် ပြောင်းလဲမှုအနည်းငယ်ကိုသာ တွေ့ရှိရသည်။** ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်တွင် အစောပိုင်းက တင်ပြထားသကဲ့သို့ ရပ်ရွာအလိုက်ဖြစ်ပွားသည့် အကြမ်းဖက်မှုများကြောင့် စပါး၊ နွားနှင့် မွေးမြူရေးတိရစ္ဆာန်များ ရောင်းဝယ်ရာတွင် ပွဲစားများနှင့် ဆက်ဆံရေးပြောင်းလဲမှုများရှိသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင်မူ လယ်သမားများ၏ ပြောဆိုချက်အရ ဆေးရွက်ကြီးပွဲစားတစ်ဦးနှင့် ဆက်ဆံရေးပြတ်တောက်သွားခဲ့ကြောင်း တင်ပြကြသည်။ ၎င်းတို့သည် ထိုပွဲစားတစ်ဦးတည်းနှင့်သာ ဆက်ဆံရောင်းဝယ်ခဲ့ကြပြီး ထိုနှစ်တွင် ထိုပွဲစားမလာရောက်သောကြောင့် ၎င်းတို့အနေဖြင့် ဒေသတွင်း ပြန်လည်ရောင်းချရန်ခက်ခဲသော ဆေးရွက်ကြီးများကြောင့် အခက်အခဲဖြစ်ရကြောင်း ဆိုသည်။ ထိုကိစ္စရပ်များမှလွဲ၍ အခြားသောကြီးမားသည့် ပြောင်းလဲမှုများ မရှိပါ။

**သို့ရာတွင် ပွဲစားများနှင့် ချိတ်ဆက်ရောင်းဝယ်မှုသည် ဒေသအလိုက်ကွဲပြားမှုများ (သီးနှံအမျိုးအစားနှင့် စိုက်ပျိုးသည့်ပမာဏ) ရှိနေဆဲဖြစ်သည်။** ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်မှတောင်သူများသည် ၎င်းတို့၏ရွာသို့ လာရောက်ဝယ်ယူသည့် ပွဲစားများကိုသာ ရောင်းချကြကြောင်း သိရပြီး မကွေးနှင့် ရှမ်းပြည်နယ်တွင်မူ မြို့ပေါ်ရှိ ပွဲစားများထံသို့ သွားရောက်ရောင်းချကြကြောင်း သိရသည်။ ဒေသအလိုက် ခြားနားချက်မှာ အဓိက စိုက်ပျိုးသည့် သီးနှံပမာဏ ခြားနားမှုကို ထင်ဟပ်လျက်ရှိသည်။ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တွင် စပါးကိုအဓိကထား၍ ပမာဏကြီးမားစွာ စိုက်ပျိုးကြပြီးနောက် ထွက်လာသည့် စပါးများကို မြို့ပေါ်သို့ ကိုယ်တိုင် သယ်ယူသွားရောက်ရောင်းချရန်အတွက် သယ်ယူစရိတ် အလွန်ဈေးကြီးသည်ဟု ဆိုသည်။ မကွေးတွင်မူ လယ်သမားများသည် အမြတ်အစွန်းပိုရသည့် မြေပဲကဲ့သို့ သီးနှံများကို ပိုမိုစိုက်ပျိုးကြသည်။ (ပမာဏ နည်းသည်။) ထို့ကြောင့် ၎င်းတို့၏ထွက်ကုန်များကို မြို့ပေါ်သို့ ကိုယ်တိုင်သွားရောက်ရောင်းချနိုင်ကြသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့နယ်ရှိ မြို့နယ်တစ်မြို့နယ်တွင်မူ လယ်သမားများသည် စပါးစိုက်ကြပြီး ရွာသို့လာရောက်ဝယ်ယူသည့် ပွဲစားများကို ရောင်းချသည်။ ထိုတစ်နေရာမှလွဲ၍ ရှမ်းပြည်နယ်ကျန်ဒေသများတွင်မူ မြို့ပေါ်သို့သာ သွားရောက်ရောင်းချကြသည်။

**အဓိကနောက်ဆုံး အစီရင်ခံစာတွင် တင်ပြထားသကဲ့သို့ ဧရာဝတီတိုင်းရှိ လယ်သမားများသည် လက်ကိုင်ဖုန်းများမှတစ်ဆင့် ဈေးနှုန်းဆိုင်ရာသတင်းများကို ရရှိနိုင်ကြောင်း တွေ့ရသော်လည်း ထိုအချက်သည် သက်ရောက်မှုအနည်းငယ်ကိုသာ ဖြစ်ပေါ်စေသည်။ အဘယ့်ကြောင့်ဆိုသော် စပါးရောင်းချရာတွင် ဈေးကောင်းရရှိခြင်း(သို့မဟုတ်) ကြွေးမြီ(သို့မဟုတ်) သိုလှောင်ရန်နေရာခက်ခဲခြင်း စသည်တို့ကြောင့် ဖြစ်သည်။ တောင်သူများ၊ အထူးသဖြင့် လယ်သမားငယ်များအနေဖြင့် စုပေါင်းရောင်းချခြင်း (သို့မဟုတ်) ဈေးဆစ်ခြင်းစသည့် ကိစ္စရပ်များအတွက် အခက်အခဲများကို တင်ပြကြသည်။**

**ဈေးကွက်လက်လှမ်းမီမှုတွင် ပြောင်းလဲမှုမရှိသလောက်ဖြစ်သည်။** မကွေးတိုင်းရှိ ကျေးရွာသုံးရွာတွင် တောင်သူအများစုသည် ကားများ၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြသောကြောင့် ဈေးကွက်လက်လှမ်းမီမှု ပိုမိုကောင်းမွန်သည်။ ထိုကျေးရွာများထဲမှ တစ်ရွာမှ ရွာသူရွာသားများသည် ရေနံတူးခြင်းဖြင့် ဝင်ငွေရရှိကြသည်ကို တွေ့ရပြီး အခြားရွာနှစ်ရွာတွင်မူ ပြန်လည်လွှဲပို့ငွေများဖြင့် ယာဉ်များဝယ်ယူကြသည်ကိုလည်း တွေ့ရသည်။ အခြားပြည်နယ်နှင့်တိုင်း (၄)ခုတွင်မူ ပြောင်းလဲမှု မရှိသလောက်ဖြစ်သည်။

**ဈေးနှုန်းပြောင်းလဲမှုအချို့ကိုလည်း တောင်သူများမှ တင်ပြသည်။** ဧရာဝတီတိုင်းနှင့် မကွေးမှ အချို့သော ရွာများတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့မှုများကြောင့် ပဲတီစိမ်းဈေးနှုန်း တက်လာသည်ဟု ဆိုသည်။ မကွေးတိုင်းတွင်လည်း သကြားနှင့်နှမ်းဈေးအချို့ အနည်းငယ်အပြောင်းအလဲရှိကြောင်း သိရသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ စပါးစိုက်ပျိုးသော မြို့နယ်တစ်ခုတွင် တရုတ်ပြည်မှ ဆန်ဝယ်ယူမှုများလာသောကြောင့် ဆန်ဈေး သိသိသာသာ တက်လာသည်ဟုဆိုသည်။ ရှမ်းပြည်နယ်ရှိ ပြောင်းစိုက်သည့် မြို့နယ်နှစ်ခု(တောင်ပိုင်းနှင့်မြောက်ပိုင်း)တွင်လည်း ပြောင်းဈေးများတက်လာသည်ဟုဆိုသည်။ သို့သော် တောင်သူများ၏ပြောပြချက်အရ ထိုသို့တက်လာသော်လည်း ၎င်းတို့အတွက် အကျိုးအမြတ် ဖြစ်ထွန်းခြင်းမရှိလှဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုကြောင့် စပါးများပျက်စီးသွားရပြီး ထိုပြောင်းသီးနှံရောင်းရသည့် အမြတ်များကို မိမိတို့မိသားစုစားသုံးရန်အတွက် ဆန်များပြန်ဝယ်ရသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ဧရာဝတီတွင် စပါးတစ်မျိုး၏ရောင်းဈေး တက်လာသည်ကိုတွေ့ရသော်လည်း မိုးရွာခြင်းနှင့် ရေလွှမ်းသည့်ဒဏ်များကြောင့် သီးနှံဆုံးရှုံးခြင်းများကို ခံစားနေရဆဲဖြစ်သည်။

### မမျှော်လင့်သည့် အကျပ်အတည်းများ

"ရာသီဥတုကောင်းရင်တော့ တောင်သူတွေ အဆင်ပြေပါတယ်။ ဒါပေမယ့် မိုးဖျက်ရင်တော့ ရှုံးတာပါပဲ။ အခု ပုံမှန်မဟုတ်တဲ့ မိုးတွေရွာတာ မကြာသေးဘူးဆိုတော့ နားရွက်ဖျား လေလာခတ်ရင်တောင် လန့်နေရတယ်"- တောင်သူ။ ဧရာဝတီတိုင်း။

**ရာသီဥတုဆိုင်ရာဘေးဒုက္ခများကို တောင်သူများအနေဖြင့် ဆက်လက်ခံစားနေရဆဲ ဖြစ်သည်။ ရခိုင်ပြည်နယ်တွင်မူ ပဋိပက္ခများဖြစ်ပေါ်နေပြီး စိုက်ပျိုးရေးတွင်မူ အခက်အခဲများဖြစ်ပေါ်မှု အနည်းငယ် အပြောင်းအလဲရှိသည်။** လေ့လာခဲ့သည့် ကျေးရွာများ၏ သုံးပုံနှစ်ပုံ ( ၃၆ ရွာတွင် ၂၃ ရွာ )တွင် ပုံမှန်မဟုတ်သည့် ရာသီဥတုဘေးဒဏ်များကို ခံစားနေကြရသည်။ ဧရာဝတီမှ ရွာကိုးရွာတွင် လေးရွာ၊ မကွေး၌ ကိုးရွာတွင် ငါးရွာ၊ ရခိုင်၌ ကိုးရွာတွင် ငါးရွာနှင့် ရှမ်းပြည်နယ်တွင် ကိုးရွာလုံးလုံး ပုံမှန်မဟုတ်သည့် ရာသီဥတုဒဏ်ကို ခံစားနေကြရသည်။ ရခိုင်ပြည်နယ်တွင် QSEM 1 ၌ လေ့လာခဲ့ရာတွင် ထိုပြဿနာများကို ရွာနှစ်ရွာတွင်သာ တွေ့ခဲ့သော်လည်း တစ်နှစ်ကြာပြီးသည့်နောက် QSEM 3 တွင်မူ ငါးရွာအထိ တိုးလာသည်ကို တွေ့ရသည်။ ကျေးရွာနှစ်ရွာတွင်မူ သီးနှံများပျက်ဆီးဆုံးရှုံးခဲ့သော်လည်း အခြားရွာသုံးရွာတွင်မူ မဆုံးရှုံးခဲ့ပါ။ ရခိုင်ပြည်နယ်ရှိ မြို့နယ်တစ်ခုတွင်မူ ပြည်နယ်တွင်း ဖြစ်ပွားသည့် အကြမ်းဖက်မှုများကြောင့် တောင်သူများအတွက် အကျပ်အတည်းများဖြစ်ပေါ်ခဲ့သည်။ ဆန်စျေးနှုန်း၊ ပြောင်းစျေးနှုန်းနှင့် နွားစျေးနှုန်းများပေါ်တွင် ပြောင်းလဲထိခိုက်ခြင်းများ ဖြစ်ပေါ်ပြီး လူမှုရေးဆိုင်ရာဆက်စပ်မှုများအခန်းတွင် အကျယ်တဝင့် တင်ပြထားပါသည်။ ရှမ်းပြည်နယ်တွင် ကျေးရွာကိုးရွာတွင် ခြောက်ရွာတိတိတွင် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုကိုတွေ့ရပြီး ကျန်သည့်သုံးရွာတွင်မူ ရွာနေသက်ကြီးရွယ်အိုများပင် ၎င်းတို့၏ ဘဝ၌ တစ်ခါမှ မကြုံဖူးသည့် မိုးသီးကြွေခြင်းများကို တွေ့ရသည်။

### ထွက်ကုန်များ

**ရာသီဥတုဆိုင်ရာ ဘေးဒုက္ခများကြောင့် သီးနှံဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။** ဧရာဝတီတိုင်းတွင် ရွာကိုးရွာမှ သုံးရွာတွင် ပြီးခဲ့သည့်နှစ်က ရိတ်သိမ်းချိန်တွင် မိုးအလွန်အကျွံရွာသွန်းမှုကြောင့် သီးနှံများဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ရွာနှစ်ရွာတွင်မူ ထိုကဲ့သို့ မိုးရွာသွန်းမှုမရှိသောကြောင့် အထွက်တိုးခဲ့သည်ကိုလည်း တွေ့ခဲ့ရသည်။ မကွေးတိုင်းတွင် ပုံမှန်မဟုတ်ဘဲ မိုးရွာသွန်းမှုများကို သုံးနှစ်၊ လေးနှစ် ဆက်တိုက် တွေ့ကြုံခံစားရလျက်ရှိပြီး အမြတ်ကောင်းကောင်းရသည့် (မြေပဲနှင့်နှမ်း)ထွက်နှုန်းများသည် ယခင်နှစ်များနှင့်စာလျှင် ကျဆင်းသွားကြောင်း ပြောသည်။ ရခိုင်ပြည်နယ်တွင် သီးနှံဆုံးရှုံးမှုကို ရွာသုံးရွာတွင် တွေ့ရသည်။ ရှမ်းပြည်နယ်တွင် မုတ်သုံစပါးစိုက်ပျိုးသည့် ရွာငါးရွာတွင် သီးနှံဆုံးရှုံးမှုကိုတွေ့ရပြီး နွေစပါး စိုက်ပျိုးသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ရွာသုံးရွာတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။

## ကျပန်းလုပ်သား

**ကျပန်းလုပ်သားများနှင့်ဆိုင်သည့် ကိစ္စရပ်များသည် ယခင်လေ့လာခဲ့သည့်အခေါက်များနှင့် အလားတူပင်ဖြစ်ပြီး တောင်သူလယ်သမားများ၏ ရာသီဥတုဆိုင်ရာဘဏ္ဍာရေး အခက်အခဲများကြောင့် ဝင်ငွေရရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ပိုမိုရှာဖွေလာရကြောင်း တင်ပြကြသည်။** ဧရာဝတီတိုင်းမှ ကျပန်းလုပ်သားများ၏ ပြောပြချက်အရ ယခင်က ၎င်းတို့သည် တစ်ရာသီစာလုံးအတွက် လုပ်အားခများကို ကြိုတင်ထုတ်ယူနိုင်ကြသော်လည်း ယခုအခါ တောင်သူများမှ ထိုကဲ့သို့ မပေးနိုင်ကြတော့ဟုဆိုသည်။ ထို့ကြောင့် လုပ်သားများအနေဖြင့် အခြားအလုပ်အကိုင်များကို အမျိုးမျိုးရှာဖွေလုပ်ကိုင်လာကြရသည်ဟု ဆိုသည်။ မကွေးတွင် တောင်သူများသည် ကျပန်းလုပ်သားများ ငှားရမ်းလုပ်ကိုင်ခြင်းကိုလျှော့ချပြီး မိသားစုဝင်များအား အစားထိုး လုပ်ကိုင်စေလာကြသောကြောင့် လုပ်သားများအတွက် အလုပ်ရရှိမှုနည်းသွားသည်။ ရခိုင်တွင် ကျောက်ဖြူမြို့နယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုကြောင့် ဒေသတွင် လုပ်သားစျေးကွက်ကို သက်ရောက်မှုဖြစ်စေသည်ဟု ဆိုသည်။ ထိုဒေသရှိ "ရွှေ"ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြောင့် ကျပန်းလုပ်သားများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် နှုန်းထားထက် လုပ်အားခ ပိုမိုရရှိကြသည်။ ထို့ကြောင့် ကျပန်းလုပ်သားများသည့် ထိုလုပ်အားခနှုန်းထားထက် လျော့နည်းပါက မလုပ်ကိုင်လိုကြဟု သိရသည်။ ကျပန်းလုပ်သားများနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အခန်းသုံးတွင် ဖတ်ရှုနိုင်ပါသည်။

## ငါးလုပ်ငန်း

**ငါးလုပ်ငန်းတွင် ပြောင်းလဲမှုအသေးစားများသာ အနည်းငယ်တွေ့ရသည် ဧရာဝတီတိုင်းရှိ လေလံဆွဲသည့် ကိစ္စရပ်တွင် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်လာသည့် ဈေးကွက်နှင့် ထွက်နှုန်းပြောင်းလဲမှုများဖြစ်သည်။** ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ငါးလုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ ဧရာဝတီတိုင်းတွင် အဓိကပြောင်းလဲမှုမှာ ငါးလုပ်ငန်း လိုင်စင်လျှောက်ထားသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ငါးလုပ်ငန်းလိုင်စင်လေလံဆွဲသည့် လုပ်ငန်းစဉ်တွင် ကြားခံလူများ ပါဝင်သည့်ကဏ္ဍကို ဖျက်သိမ်းလိုခြင်းကြောင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ငါးလုပ်ငန်းဦးစီး ဌာနသည် ငါးလုပ်ငန်းလေလံဆွဲသည့်ပွဲကို တိုင်းနှင့်ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်သို့ ပြောင်းလဲ ကျင်းပစေခဲ့ခြင်းဖြင့် ပိုမို၍လက်လှမ်းမီစေပြီး ငါးဖမ်းသူများနှင့် ငါးဒိုင်များပါဝင်မှုကိုလည်း တားမြစ်လိုက်သည်။ ထိုမူဝါဒအသစ်ကို သတင်းစာ၊ ရေဒီယိုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ကြေငြာခဲ့သော်လည်း မြေယာမှတ်ပုံတင်ခြင်း စသည့်ကိစ္စရပ်များနှင့် အလုပ်ရှုပ်နေတတ်သော ကျေးရွာ အုပ်ချုပ်ရေးမှူးများမှာ ထိုကဲ့သို့ အပြောင်းအလဲများကို သတိမမူမိကြဘဲ ရွာသူရွာသားများလည်း မသိလိုက်ကြသောကြောင့် အကျိုးမရှိဟု ဆိုသည်။ ရခိုင်ပြည်နယ်တွင် ထွက်ကုန်များနှင့် ဈေးနှုန်းများအပေါ်တွင် ပြောင်းလဲမှုအနည်းငယ်ရှိသည်။ ဂွမြို့နယ်တွင် ငါးလုပ်ငန်း အခြေအနေများသည် QSEM 1 သွားခဲ့သည့်အချိန်ထက် ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဖမ်းယူရရှိသည့်နှုန်းလည်းတိုးလာသည်ဟု ဆိုသည်။ ကျောက်ဖြူမြို့နယ်တွင် ရပ်ရွာအလိုက်ဖြစ်ပွားသည့် အကြမ်းဖက်မှုများကြောင့် ငါးဈေးနှုန်းတက်သွားခဲ့သည်။ မွတ်ဆလင်များသည် ငါးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် ငါးလုပ်ငန်းလည်း ကျဆင်းသွားပြီး ငါးရှားပါးမှုဖြစ်ပေါ်ခဲ့သည်။

### မွေးမြူရေး

**မွေးမြူရေးနှင့်ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းပုံစံများမှာ ပြောင်းလဲမှုမရှိသလောက် ဖြစ်သည်။** ကျောက်ဖြူမြို့နယ်တွင်မူ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများမှ မွတ်ဆလင်များဖြစ်သည့်အတွက် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် မွေးမြူရေးများကို ဆက်လက်မလုပ်ကိုင်နိုင်ကြဘဲ မွေးမြူရေး တိရစ္ဆာန်ရှားပါးမှုများ ဖြစ်ပေါ်လာခဲ့သည်။

# နောက်ဆက်တွဲ (၂) ကျေးရွာအုပ်ချုပ်ရေး

## ဇယားကွက် (၂၁) ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ

၂၀၁၂ တွင် ပြဋ္ဌာန်းခဲ့သည့် ထိုဥပဒေတွင် အောက်ပါအချက်များ ပါဝင်သည်။

- အုပ်ချုပ်ရေးမှူးများကို မည်သည့်အဆင့်တွင် ရွေးချယ်သင့်သည်ဟူသော ရှင်းလင်းသည့် ဖော်ပြချက်များ ပါဝင်သည်။
- ဥပဒေသည် အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်း၊ ရွေးကောက်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပိုမိုတူညီသောစနစ်ဖြစ်ပေါ်လာစေရန် မြှင့်တင်ပေးမည်။ ဤဥပဒေ မပြဋ္ဌာန်းခင်က အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်း ရွေးကောက်ခြင်းများအတွက် ရှင်းလင်းသည့် တရားဝင်သတ်မှတ်ချက်မရှိခဲ့ဘဲ ကျေးရွာများအကြား အမျိုးမျိုးအဖုံဖုံ ကွဲပြားလျက်ရှိနေခဲ့သည်။ အချို့ရပ်ရွာများတွင် ရပ်မိရပ်ဖများမှ ကျေးရွာခေါင်းဆောင်ကို ရွေးချယ်သော်လည်း အချို့နေရာများတွင် မဲစနစ်ဖြင့် ရွေးချယ်ခြင်း၊ မြို့နယ်မှူးမှ ရွေးချယ်ခန့်အပ်ခြင်းစသဖြင့် ရွေးချယ်သည်။
- အိမ်ထောင်စု (၁၀)စုမှ ဆယ်အိမ်မှူးများမှ ကျေးရွာခွဲအုပ်ချုပ်ရေးမှူးကို လျှို့ဝှက်မဲစနစ်ဖြင့် မဲပေးရွေးချယ်သည်။ အများအားဖြင့် ယောကျ်ားများသာဖြစ်သော အိမ်ထောင်ဦးစီးများသည်သာ မဲပေးရန်ဖြစ်သည်။
- ပြဋ္ဌာန်းလိုက်သည့် ဥပဒေအသစ်တွင် ရာအိမ်မှူး၏အခန်းကဏ္ဍကို ဖော်ပြထားခြင်း မရှိသောကြောင့် ရွာတော်တော်များများတွင် ခေါင်းဆောင်မရှိခြင်းကို ဖြစ်ပေါ်လာစေသည်။ ယခင်က ရာအိမ်မှူးများသည် ရွာတွင် အိမ်ထောင်စုမည်မျှပင်ရှိသည်ဖြစ်စေ ကျေးရွာခေါင်းဆောင်များအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ကြသည်။ ထိုရာထူးသည် တစ်ခါတစ်ရံ ကျေးရွာခွဲအုပ်ချုပ်ရေးမှူးထက်ပင် အရေးပါသည်။ ထိုခေါင်းဆောင်မှ အငြင်းပွားမှုများကို ဖြေရှင်းပေးရသည့်အပြင် ရွာအုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုပါ တာဝန်ယူရသည်။ ထို့အပြင် အထက်အဆင့်မြင့် အာဏာပိုင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရပြီး ရွာသူရွာသားများ၏ လိုလားတောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ရသည်။
- မြို့နယ်အုပ်ချုပ်ရေးမှူးမှ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲကို ကြီးကြပ်ရန်အတွက် ရပ်မိရပ်ဖ (၅)ဦးကို ရွေးချယ်ခန့်အပ်ပေးရသည်။ ဥပဒေမပြဋ္ဌာန်းခင်အချိန်က ရပ်မိရပ်ဖများသည် တရားဝင်မဟုတ်သည့် ရပ်ရွာအဖွဲ့အစည်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများမှလည်း ကိစ္စရပ်တော်တော်များများတွင် ၎င်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းမျိုး မရှိခဲ့ပေ။ ထိုကဲ့သို့သော ရပ်မိရပ်ဖဟူသည့် ရပ်ရွာအဖွဲ့အစည်းပုံစံမျိုးကို ဗမာလူမျိုးများနေထိုင်သည့် ကျေးရွာများတွင် ပိုမိုတွေ့ရသည်။
- ဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသတ်တမ်းကို တရားဝင်သတ်မှတ်ထားပြီး သုံးကြိမ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။
- ရပ်ကွက်နှင့် ကျေးရွာခွဲအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့်လုပ်ငန်းစဉ်များမှာ ယခင်ရှိခဲ့သည့် ကျေးရွာခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီဥက္ကဋ္ဌ၏ ရာထူးတာဝန်များနှင့် အတူတူပင်ဖြစ်သည်။ ထိုတာဝန်များမှာ ပြည်နယ်၊ တိုင်းအဆင့်များနှင့် ပိုမိုသက်ဆိုင်ပြီး နိုင်ငံသားများ၏ အခန်းကဏ္ဍကို ဦးတည်လုပ်ဆောင်မှု ပိုနည်းသည်။
- ယခင်နှင့်မတူသည့်အချက်မှာ ရပ်ကွက်နှင့်ကျေးရွာခွဲအုပ်ချုပ်ရေးမှူးများသည် သတ်မှတ်လစာကို ခံစားခွင့်ရှိပြီး ရုံးသုံးစရိတ်အတွက်လည်း သတ်မှတ်ချထားပေးသည်။

ဆူဆန်ကမ်ပဲလ်အား ကျေးဇူးတင်စွာဖြင့်။ မြန်မာဖွံ့ဖြိုးတိုးတက်ရေးသုတေသနနှင့် ဆူဆန်ကမ်ပဲလ်တို့ ၂၀၁၂ ခုနှစ်တွင် ပြုစုခဲ့သော "မြန်မာနိုင်ငံ ကျေးလက်အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုကို အောက်ခြေမှကြည့်ခြင်း" သုတေသနစာတမ်းတွင်လည်း ကြည့်နိုင်ပါသည်။

လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

**အစီရင်ခံစာ အပိုင်း(၃)**

MDR

LIFT

THE WORLD BANK